# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်

No. 132, JULY. 2006



## နိုင်ငံတည်ဆောက်ရေးနှင့် အခွန်ထမ်းပြည်သူတို့၏တာဝန်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**This magazine is founded and managed**

**by board of directors of Myanmar Partners Think Tank Group in June, 1995**

**underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**


၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ် ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ(လုံးဝ) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

## EDITORIAL

# အခွန်ထမ်းဆောင်ခြင်းမှသည်

ပြည်သူ့ရေးရာမူဝါဒ သုတေသနပြုမှုများက အခွန်အရပ်ရပ်ကောက်ခံရရှိမှုသည် ပြည်သူလူထုနှင့် အစိုးရများ အကြား ဆက်ဆံရေးနှင့် တိုက်ရိုက်အချိုးကျသည်ဟု ဖော်ပြသည်။ ဆိုလိုသည်မှာ အခွန်အရပ်ရပ်ကောက်ခံရရှိမှု အများဆုံးသောနိုင်ငံများတွင် အစိုးရနှင့် ပြည်သူဆက်ဆံရေးသည် ကောင်းမွန်ခွေးထွေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤအဆိုအတွက် အကောင်းဆုံးဥပမာမှာ ရေနံထွက်သော အာရပ်နိုင်ငံများပင်ဖြစ်သည်။ ထိုနိုင်ငံများတွင် အစိုးရများသည် ပြည်သူလူထုထံမှ ကောက်ခံရရှိသော အခွန်အရပ်ရပ်ဖြင့် ရပ်တည်ခြင်းမဟုတ်ရာ အစိုးရများသည် ပြည်သူလူထု လိုအပ်သော Subsidy များပေးထားပြီး သီးခြားရပ်တည်လေ့ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အခွန်စနစ်သည် ပြည်သူလူထုနှင့် အုပ်ချုပ်ရေးယန္တရားအကြား ပဋိညာဉ်တစ်ခုသဖွယ်ဖြစ်ပြီး အပြန်အလှန် ထောက်ပံ့ကြခြင်းဖြင့် စည်းကမ်းပြည့်ဝသော လူ့ဘောင်တစ်ရပ်ဖြစ်လာနိုင်သော တစ်ခုတည်းသောနည်းလမ်းဖြစ်ရာ ထိုပဋိညာဉ်မရှိသော၊ တစ်နည်းအားဖြင့် နည်းပါးသော အာရပ်ကမ္ဘာတွင် ပြည်သူလူထုနှင့် အုပ်ချုပ်ရေးယန္တရား၏ ဆက်ဆံရေးသည် သူစိမ်းပြင်ပြင် ဖြစ်လာခြင်းပင်ဖြစ်သည်။

ပြည်သူလူထုထံမှ ကောက်ခံရရှိသော အခွန်အရပ်ရပ်ဖြင့် ရပ်တည်သော အစိုးရများသည် အခွန်ထမ်းပြည်သူများကို လေးစားသောအားဖြင့် အပြန်အလှန် လေးစားမှုကို ပြသကြရာတွင် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုကို ထင်သာမြင်သာအသိပေးခြင်းအထိ တုံ့ပြန်ကြသည်ကို တွေ့ရသည်။

အခွန်အရပ်ရပ်ကောက်ခံရရှိမှုသည် အစိုးရများနှင့် ပြည်သူအကြား အပြန်အလှန် ကျေးဇူးပြုမှုကိုထင်ဟပ်သော တစ်ခုတည်းသောနည်းလမ်း၊ ဆက်သွယ်မှုလမ်းကြောင်းဖြစ်ရာ ပြည်သူလူထုအနေဖြင့် အခွန်အကောက်များကို မှန်ကန်မျှတစွာ ပေးအပ်ခြင်းဖြင့် အစိုးရ၏ အတုံ့အပြန်သဘော အလေးဂရုပြုမှုကို မျှော်လင့်နိုင်သည်ဆိုသော အချက်မှာ များစွာရှင်းလင်းပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် အခွန်အရပ်ရပ်ပေးအပ်ရခြင်းကို ကြည်ဖြူလိုလားစွာ ပါဝင်ဆောင်ရွက်သော အလေ့အထမတွေ့ရသေးပေ။ ဤကိစ္စသည် ကြက်ဥလား၊ ကြက်မလား စဉ်းစားရမည့်သဘော မဟုတ်ရာ မိမိတို့ ထမ်းဆောင်ရမည့် လူမှုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်းနှင့်အတူ မိမိတို့၏ လိုလားမှုနှင့် ဆန္ဒများလည်း အလိုလို ပြည့်ဝလာလိမ့်မည်ဆိုသည့်သဘောကို နှလုံးသွင်းမှန်ကန်ရန် အရေးကြီးပါကြောင်း ဖော်ပြလိုက်ရပေသည်။

**အယ်ဒီတာ**

၈-၆-၂၀၀၆

# မာတိကာ




၁ **အယ်ဒီတာ့အာဘော်**

၅ **ယခုလ အကြိုက်ဆုံးကြော်ငြာ**

၆ **ယခုလ စိတ်ကြိုက်ဝန်ဆောင်မှု**

၇ **ယခုလ သတင်းအညွှန်း**

၈ **မြန်မာ့စီးပွားရေးသတင်း**

၃၆ **မျက်နှာဖုံးဆောင်းပါး**

**နိုင်ငံတည်ဆောက်ရေးနှင့် အခွန်ထမ်းပြည်သူတို့၏တာဝန်**

အောင်ကျော်စိုးနှင့် အယ်ဒီတာတစ်ဦး

၄၂ **တွေ့ဆုံခြင်း**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဌာနမှူး ဦးအောင်ဇင်နှင့် တွေ့ဆုံခြင်း** ကျော်နိုင်




၄၆ **မြန်မာ့စီးပွားရေးမြင်ကွင်း**

**ဘေးအန္တရာယ်များနှင့် အာမခံလုပ်ငန်း၏အရေးပါမှု**

ကျော်ဆန်းမင်း

၅၂ **ဖွံ့ဖြိုးလာသော ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** သာလွန်ဇောင်းထက်၊ ကျော်ဆန်းမင်း

၅၇ **ရန်ကုန် ကုန်စည်ဈေးကွက်** သန်းထိုက်သူ၊သစ်ထွဋ်

၆၁ **ကျယ်ပြန့်လာသော ဒစ်ဂျစ်တယ်ကင်မရာ**

သန်းထိုက်သူ၊ အယ်ဒီတာတစ်ဦး




၆၈ **မြန်မာနိုင်ငံရှိ အများပိုင်ကုမ္ပဏီများ၏ အခန်းကဏ္ဍ**

ထားထားမြင့်


၇၂ **အသေးစားစီးပွားရေးလုပ်ငန်းများအတွက် INGO များ၏ငွေကြေးဝန်ဆောင်မှုအစီအစဉ်** နိုင်မင်းဝေ

၇၆ **မြန်မာ့စီးပွားရေးအမြင်**

**စားသုံးသူနှင့် အခွင့်အရေးမျှခြေ** ဇော်မျိုး

# မာတိကာ






၈၀ အရင်းအနှီး၊ နည်းပညာနှင့် ဆင်းရဲခြင်း
စိုးယုဝေ

၈၄ သဘာဝပတ်ဝန်းကျင်နှင့် အနာဂတ်ကုန်သွယ်ရေး
အဂ္ဂ

၈၇ GDP ဂျီဒီပီ ဒေါက်တာမောင်မောင်စိုး
(ဘောဂဗေဒ)

၉၀ ရက်စွဲမှတ်တမ်း

၉၂ ဈေးဝယ်လမ်းညွှန်

၉၄ ကာတွန်း
ဒါရိုက်တာအောင်ကြူကြူ စိုးသော်တာ

၁၀၇ တွေ့ဆုံဆွေးနွေးမှုများ

၁၀၈ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၁၂ မြန်မာပြည်တွင်လုပ်သည်

၁၁၄ ကုန်ဈေးနှုန်း

၁၂၀ ထင်ရှားကျော်ကြား မြန်မာ့စီးပွား

၁၂၃ တစ်ဦးတည်း ကိုယ်စားလှယ်

၁၂၄ အတွေးအမြင်

စာဖတ်သူနှင့် အယ်ဒီတာဆွေးနွေးခန်း အယ်ဒီတာတစ်ဦး

၁၂၈ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါးစစ်ဗျူဟာကျမ်း (၃၅)
လူထုစိန်ဝင်း

၁၃၀ ကျွန်တော်ပန်းချီကုန်သည် (၄၄) ဦးလှဝင်း(လေသူရဲတစ်ဦး)

# လုပ်ငန်းမှတ်တမ်း

## Board of Editors

Chief Editor – ကျော်မင်းဆွေ

Editor In Charge (Production) – မင်းဇင်

Editor In Charge (On Duty) – ကျော်နိုင်

Editor In Charge (News) – မျိုးညွန့်မောင်

Senior Executive Editors – ကျော်နိုင်၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး

Executive Editors – နွေးအိပြုံမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

Research & Development Editor – သီရိဇော်

Chief Reporter – သောင်းထိုက်

Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သန်းထိုက်သူ၊ သစ်ထွဋ်၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

## Art Director

စိုးသော်တာ

## DTP Department

Supervisor – မခိုင်

Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊ စောအီလိုင်းဂျာ၊ ကျော်လင်းဇော်

## Accountant

အေးအေးဆင့်

Assistant – မျိုးဇာနည်

## Advertising Department

General Manager – ဖေအောင်ဇင်

Manager (Marketing) – ကျော်သူမြင့်အောင်

Assistant Manager (Design & Planning) – ဇာနည်ဝင်း

Assistant Manager (Admin & Marketing) – စန်းသီတာ

Senior Marketing Assistants–စောဂေးနေထူး၊စောဆာကီးလား

Marketing Assistants–ဖြူဖြူသီ၊ စောမောင်မောင်လေး

## Printing

Manager – စောမိုးဇက်

## Production

Manager – တင်ဝင်းထွဋ်

Assistant – ဟန်မြင့်

## Admin

Office Superintendent – အောင်ကျော်ဆန်း

Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်

Receptionist – စုအိန္ဒြေဦး

## Distribution Department

**Logistic Media Services**

**Cover Design** – မောင်မောင်ဇော်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – soe thaw dar ၊ Pe Thit Ti

## Publisher

ဦးရဲနိုင်ဝင်း (မြဲ- ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ၊
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြဲ–၀၆၃၄၈)

အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

အမှတ် ၂၇၀၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower ၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ဖက်စ်–၅၂၆၃၀၂

## E-mail

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

## Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z, အောင်အောင်

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၅၄၂၀၆၀၆

Circulation – ၁၀၀၀

Price – ၁၀၅၀ ကျပ်

Copyright – Living Color

**( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )**

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလ အကြိုက်ဆုံးကြော်ငြာအဖြစ် မြဝတီရုပ်သံမှပြသသော ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် စတင်ကြော်ငြာသွားသည့် Aphaw(အဖော်) ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာသည် ကမ္ဘာပေါ်တွင် ကူးစက်မှုနှုန်းအမြင့်မားဆုံးအန္တရာယ်အကြီးဆုံးရောဂါသုံးမျိုးအနက် တစ်ခုအပါအဝင်ဖြစ်သည့် HIV/AIDS ကာကွယ်ပညာပေးလုပ်ငန်းကို တစ်ကမ္ဘာလုံးစိတ်ဝင်တစားကြည့်ရှုနေသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် အံဝင်ခွင်ကျဖြစ်အောင် ထုတ်လွှင့်တင်ဆက်ထားသည်။ ကွန်ပျူတာအထူးပြုလုပ်ချက် (Animation) ညက်ညောမှုတွင် လိုအပ်ချက်အနည်းငယ်ရှိသော်လည်း Condom သုံးစွဲခြင်းဖြင့် HIV ပိုး ကာကွယ်နိုင်ကြောင်းကို 3D ကာတွန်းရုပ်ဘောလုံးအသင်းနှစ်သင်း ယှဉ်ပြိုင်ကစားရင်း ပုတ်သင်ညိုဂိုးသမားအစွမ်းပြကာကွယ်သွားပုံနှင့် သရုပ်ဖော်ထားခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် လိင်ကိစ္စမှတစ်ဆင့် ကူးစက်မှုအများဆုံး HIV ပိုးသည် အဆိုပါကိစ္စ၏ အဓိကထားဆုံးဖြတ်ချက်ပေးနိုင်သူ အမျိုးသားများစိတ်ဝင်စားမှုအရှိဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် Condom သုံးစွဲခြင်းဖြင့် ကာကွယ်နိုင်ကြောင်း လှပစွာသရုပ်ဖော်နိုင်ခြင်း၊ လိင်ကိစ္စနှင့်ပတ်သက်လျှင် ယနေ့အချိန်အထိ ကန့်သတ်မှုအရက်အကြောက်တရား ကြီးမားစွာ ရှိနေဆဲ မြန်မာ့လူမှုပတ်ဝန်းကျင်နှင့် လိုက်လျောဆက်စပ်အောင် စိတ်ကူးဖန်တီးနိုင်ခြင်း၊ ကြော်ငြာ၏ တင်ဆက်ပြသမှုမှာ ရုပ်ပုံကြည့်ရုံဖြင့် မည်သူမဆို နားလည်စေနိုင်ခြင်းတို့အပြင် HIV/AIDS ကာကွယ်တားဆီးရေးအတွက် ကြော်ငြာဖန်တီးသူ PSI ၏ စေတနာနှင့် ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုလိုခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

စိတ်ကူးနှင့်အိုင်ဒီယာ – PSI Broadcasting Media
ကြာမြင့်ချိန် – ၁၀ စက္ကန့်
ရိုက်ကူးတင်ဆက်သူ – Population Services International(PSI)

**အယ်ဒီတာ**



# SERVICE OF THE MONTH

# ယခုလ စိတ်ကြိုက်ဝန်ဆောင်မှု

ယခုလ အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရတနာမြိုင်တေးထုတ်လုပ်ရေးမှ တေးသံရှင် R ဇာနည်၏ စည်းတစ်ဖက်ခြား Album အား တစ်ချပ်မှာရုံဖြင့် ရန်ကုန်မြို့တွင်း အိမ်အရောက်ပို့ပေးသည့် ဝန်ဆောင်မှုကို ရွေးချယ်လိုက်ပါသည်။ တရားမဝင်ခိုးကူးမှုများ လျော့နည်းပပျောက်အောင် ရည်ရွယ်ဆောင်ရွက်သည့်ဝန်ဆောင်မှုဖြစ်သည့်အတွက် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



# ယခုလ သတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်း မှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

## MRTV-3 New Studio Complex

## ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်

**ရန်ကုန်၊ ဇွန် ၉**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းကြားမြေဧရိယာ ၉ ဒသမ ၁၈၇ ဧကရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကြီးကြပ်မှုအောက်ရှိ MRTV-3 New Studio Complex ကို ကြမ်းခင်းဈေး ကျပ်သန်း ၁၈၅၆၉ ဒသမ ၁၉ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည် ဖြစ်သည်။ ဝယ်ယူလိုသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇွန် ၁၄ ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့၌) ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇူလိုင် ၁၄ ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အဆောက်အအုံ အမှတ်(၃၂) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နေပြည်တော်၌ တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည် ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန် ဖြစ်သည်။ အသေးစိတ်သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အဆောက်အအုံအမှတ်(၃၂) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နေပြည်တော်) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံသတင်းစာ စာမျက်နှာ ၂ တွင် ဖော်ပြထားသော MRTV-3 New Studio Complex ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဟူသည့် သတင်းထုတ်ပြန်ချက်ကို ရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၃၂ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ

## မာတိကာ


– ရန်ကုန်တိုင်းအတွင်းရှိ လယ်ယာမြေ များတွင် ငါးမွေးမြူသူများကို ဒဏ်ကြေးချမှတ်၍ လန ၃၉ ထုတ်ပေး
– ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခု ထပ်မံတည်ဆောက်မည်
– အခွန်ကင်းလွတ်ခွင့်ရ တရုတ်ကုန်စည်အမျိုးမျိုးကို အရောင်းအဝယ်စာချုပ် မချုပ်ဆိုရသေးသူများကိုပါ တင်ပို့ခွင့်ပြုမည်
– ၂၀၀၅ ခုနှစ် ရုပ်မြင်သံကြားကြော်ငြာ ဈေးကွက်ဝေစု ၆၆ ရာခိုင်နှုန်းရရှိ
– မန္တလေးမြို့တော်တွင် ယာဉ်ရပ်နားခနှင့် ဘီးခွန်များ ပြောင်းလဲကောက်ခံ
– ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများ ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်ခြင်းရှိမရှိ စိစစ်မည်
– Paper based TOEFL စာမေးပွဲ ဩဂုတ်လတွင် တစ်ကြိမ် ထပ်မံကျင်းပဦးမည်
– ပျဉ်းမနားဒေသတွင် အဆင့်မီဂေါက်ကွင်းသုံးကွင်း တည်ဆောက်မည်


## မြန်မာနိုင်ငံတွင် ဒေါ်လာ ၁၀ သန်းတန် ကြက်ငှက်တုပ်ကွေးစီမံကိန်း FAO ဆောင်ရွက်မည်

**ရန်ကုန်၊ မေ ၁၁**

မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို လျော့လာရန်နှင့် ကြက်တုပ်ကွေးရောဂါအပေါ် ပြည်သူလူထု၏အသိအမြင်တိုးပွားစေရန်အတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)မှ စီမံကိန်းတစ်ခုချမှတ်၍ ဆောင်ရွက်သွားမည်ဟု ရန်ကုန်မြို့တော်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ FAO ရုံးထံမှ သိရသည်။

အဆိုပါစီမံကိန်းအတွက် FAO အနေနှင့် အမေရိကန်ဒေါ်လာ ၁၀,၇၉၄,၁၅၈ အကုန်အကျခံသုံးစွဲသွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်နှစ်တာကြာမြင့်ဖြစ်သည်။

FAO သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားစဉ်ကလည်း အရေးပေါ်ကူညီမှုအဖြစ် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရန်နှင့် ကာကွယ်ရန် အမေရိကန်ဒေါ်လာ ၃၇၈,၉၉၉ ကုန်ကျသည့် စီမံကိန်းတစ်ခုကိုလည်း ဆောင်ရွက်ခဲ့သည်။

ယခုအချိန်တွင် မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို အောင်မြင်စွာထိန်းချုပ်နိုင်ပြီး ကြက်ဥနှင့်ကြက်သားစားသုံးမှုမှာ ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

# ရန်ကုန်တိုင်းအတွင်းရှိ လယ်ယာမြေများတွင် ငါးမွေးမြူသူများကို ဒဏ်ကြေး ချမှတ်၍ လန ၃၉ ထုတ်ပေး

**ရန်ကုန်၊ မေ ၁၄**

ရန်ကုန်တိုင်းအတွင်းရှိ အချို့ဒေသများတွင် ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေတွင် ငါးမွေးမြူနေသူများကို စစ်ဆေး၍ ဒဏ်ကြေးငွေချမှတ်ပြီး လယ်ယာမြေကို အခြားနည်းဖြင့်လုပ်ပိုင်ခွင့် လန ၃၉ ချထားပေးလျက်ရှိကြောင်း ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

ထိုကဲ့သို့ ချထားပေးခြင်းသည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြစ်ပြီး အချို့ တူးဖော်ပြီးသား ဧရိယာများကိုလည်း လန ၃၉ ချထားပေးရန် စီစဉ်နေကြောင်း အဆိုပါဦးစီးဌာနထံမှ သိရသည်။

ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ အဆိုအရ ရေထွက်ပို့ကုန်များ ပြည်ပသို့တင်ပို့ထားသည့်အချိန်တွင် ငါး၊ ပုစွန်မွေးမြူခြင်းကို လုပ်ကိုင်သူ ပိုမိုများပြားလာပြီး ရန်ကုန်တိုင်းအတွင်းတွင် ငါးကန်ဧက ၆၈၀၀၀ နှင့် ပုစွန်ကန်ဧက ၁၀၀၁၃ ရှိကြောင်း သိရသည်။

# ရေနံယိုဖိတ်မှု ကာကွယ်တားဆီးရေးဆိုင်ရာ ASEAN-OSPER Project အဖွဲ့သို့ မြန်မာဝင်ရောက်ခွင့်ရဖွယ်ရှိ

**ရန်ကုန်၊ မေ ၂၀**

မြန်မာနိုင်ငံသည် ပင်လယ်ပြင်အတွင်း ရေနံယိုဖိတ်မှုကာကွယ်တားဆီးရေးဆိုင်ရာ ASEAN-OSPER Project (Project on Oil Spill Preparedness and Response in ASEAN Seas Area) အဖွဲ့အစည်းသို့ ဝင်ရောက်ခွင့်ရဖွယ်ရှိကြောင်း အဆိုပါ Project အဖွဲ့ဝင်နိုင်ငံများမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ASEAN-OSPER Project သည် ဂျပန်နိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနနှင့် Nippon Foundation ၏ ငွေကြေးပံ့ပိုးမှုတို့ဖြင့် ၁၉၉၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယင်း Project တွင် အာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံပါဝင်၍ ၎င်းတို့သည် ဘရူနိုင်းနိုင်ငံ (Marine Department)၊ အင်ဒိုနီးရှားနိုင်ငံ (Ministry of Environment)၊ မလေးရှားနိုင်ငံ (Department of Environment)၊ ဖိလစ်ပိုင်နိုင်ငံ (Coast Guard)၊ စင်ကာပူနိုင်ငံ (Maritine and Port Authority) နှင့် ထိုင်းနိုင်ငံ (Marine Department) ဟူ၍ ပါဝင်ဖွဲ့စည်းထားသည်။

အဆိုပါ Project သို့ အာဆီယံဒေသမှ ကျန်လေးနိုင်ငံအနက် မြန်မာနိုင်ငံမှ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ ဆက်လက်ဝင်ရောက်လာဖွယ် ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်သော လာအိုနိုင်ငံမှာမူ ပါဝင်မည်မဟုတ်ကြောင်း၊ ယင်းအဖွဲ့သို့ ဝင်ရောက်ခွင့်ရပါက ပင်လယ်ပြင်တွင် ရေနံယိုဖိတ်မှု ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ရေကြောင်းဆိုင်ရာအကူအညီပေးရေး လုပ်ငန်းများ၊ အတွေ့အကြုံနည်းပညာများ ဖလှယ်ခွင့်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ASEAN-OSPER Project သို့ ဝင်ခွင့်ရရန်ကြိုးပမ်းနေသော မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့သည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နှင့် ၇ ရက်နေ့များတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သော ASEAN-OSPER New Project အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပင်လယ်ပြင်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးအတွက် နည်းပညာများပူးပေါင်းဆောင်ရွက်ရေး၊ အကူအညီပေးရေးကိစ္စရပ်များ၊ ကြိုတင်ထောက်လှမ်းခြင်းနှင့် ကာကွယ်မှုအစီအမံများ၊ ပင်လယ်ပြင်တွင် အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများစုပုံခြင်း၊ စွန့်ပစ်ခြင်း၊ ရေအောက်သင်္ဘောကိုယ်ထည်ရှိ သုတ်ဆေးများမှ အဆိပ်အတောက်အန္တရာယ်ဖြစ်ပေါ်ခြင်း၊ ဖမ်းဆီးရေသတ္တဝါတို့မှ အညစ်အကြေးစွန့်ပစ်ခြင်း၊ ရေသတ္တဝါများ မှီခိုပြန့်ပွားသည့် ရေအောက်ကျောက်ဆောင်အတုထားရှိခြင်း စသည်ဖြင့် ပင်လယ်ပြင်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးဆိုင်ရာများအတွက် ၂၀၀၆ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ တရုတ်နိုင်ငံ ဒါလီယန်မြို့တွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ (IMO) မှ ကြီးမှူးကျင်းပမည့် ပညာရှင်များဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ရန်ရှိသည်။ ■

## ပျဉ်းမနားဒေသရှိဆိုင်ကယ်များ သက်တမ်းတစ်နှစ်တိုးမြှင့်

ရန်ကုန်၊ မေ ၂၀



အစိုးရရုံးများပြောင်းရွှေ့အခြေစိုက်ရာ ပျဉ်းမနားဒေသရှိ မော်တော်ဆိုင်ကယ်များ၏သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်ခွင့်ကို ပျဉ်းမနားမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) ရုံးတွင် မေလဆန်းမှ စတင်ကာ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း ပျဉ်းမနားမြို့ခံများထံမှ စုံစမ်းသိရှိရသည်။

ယခင် ဇွန်လနှင့် ဇူလိုင်လများတွင် ပျဉ်းမနားဒေသမှ သက်တမ်းကုန်ဆုံးမည့် ဆိုင်ကယ်များကို သက်တမ်း ထပ်မံတိုးမြှင့်ပေးခြင်းမပြုတော့ဘဲ အခြားမြို့များသို့ ပြောင်းရွှေ့ခြင်းကို ဆောင်ရွက်မည်ဟု အဆိုပါရုံးမှ ကြေညာခဲ့သော်လည်း ယခုလက်ရှိတွင် ဆိုင်ကယ်များ၏ သက်တမ်းကို တစ်နှစ် ထပ်မံ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း ပျဉ်းမနားဒေသခံ ဦးဝင်းအောင်ကျော်က ပြောကြားသည်။ ဆိုင်ကယ်များစီးနင်းနိုင်ရန် သက်တမ်းတိုးမြှင့်လိုက်ခြင်းကို ဒေသခံများ နှစ်ခြိုက်လျက်ရှိပြီး သုံးဘီးဆိုင်ကယ်များမှလည်း ၎င်းတို့၏ သက်တမ်းကိုတိုးမြှင့်ရန် အခြေအနေကို စောင့်မျှော်လျက်ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ပျဉ်းမနားဒေသတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် ယာဉ်တိုက်မှုလျှော့ချရေးအတွက် ယာဉ်ထိန်းရဲအင်အားကို တိုးမြှင့်ချထားပြီးဖြစ်သည်။ သက်တမ်း တိုးမြှင့်မှုအရ အဆိုပါဒေသရှိ ဆိုင်ကယ်များမှာ လာမည့် ၂၀၀၇ ဇွန်လနှင့် ဇူလိုင်လများအထိ စီးနင်းခွင့်ရှိမည်ဖြစ်သည်။

## အနာဂတ်နိုင်ငံ လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ရေး လူငယ်များ၏ ဆန္ဒ၊ ဘဝနှင့် ရွေးချယ်မှုအရေးကြီး

**သတင်းဆောင်းပါး – ခွန်းသု၊ ၂၉–၅–၂၀၀၆**

**မျက်မှောက်ခေတ်လူငယ်များသည် မိမိတို့၏ ပကတိအခြေအနေများအရ အလုပ်အကိုင်ရရှိရေးကို စိတ်ဝင်စားလာကြသော်လည်း ပညာခေတ်၏ တောင်းဆိုချက်များကြောင့် မိမိတို့၏ နပျိုတက်ကြွသောအချိန်များအား လုပ်ငန်းခွင်အတွင်း အပြည့်အဝပေးဆပ်ရန် တုံ့ဆိုင်းလျက်ရှိကြောင်း၊ အချိန်ပိုင်းအလုပ်အကိုင်များဖြင့် မိမိတို့ဝါသနာပါ စိတ်အားထက်သန်ရာ ဘာသာရပ်များ၊ သင်တန်းများ လေ့လာဆည်းပူးနိုင်ရန် ရည်သန်လျက်ရှိပြီး အဆိုပါအခွင့်အလမ်းများအား အမြဲတစေ စူးစမ်းလျက်ရှိကြောင်း အဆိုပါနယ်ပယ်အတွင်းရှိ လူငယ်အများစုက ဖွင့်ဟပြောကြားသည်။**

လက်ရှိ လူကြိုက်များ ရေပန်းစားလျက်ရှိသည့် ဘာသာစကားသင်တန်းများ၊ ကွန်ပျူတာပညာရပ်ဆိုင်ရာသင်တန်းများ၊ ဟိုတယ်ခရီးသွားနှင့် ဧည့်လမ်းညွှန်ဆိုင်ရာ သင်တန်းများ၊ အဝတ်အစားဒီဇိုင်းသင်တန်းများနှင့် အခြားအလှဆင်သင်တန်းများ စသည့်ပညာရပ်အသီးသီးကို သင်ယူလေ့လာနိုင်ရန် လူငယ်များအကြား ရည်ရွယ်ချက် ရည်မှန်းချက်များရှိသော်လည်း မိမိတို့၏ဘဝရပ်တည်မှုဆိုင်ရာ အခြေအနေများကြောင့် မိမိတို့၏ သစ်လွင်တက်ကြွသောအချိန်များကို လုပ်ငန်းခွင်များအတွင်းသို့ လုံးဝမြှုပ်နှံမိလျက်သား ဖြစ်သွားလေ့ရှိကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် နိုင်ငံတကာစံမီပညာရပ်များ ဆည်းပူးနိုင်ရေးကိုမူ အခါအခွင့်သင့်တိုင်း လေ့လာရှာဖွေလျက်ရှိကြောင်း လူငယ်အများစုက တညီတညွတ်တည်း ဝန်ခံပြောဆိုသည်။

"ကျွန်တော်တို့အလုပ်က တစ်ပတ်မှာ တစ်ရက် အလုပ်နားပါတယ်။ အလုပ်နဲ့ဆိုင်တဲ့ပညာတွေအပြင် တခြားအင်္ဂလိပ်စာတို့လို ဘာသာစကားတွေလည်း လေ့လာချင်သေးတော့ အဲဒီတစ်ရက်ကို အဆင်ပြေတဲ့ အင်္ဂလိပ်စာသင်တန်းတစ်ခုမှာ အမြဲသွားတက်ဖြစ်ပါတယ်။ ကျန်တဲ့နေ့တွေဆို Self Study ပေါ့။ ဒါပေမဲ့ အခြေခံကလိုသေးတော့ သိပ်ခရီးမရောက်လှပါဘူး" ဟု ဆေးဝါးဖြန့်ချိရေးကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အဝေးသင်တက္ကသိုလ်ကျောင်းသားတစ်ဦးက ဆိုသည်။ လက်ရှိအခြေအနေသည်ထုတ်ကုန်အခြေခံစီးပွားရေး (Production-based Economy) မှ အသိပညာအခြေခံစီးပွားရေး (Knowledge-based Economy) အဆောက်အဦသို့ ကူးပြောင်းလာပြီဖြစ်ရာ ခေတ်သစ်'အ'သုံးလုံးဟု ပြောစမှတ်ပြုသော အိုင်တီ (အင်တာနက်အပါအဝင်) အင်္ဂလိပ်စာနှင့် အိုင်ဒီယာ (ဆန်းသစ်တီထွင်ခြင်း)ကို အခြေခံသော လူသားအရင်းအမြစ်တစ်ရပ်လိုအပ်ကြောင်း အိုင်တီကုမ္ပဏီအကြီးအကဲတစ်ဦးက ဟောပြောပွဲတစ်ရပ်တွင် ပြောကြားဖူးသည်။ မိမိတို့အနေဖြင့် ခေတ်ကာလ၏ တောင်းဆိုမှုများ၊ လိုအပ်ချက်များကို အမြဲမပြတ် အကဲခတ်လေ့လာနေသော်လည်း အဖုံဖုံသော အကျိုးတရား၊ အကြောင်းတရားများက မိမိတို့၏ဆန္ဒနှင့် ထပ်တူကျမှုမှ တွန်းခွာနေလျက်သား ဖြစ်နေလေ့ရှိကြောင်း စီးပွားရေးနှင့်သက်ဆိုင်သော နိုင်ငံတကာဒီပလိုမာသင်တန်းတစ်ခုတက်ရောက်သင်ယူနေသော လူငယ်တစ်ဦးက "ကျွန်တော်နယ်က တက်လာတုန်းက ပညာသင်ဖို့သက်သက်ပါပဲ။ ကြာတော့ အိမ်ကိုလည်း အားနာလာတယ်။ တတ်နိုင်သမျှ အမှီအခိုကင်းပြီး ကိုယ့်ကိုယ်ကိုယ်လည်း တာဝန်ယူချင်လာတယ်။ ဒီလိုအခြေအနေတွေကြောင့် အဆင်ပြေတဲ့အလုပ်တစ်ခု ဝင်လုပ်လိုက်ပါတယ်။ ညနေပိုင်းတော့ သင်တန်းတက်ပေါ့။ ဒါပေမဲ့ ညဆိုရင်ပင်ပန်းတာနဲ့ ကိုယ်လေ့လာနေတဲ့ ပညာရပ်အပိုင်းမှာ အချိန်ပေးနိုင်မှုဟာ အရင်ကလောက်မများတော့ဘူးပေါ့"ဟု ဆိုသည်။

မြန်မာနိုင်ငံဒေသအသီးသီးမှ ရန်ကုန်သို့ ပညာသင်ရန်ရောက်ရှိလာကြသော အချို့လူငယ်များသည် အခြေအနေအကြောင်းကြောင်းကြောင့် လုပ်ငန်းခွင်များအတွင်းသို့ ရောက်ရှိသွားပြီး တစ်ဖက်၌ အဖိုးအခများစွာ ပေးသင်ခဲ့ရသော ပညာရပ်များတစ်ပိုင်းတစ်စဖြစ်ကာ သင်ယူထားသော ပညာရပ်များနှင့် လုပ်ကိုင်လျက်ရှိသော လုပ်

**မိမိတို့ဝါသနာပါရာ ဘာသာရပ်များကို လေ့လာဆည်းပူးခွင့်ရလာပြီဖြစ်သည်**




## ဂျပန်သို့ တင်ပို့ရမှုကြောင့် တပင်တိုင်မြနန်းမျိုးတုံးလုဖြစ်

**ရန်ကုန်၊ ဇွန် ၁၁**

မြန်မာနိုင်ငံတွင် အမြောက်အမြား ပေါက်ရောက်သည့် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သော တပင်တိုင်မြနန်းကို ဂျပန်နိုင်ငံသို့ တင်ပို့ရမှုကြောင့် မျိုးတုံးလုနီးပါးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း Alternative Medicine အများအပြားထုတ်လုပ်လျက်ရှိသည့် Fame ဆေးဝါးထုတ်လုပ်ရေး၏မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

ဂျပန်နိုင်ငံသည် ကင်ဆာရောဂါကုသသည့် ဆေးထုတ်လုပ်နိုင်ရန် စမ်းသပ်ပြင်ဆင်နေသည့်အတွက် တပင်တိုင်မြနန်းကို မှာယူခြင်းဖြစ်ကြောင်း၊ ယင်းအပင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပေါက်ရောက်သော်လည်း နည်းပါးပြီး မြန်မာနိုင်ငံ၌သာ အများအပြားတွေ့ရှိရကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံမှ လွန်ခဲ့သည့်ငါးနှစ်ခန့်ကတည်းက ပိဿာပေါင်းထောင်နှင့်ချီ၍ ဝယ်ယူနေခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

လွန်ခဲ့သည့် လေးနှစ်ခန့်က တစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့်သာရှိခဲ့သော တပင်တိုင်မြနန်းအပင်သည် ယခုအခါ တစ်ပိဿာဈေးနှုန်း ကျပ်လေးသောင်းအထိ မြင့်မားလာကြောင်း၊ အင်မတန် ရှားပါးလာသည့်အတွက် ယခုကဲ့သို့ မတန်တဆဈေးနှုန်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင်က သုံးသပ်ပြောကြားသည်။




**နိုင်ငံတကာအဆင့် ဘွဲ့ဒီဂရီများကို ပြည်တွင်း၌ပင် ရယူနိုင်ပြီဖြစ်သည်**

ငန်းမှာ ကွာဟချက်များရှိလျက် မိမိတို့၏ ဆန္ဒ၊ ဘဝနှင့်ရွေးချယ်မှုတို့အား အံချော်မှုများကြောင့် တစ်ခါတစ်ရံစိတ်ပျက်ရကြောင်း ၎င်းတို့ကဆိုသည်။

မျက်မှောက်ခေတ်အခြေအနေအား မျက်ခြည်မပြတ်လိုက်နိုင်ရန်အတွက် ပြင်ပတွင်နိုင်ငံတကာစံမီသင်တန်းများတက်ရောက်ခြင်းသည် ကောင်းမွန်သောစိတ်ဝင်စားမှုဖြစ်ကြောင်း၊ သို့သော် အချို့မှာ သင်တန်းအများအပြားတက်ရောက်လျက်ရှိပြီး ယောင်လည်လည်အခြေအနေတွင် ရှိနေသေးကြောင်း၊ မိမိစိတ်ဝင်စားသည့် ပညာရပ်တစ်ခုတည်းကိုသာ ဦးတည်သင်ကြားပြီး မိမိတကယ်ထက်သန်သော အလုပ်အကိုင်အမျိုးအစားကိုသာ မှန်မှန်ကန်ကန်ရွေးချယ်မိစေရန် လိုအပ်ကြောင်း မတော်တဆ ရွေးချယ်မိသော အလုပ်အကိုင်များကိုလည်း အကောင်းဆုံးစွမ်းအင်များပေးရန်နှင့် ပိုမိုကောင်းမွန်သင့်လျော်သော ရွေးချယ်မှုများပြုလုပ်နိုင်ရန် အမြဲတစေသတိထားသင့်ကြောင်း စာနယ်ဇင်းလောကမှ ဘာသာပြန်ဆရာတစ်ဦးက သုံးသပ်သည်။

ကုမ္ပဏီလုပ်ငန်းများအနေဖြင့်လည်း လူငယ်များအား မိမိတို့၏ လုပ်ငန်းခွင်အတွင်း အချိန်ပြည့်အာရုံစိုက်ရန် လိုလားကြပြီး အချို့ကုမ္ပဏီများ၏ အလုပ်ခေါ်စာများတွင် သင်တန်းတက်နေသူများ၊ ကျောင်းဆက်တက်မည့်သူများ လျှောက်ထားရန်မလိုဟု ထည့်သွင်းလာသည်အထိတွေ့ရှိရသည်။ မည်သို့ပင်ဆိုစေကာမူ လူငယ်များ၌ ပညာကိုအရင်းအနှီးပြု၍အသက်မွေးလိုသူသည် ၁၀ရာခိုင်နှုန်းထိရှိသည်ဟု စစ်တမ်းတစ်ခုကဆိုထားရာ ဦးနှောက်ယိုစီးမှု (Brain Drain)ကို ကာကွယ်ရန်နှင့် အနာဂတ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ထွန်းတောက်စေရန်အတွက် လူငယ်များအားပညာသင်အခွင့်အလမ်းနှင့် အလုပ်အကိုင်များအကြား ပဋိပက္ခမဖြစ်ရန်လိုကြောင်း၊ အလုပ်ရှင်များအနေဖြင့် မိမိတို့လုပ်ငန်းအား အမှန်တကယ် စိတ်ဝင်စား ဝါသနာပါသည့် လူငယ်များကိုသာ ရွေးချယ်မိစေရန်နှင့် အလုပ်သက်တမ်း နုနယ်သော လူငယ်များအား အတင်းဖိအားပေးခြင်းမျိုးမပြုမိစေရန် လိုအပ်ပါက လုပ်ငန်းခွင်သင်တန်းများပို့ချသင့်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

အတွေ့အကြုံရှိသူ လူကြီးများအနေဖြင့်လည်း လူငယ်များ၏ ဆန္ဒနှင့်ရွေးချယ်မှုအကြားရှင်းလင်းထင်ရှားစေရန် လမ်းကြောင်းများချပြသင့်ကြောင်း၊ လွတ်လပ်စွာရွေးချယ်ခွင့်ပေးသင့်ကြောင်း နာမည်ကျော်စာရေးဆရာမတစ်ဦးက လူငယ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတစ်ရပ်တွင်ပြောကြားသည်။ လူငယ်များအနေဖြင့်လည်း မိမိတို့၏ဝါသနာအစစ်အမှန်နှင့်ရွေးချယ်မှုမှန်ကန်စေရန် လုံလောက်သင့်တင့်သော အသိပညာနှင့် မိမိရွေးချယ်မှုအပေါ်တွင် တာဝန်ယူဝံ့သောသတ္တိရှိရန်လည်းလိုကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံ၏ မျိုးဆက်သစ်လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ၏နုနယ်တက်ကြွသော အချိန်များအား အကျိုးရှိရှိနှင့် ထိရောက်စွာ ပုံသွင်းသွန်းထုနိုင်ရန်နှင့် ပြုစုပျိုးထောင်နိုင်ရန်အတွက် အုတ်မြစ်ဖြစ်သည့် မိမိနိုင်ငံအတွင်းရှိ နိုင်ငံတကာစံမီပညာရပ်များအား ပြည်သူအများစုတတ်နိုင်သော နှုန်းထားဖြင့် ဆည်းပူးနိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ပေမီဒေါက်မီနည်းပညာနှင့် အတတ်ပညာများလွယ်လင့်တကူရရှိနိုင်ရေးနှင့် ပြုစုပျိုးထောင်ထားသည့် လူသားအရင်းအမြစ်ကောင်းများ နယ်နိမိတ်ပြင်ပသို့ စီးထွက်မသွားနိုင်စေရန် နိုင်ငံအတွင်းအခွင့်အလမ်းကောင်းများနှင့် တီထွင်ဖန်တီးပိုင်ခွင့်များ လမ်းဖွင့်ပေး၍ လက်တွဲခေါ်ရန်အတွက် သက်ဆိုင်ရာအစိုးရသာမက ပုဂ္ဂလိကပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌လည်း တာဝန်ကိုယ်စီရှိကြောင်း လေ့လာသူများက မှတ်ချက်ပြုသုံးသပ်ကြသည်။

LIVING COLOR
MAGAZINE
526302
504496

# ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခု ထပ်မံတည်ဆောက်မည်

**ရန်ကုန်၊ ဇွန် ၆**

ရန်ကုန်မြို့တော်၌ တရားမဝင် ယာဉ်ရောင်းဝယ်နေကြသည့် ကားပွဲစားတန်းများပပျောက်ရန် ရည်ရွယ်၍ လက်ရှိ သတ်မှတ်ထားသည့် ယာဉ်ရောင်းဝယ်ရေးစခန်းနှစ်ခုထက်ပိုမို၍ ဧရိယာကျယ်ဝန်းမည့် ယာဉ်ရောင်းဝယ်ရေးစခန်းသစ်တစ်ခုကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဗိုလ်မှူးဗထူးလမ်းရှိ ယာဉ်မောင်းသင်ကွင်းနံဘေး မြေနေရာတွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနဌာနမှူး ဦးအောင်ဇင်က Living Color သို့ ပြောကြားသည်။



ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း

ရန်ကုန်မြို့တော်၌ တရားဝင်ယာဉ်ရောင်းဝယ်ကြရန် နေရာအဖြစ် ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် သံသုမာ ယာဉ်ရောင်းဝယ်ရေးစခန်းနှစ်ခုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ဖွင့်လှစ်ခဲ့သော်လည်း ယာဉ်ဝယ်ရောင်းနှင့်ပွဲစားအများစုသည် ကျောက်မြောင်းသတိပဋ္ဌာန်လမ်း၊ မအူကုန်းလမ်းကျယ်၊ တောင်ဥက္ကလာ ၁၄–၁၅ လမ်းဆုံ၊ ကျောက်ရေတွင်းခုံးတံတားအောက်၊ စမ်းချောင်း မပိုလမ်း စသည့်နေရာများတွင် မော်တော်ယာဉ်များကို တရားမဝင်ရပ်နားရောင်းဝယ်နေကြဆဲဖြစ်သည့်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ လူနေရပ်ကွက်နှင့်လမ်းများအတွင်း ယာဉ်များရပ်နားကာရောင်းဝယ်နေကြသဖြင့် လမ်းပိတ်ဆို့ခြင်း၊ လမ်းသွားလမ်းလာ မိန်းကလေးများအား နောက်ပြောင်ကျီစယ်ခြင်း၊ အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း စသည့် မလိုလားအပ်သည့်ပြဿနာများပေါ်ပေါက်စေကာ ရပ်ကွက်အေးချမ်းသာယာမှုကိုပါ ထိခိုက်စေကြောင်း၊ ထိုကဲ့သို့ တရားမဝင် ယာဉ်ရောင်းဝယ်နေကြသူများအား သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့က လိုက်လံစောင့်ကြပ်ကြည့်ရှုပြီး မှတ်သားအရေးယူသည့်စနစ်ဖြင့် အရေးယူလျက်ရှိကြောင်း ၎င်းကဆိုသည်။ ရန်ကုန်မြို့တော်အတွင်း တရားဝင်ယာဉ်ရောင်းဝယ်ကြရန်နေရာများအဖြစ် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းကို စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် နာနတ်တောလမ်း၌ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင်လည်းကောင်း၊ သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းကို သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုခုံးကျော်တံတားအနီး သံသုမာလမ်း၌ ၁၉၉၈ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဖွင့်လှစ်ခဲ့သည်။

# ဟင်းသီးဟင်းရွက်များကို ရေနွေးဖြင့် ဆေးကြောစားသုံးသင့်

**ရန်ကုန်၊ ဇွန် ၁၁**

ဟင်းသီးဟင်းရွက်များကို အစိမ်းစားသုံးရာတွင် ရေဖြင့်ဆေးခြင်းဖြင့် မလုံလောက်ဘဲ ရေနွေးဖြင့် ဆေးကြောပြီးမှသာ စားသုံးသင့်ကြောင်း ဆေးဝါးဖော်စပ်ရန် ဆေးဖက်ဝင်အပင်များကို ကိုယ်တိုင်စိုက်ပျိုးနေသည့် FAME ဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးအသုံးပြုခြင်းကြောင့် သာမန်ရေအေးဖြင့် ဆေးကြောခြင်းအပြင် စိမ်ထားခြင်းဖြင့်မလုံလောက်ဘဲ အပူချိန်မြင့်သော ရေနွေးဖြင့် ဆေးကြောမှသာ အဆိပ်ဆေးအာနိသင်များ ကင်းစင်သွားမည် ဖြစ်ကြောင်း ၎င်းကဆိုသည်။

သဘာဝပိုးမွှားများက ထိုးဖောက်စားသုံးထားသည့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် အန္တရာယ်ရှိမည်မဟုတ်ဘဲ ပိုးမွှားလက္ခဏာကင်းစင်သည့် သီးနှံများတွင်သာ မမြင်ရသောအန္တရာယ်များရှိနေကြောင်း၊ ပိုးသတ်ဆေးသည် ကင်ဆာရောဂါဖြစ်စေနိုင်သဖြင့် ဖြစ်နိုင်ပါက ပိုးသတ်ဆေးအသုံးမပြုခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင်က ရှင်းလင်းပြောကြားသည်။

■

# အခွန်ကင်းလွတ်ခွင့်ရ တရုတ်ကုန်စည်အမျိုးမျိုးကို အရောင်းအဝယ်စာချုပ် မချုပ်ဆိုရသေးသူများကိုပါ တင်ပို့ခွင့်ပြုမည်

**ရန်ကုန်၊ မေ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အထူးအခွင့်အရေးပေးထားသော Special and Preferential Tariff-SPT အစီအစဉ်အရ အခွန်ကင်းလွတ်ခွင့်ရ ကုန်ပစ္စည်းများအနက် ရေထွက်ပစ္စည်း၊ ပဲအမျိုးမျိုး၊ နှမ်းအမျိုးမျိုးတို့ကို ကုန်ရောင်းကုန်ဝယ် စာချုပ်ချုပ်ဆိုထားခြင်း မရှိသူများကိုပါ တင်ပို့ခွင့်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံသို့ ပို့ကုန်များတင်ပို့နိုင်ရန် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ကူမင်း၌ကျင်းပသော ဒုတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသနိုင်ငံများ ထိပ်သီးအစည်းအဝေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်သော ကုန်သည် ၈၀ ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ကုန်သည်ကြီးများအသင်းနှင့် တရုတ်ကုန်သည် ၈၀ ကျော်တို့ ကုန်ရောင်းကုန်ဝယ်စာချုပ်နှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးထားခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲတွင် ပါဝင်ခြင်းမရှိသူများကို တင်ပို့ခွင့်ပြုလာခြင်း ဖြစ်သည်။

၂၀၀၆-၂၀၀၇ မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏကို ကန်ဒေါ်လာ ၁.၅ ဘီလီယံအထိ ရောက်စေရန် လျာထားဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုပမာဏကို ၉၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ရမည်ဖြစ်၍ ယင်းကဲ့သို့ ပို့ကုန်အခွင့်အရေးများ ပေးလာခြင်းဖြစ်ကြောင်း ပဲမျိုးစုံ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာ-တရုတ်ကုန်သွယ်ရေး တိုးမြှင့်ရန်အတွက် အထက်ဖော်ပြပါ အစည်းအဝေးတွင် မြန်မာကုန်သည်များနှင့် တရုတ်ကုန်သည်တို့ ပမာဏအားဖြင့် ကန်ဒေါ်လာ ၁၇၆.၀၂၅ သန်း ကုန်ရောင်းကုန်ဝယ်စာချုပ်နှင့် နားလည်မှုစာချွန်လွှာ (MoU) ကန်ဒေါ်လာ ၁၁၃. ၉၁၄ သန်း၊ စုစုပေါင်း ကန်ဒေါ်လာ ၂၈၉.၉၃၉ သန်း စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ ပဲအမျိုးမျိုး၊ နှမ်း၊ ငါး၊ ပုစွန်၊ ငါးရှဉ့် စသော ပစ္စည်းများ တင်ပို့သွားရန်ရှိကြောင်း၊ MoU တွင် ပါဝင်သည့် ပြောင်း၊ အာလူး၊ ဂုန်လျှော်၊ သစ်တောထွက်ပစ္စည်းနှင့် သတ္တုပစ္စည်းများကိုမူ ကုန်သွယ်မှုမူဝါဒကောင်စီ၏ ခွင့်ပြုချက်ရမှသာ တင်ပို့ရမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သတင်းထုတ်ပြန်ထားပြီး ဖြစ်သည်။

# မြန်မာနိုင်ငံ၏ ဆီအုန်း သုတေသနလုပ်ငန်းအတွက် FAO မှ နည်းပညာ ပံ့ပိုးကူညီမည်

**ရန်ကုန်၊ မေ ၁၃**

ဆီစားသုံးမှုအချိုးအစားမြင့်မားမှုရှိသော မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးမှု သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ နည်းပညာပံ့ပိုးအကူအညီပေးသွားမည့်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော FAO ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစီမံကိန်းမှာ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၂ နှစ်တာ ကြာမြင့်မည်ဖြစ်ပြီး FAO မှ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၂၀၅,၀၀၀ သုံးစွဲသွားမည်ဟု FAO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဆီအုန်းစိုက်ပျိုးမှု ထွန်းကားလာသော မြန်မာနိုင်ငံတွင် FAO သည် ထိုစီမံကိန်းဖြင့် ဆီအုန်းပင်မျိုးပွားခြင်း၊ မျိုးစေ့ထုတ်ခြင်း၊ ပျိုးပင်ကာကွယ်ထိန်းသိမ်းခြင်း စသော နည်းပညာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရန် ကူညီသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းတွင် ဆီအုန်းကို စီမံကိန်းချ၍ စိုက်ပျိုးနေပြီး စားအုန်းဆီထုတ်ယူနိုင်သည့် အနေအထားကို ရောက်ရှိနေပြီဟု မကြာသေးမီက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောကြားသွားသည်။ ■

# ၂၀၀၅ ခုနှစ် ရုပ်မြင်သံကြားကြော်ငြာ ဈေးကွက်ဝေစု ၆၆ ရာခိုင်နှုန်းရရှိ

**ရန်ကုန်၊ မေ ၁**

မြန်မာနိုင်ငံရှိ မီဒီယာအသီးသီးမှ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်း ကြော်ငြာရရှိမှုများအနက် ရုပ်မြင်သံကြား၌ ကြော်ငြာမှုသည် ၆၆ ရာခိုင်နှုန်းခန့်ရှိကြောင်း Myanmar Marketing Research & Development Co., Ltd. (MMRD) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်း၌အသုံးပြုနေသော နာမည်ကျော်အမှတ်တံဆိပ် ၁၀ မျိုးနှင့် ကုန်ပစ္စည်းအမျိုးအမည် ၁၀ မျိုးစီအား အခြေခံပြီး ဈေးကွက်သုတေသနပြုချက်များအရ မီဒီယာအသီးသီးတွင် ကြော်ငြာခဲ့ကြသော ကြော်ငြာအသီးသီးအနက် ဂျာနယ်များတွင် ၁၅ ရာခိုင်နှုန်း၊ မဂ္ဂဇင်းများတွင် ၇ ရာခိုင်နှုန်း၊ သတင်းစာများတွင် ၆ ရာခိုင်နှုန်း၊ ပြင်ပကြော်ငြာများတွင် ၆ ရာခိုင်နှုန်းခန့် ဈေးကွက်ဝေစုရရှိထားကြပြီး ပြည်တွင်းရုပ်မြင်သံကြား Channel များတွင်မူ ၆၆ ရာခိုင်နှုန်း ရရှိထားကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။ အဆိုပါကြော်ငြာများ၏ မီဒီယာအသီးသီး၌ ကုန်ကျစရိတ်များမှာ ဇယားအတိုင်း ဖြစ်သည်။

**၂၀၀၅ ခုနှစ် မီဒီယာအသီးသီး၌ ကြော်ငြာကုန်ကျစရိတ်ပြဇယား**

| မီဒီယာ | ကုန်ကျစရိတ် (ကန်ဒေါ်လာ) |
|---|---|
| ဂျာနယ် | ၂,၅၇၆,၇၆၄ |
| မဂ္ဂဇင်း | ၁,၁၅၀,၈၅၅ |
| သတင်းစာ | ၁,၁၂၃,၈၅၇ |
| ပြင်ပ | ၁,၀၇၇,၀၅၇ |
| ရုပ်မြင်သံကြား | ၁၁,၄၂၉,၉၂၇ |
| စုစုပေါင်း | ၁၇,၃၄၈,၇၅၈ |

Source: MMRD


# တယ်လီဖုန်းလိုင်းလေးလိုင်းပါ MPT Satellite Terminal ရောင်းချ၊ ဝေးလံခေါင်းပါးဒေသများ၏ ဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်

**သတင်းဆောင်းပါး–သစ်ထွန်း၊ ကျော်နိုင်၊ ၂–၅–၂၀၀၆**

**မြန်မာနိုင်ငံတစ်ဝန်း အသုံးပြုလျက်ရှိသည့် ယခင် iPSTAR Satellite Broadband System နှင့် Gateway ချင်း မတူညီတော့ဘဲ ပိုမိုအရည်အသွေးကောင်းမွန်ကာ တယ်လီဖုန်းလိုင်းလေးလိုင်းအထိ တစ်ပြိုင်နက်အသုံးပြုနိုင်သည့် MPT Satellite Terminal System ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ ရောင်းချပေးလျက်ရှိကြောင်း ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ၂၀၀၆ ခုနှစ် ဧပြီလ ၂၉ ရက်မှ မေလ ၁ ရက်နေ့အထိ ကျင်းပခဲ့သော ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်–၂၀၀၆ ပြပွဲရှိ MPT ၏ ပြခန်းမှ စုံစမ်းသိရှိရသည်။**

အဆိုပါ MPT Satellite Terminal စနစ်ကို ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး ဝယ်ယူတပ်ဆင်အသုံးပြုလိုပါက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လျှောက်ထားနိုင်ကြောင်း၊ ထိုသို့လျှောက်ထားရာ၌ စတင်လျှောက်ထားသည့်မှစ၍ အသုံးပြုခွင့်ကျပါက လိုက်လံတပ်ဆင်ပေးသည်အထိ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း MPT က ဆိုသည်။

အဆိုပါ MPT Satellite Terminal စနစ်ကို ဝယ်ယူတပ်ဆင်အသုံးပြုမည် ဆိုပါက မြန်မာနိုင်ငံ၏ မြောက်ဘက်၊ တောင်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်းဒေသများအတွက် အချင်း ၁.၈ မီတာရှိ C-Band Satellite Terminal ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် ရန်ကုန်မြို့ ပတ်ဝန်းကျင်ဒေသများအတွက် အချင်း ၁.၂ မီတာရှိ Ku-Band Satellite Terminal ကို







**မြန်မာနိုင်ငံ၌ လိုအပ်နေသော အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်မှုကို အဆင်ပြေစေမည်ဖြစ်သည်**

လည်းကောင်း တပ်ဆင်အသုံးပြုရမည်ဖြစ်ပြီး ယင်း Terminal နှစ်မျိုးစလုံးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအား ကျပ်သိန်း ၃၀ နှင့် ပြည်တွင်းပြည်ပ NGO များနှင့် စီးပွားရေးအဖွဲ့အစည်းများအား အမေရိကန်ဒေါ်လာ ၃၀၀၀ သတ်မှတ်ထားကာ နှစ်စဉ်ကြေး ကျပ် ၆၀၀၀၀ စီ ကျသင့်မည်ဖြစ်သည်။ အဆိုပါစနစ်တပ်ဆင်ရာ၌ တပ်ဆင်ခအပါအဝင် လိုအပ်သော ဆက်စပ်စွည်းများနှင့် အခြားကျသင့်ငွေများကို အသုံးပြုသူက ကျခံရမည်ဖြစ်သည်။

အဆိုပါ MPT Satellite Terminal စနစ်မှာ ယခင် iPSTAR Satellite Broadband စနစ် ဆက်သွယ်အသုံးပြုနေခဲ့သည့် Thaicom-2 ဂြိုဟ်တုမဟုတ်တော့ဘဲ ယင်းစနစ်၏ မျိုးဆက်သစ်ဖြစ်သည့် Thaicom-4 (iPSTAR-1) ဂြိုဟ်တုကို ချိတ်ဆက်အသုံးပြုထားသဖြင့် Gateway ပြောင်းလဲသွားကာ ဆက်သွယ်မှုအရည်အသွေး ပိုမိုကောင်းမွန်ကြောင်း၊ လောလောဆယ် Voice(တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု) ကိုသာ အသုံးပြုခွင့်ရှိဦးမည်ဖြစ်ပြီး မကြာမီ Data (Internet) ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စိစစ်အသုံးပြုခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ MPT Satellite Terminal စနစ်ကို Virtual Private Network (VPN) နှင့် Wide Area Network (WAN) ချိတ်ဆက်အသုံးပြုလိုသည့် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် NGO များ၊ တယ်လီဖုန်းလိုင်းမရှိသည့် ဝေးလံသောဒေသများမှအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအသုံးပြုနိုင်ပြီး နေရာဒေသမရွေး တယ်လီဖုန်း E-mail၊ Internet၊ Data တစ်ပြိုင်တည်း (သို့ မဟုတ်) သီးသန့်ခွဲ၍ အသုံးပြုနိုင်သည်။ အဆိုပါဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် Voice over IP (VoIP) တယ်လီဖုန်းလိုင်း လေးလိုင်းတစ်ပြိုင်နက်တည်း အသုံးပြုနိုင်ခြင်း၊ မိမိဌာန/အဆောက်အအုံအတွင်း PABX စနစ်ဖြင့်လည်းကောင်း၊ Cordless Phone ဖြင့်လည်းကောင်း တွဲဖက်အသုံးပြုနိုင်ခြင်း၊ Video on Demand အသုံးပြုနိုင်ခြင်း၊ Video Conferencing ကို တစ်ဦးချင်း (သို့မဟုတ်) တစ်ဦးနှင့် အများပြုလုပ်နိုင်ခြင်း၊ Wireless LAN ဆက်သွယ်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။ VoIP တယ်လီဖုန်းများအတွက် ခေါ်ဆိုခမှာ ပြည်တွင်းရှိ မည်သည့်အရပ်ဒေသကိုမဆို အတွက် တစ်မိနစ်လျှင် ၅၀ ကျပ် ကျသင့်မည်ဖြစ်ပြီး အဝင်မှာ အခမဲ့ဖြစ်ကြောင်း၊ ယခင် iPSTAR Satellite System ထက် အရည်အသွေး ပိုမိုကောင်းမွန်သည့် မြန်နှုန်းမြင့် ဆက်သွယ်မှုစနစ် Broadband System ဖြစ်ကြောင်း MPT ၏အဆိုအရ သိရသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ MPT Satellite Terminal System တပ်ဆင်အသုံးပြုနေသူ စုစုပေါင်း ၃၂၀ ခန့်ရှိနေပြီဖြစ်ကြောင်းနှင့် MPT မှ ခွင့်ပြုပါက ယင်းဆက်သွယ်ရေးစနစ်မှတစ်ဆင့် ပြည်ပ

သို့ပါ IDDတယ်လီဖုန်းဆက်သွယ်ပြော ဆိုနိုင်ပြီး ပြောဆိုခနှုန်းထားများမှာ MPT က သတ်မှတ်ထားသော IDD ဖုန်း ခေါ် ဆိုခနှုန်းထားများအတိုင်း FEC ဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း MPTမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံ၌ အဓိကရင်ဆိုင်နေရသော ဆက်သွယ်ရေးကဏ္ဍ အခြေခံလိုအပ်ချက်မှာ တယ်လီဖုန်းပြောဆိုဆက်သွယ်မှုပင်ဖြစ်ရာ အဆိုပါ MPT Satellite Terminal System ကို နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်တပ်ဆင်အသုံးပြုခွင့်ရပါက ဝေးလံခေါင်းပါးဒေသများ၏ ဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ကွန်ပျူတာလုပ်ငန်းရှင် တစ်ဦးက သုံးသပ်ပြောကြားသည်။

## မန္တလေးမြို့တော်တွင် ယာဉ်ရပ်နားခနှင့် ဘီးခွန်များ ပြောင်းလဲကောက်ခံ

**မန္တလေး၊ မေ ၂၄**

မြန်မာနိုင်ငံတွင် ယာဉ်စီးရေ ဒုတိယအများအပြားဆုံးမြို့ဖြစ်သော မန္တလေးမြို့တော်တွင် ယာဉ်ရပ်နားခနှင့် ဘီးခွန်များ ပြောင်းလဲကောက်ခံခြင်းကို ၂၀၀၆ –၂၀၀၇ ဘဏ္ဍာရေးနှစ်အစမှနေ၍ ဆောင်ရွက်နေကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

ဘဏ္ဍာရေးနှစ်သစ်အတွက် တန်ပိုကြေး၊ မြို့၏ဘီးခွန်နှင့် ကမ်းနားလမ်းဂိတ်ခွဲများ၊ တန်ပိုကောက်ခံခွင့်လုပ်ငန်းလိုင်စင်များ လေလံတင်ခြင်းကို မတ်လ ၁၅ ရက်နေ့တွင် မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ကျပ်သိန်း ၂၂၀၀၀ ကျော်အထိ ရရှိသွားကြောင်း ကိုယ်တိုင်တက်ရောက်သော လေလံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ပြောင်းလဲသွားသောဘီးခွန်နှင့် ယာဉ်ရပ်နားခများမှာ ဆိုင်ကယ် ၂၀ မှ ၅၀ ကျပ်၊ ဆလွန်းယာဉ် ယခင် ၄၀ မှ ၁၀၀ ကျပ်၊ ၁ တန်– ၃ တန်ယာဉ် ယခင် ၆၀ မှ ၁၀၀ ကျပ်၊ ၃ တန် အထက်ယာဉ်ကြီး ၁၀၀ မှ ၂၀၀ ကျပ် အသီးသီး ဖြစ်သည်။

# မြန်မာနိုင်ငံသည် သတ္တမမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်သည့် နိုင်ငံတစ်ခုဖြစ်

**ရန်ကုန်၊ ဇွန် ၂**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် သတ္တမမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်သည့် နိုင်ငံတစ်ခုဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသသစ်နှင့်ပတ်သက်သောအဖွဲ့အစည်း(International Tropical Timber Organization-ITTO) နှင့်အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟဗေဒအဖွဲ့အစည်း ( International Society for Mangrove Ecosystem)တို့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ဒီရေတောများကို ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံးတွေ့ရှိရကြောင်း၊ အဆိုပါဒီရေတောများသည် တိုးပွားလာသော နိုင်ငံလူဦးရေအား ထောက်ပံ့နိုင်ရန်အတွက် စိုက်ပျိုးမြေများအဖြစ်တိုးချဲ့ခံရခြင်း၊ ပုစွန်ကန်၊ ငါးကန်များနှင့်ဆားကျင်းများတည်ထောင်ခြင်း၊ ထင်းမီးသွေးများ ထုတ်ယူခြင်းများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဒီရေတောများသည် ပျက်စီးခြင်းနှင့်အတူ အရွယ်အစားကြီးမားသည့် သစ်များကို ရရှိမှုနည်းပါးလာခြင်း၊ ထင်းမီးသွေးများရှားပါးလာခြင်း၊ မြစ်ကမ်းပါးများရေတိုက်စားပြိုပျက်ခြင်း၊ လယ်မြေများအတွင်း ဆားငန်ရေများအတားအဆီးမရှိစိမ့်ဝင်လာခြင်း၊ ငါးပုစွန်တို့ ပေါက်ဖွားရှင်သန်ရာနေရာပျက်စီး၍ ဖမ်းဆီးရရှိမှုနည်းပါးလာခြင်း စသည့်အကျိုးဆက်များ တွေ့ကြုံနေရသည်ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

သစ်တောဦးစီးဌာနမှ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်သည့်စာရင်းအရ ဒီရေတောကောင်းဧရိယာ ၃၈၂၀၀၀ဟက်တာနှင့် ဒီရေတောညံ့ဧရိယာ ၄၀၃၀၀၀ ဟက်တာရှိသည်ဟု သိရသည်။

LIVING COLOR , 526302 , 504496

# Fame ၏ သဘာဝနည်းသုံး စိုက်ပျိုးမြေကို ဆွီဒင်နိုင်ငံ Grolink မှ လာရောက်စစ်ဆေးမည်

**ရန်ကုန်၊ ဇွန် ၁၁**

ကမ္ဘာတွင် အကြီးမားဆုံး Organic Farm ခေါ် သဘာဝနည်းသုံး စိုက်ပျိုးမြေ စစ်ဆေးရေးဆိုင်ရာအဖွဲ့အစည်း ဖြစ်သည့် ဆွီဒင်နိုင်ငံမှ Grolink အမည်ရှိ အဖွဲ့အစည်းသည် ပြင်ဦးလွင်မြို့အနီး စခန်းတွင် Fame ဆေးဝါးထုတ်လုပ်ရေး က အကောင်အထည်ဖော်စိုက်ပျိုးလျက်ရှိသည့် Organic Farm သို့ ယခုနှစ်အတွင်း လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း အဆိုပါဆေးဝါးထုတ်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

အဆိုပါ Fame ဆေးဝါးထုတ်လုပ်ရေးပိုင် Organic Farm သည် ၅၅ ဧကကျယ်ဝန်းပြီးဆေးဖက်ဝင်အပင်အမြောက်အမြားစိုက်ပျိုးထားရှိကာ သဘာဝအတိုင်း ပေါက်ရောက်မှုရရှိစေရန်အပြင် ရှားပါးအပင်များကို လိုအပ်သလောက်ရရှိနိုင်စေရန်လည်း ရည်ရွယ်ကြောင်း ၎င်းကဆိုသည်။

Grolink မှ လာရောက်စစ်ဆေးပြီးပါက အော်ဂဲနစ်စိုက်ပျိုးရေးခြံ (Fame Pharmaceuticals Organic Farming Project) သည် မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ Organic စိုက်ခင်းဖြစ်လာမည် (The Voice Weekly Vol.2/ No.25 တွင် သတင်းဖော်ပြပြီး) ဖြစ်သည်။

# ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများ ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်ခြင်းရှိမရှိ စိစစ်မည်

**ရန်ကုန်၊ မေ ၂၄**

ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများ တရားဝင်ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်ခြင်းရှိ မရှိ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် စိစစ်မည်ဖြစ်ကြောင်း ယခုနှစ် မေလ ၉ ရက်နေ့စွဲဖြင့် ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်အရ သိရသည်။

ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်းများ တရားဝင်ခွင့်ပြုချက်လျှောက်ထားရယူကြရန် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများမှတစ်ဆင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း၊ မြို့နယ်ပညာရေးမှူးများသည် သတ်မှတ်ထားသော ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း လုပ်ထုံးလုပ်နည်းဥပဒေနှင့် ကိုက်ညီသော သင်တန်းကျောင်းများ တင်ပြရန်နှင့် မကိုက်ညီသော သင်တန်းများကို လုံးဝတင်ပြခြင်းမပြုရန်နှင့် အကယ်၍ ပြဿနာတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ၏ တာဝန်ဖြစ်ကြောင်း၊ ထိုနည်းတူပင် သင်တန်းကျောင်းဆရာများကိုလည်း စိစစ်မည်ဖြစ်ကြောင်း၊ ခွင့်ပြုချက်မရှိဘဲ သင်တန်းကျောင်းဖွင့်လှစ်ပါက ဖွင့်လှစ်ခွင့်ရပ်ဆိုင်းမည်ဖြစ်ပြီး ၁၉၈၄ ခုနှစ် ဘာသာရပ်သင်တန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ အရေးယူသွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိသည်။

TLZH

# တနင်္သာရီတိုင်းတွင် ရော်ဘာဧက နှစ်သိန်း စိုက်ပျိုးရန်လျာထား

**ရန်ကုန်၊ ဇွန် ၆**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေးထုတ်ကုန်များအနက် ပြည်ပဝင်ငွေ ဒုတိယအများဆုံး ရှာဖွေပေးလျက်ရှိသည့် ရော်ဘာကို တနင်္သာရီတိုင်းတွင် ဧကနှစ်သိန်း စိုက်ပျိုးရန် လျာထားကြောင်း တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တနင်္သာရီတိုင်းတွင် ရော်ဘာစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာ ရှိနေပြီး ဒေသခံများအနေနှင့် ရော်ဘာသီးနှံစိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးကျွမ်းဝင်ကြသည့်အတွက် အောင်မြင်နိုင်ကြောင်းနှင့် အဆိုပါတိုင်းအတွင်း ရော်ဘာစိုက်ပျိုးလုပ်ကိုင်သူများအား ကြိုတင်လုပ်ကိုင်ခွင့် မြေဧရိယာ ၄၀၇၇၅ ဧကအနက် ၃၂၁၂၇ ဧကကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆိုသည်။ တနင်္သာရီတိုင်းအတွင်း မင်းထွန်းထရေးဒင်း၊ အဏ္ဏဝါစိုးမိုး၊ Ever Green စသည့် ကုမ္ပဏီများက ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။

# Paper based TOEFL စာမေးပွဲ ဩဂုတ်လတွင်တစ်ကြိမ် ထပ်မံကျင်းပဦးမည်

**ရန်ကုန်၊ မေ ၁၆**

မြန်မာနိုင်ငံတွင် Online ဖြင့်အခြေခံဖြေဆိုမည့် Internet-based TOEFL စာမေးပွဲများကို အကြောင်းအမျိုးမျိုးကြောင့် မကျင်းပဖြစ်ဘဲ ဆိုင်းငံ့နေဆဲဖြစ်ရာ Paper-based TOEFL စာမေးပွဲ ကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်စာစစ်ဌာနများ၌ ထပ်မံကျင်းပပေးဦးမည်ဟု စာမေးပွဲစစ်ဆေးရေးအဖွဲ့ ETS မှ ကြေညာချက် ထုတ်ပြန်ထားသည်။

မေလ ၁၃ ရက်နေ့ကဖြေဆိုခဲ့သော Paper-based TOEFL စာမေးပွဲကို ရန်ကုန်မြို့ရှိ International School ၊ Grand Plaza Park Royal Hotel နှင့် အမေရိကန်စင်တာတို့တွင် စာစစ်ဌာန သုံးခုခွဲ၍ စစ်ဆေးခဲ့ပြီး ကျောင်းသား ၃၀၀ နီးပါးဖြေဆိုခဲ့သည်ဟု စာမေးပွဲကြီးကြပ်သူများထံမှ သိရသည်။

# ရန်ကုန် - မန္တလေး ကုန်ရထား စပေါ်တင်စနစ်ဖြင့် ကုန်တင်လျှောက်လွှာ ခေါ်ယူ

**ရန်ကုန်၊ မေ ၁၇**

ရန်ကုန်မြို့ ဝါးတန်းလမ်းကုန်ရုံမှ မန္တလေးမြို့ဟောင်း ကုန်ရုံအကြား ပြေးဆွဲလျက်ရှိသည့် အမှတ်(၈၂၇) အဆန်နှင့် (၈၂၈) အစုန် ကုန်အမြန်ရထားများတွင် စပေါ်ငွေတင်သွင်း၍ တစ်နှစ်လုံး အသွားအပြန် ကုန်တင်ပို့လိုသူများအား အလှည့်ကျတွဲပေးသည့်စနစ်အတွက် လျှောက်လွှာခေါ်ယူမှုကို ပြီးခဲ့သည့် ဧပြီလ ၂၅ ရက်နေ့မှစတင်၍ မေလ ၁၀ ရက်နေ့ နောက်ဆုံးထားရမည်ဟု ဧပြီလအတွင်းက တရားဝင်ထုတ်ပြန်ခဲ့သည်။

အဆိုပါစနစ်တွင် ကုန်တွဲကြီးတစ်တွဲအတွက် တင်သွင်းရမည့်အာမခံစပေါ်ငွေမှာ ငွေကျပ်သုံးသိန်းဖြစ်ကြောင်း၊ ကုန်တင်ပို့လိုသူတစ်ဦးလျှင် အလှည့်ကျသည့်အကြိမ်တိုင်း ကုန်တွဲကြီးတစ်တွဲ ကုန်တင်ဆောင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် မေလ ၁၅ ရက်မှ ၂၀၀၇ ခုနှစ် မေလ ၁၄ ရက်အတွင်း အလှည့်ကျ တင်ဆောင်ခွင့်ရသည့် ကုန်တွဲတွင် အသွား/အပြန် ကုန်အချိန်မီ တင်ပေးရန် တာဝန်ယူရမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ပါရှိသည်။ ထို့အပြင် ကုန်တင်ရန် ပျက်ကွက်ခဲ့ပါက ကျသင့်သော တန်ဆာခကို မြန်မာ့မီးရထားသို့ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ယခင်သက်တမ်းတွင် ကုန်တင်ဆောင်ခွင့်ရရှိသူများအနေဖြင့် လည်းဆက်လက်ဆောင်ရွက်လိုခြင်းမရှိပါက စပေါ်ငွေကို ပြန်လည်ထုတ်ယူနိုင်ကြောင်းနှင့် ပေးဆောင်ရမည့် တန်ဆာခနှုန်းထားများကို မြန်မာ့မီးရထားမှ အခါအားလျော်စွာ ပြဋ္ဌာန်းထားသော နှုန်းထားအတိုင်း ပေးဆောင်ရမည်ဖြစ်ကြောင်း ထည့်သွင်းနိုးဆော်ထားသည်။ ■

# ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကျွမ်းကျင် Layout Designer များ ရှားပါး

**ရန်ကုန်၊ ဇွန် ၂**

ပုံနှိပ်မီဒီယာများဖြစ်သည့် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကျွမ်းကျင်သည့် Layout Designer အရေအတွက်မှာ ရှားပါးလျက်ရှိပြီး ၎င်းတို့ကို Professional အဆင့်အထိ သင်ကြားပို့ချပေးနိုင်သည့် သင်တန်းကျောင်းများလည်းမရှိသေးကြောင်း Star Empire Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသူရိန်ထွန်းက ဇွန်လ ၂ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော Ocean Gate Training Center ၏ City & Guilds (UK) Diploma & Advanced Diploma in Information Technology နှင့် Advanced Graphic Design Course သင်တန်းမိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

Layout Designer များသည် Layout Design ရေးဆွဲသည်မှအစ ပုံနှိပ်ပြီးစာအုပ်ချုပ်သည်အထိ ပုံနှိပ်လုပ်ငန်းအဆင့်ဆင့်ကို နားလည်ထားသင့်ကြောင်း၊ ပုံနှိပ်မီဒီယာအများစုသည် ယခုအခါ Adobe Pagemaker ကိုသာ အဓိကအသုံးပြုနေကြဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နောက်ပိုင်းတွင် Adobe Pagemaker သည် တဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်၍ ယင်းထက် ပိုမိုအသုံးဝင်သည့် Adobe In Design ကို ပြောင်းလဲအသုံးပြုသင့်ပြီဖြစ်ကြောင်း ၎င်းက တိုက်တွန်းပြောကြားသွားသည်။

# ပျဉ်းမနားဒေသတွင် အဆင့်မီဂေါက်ကွင်းသုံးကွင်း တည်ဆောက်မည်

**ရန်ကုန်၊ မေ ၂၀**



အစိုးရဝန်ထမ်းများ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရာ ပျဉ်းမနားဒေသတွင် နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းသုံးကွင်း ထပ်မံတည်ဆောက်သွားရန်ရှိကြောင်း အဆိုပါဒေသရှိ ဆောက်လုပ်ရေးကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

ပျဉ်းမနားဒေသရှိ လုပ်ငန်းစတင် လည်ပတ်လျက်ရှိသည့် ဟိုတယ်ဇုန်အနီးတွင်လည်းကောင်း၊ အေလာမြို့ရှိ နေပြည်တော်လေဆိပ်အနီးနှင့် ကြက်ပြေးဒေသတို့တွင်လည်းကောင်း အဆင့်မီ ၁၈ ကျင်းပါ ဂေါက်ကွင်းများ တည်ဆောက်သွားရန်ရှိကြောင်း၊ ယခုလက်ရှိတွင် မြေနေရာနမူနာများ သတ်မှတ်ပြီးဖြစ်ကြောင်း ဆောက်လုပ်ရေးကုမ္ပဏီများ၏အဆိုအရ သိရသည်။ ယခုလက်ရှိ ပျဉ်းမနားဒေသတွင် ရွာတော်အနီး၌ ကန်ပြာဂေါက်ကွင်းတစ်ခုသာရှိရာ မြက်ခင်းနှင့် ကျင်းများမှာ အဆင့်မီအနေအထားမရှိသဖြင့် ယခုကဲ့သို့ ဂေါက်ကွင်းအသစ်များ တည်ဆောက်ရန် ဆောင်ရွက်လာခြင်းဖြစ်ကြောင်း ကန်ပြာဂေါက်ကွင်းတွင် ဂေါက်ရိုက်လေ့ရှိသူတစ်ဦးက ဆိုသည်။

ပျဉ်းမနားဒေသတွင် ဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာမှုကြောင့် မြို့ပြနေ လူဦးရေ တိုးတက်လျက်ရှိရာ ယင်းနှင့် ဆက်စပ်၍ ယခုကဲ့သို့ ဂေါက်ကွင်းသစ်များ ထပ်မံတည်ဆောက်လာခြင်း ဖြစ်သည်။ လက်ရှိတွင် ဂေါက်ကွင်းတည်ဆောက်ခြင်းလုပ်ငန်းများ စတင်ခြင်းမှာ မရှိသေးဘဲ မြေပြုပြင်ခြင်းလုပ်ငန်းများ မကြာမီ စတင်လာမည်ဟု ဆောက်လုပ်ရေးကုမ္ပဏီအများစုက မျှော်မှန်းထားကြောင်း စုံစမ်းသိရှိရသည်။

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေထုတ်ပြန်မှု ဆေးရွက်ကြီးလုပ်ငန်းများ၏လားရာ အပြောင်းအလဲဖြစ်ပေါ်

**သတင်းဆောင်းပါး–ကျော်ဆန်းမင်း၊ ၈–၆–၂၀၀၆**

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းဥပဒေထုတ်ပြန်ကြေညာပြီးနောက် တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှစတင်အာဏာတည်စေရမည်ဟူသော ထုတ်ပြန်ချက်ကြောင့် ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်နေသည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းအပေါ်တွယ်တာနေသည့် သံယောဇဉ်ကိုဖြတ်ရန် တွန်းအားပေးသကဲ့သို့ဖြစ်သွားကြောင်း အညာဒေသမှ ဆေးရွက်ကြီးစိုက်ခင်းများကို ငွေကြိုပေးစနစ်ဖြင့် ရန်ကုန်တွင် ဆေးရွက်ကြီးဒိုင်ဖွင့်လုပ်လုပ်ကိုင်နေသူတစ်ဦးကဆိုသည်။**

ဎင်းကဆေးရွက်ကြီးလုပ်ငန်းကို မိရိုးဖလာအစဉ်အဆက်ကလုပ်ကိုင်ခဲ့ပြီး ယင်းလုပ်ငန်းဖြင့် စီးပွားဖြစ်ထွန်းနေသည့်အတွက် ဘိုးဘွားလက်ငုတ်လက်ရင်းလုပ်ငန်းတစ်ခုအနေဖြင့် ဆက်လက်လုပ်ကိုင်ခဲ့သော်လည်း ဎင်း၏လက်ထက်တွင် ဆေးရွက်ကြီး၏ဆိုးကျိုးများကို သိရှိခံစားနေရကြောင်း၊ ဆေးရွက်ကြီးလုပ်ငန်းလုပ်ကိုင်ခဲ့သော အဘိုး၊ အဘွားများမှာ အသည်းခြောက်သည့်ရောဂါဖြင့် သေဆုံးခဲ့ပြီး ဎင်းလည်းတစ်နေ့တွင် အသည်းခြောက်သည့်ရောဂါဖြင့် သေဆုံးရမည်ကို သိရှိသည့်အတွက် ယင်းလုပ်ငန်းကို သားသမီးများထံ ဆက်၍လက်ဆင့်မကမ်းလိုသောကြောင့် သားသမီးများကို ပညာ



ဆေးလိပ်ရော ဆေးရွက်ကြီးပါ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်

တတ်ဖြစ်အောင် တွန်းအားပေးနေကြောင်း ပြောကြားသည်။

ဆေးရွက်ကြီးအနံ့ကို နေ့စဉ်နှင့် အမျှရှူရှိုက်နေရသည့်အတွက် ဆေးလိပ်မသောက်၊ ကွမ်းမစားသော်လည်း ဆေးရွက်ကြီး၏ ဆိုးကျိုးများခံရမည်ကိုစိုးရိမ်၍ ၎င်းနှင့် ၎င်း၏ဇနီးမယားသားသမီးများကို ဆေးရွက်ကြီးသိုလှောင်ရုံအတွင်းသို့ အဝင်မခံကြောင်း၊ ဆေးရွက်ကြီးလုပ်ငန်းလုပ်လို၍ ဝင်ရောက်လာသော လူငယ်များကိုလည်း ဆေးရွက်ကြီးလုပ်ငန်းကို ဘဝအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မရွေးချယ်ဖို့ အမြဲတမ်းတိုက်တွန်းလေ့ရှိကြောင်း၊ ၎င်းကိုယ်တိုင်မှာ ပညာလည်းမတတ်၊ အခြားစီးပွားရေးလုပ်ငန်းလည်း မလုပ်ကိုင်တတ်သောကြောင့် ဤလုပ်ငန်းကို စွန့်ခွာလိုသော်လည်း မိသားစုစားဝတ်နေရေးအတွက် ဆက်လက်လုပ်ကိုင်နေရကြောင်း ၎င်း၏ ဘဝအကြောင်းကို အခြေခံ၍ ရှင်းပြသည်။

အချို့လူငယ်၊ လူကြီးအတော်များများမှာ ဆေးလိပ်သောက်ခြင်း၏ အန္တရာယ်များကို သိရှိလာသည့်အတွက် ဆေးလိပ်ဖြတ်ရန်ကြိုးစားရာတွင် ဆေးလိပ်အစား ကွမ်းအစားထိုး၍ ဖြတ်ကြသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ဆေးရွက်ကြီးအငွေ့အစား အရည်မျိုချနေသလိုဖြစ်နေသည်ကို သတိမထားမိဘဲ ပြုလုပ်နေကြကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် ဆေးရွက်ကြီး၏အန္တရာယ်ကို ပြည်သူလူထုအနေဖြင့် သေချာစွာ သဘောမပေါက်သေးသည်ကို သက်သေပြနေသကဲ့သို့ ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် ပြည်သူလူထုကို ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများ၏အန္တရာယ်ကို သေသေချာချာသဘောပေါက်နားလည်လာအောင် လုပ်ဆောင်ပေးဖို့ အကြံပြုလိုကြောင်း၊ ၎င်းကိုယ်တိုင်လည်း ဆေးလိပ်ဖြတ်ရန် ကြိုးစားရာမှ ကွမ်းပါစွဲသွားပြီး ဆေးလိပ်ရော ကွမ်းပါစွဲသွားကြောင်း အဆိုပါဆေးရွက်ကြီးလုပ်ငန်းရှင်က ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

မြန်မာနိုင်ငံအတွင်းသို့ ဆေးရွက်ကြီးထွက်ကုန်အများစုကို အိန္ဒိယ–မြန်မာနယ်စပ်မှ အဓိကတင်သွင်းနေပြီး အသင့်စားကွမ်းယာများမှအစ ဆေးမွှေး၊ အာမွှေးဘူးများမှာ အထုပ်များဖြင့် တံဆိပ်မျိုးစုံဝင်ရောက်နေကြောင်း၊ ပြည်တွင်းမှလည်း ဆေးရွက်ကြီးထွက်ကုန်များဖြစ်သော ဆေးမွှေး၊ ဆေးပေါင်းနှင့် နပ်ဆေးမျိုးစုံ ထုတ်လုပ်ရောင်းချနေကြောင်း၊ ကွမ်းယာဆိုင်များမှာလည်း ရပ်ကွက်တိုင်းတွင် မိုးဦးကျမှိုပေါက်သကဲ့သို့ ဖွင့်လှစ်လာကြပြီး အချို့သောကွမ်းယာဆိုင်များတွင် ကွမ်းရွက်များကို ကန့်နှင့်ပေါင်း၍ ရောင်းချသည်အထိ လက်တည့်စမ်းလာကြောင်း၊ နာမည်ရပြီးသော ကွမ်းယာဆိုင်တစ်ဆိုင်၏ တစ်နေ့အမြတ်ငွေမှာ သောင်းဂဏန်းရှိ၍ ကွမ်းယာရောင်းချသူများ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း တစ်နေ့လျှင် ကွမ်းယာကျပ် ၁၅၀၀ ဖိုးခန့် ဝယ်စားနေရာမှ ကွမ်းပြတ်သွားသူ မော်တော်ယာဉ်ဝယ်ရောင်းတစ်ဦးက ဆိုသည်။

မည်သို့ဆိုစေ ဤဥပဒေပြဋ္ဌာန်းလိုက်ခြင်းကြောင့် ယာယီအခိုက်အတံ့အားဖြင့် ဆေးရွက်ကြီးနှင့်ဆက်စပ်နေသော လုပ်ငန်းများအပေါ် သက်ရောက်မှုဖြစ်ပေါ်နိုင်သော်လည်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုဟူသည့် မက်ခရိုရှုထောင့်မှကြည့်ပါက ယင်းတို့သည် မိုက်ခရိုအဆင့်သို့ လျော့ကျသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးအပါအဝင် ကျန်းမာရေး၊ ပညာရေးနယ်ပယ်တို့တွင် မည်သို့မျှ အကျိုးမရှိနိုင်သည့်အပြင် ဆန့်ကျင်ဘက်အနုတ်လက္ခဏာသဘောပါ မြင်တွေ့နေရသည့် ဆေးလိပ်၊ ဆေးရွက်ကြီးကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ပိတ်ပင်လိုက်ခြင်းမှာ များစွာအပြုသဘောဆောင်ကြောင်း လေ့လာဆန်းစစ်သူတို့က သုံးသပ်သည်။ ■



# ရက်ပိုင်းသာခံသော ရောင်စုံရုပ်ပုံထိုးခြင်းအလေ့အထ လူငယ်များအကြား ရေပန်းစား

**ရန်ကုန်၊ မေ ၈**



ရန်ကုန်မြို့တော်နေ လူငယ်များအကြားတွင် ရက်ပိုင်းသာခံသော Tatoo ခေါ် ရောင်စုံရုပ်ပုံထိုးခြင်း အလေ့အထ ရေပန်းစားလာကြောင်း အဆိုပါလုပ်ငန်းကို လုပ်ကိုင်နေသူ ဦးတင်ထွန်းအောင်က Living Color သို့ ပြောကြားသည်။

တရုတ်(တိုင်ပေ)မှတင်သွင်းလာသော Pro Kid နှင့် Sfartee Kid စက်အမျိုးအစား နှစ်လုံးကို အသုံးပြု၍ ငါးရက်မှ တစ်ပတ်အတွင်း သက်တမ်းရှိသော ရောင်စုံရုပ်ပုံနှင့် ဒီဇိုင်းများကို လက်ခုံ၊ ရင်ဘတ်၊ လက်မောင်း၊ ကုပ်ပိုးတို့တွင် ထိုးလေ့ရှိကြောင်း ၎င်းက ဆိုသည်။ Pro Kid အမျိုးအစားမှာ ပုံကြီးထိုးသောစက်ဖြစ်ပြီး လောလောဆယ် ၎င်းတို့ထံတွင် တရုတ်(တိုင်ပေ)မှ တင်သွင်းလာသော ပုံမျိုးကွဲဒီဇိုင်းအကြီးအသေး အမျိုးအစား ၁၅၀ ခန့်ရှိရာ ပုံကြီး ၂၀၀၀ ကျပ်၊ ပုံသေး ၁၀၀၀ ကျပ် ဝန်းကျင်ခန့် ကျသင့်မည်ဖြစ်ကြောင်း၊ တေးသံရှင်များ၊ မော်ဒယ်များထိုးသည့် အဏုမြူရောင်စုံနှင့်ဆိုပါက ကျပ် ၂၅၀၀၊ ၃၀၀၀ ခန့်အထိ



ကျသင့်မည်ဖြစ်ကြောင်း ဦးတင်ထွန်းအောင်က ရှင်းပြသည်။

လေးတန်းကျောင်းသားငယ်ကို ကိုယ်တိုင်လာရောက်ထိုးပေးသော မိခင်တစ်ဦးကမူ တွက်ချက်ကြည့်ပါက တစ်ရက်ကို ၂၀၀ ခန့်သာ ကျသင့်ကြောင်း၊ အသားနာကျင်မှုမရှိသည့်အပြင် HIV/AIDS အန္တရာယ်ကို စိုးရိမ်ရန်မလိုသောကြောင့် သားငယ်၏ဆန္ဒကို ဖြည့်စွမ်းပေးခြင်းဖြစ်ကြောင်း ယင်းရောင်စုံရုပ်ပုံထိုးခြင်းနှင့်ပတ်သက်၍ ပြောဆိုသည်။

---

# စင်ကာပူသို့ မြန်မာနိုင်ငံသား ၃၀၀ ခန့် လစဉ်သွားရောက်လျက်ရှိ

**ရန်ကုန်၊ မေ ၁၈**

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအရှိဆုံးနိုင်ငံများစာရင်းဝင် စင်ကာပူနိုင်ငံသို့ ပညာရေး၊ အလုပ်ကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားဦးရေ ၃၀၀ ခန့် လစဉ် သွားရောက်လျက်ရှိကြောင်း စင်ကာပူလူဝင်မှုကြီးကြပ်ရေး၏ စာရင်းဇယားများကို ကိုးကား၍ စင်ကာပူနိုင်ငံနှင့် စီးပွားရေးဆက်သွယ်လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပညာရေးကိစ္စဖြင့် စင်ကာပူသို့ သွားရောက်သူများတွင် Poly Technic နှင့် ပုဂ္ဂလိကပညာရေးစင်တာများတွင် သွားရောက်ပညာသင်ကြသော ကျောင်းသား များ အဓိကပါဝင်ကြောင်း၊ အလုပ်ကိစ္စ ဖြင့် သွားရောက်သူများတွင် အင်ဂျင်နီယာ အများစုပါဝင်ပြီး အထွေထွေလုပ်သားများလည်း ပါဝင်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

စင်ကာပူတွင် သွားရောက်အလုပ်လုပ်ကိုင်ရာ၌ မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုအေးဂျင့်များနှင့် ဆက်သွယ်သွားရောက်သူများ၊ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများ၏အကူအညီဖြင့် သွားရောက်သူများ၊ မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏အစီအစဉ်ဖြင့် သွားရောက်သူများဟူ၍ သုံးမျိုးခွဲခြားနိုင်ပြီး အလုပ်သမားဝန်ကြီးဌာန၏အစီအစဉ်ဖြင့် သွားရောက်သော မြန်မာအလုပ်သမားအရေအတွက် ၂၂၁၈ ဦး ရှိနေပြီဖြစ်ကြောင်း ဦးထွန်းဦးက ထပ်လောင်းပြောကြားသည်။ စင်ကာပူနိုင်ငံတွင် လူဦးရေ လေးသန်းကျော်ရှိပြီး မြန်မာနိုင်ငံအပါအဝင် အခြားအာရှနိုင်ငံများမှ နိုင်ငံခြားသားအလုပ်သမားငါးသိန်းကျော် အလုပ်လုပ်ကိုင်လျက်ရှိသည်။

TLZH

# Online စနစ်ဖြင့် ဗီဇာလျှောက်ထားနိုင်မည့် အစီအစဉ်ဆောင်ရွက်၊ ကမ္ဘာလှည့်ခရီးသည် ၂၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်မှန်းထား

**သတင်းဆောင်းပါး – သစ်ထွဋ်၊ ၂၇–၅–၂၀၀၆**

**မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များ တိုးမြင့်လာရန် ရည်ရွယ်၍ Online ဖြင့် ဗီဇာလျှောက်ထားနိုင်မည့်အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိလာရောက်သည့် ကမ္ဘာလှည့်ခရီးသည်၏ ၂၀ ရာခိုင်နှုန်းတိုးတက်လာရန် မျှော်မှန်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က မေလ စတုတ္ထပတ်အတွင်း ပြောကြားသည်။**

ရန်ကုန်မြို့ ကရဝိက်ခန်းမတွင် မေလ ၂၇ ရက်နေ့၌ ပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးနှင့် ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ Online မှ ဗီဇာလျှောက်ထားမှုအစီအစဉ်ကို One Stop on Arrival Visa Service အနေဖြင့် အမြန်လာရောက်လည်ပတ်လိုသော ကမ္ဘာလှည့်ခရီးသည်များအတွက် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဌေးအောင်က ရှင်းလင်းပြောကြားသည်။



**ကမ္ဘာလှည့်ခရီးသည်များ အလွယ်တကူဝင်ရောက်နိုင်တော့မည်ဖြစ်သည်**

"ဒီဗီဇာလျှောက်ဖို့ကို လျှောက်ထားတဲ့ပုံစံ Format တစ်ခု ရှိပါတယ်။ ဒီ Format ကို ဌာနဆိုင်ရာ Website မှာ တင်ထားပါမယ်။ လာချင်တဲ့ ကမ္ဘာလှည့်ခရီးသည်အနေနဲ့ ဒီ Format မှာ ဝင်ဖြည့်ပြီး လျှောက်ထားနိုင်မှာ ဖြစ်တယ်။ ဒီဗီဇာ Format ကို ဖြည့်ပြီးတာနဲ့ ဒီလျှောက်လွှာပုံစံစိစစ်မှုကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတွေက တစ်ပြိုင်နက် Online ပေါ်မှာပဲဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ၎င်းက Online ဗီဇာလျှောက်ထားနိုင်မည့်ပုံစံကို ရှင်းပြသည်။

ထို့အပြင် အဆိုပါ Online ဗီဇာလျှောက်ထားပုံစံ Format ကို ဌာနဆိုင်ရာ Website တွင်သာမက ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း မိမိတို့၏ကိုယ်ပိုင် Website တွင် ထည့်သွင်းလွှင့်တင်ထားနိုင်ရန်

ဆောင်ရွက်ပေးရန် ရည်ရွယ်ထားကြောင်း ဦးဌေးအောင်က ဆက်လက်ပြောကြား သည်။

"အခုလို Online ကနေ ဗီဇာ လျှောက်ထားနိုင်မယ်ဆိုရင်တော့ လာတဲ့ ပြည်ပခရီးသည် တိုးလာမယ်လို့ ထင် တယ်။ ဘာလို့လဲဆိုတော့ ပြည်ပခရီး သည်အများစုက သူတို့ဆီမှာ အားလပ် ရက် အလုပ်ကနေ ခရီးလည်ပတ်ခွင့်ရဖို့ ကာ တစ်နှစ်မှာမှ တစ်ပတ် နှစ်ပတ် အား လပ်ရက်ရကြတာ။ အားလပ်ရက်နီးလာ ပြီဆိုတာနဲ့ ဘယ်ခရီးသွားမယ်၊ ဘယ် နိုင်ငံသွားမယ် စသဖြင့်ပေါ့ဗျာ စုံစမ်းတာ ပေါ့။ အဲဒီမှာ နိုင်ငံတစ်ခုနဲ့တစ်ခု ကူးမယ် ဆိုရင် ဗီဇာပါမှဆိုတော့ ဗီဇာရဖို့က အရေးပါတဲ့အပြင် ဗီဇာလွယ်လွယ်ကူကူ နဲ့ မြန်မြန်ရတဲ့ဒေသကို ပိုသွားဖြစ်တာပဲ။ တချို့ကျတော့ တစ်နိုင်ငံထဲ သွားတာ မဟုတ်ဘူး။ ဥပမာ–ထိုင်းသွားမယ်၊ ထိုင်း ကတစ်ဆင့် မြန်မာနိုင်ငံလာမယ်၊ ဒီက တစ်ဆင့်မှ စင်ကာပူဝင်ဦးမယ်ဆိုတဲ့ ခရီး သည်တွေက ရှိသေးတယ်။ ဒီခရီးသည် တွေအတွက်ဆိုရင် အခု Online ဗီဇာ စနစ်က အများကြီးအထောက်အကူပြုနိုင် တဲ့ အနေအထား ရှိပါတယ်" ဟု ခရီးသွား ကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးက သုံးသပ် ပြောကြားသည်။

Online မှတစ်ဆင့် လျှောက်ထား လာသော ဗီဇာများကို ဟိုတယ်နှင့် ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာနအပါ အဝင် သက်ဆိုင်ရာဝန်ကြီးဌာန သုံးခုက တစ်ပြိုင်နက် စစ်ဆေးပြီး ၄၈ နာရီအတွင်း အကြောင်းပြန်ရန် စီစဉ်ထားကြောင်း၊ ဗီဇာပေးရန် ခွင့်ပြုသူကို လျှို့ဝှက်အမည် ပေးလိုက်မည်ဖြစ်ကြောင်း၊ Online ဗီဇာ လျှောက်ထားမှုခွင့်ပြုကြောင်း ပြန်စာရရှိ ပြီး လျှို့ဝှက်အမည်ရရှိသော ခရီးသည်မှ ခွင့်ပြုကြောင်း ပြန်စာကို Print ထုတ်ကာ မြန်မာနိုင်ငံသို့ လာရောက်ရမည်ဖြစ် ကြောင်း၊ လေဆိပ်တွင် ဗီဇာကြေး အမေ ရိကန်ဒေါ်လာ ၂၀ ပေးသွင်း၍ မြန်မာ နိုင်ငံတွင်း ဝင်ရောက်လည်ပတ်နိုင်မည် ဖြစ်ကြောင်း ဦးဌေးအောင်က ဆိုသည်။

"ကမ္ဘာလှည့်ခရီးသည်တွေ အခု လာတဲ့ပုံစံမှာ Online Arrival Visa ပုံစံ နဲ့လာတာများပါတယ်။ ပြည်ပနိုင်ငံ အများစုမှာလည်း ဗီဇာလျှောက်ထားနိုင် တဲ့မြို့ကို အခြားမြို့တွေက သွားလာဖို့ အချိန်တွေဘာတွေ ရှိသေးတယ်။ အခုလို ကိုယ့်အိမ်ကနေပဲ Online ဗီဇာလျှောက် ပြီး ပို့ရမယ်ဆိုရင်တော့ ကမ္ဘာလှည့်ခရီး သည်လာတဲ့နှုန်းတိုးလာမယ်လို့ ထင်ပါ တယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

One Stop on Arrival Visa လျှောက်ထားမှုကို ဝန်ဆောင်မှုပေးခြင်း ဖြင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် များ အလွယ်တကူဝင်ရောက်နိုင်ရန်နှင့် ပုံမှန် ဗီဇာလျှောက်ထားပြီး ကြာမြင့်သည့် အချိန်ကို ချုံ့ပစ်နိုင်ခြင်းဖြင့် ကမ္ဘာလှည့် ခရီးသည်များ ဝင်ရောက်မှုတိုးတက်လာ မည်ဟု မျှော်မှန်းထားကြောင်း၊ ယခုဗီဇာ လျှောက်ထားမှုစနစ်ပြောင်းမှုကြောင့် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ၂၀ ရာ ခိုင်နှုန်း တိုးတက်လာရန် မျှော်မှန်းထား ကြောင်း ဦးဌေးအောင်၏အဆိုအရ သိရ သည်။

နိုင်ငံတကာတွင် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဟု တင်စားခေါ်ဝေါ် သုံးစွဲလျက်ရှိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် လာရောက်မည့်ခရီး သည်များကို လိုအပ်သည့်ဝန်ဆောင်မှုများ လျင်မြန်ချောမွေ့အဆင်ပြေစွာ ရရှိနိုင်ရေး မှာ ခရီးသွားလုပ်ငန်း၏ အရေးပါသော

# ပဲခူးရိုးမတွင် ကျွန်းသစ်ကို အဓိကထားစိုက်ပျိုးရန် ငါးနှစ်စီမံကိန်းချမှတ် လုပ်ဆောင်မည်

**ရန်ကုန်၊ ဇွန် ၂**

ပဲခူးရိုးမတွင် တရားမဝင်သစ်ခိုးထုတ်ခြင်း၊ လယ်မြေချဲ့ထွင်လာခြင်းများကြောင့် သစ်တောပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် ပဲခူးရိုးမနယ်မြေတွင်ပါဝင်သည့် တိုင်း လေးခုတွင် ကျွန်းသစ်ကိုအဓိကထား စိုက်ပျိုးရန် ငါးနှစ်စီမံကိန်းချမှတ်အကောင် အထည်ဖော်ဆောင်ရွက်နေသည် ဟုဇွန်လ ၇ ရက်နေ့တွင်သစ်တောဦးစီးဌာနမှ တာဝန် ရှိသူတစ်ဦးက ပြောကြားသည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းနယ်မြေတွင် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့်ရန်ကုန်တိုင်းတို့မှ ခရိုင်ရှစ်ခုနှင့်မြို့နယ် ၃၁ မြို့နယ်ပါဝင်သည့် ယင်း ငါးနှစ်စီမံကိန်းသည် ကျွန်းသစ်ပေါက်ရောက်ထွန်းကားရာ ဒေသတစ်ခုအဖြစ် ထာဝစဉ် တည်မြဲစေရန်၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ သစ်တောဥပဒေဖြင့် ထိရောက်စွာကာကွယ်ပေးရန်၊ ဆည်များ၏ရေဝေရေလဲဒေသများ ကိုစနစ်တကျ ထိန်းသိမ်းရန်၊ သစ်တောပြုစုထိန်းသိမ်းရေးတွင် ပြည်သူလူထုမှပူးပေါင်း ပါဝင် လာစေရန်ရည်ရွယ်၍ အကောင်အထည် ဖော်ခြင်းဖြစ်ကြောင်း၊ ဤစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ပဲခူးရိုးမတွင်သဘာဝကျွန်းတောကြီးများ ပြန်လည်ဖြစ်ထွန်းလာနိုင် ခြင်းနှင့် ရေဝေရေလဲဒေသများကို အထောက်အကူပြုနိုင်ခြင်းအပါအဝင် စီမံချက် ပြီးဆုံး သည့်အခါ ပဲခူးရိုးမနယ်မြေအတွင်း ကာကွယ်တော ဧက ၁.၈၇သန်းသည် စိမ်းလန်း စိုပြည်လာမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ■

ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အပြောင်းအလဲများ လျင်မြန်စွာဖြစ်ပေါ်နေသော ယခုလိုပုံစံမျိုးတွင် ရွေးချယ်စရာများမှာလည်း အလိုလို ပေါ်ပေါက်လျက်ရှိရာ တစ်ခုက ဝန်ဆောင်မှုအားနည်းလျှင် စားသုံးသူက တခြားတစ်ခုကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် Globalization ဖြစ်စဉ်၏ တိုးတက်မှုကြောင့် စားသုံးသူများ၏ အင်တာနက်သုံးစွဲမှုမှာ ကြောက်ခမန်းလိလိ တိုးတက်လျက်ရှိရာ ယခုကဲ့သို့ Online စနစ်ဖြင့် ဗီဇာလျှောက်ထားမှု အစီအစဉ်မှာ မြန်မာ့ခရီးသွားလုပ်ငန်း၏ ခြေလှမ်းသစ်တစ်ရပ်ဖြစ်လာနိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# နိုင်ငံတကာအသိအမှတ်ပြု ICT Certificate များ Online မှ ဖြေဆိုအောင်မြင်သူများပြား၊ ပြည်တွင်း ICT Industry အဆင်သင့်ဖြစ်ရန်လိုအပ်

**သတင်းဆောင်းပါး –KKN၊ ၁၃–၅–၂၀၀၆**

**မြန်မာနိုင်ငံ၌ Micorsoft အပါအဝင် နိုင်ငံတကာအသိအမှတ်ပြု ICT Certificate စာမေးပွဲများကို Online မှ ဖြေဆိုအောင်မြင်ကြသူဦးရေမှာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက ၁၀ ဆအထိ များပြားလာကြောင်း ပြည်တွင်းရှိ အဆိုပါ Online Exam Center နှစ်ခုအနက်တစ်ခုဖြစ်သည့် Myanmar Inspirations မှ Chief Information Officer ဦးလှမျိုးထွန်းက Living Color သို့ မေလဆန်းပိုင်းတွင် ပြောကြားသည်။**

"ကျွန်တော်တို့ ၂၀၀၅ ဇန်နဝါရီလမှာ Exam Center စခဲ့တယ်။ စစချင်း တစ်လနှစ်လလောက်မှာ လာဖြေကြတဲ့သူက သုံးလေးငါးယောက်လောက်ပဲရှိတယ်။ အခု ၂၀၀၆ ခုနှစ်ဆန်းပိုင်းမှာ တစ်လကို ပျမ်းမျှ ၅၀ ပတ်ဝန်းကျင်ရှိလာတယ်။ ၁၀ ဆလောက်ကို တိုးလာတဲ့သဘောပေါ့။ အဲဒီလိုဖြေကြတဲ့သူတွေများလာတာ ကျွန်တော်တို့ ICT လောကအတွက် ကောင်းတဲ့လက္ခဏာပဲ" ဟု ၎င်းက ဆိုသည်။

၎င်းတို့၏ Myanmar Inspirations ၌ ၂၀၀၆ ခုနှစ် မေလဆန်းအထိ ICT ဘာသာရပ်အလိုက် စာမေးပွဲပေါင်း ၅၀၀ ကျော် ဖြေဆိုခဲ့ကြပြီး Certificate ရရှိပြီးသူဦးရေမှာ ၂၀၀ ဦးကျော်ရှိသွားပြီဖြစ်ကြောင်း၊ ရာခိုင်နှုန်းအများစုမှာ Microsoft ၏ Certificate များကို ဖြေဆိုကြသူများဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

"တချို့ဆို တစ်ဘာသာဖြေပြီး တစ်လ နှစ်လအတွင်း နောက်တစ်ဘာသာ ထပ်ဖြေကြတယ်။ သေသေချာချာကို Self Study လုပ်ပြီး လာဖြေကြတဲ့သူတွေ များလာတယ်။ ဒီလိုစာမေးပွဲတွေဖြေဖို့ လမ်းညွှန်ပေးတဲ့သူတွေလည်း များလာတယ်" ဟု ၎င်းက ဆိုသည်။

Online မှ Certificate စာမေးပွဲများကို လာရောက်ဖြေဆိုကြသူများတွင် အုပ်စုအမျိုးအစားသုံးမျိုးကို တွေ့ရကြောင်း၊ ပထမအုပ်စုမှာ စနစ်တကျ Self Study ပြုလုပ်ကာ ကြိုတင်လေ့လာထားသူများ၊ လုပ်ငန်းခွင်အတွေ့အကြုံရှိထားသူများ၊ Software ကုမ္ပဏီများ၌ Software ရေးဆွဲနေကြသူများဖြစ်ကြကြောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ICT နှင့်စပ်လျဉ်းသည့် Certificate များ၊ ဘွဲ့ဒီဂရီများကို မရရှိသေးသူများနှင့် တစ်ချိန်က ပြည်ပသို့သွားရောက်၍ ယင်းစာမေးပွဲကို ဖြေဆိုရန် အခွင့်အရေးမရခဲ့သည့် Programmer များပါဝင်ကြောင်း၊ ဒုတိယအုပ်စုအမျိုးအစားမှာ သင်တန်းကျောင်းများ၌ တက်ရောက်လေ့လာပြီး လုပ်ငန်းအတွေ့အကြုံမရှိသေးဘဲ လာရောက်ဖြေဆိုကြသူများဖြစ်ကြောင်း၊ တတိယအုပ်စုအမျိုးအစားမှာမူ လုပ်ငန်းအတွေ့အကြုံမရှိလည်းမရှိ၊ ကြိုတင်ပြင်ဆင်မှုလည်း စနစ်တကျမရှိဘဲ အင်တာနက်ပေါ်တွင် ဖြေဆိုခဲ့သူများနှင့် Forum အတွင်းဆုံတွေ့ပြီး ၎င်းတို့ထံမှ မေးခွန်းနမူနာရယူကာ တစ်ပွဲထိုးလာရောက်ဖြေဆိုကြသူများပင်ဖြစ်ကြောင်း၊ ၎င်းတို့အနက် တတိယအုပ်စုအမျိုးအစားမှာ စာမေးပွဲ အောင်မြင်သွားပါကလည်း စနစ်တကျ တတ်ကျွမ်းမှုမရှိသဖြင့် ပြည်ပတွင် အလုပ်အကိုင်ရရှိရန်ခက်ခဲကြောင်း Online Exam Center တစ်ခုဖြစ်သည့် Global Net မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရှိန်းသူအောင်က ဆိုသည်။

နိုင်ငံတကာ ICT ဆိုင်ရာ Certificate စာမေးပွဲများကို Online မှ ကြီးကြပ်စစ်ဆေးပေးနေသည့် Thomson Prome-




**Micorsoft ၏ Certificate များကို ဖြေဆိုသူအများဆုံးဖြစ်သည်**

tric အဖွဲ့အစည်း၏ အသိအမှတ်ပြု မြန်မာနိုင်ငံရှိ Online Test Center နှစ်ခု ဖြစ်သည့် ၂၀၀၄ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့သော Global Net နှင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့သော Myanmar Inspirations တို့၌ Microsoft ၊ Comp TIA ၊ Sun ၊ HP ၊ Cisco ၊ IBM ၊ Novell ၊ Oracle ၊ Linux စသည့် ICT ကုမ္ပဏီအဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်း Certificate အမျိုးအစားပေါင်း ၉၀၀ ကျော်ကို ဖြေဆိုနိုင်ကြပြီဖြစ်သော်လည်း ဖြေဆိုသူ ရာနှုန်းပြည့်နီးပါးမှာ Microsoft ၏ ဘာသာရပ်များကိုသာ ဖြေဆိုအောင်မြင်ကြခြင်းဖြစ်ကြောင်း၊ Industry အတွင်း ရေပန်းစားလျက်ရှိခြင်း၊ တစ်ဘာသာချင်း၏ စာမေးပွဲကြေးသက်သာခြင်း၊ လေ့ကျင့်ရန် စာအုပ်စာတမ်း အလွယ်တကူရရှိနိုင်ခြင်းနှင့် သင်တန်းများတက်ရောက်နိုင်ခြင်း စသည့် အားသာချက်များကြောင့် ယင်းကဲ့သို့ ဖြေဆိုမှုရာခိုင်နှုန်းများရခြင်းဖြစ်ကြောင်း စီစဉ်သူများ၏ အဆိုအရသိရသည်။

Global Net ၌ ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၀၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်အတွင်း ဖြေဆိုအောင်မြင်သည့် ဘာသာရပ်အလိုက် စာမေးပွဲအရေအတွက် ၇၅၆ ခုနှင့် ဖြေဆိုအောင်မြင်ပြီး Certificate ရရှိသူဦးရေ ၃၀၀ ဦးကျော်ရှိကြောင်း၊ ယင်းတို့အနက် Microsoft ၏ Software Development ဆိုင်ရာ ကျွမ်းကျင်မှုကိုစစ်ဆေးသော MCP (Microsoft Certified Professional) ရရှိသူ ၉၀ ဦး၊ MCAD (Microsoft Certified Application Developer) ရရှိသူ ၃၀ ဦး၊ MCSD (Microsoft Certified Solution Developer) ရရှိသူ ၁၆ ဦး၊ Network & Communication ဆိုင်ရာကျွမ်းကျင်မှုကို စစ်ဆေးသော MCP(Microsoft Certified Professional) ရရှိသူ ၉၈ ဦး၊ MCSA (Microsoft Certified Systems Administrator) ရရှိသူ ၁၉ ဦးနှင့် MCSE (Microsoft Certified Systems Engineer) ရရှိသူ ကိုးဦးရှိသွားပြီဖြစ်ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်အရ သိရသည်။

တကယ်တမ်း စာမေးပွဲဖြေဆိုသည့်အခါ၌ လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံနှင့် စာမေးပွဲမှာ ကွာဟမှုများရှိကြောင်း၊ စာမေးပွဲမဖြေဆိုခင် ကြိုတင်လေ့လာမှု Process သည် အရေးအကြီးဆုံးဖြစ်ကြောင်း အဆိုပါ Online စာမေးပွဲများကို ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် Myanmar Professional Education Center(MPEC) မှ Chief Technical Officer ဦးဇော်မိုးထွန်းက ဆိုသည်။ ဖြေဆိုသူများတွင် အဓိကရည်ရွယ်ချက်နှစ်မျိုးရှိကြရာ ပထမတစ်မျိုးမှာ နိုင်ငံတကာအသိအမှတ်ပြု ICT Certificate ရရှိလို၍ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ အဆိုပါ Certificate များရရှိပြီးပါက ပြည်ပသို့ထွက်ခွာ၍ အလုပ်လုပ်ကိုင်လိုကြသူများဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံ၌ ယင်းကဲ့သို့ ICT Certificate စာမေးပွဲများ ဖြေဆိုနိုင်ရန် စနစ်တကျလေ့ကျင့်ပေးနိုင်သည့် သင်တန်းကျောင်းများလိုအပ်လျက်ရှိနေကြောင်း၊ ထို့သို့ စနစ်တကျလေ့ကျင့် သင်ကြားပေးနိုင်သည့် သင်တန်းကျောင်း အရေအတွက်များလာပါက ဖြေဆိုအောင်

မြင်သူဦးရေသည်လည်း ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဦးလှမျိုးထွန်းက သုံးသပ်သည်။


"ကျွန်တော်တို့နိုင်ငံရဲ့ ICT Industry အလားအလာက Software Outsourcing ပဲ။ ပြည်ပကကုမ္ပဏီတွေက Outsourcing လက်မခံခင် Certificate ရထားတဲ့သူ ဘယ်နှယောက်ရှိသလဲဆိုတာ အရင်မေးကြတာ။ ပြည်တွင်းမှာလည်း ဆီလီကွန်ဗယ်လီလိုမျိုး ICT Park ကြီးတစ်ခု ဖော်ထုတ်ဖို့ ပြင်ဆင်နေတယ်။ အဲဒီ ICT Park ကြီး အကောင်အထည်ပေါ်လာခဲ့ ရင် အိမ်နီးချင်း အိန္ဒိယကုမ္ပဏီတွေလာ မယ်။ တရုတ်ကလည်းလာမယ်။ ပြည် တွင်း Industry မှာရှိနေတဲ့ သူတွေ Strong ဖြစ်နေဖို့ လိုတယ်။ အလွယ်ကူဆုံး Set Up ဖြစ်လာနိုင်တာက Software ကဏ္ဍပဲ။ ရေးမယ်။ အိန္ဒိယကိုပြန်ပို့မယ်။ တရုတ်ကိုပို့မယ်။ အခန်းတစ်ခန်း၊ PC တစ်လုံး၊ Internet Access ရှိရုံနဲ့ ရေးလို့ရပြီ။ ကိုယ့်ရဲ့ Industry က အဆင်သင့်ဖြစ်နေဖို့ပဲ လိုတယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# ယာဉ်လိုက်ခွင့်လိုင်စင်မရှိသူများ ဝင်ရောက်လုပ်ကိုင်က ယာဉ်ပြေးဆွဲခွင့် တစ်လရပ်ဆိုင်းမည်

**ရန်ကုန်၊ ဇွန် ၆**

ရန်ကုန်မြို့တော်တွင် ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ) ၏ စီမံခန့်ခွဲမှုလက်အောက်ရှိ မော်တော်ယာဉ်များတွင် ယာဉ်လိုက်ခွင့်လိုင်စင်ရထားသော ယာဉ်နောက်လိုက်မှအပ အခြားသူများ ဝင်ရောက်လုပ်ကိုင်ခြင်းကို တွေ့ရှိပါက ယာဉ်ပြေးဆွဲခွင့် တစ်လရပ်ဆိုင်းမည် ဖြစ်ကြောင်း မထသမှ တရားဝင်ထုတ်ပြန်ထားသည်။

မော်တော်ယာဉ်များတွင် ယာဉ်နောက်လိုက်အဖြစ် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှ လိုအပ်သည့် စစ်ဆေးချက်များ ပြုလုပ်ပြီး ယာဉ်လိုက်ခွင့်လိုင်စင် ထုတ်ပေးထားခြင်းဖြစ်၍ ၎င်းတို့မှအပ အခြားသူများက ယာဉ်နောက်လိုက်၏ အကူအနေဖြင့် ဆောင်ရွက်ခြင်း တွေ့ရှိပါကလည်း ယာဉ်ပြေးဆွဲခွင့်တစ်လ ရပ်



**ယာဉ်ပိုင်ရှင်မှလည်း ဒဏ်ငွေ ၂၀၀၀၀ ကျပ် ပေးဆောင်ရသည်**

ဆိုင်းမည်ဖြစ်ပြီး ယာဉ်ပိုင်ရှင်မှဒဏ်ငွေ ၂၀၀၀၀ ကျပ်ပေးဆောင်ရမည်ဖြစ်ကြောင်း မထသမှ စုံစမ်းသိရှိရသည်။ အဆိုပါထုတ်ပြန်ချက်ကို ဇွန်လဆန်းမှစတင်ကာ မထသယာဉ်လိုင်းများရှိ ယာဉ်များအတွက် တရားဝင်ထုတ်ပြန်ထားခဲ့ပြီး အဓိကအားဖြင့် ယာဉ်နောက်လိုက်အချို့က ၎င်းတို့နှင့်ရင်းနှီးသော ယာဉ်နောက်လိုက်ခွင့်လိုင်စင်မရှိသူများကို ယာဉ်နောက်လိုက်အဖြစ် ကူညီဆောင်ရွက်စေရာ ခရီးသည်များနှင့် အငြင်းပွားမှုများ ပေါ်ပေါက်လေ့ရှိသဖြင့် ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း မထသမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ယာဉ်လိုက်ခွင့်လိုင်စင်အတွက် သက်ဆိုင်ရာမှ စိစစ်ထုတ်ပေးလျက်ရှိရာ လိုအပ်သည့် သင်တန်းများတက်စေခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်းများ ဆောင်ရွက်လေ့ရှိသည်။

■

# မန္တလေးမြို့တော်အနီးရှိ ပလိပ်အင်းသည် ငှက်ကြည့်အကောင်းဆုံး နေရာတစ်ခုတွင်ပါဝင်

**ရန်ကုန်၊ ဇွန် ၆**



မန္တလေးမြို့တော်၏ ပတ်ဝန်းကျင်ရှိ အင်းများအနက် ပလိပ်အင်းသည် ငှက်ကြည့်ဝါသနာရှင်များ၊ ငှက်ချစ်သူများအတွက် ငှက်မျိုးစိတ်ခွဲခြားခြင်းနှင့် သုတေသနပြုလုပ်ရာတွင် အကောင်းဆုံးနေရာတစ်ခုဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်သင့်သည့် နေရာဒေသတစ်ခုဖြစ်ကြောင်း ဒေသခံတစ်ဦးက Living Color သို့ ပြောကြားသည်။

ပလိပ်အင်းတစ်ဝိုက်တွင် ငှက်မျိုးစိတ်များ စုံလင်စွာ ကျက်စားလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် အဆိုပါငှက်များအား အမျိုးအမည်ခွဲခြားနိုင်သော အရေအတွက်နည်းပါးကြောင်း၊ ပညာရှင်များ၊ ဝါသနာရှင်များအနေဖြင့်သာ စနစ်တကျခွဲခြားနိုင်ပြီး သုတေသနပြုရမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောဆိုသည်။

ပလိပ်အင်းသို့ နိုင်ငံခြားသား ငှက်ကြည့်ဝါသနာရှင်များ မကြာခဏ လာရောက်၍ ငှက်ကြည့်လေ့လာကြကြောင်း၊ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်းတွင် မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခဒေါ်ခင်စန်းရီဦးဆောင်သည့် အဖွဲ့ဝင် ရှစ်ဦးပါအဖွဲ့ လာရောက်၍ ငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုခဲ့ကြပြီး ၂၀၀၆ ခုနှစ် ဧပြီလဆန်းအတွင်းကလည်း မြန်မာငှက်ဝါသနာရှင်အသင်းနှင့် မန္တလေးမြို့ပေါ်မှ ငှက်ကြည့် ဧည့်လမ်းညွှန်များပါဝင်သော အဖွဲ့ဝင် ၁၈ ဦးပါဝင်သည့် ငှက်ကြည့်လေ့လာရေးအဖွဲ့သည် ငှက်မျိုးစိတ်များကို လေ့လာ သုတေသနပြုခဲ့ကြကြောင်း ပလိပ်မြို့မှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရသည်။

ပလိပ်အင်းသည် ဧက ၄၀၀ ခန့် ကျယ်ဝန်းပြီး ရေနည်းပါးသော အချိန်များတွင် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသည်။

ပလိပ်အင်းအပါအဝင် မန္တလေးမြို့ ပတ်ဝန်းကျင်၌ ငှက်မျိုးစိတ်စုစုပေါင်း ၁၀၀ ကျော်ကို ရှာဖွေတွေ့ရှိမှတ်တမ်းတင်ထားကြောင်း၊ မန္တလေးမြို့ပတ်ဝန်းကျင်၌ ရေပျော်ငှက်များကို လေ့လာကြည့်ရှုရန် အကောင်းဆုံးနေရာဖြစ်သည့် အဆိုပါ ပလိပ်အင်းအတွင်း ဒေသခံငါးဖမ်းသူအချို့က ငှက်များကို ပိုက်ကွန်ဖြင့်ထောင်ဖမ်းနေကြရာ ငှက်ကောင်ရေလျော့ပါးစေသည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုပါ ရပ်ဆိုးအကျည်းတန်စေကြောင်း ယင်းဒေသသို့ မကြာခဏ ရောက်ရှိလေ့ရှိသူ မြန်မာငှက်ဝါသနာရှင်အသင်း အတွင်းရေးမှူးဦးသက်ဇော်နိုင်က ပြောကြားသည်။

**ရဲဝင်းနိုင်၊ LC**

LIVING COLOR MAGAZINE - 526302 , 504496 , 4412163

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

# ခရီးသွားကုမ္ပဏီများ သဘာဝပတ်ဝန်းကျင်အနေအထားကို ယိုယွင်းစေသည့်အပြုအမူများ ရှောင်ကြဉ်သင့်

**ရန်ကုန်၊ ဇွန် ၇**

မြန်မာနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားကုမ္ပဏီများအနေဖြင့် မိမိတို့ဧည့်သည်များကို သဘာဝအရင်းအမြစ်များနှင့် တောတောင်များရှိ သဘာဝပတ်ဝန်းကျင်အနေအထားကို ယိုယွင်းစေမည့် အပြုအမူများ ရှောင်ကြဉ်သင့်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။

အချို့ကုမ္ပဏီများသည် တောတောင်များအတွင်း ရောက်ရှိပါက သစ်ပင်များတွင် ၎င်းတို့၏ ကုမ္ပဏီနာမည်များနှင့် အမှတ်တံဆိပ်များကို ထွင်းထုရေးသားလေ့ရှိပြီး အချို့ကုမ္ပဏီများမှာမူ ယင်းတို့၏ အမည်ဆိုင်းဘုတ်များကို သစ်ပင်များတွင် ရိုက်ကပ်ထားလေ့ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ယင်းသို့သော အပြုအမူများသည် သဘာဝအနေအထားကို ပျက်စီးစေရုံသာမက တောတောင်အတွင်း နေထိုင်ကျက်စားသည့် သတ္တဝါများ၏ ပင်ကိုစိတ်အနေအထားများကိုလည်း ပြောင်းလဲစေကြောင်း သစ်တောဦးစီးဌာနမှ အငြိမ်းစားအရာရှိဟောင်းတစ်ဦးက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်များသည် အသိဉာဏ်ပညာအဆင့် တစ်ခုတွင်ရှိနေ၍ ယင်းကဲ့သို့ အပြုအမူမျိုးကို ရှောင်ကြဉ်သင့်ကြောင်း၊ ယင်းကဲ့သို့ ရှောင်ကြဉ်နိုင်ပါမှသာ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco Tourism) ကဲ့သို့ ခရီးသွားလုပ်ငန်းများကိုလည်း ရေရှည် အောင်မြင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက အကြံပြု ပြောကြားသည်။

ထို့အပြင် ခရီးသွားလုပ်ကိုင်နေသူများအနေဖြင့် မိမိတို့သွားရောက်ရာ ပတ်ဝန်းကျင်ဒေသရှိ ဒေသခံများနှင့်ပါ ပူးပေါင်း၍ ၎င်းတို့၏ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်သင့်ကြောင်း အကြံပြုသည်။

**K မျိုးမင်း**

ROYAL Express

- မြန်မာ့ပုံနှိပ်မီဒီယာလောကအတွင်း၌ ထင်ပေါ် အထင်ရှားဆုံး ဂျာနယ်၊ စာစောင်များကို အိမ်တိုင်ရာရောက် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။
- Myanmar Partners Think Tank Group မှ ထုတ်ဝေဖြန့်ချိနေသော Living Color မဂ္ဂဇင်း၊ The Voice Weekly နှင့် ခေတ်မြန်မာ Weekly တို့ကိုလည်း အိမ်အရောက်ပို့ဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းဖြစ်ပါသည်။
- Living Color Media အနေဖြင့် Royal Express ၏ ဝန်ဆောင်မှုအပေါ် များစွာကျေနပ်မှုရှိပါသည်။
- Royal Express Services Group နှင့် စိတ်ချယုံကြည်စွာ ဆက်သွယ်ဆောင်ရွက်ကြည့်စေလိုပါကြောင်း တိုက်တွန်းအပ်ပါသည်။

အမှတ်(၁၁၄)၊ ပထမထပ်၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၉၈၉၀၉၊ ၀၉-၅၁၁၀၃၇၆၊ ဖက်(စ်) - ၂၉၈၉၀၉




# နိုင်ငံတည်ဆောက်ရေးနှင့် အခွန်ထမ်းပြည်သူတို့၏တာဝန်

အောင်ကျော်စိုးနှင့် အယ်ဒီတာတစ်ဦး

အခွန်စည်းကြပ်ခြင်းဟူသည် စီးပွားရေးပညာရှင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိများနှင့်သာ သက်ဆိုင်သောကိစ္စမဟုတ်ဘဲ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးရေးအစီအစဉ်အတွက် အဓိကကျသော အခန်းကဏ္ဍကြီး တစ်ရပ်လည်း ဖြစ်ပေသည်။ အခွန်ကောက်ခံရေးစနစ်သည် အုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူလူထုအကြား တစ်ခုတည်းသော တိုက်ရိုက်ဆက်စပ်မှုဖြစ်ပြီး ပညာရပ်ဆိုင်ရာ သဘောတရားများအရ Social Contract ဖြစ်သည်။ အခွန်စည်းကြပ်မှုသည် အစိုးရများ၏ ဝင်ငွေတိုးမြှင့်ရရှိရေးနှင့် အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာလည်ပတ်ရေးတို့အကြား တိုက်ရိုက်ဆက်နွယ်မှု၊ အရေးကြီးသောဆက်စပ်မှုရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုရှိ အစိုးရများအနေဖြင့် အခွန်အရပ်ရပ်မှန်ကန်စွာ ကောက်ခံ ရရှိခြင်းမရှိသောကြောင့် စရိတ်စကများကို အဓိကထောက်ပံ့ပေးသည်မှာ နိုင်ငံတွင်းသယံဇာတများ သို့မဟုတ် သယံဇာတ မရှိခဲ့လျှင် ပြင်ပအလှူရှင်များဖြစ်နေသည်ကိုတွေ့ရသည်။ ပြင်ပအလှူရှင်များ၏ ထောက်ပံ့မှုဖြစ်ခဲ့လျှင် မိမိတို့၏ ထောက်ပံ့ငွေများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ထိရောက်မှုရှိမရှိ စောင့်ကြည့်ကြလေ့ရှိသည်။ သယံဇာတ များက ထောက်ပံ့ခြင်းဖြစ်လျှင် စောင့်ကြည့်မည့်နည်းနာမရှိဟု ဆိုနိုင်သည်။

အခွန်အရပ်ရပ်ကောက်ခံရာတွင် လွန်စွာအရေးပါသော ဖြစ်စဉ်နှစ်မျိုး ရှိသည်။ အပေးအယူပြုမှုနှင့် စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်တို့ ဖြစ်သည်။ အဆိုပါဖြစ်စဉ်နှစ်မျိုးက နိုင်ငံအကျိုးစီးပွားနှင့် လူထုအကျိုးစီးပွားနှစ်ရပ်အကြား ထိရောက်မှုရှိရေးအတွက် လွန်စွာအခရာကျသည်။ သို့မှသာ အစိုးရအနေဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ဘောင်ဝင်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ ဤဖြစ်စဉ်မျိုးမရှိလျှင် အစိုးရနှင့် လူထုအကြား ပဋိပက္ခများ ပေါ်ပေါက်လာနိုင်သည်။ ထိရောက်မှုရှိပြီး တရားဝင်ဖြစ်သော အစိုးရပေါ်ထွန်းရေးနှင့် အရည်အသွေးပြည့်မီသော အုပ်ချုပ်ရေးယန္တရားတစ်ရပ် ပေါ်ထွန်းရေးအတွက် နိုင်ငံနှင့် လူထုအကြား အကောင်းဆုံး အပေးအယူပြုနိုင်မည့် အဓိကဆက်ဆံရေးနည်းလမ်းမှာ အခွန်စနစ်သာ ဖြစ်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုအဖွဲ့ဝင်နိုင်ငံများ၏ အခွန်စည်းကြပ်မှုဆိုင်ရာ ဆက်စပ်မှုသည် နိုင်ငံရေးဆိုင်ရာ တာဝန်ယူမှုနှင့် အများပြည်သူဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု ယန္တရားပေါ်တွင် အခြေတည်ထားခြင်းဖြစ်သည်။ ဤသို့ အခြေတည်ထားမှုကြောင့် တစ်ခါတစ်ရံတွင် အများပြည်သူတို့အကြား အခွန်ဘဏ္ဍာနှင့်ပတ်သက်သော အပြန်အလှန်ငြင်းခုံမှု (Debate) များ ထွက်ပေါ်လေ့ ရှိသည်။ အဆိုပါငြင်းခုံမှုများတွင် အစိုးရတစ်ရပ် အနေဖြင့် အခွန်ဘဏ္ဍာတိုးပွားအောင် မည်ကဲ့သို့လုပ်သင့်သည်၊ အခွန်ဘဏ္ဍာကို မည်သို့သုံးစွဲသင့်သည်၊ မည်သို့တာဝန်ယူသင့်သည်ဟူသော ကိစ္စများပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ အခြေအနေမှာ သိသိသာသာ ကွဲပြားခြားနားနိုင်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် အုပ်ချုပ်ရေးယန္တရားများသည် ပြည်သူလူထု၏ အခွန်ထမ်းဆောင်သောငွေဖြင့် ရပ်တည်နေခြင်း မဟုတ်ရာ ပြည်သူလူထုနှင့် အုပ်ချုပ်ရေးယန္တရားအကြား Social Contract ခေါ် ပဋိညာဉ်များလည်း မရှိသည်ကို တွေ့ရသည်။ ပြည်သူလူထုမှ အခွန်မထမ်းဆောင်သောကြောင့် အုပ်ချုပ်ရေးယန္တရားအနေဖြင့် မည်သို့မျှ တာဝန်မရှိသည့်သဘောသို့ ရောက်ရှိသွားသည်ကို ပြည်သူလူထုအများစု ရိပ်စားသိရှိကြခြင်းမရှိသည်မှာ အဓိကအားနည်းချက် ဖြစ်သည်။

## အခွန်အကောက်နှင့် တာဝန်ယူမှု

အုပ်ချုပ်ရေးယန္တရားထိရောက်ကောင်းမွန်မှုနှင့် အခွန်စည်းကြပ်မှုတို့ ပီပြင်စွာ ဆက်စပ်နေပုံကို ပညာရှင်အများစုက အလေးပေး အာရုံစိုက်ခဲ့ကြသည်မှာ အကြောင်းရှိသည်။ အဓိကမှာ အခွန်ကောက်ခံခြင်းဖြင့် အုပ်ချုပ်သူအစိုးရအနေဖြင့် စရိတ်စကနှင့် အခက်အခဲများလျော့နည်းသွားစေနိုင်ကာ စီးပွားရေးဆောင်ရွက်ချက်များအပေါ် ကြိုတင်ခန့်မှန်း နိုင်မည်ဖြစ်၍ပင်။ ဤအချက်က အစိုးရများအနေဖြင့် ရေရှည်စီမံကိန်းများနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတာဝန်ယူနိုင်အောင် ပြုလုပ်ပေးနိုင်စွမ်းရှိနိုင်သည်။ အထက်တွင်ဆိုခဲ့သည့် နိုင်ငံအကျိုးစီးပွားနှင့် လူထုအကျိုးစီးပွားအကြား ထိရောက်မှုရှိရေးအတွက် အခရာကျသော အပေးအယူပြုမှုနှင့် စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်ကို ဆက်လက်လေ့လာကြည့်လျှင် အုပ်ချုပ်ရေးယန္တရားနှင့် လူ့အဖွဲ့အစည်းများအကြား အပေးအယူကိစ္စရပ်များကို ဤသို့ တွေ့ရသည်။

(၁) အခြေခံအကျဆုံးကိစ္စမှာ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဖြစ်သည်။ ပြည်တွင်းပြည်ပဆိုင်ရာ ပြဿနာရပ်များ၌ နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကိုကာကွယ်ရန်၊ စစ်ဘက်ဆိုင်ရာ၊ ရဲဘက်ဆိုင်ရာနှင့် တရားရေးဆိုင်ရာတို့၌ နိုင်ငံက ကျခံသုံးစွဲရသည်။ သို့အတွက် နိုင်ငံသားများက မျှဝေကျခံပေးရန် လိုအပ်သည်။

(၂) ယနေ့ကမ္ဘာတွင် အရင်းအနှီးဟူသည် နိုင်ငံတကာနယ်စပ်များကို လွယ်ကူစွာ ကျော်ဖြတ်စီးဆင်းနေကြသည်ဖြစ်ရာ နိုင်ငံများသည် စီးဆင်းနေသော အရင်းအနှီးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အပေးအယူမျှအောင် တစ်နည်းအားဖြင့် နိုင်ငံပြင်ထွက်မသွားအောင် တာဝန်ယူကြရသည်။ အကြောင်းမှာ နိုင်ငံတစ်ခုခုတွင် ရှိထားသော စီးပွားရေးအခြေအနေအရပ်ရပ်တို့ကို မနှစ်သက်ပါက နောက်ပိုင်းတွင် အခြားနိုင်ငံတစ်ခုသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံနိုင်၍ ဖြစ်သည်။ ဤသို့ အပြန်အလှန်မှီခိုနေရခြင်းသည် ပုဂ္ဂလိကကဏ္ဍ၏ သဘောသဘာဝထက်ကျော်လွန်၍ ကိုယ်ကျိုးစီးပွားအတွက် အမြတ်ထုတ်လိုသော အုပ်ချုပ်ရေးယန္တရားကို ပြန်လည်ကန့်သတ်ရာတွင် ထိရောက်နိုင်သည်။ သို့သော် ယင်းသို့ တုံ့ပြန်ဆောင်ရွက်ခြင်းအားဖြင့် တည်ငြိမ်သော နိုင်ငံရေးအခြေအနေကို တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ဖြစ်ပေါ်စေမည်

**ယနေ့ကမ္ဘာတွင် အရင်းအနှီးဟူသည် နိုင်ငံတကာနယ်စပ်များကို လွယ်ကူစွာ ကျော်ဖြတ်စီးဆင်းနေကြသည်ဖြစ်ရာ နိုင်ငံများသည် စီးဆင်းနေသော အရင်းအနှီးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အပေးအယူမျှအောင် တစ်နည်းအားဖြင့် နိုင်ငံပြင်ထွက်မသွားအောင် တာဝန်ယူကြရသည်။ အကြောင်းမှာ နိုင်ငံတစ်ခုခုတွင်ရှိထားသော စီးပွားရေးအခြေအနေအရပ်ရပ်တို့ကို မနှစ်သက်ပါက နောက်ပိုင်းတွင် အခြားနိုင်ငံတစ်ခုသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံနိုင်၍ ဖြစ်သည်။**

မဟုတ်ပေ။ နိုင်ငံသားတို့၏ တာဝန်သိစိတ်နှင့် တာဝန်ယူမှုတို့ကို လည်း မြှင့်တင်ပေးနိုင်မည် မဟုတ်ပေ။

(၃) အစိုးရအသုံးစရိတ်ခွဲဝေခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုဖြစ်စေသော အဓိကကိစ္စ ဖြစ်သည်။ သို့ရာတွင် အဆိုပါသဘောထားကွဲလွဲမှု ဖြစ်ပေါ်သည်မှာ လက်တစ်ဆုပ်စာမျှသာရှိသော နိုင်ငံရေးနှင့် ဗျူရိုကရေစီအသိုင်းအဝိုင်း၌သာ ဖြစ်သည်။ အခွန်ပေးဆောင်မှုကို အသေအချာကိုင်တွယ်မှုမရှိပါက နိုင်ငံနှင့် ပြည်သူ့အသုံးစရိတ်ဆိုင်ရာ အလျှော့အတင်းတွင် နိုင်ငံသားများက အနည်းငယ်မျှ အသာစီးရရှိနိုင်သည်။ (ဒီမိုကရေစီစနစ် ထွန်းကားပြီးသော နိုင်ငံများမှာ ခြွင်းချက်ဖြစ်သည်။)



အခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံလူမှုအဖွဲ့အစည်းအကြား အုပ်ချုပ်ရေးယန္တရား ကောင်းမွန်တိုးတက်ရေးတွင် အောက်ပါအကြောင်းအရာသုံးရပ် ဆက်စပ်ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။

ပထမအချက် ။ ။ အခွန်စည်းကြပ်မှုဖြစ်စဉ်သည် လူမှုအသိုက်အမြုံ၏ စည်းလုံးညီညွတ်မှု၊ အဖွဲ့အစည်းများ စုစည်းဖြစ်တည်မှုအတွက် ထိရောက်သောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ အခွန်ပေးဆောင်သူများဟူသည် မိမိတို့၏ငွေကြေးများကို မည်သို့မည်ပုံ အသုံးပြုလျက်ရှိသည်ကို အမြဲမပြတ်စောင့်ကြည့်တတ်သော သဘာဝရှိသည်။ စစ်မှန်သောအရင်းအနှီးကို ထိန်းချုပ်ထားခြင်းရှိမရှိ သိအောင်ပြုလုပ်လေ့ရှိသည်။ အပြန်အလှန်သဘောအားဖြင့် လူမှုအသိုက်အမြုံ ညီညွတ်ခဲ့လျှင် အစိုးရများက မည်သို့သုံးစွဲနေသည်ကို ထုတ်ပြန်ပေးကြသည်။ ခေတ်ပြိုင်ကမ္ဘာတွင်မူ တူညီမှုမရှိသောနိုင်ငံများအတွင်းရှိ အခွန်အကောက်များ အချိုးအဆမှသည် စုစုပေါင်း အမျိုးသားထုတ်ကုန် (GNP) အထိ တာဝန်ယူတွက်ချက်ဖြေရှင်းပေးနိုင်သည့်အချိုးအစားများ ရှိ သည်။ အဆိုပါအချိုးအစားများက အများပြည်သူပိုင်ငွေကြေးများကို အစိုးရက လွဲမှားစွာအသုံးပြုနေခြင်းရှိမရှိ သိအောင်ပြုလုပ်ပေးသည်။ အလွဲသုံးစားပြုဖွယ်ရှိသည့် အနေအထားများကိုလည်း ထုတ်ဖော်ပေးနိုင်သည်။

ဒုတိယအချက် ။ ။ အခွန်ဆောင်သူများ၏ ဝေဖန်ချက်များရှိခြင်းသည် နိုင်ငံရေးလောက ပြင်ပတွင် ပြည်သူ့အသုံးစရိတ်ဆိုင်ရာ အပြန်အလှန် ငြင်းခုံမှု (Debate) များကိုဖြစ်ပေါ်စေပြီး စီးပွားရေးမူဝါဒများကို အဓိကပုံဖော်သည့်အစိုးရများနှင့် ထိတွေ့မှုအများဆုံး အစုအဖွဲ့ဖြစ်သည့် Interest Group များဆီသို့ ရောက်ရှိသွားစေသည်။

တတိယအချက် ။ ။ အခွန်စည်းကြပ်ခြင်းနှင့် ပတ်သက်၍ Interest Group များ၏ ဆောင်ရွက်ချက်၊ ပြည်သူ့ရေးရာငွေကြေးသုံးစွဲမှုနှင့် ခေတ်သစ်ဒီမိုကရေစီ၏အဖွဲ့အစည်းဆိုင်ရာ အခြေခံကျသောပုံစံများအကြား ခိုင်မာသောဆက်စပ်မှုရှိသည်။ စနစ်ကျသောနိုင်ငံများတွင် အသင်းအဖွဲ့ကြီးများ Interest Groups သည် အုပ်ချုပ်ရေးယန္တရား၏ တာဝန်သိမှုကို ထိန်းသိမ်းပေးနိုင်သော ယန္တရားကြီးများအဖြစ် ရပ်တည်လျက်ရှိကြသည်။ ၎င်းတို့က နိုင်ငံငွေကြေးရရှိမှုနှင့် သုံးစွဲမှုကို ကိုင်တွယ်ထိန်းချုပ်ပေးခြင်းအားဖြင့် နိုင်ငံများ၏တာဝန်သိမှုကို ထိန်းသိမ်းပေးနိုင်သည်။

အထက်ဖော်ပြပါအချက်သုံးချက်ကိုကြည့်လျှင် အုပ်ချုပ်ရေးယန္တရားသည် နိုင်ငံသားတို့ထံမှ အခွန်

ကောက်ခံခြင်းအားဖြင့် ရပ်တည်လျက်ရှိပြီး နိုင်ငံသားများက အဆိုပါအခွန်အခများ အချိုးသာဆုံးဖြစ်စေရန် ညီညွတ်လာကြသည်ကို တွေ့နိုင်သည်။ အဆိုပါဖြစ်စဉ်နှစ်မျိုးက အသင်းအဖွဲ့များ ပီပြင်စွာပေါ်ထွန်းရေးအတွက် ကျယ်ပြန့်မှုရှိပြီး ယုံကြည်အားထားရသောလမ်းစဉ်များ ဖြစ်ပေသည်။ အခွန်စည်းကြပ်မှုဆိုင်ရာ အားနည်းချက်ရှိသောနိုင်ငံများတွင် အဆိုပါနိုင်ငံနှင့် နိုင်ငံသားတို့အကြား ထွက်ပေါ်လေ့ရှိသည့် အပေးအယူအလျှော့အတင်းကိစ္စပေါ်ပေါက်ရေးသည် အုပ်ချုပ်ရေးယန္တရား အရည်အသွေးပြည့်မီကောင်းမွန်လာရေးအတွက် အဓိက အခရာအကျဆုံးဖြစ်သည်ဟု ပညာရှင်တို့က သုံးသပ်သည်။

ခေတ်ပြိုင်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခွန်စနစ်က အုပ်ချုပ်ရေးယန္တရားအပေါ်သက်ရောက်မှုကို အပြောင်းအလဲဖြစ်စေသည့် အကြောင်းတရားများ ရှိသည်။ ထိုအကြောင်းတရားများ အပြန်အလှန်တုံ့ပြန်အကျိုးပြုခြင်းအားဖြင့် အခွန်ဘဏ္ဍာအတက်အကျ ဖြစ်ပေါ်စေနိုင်သည်ကို အောက်ပါအတိုင်း တွေ့ရသည်။

(၁) သမိုင်းဆိုင်ရာအကြောင်းတရားများ ဆက်စပ်တည်ရှိနေမှုကြောင့် နိုင်ငံရေးနှင့် စီးပွားရေးပါဝါနှစ်မျိုးစလုံးကို ဆုံတွေ့စေနိုင်သည်။ နိုင်ငံသားများသည် ဩဇာအာဏာကြီးမားသောနိုင်ငံများ၏လွှမ်းမိုးမှုကို ခံရတတ်သည်။ တစ်ခါတစ်ရံတွင် နိုင်ငံနှင့် လူ့အဖွဲ့အစည်းအကြား အပေးအယူအလျှော့အတင်းပြုလုပ်ရာ၌ ကန့်သတ်ချက်များ ရှိတတ်သည်။

(၂) နိုင်ငံတကာအကူအညီပမာဏများစွာ ခွဲဝေခြင်းနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများသို့ စစ်ရေးအထောက်အပံ့များ ပေးအပ်ခြင်းတို့ကြောင့် ပြည်တွင်းဘဏ္ဍာအခွန်နှင့် နိုင်ငံရေးအထောက်အပံ့များအပေါ် မှီခိုနေမှုကို လျှော့ချနိုင်သည်။

(၃) ဆင်းရဲသောနိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများအကြား ဖြစ်ပေါ်လျက်ရှိသည့် ဝင်ငွေအဆင့်အတန်းကွာခြားမှုမှာ လတ်တလောအနေအထားတွင် လွန်စွာကြီးမားလျက်ရှိသည်။ သမိုင်းဆိုင်ရာ ကြုံတောင့်ကြုံခဲကိစ္စရပ်ဟုပင် ဆိုနိုင်သည်။ ဤသို့ ဝင်ငွေအဆင့်အတန်းမတူညီမှုကြီးမားခြင်းနှင့်အတူ ကမ္ဘာတစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်ရေးစရိတ်စကလျှော့ကျမှုတို့က စီးပွားရေးအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး တိုးတက်လာမှုတို့ ဖြစ်ပေါ်စေသည်။ သို့အတွက်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ စီးပွားရေးအပိုအလျှံများကို အလွယ်တကူရယူခွင့်ရရှိနိုင်သလို အခြားသောအခွင့်အလမ်းများလည်း ရရှိနိုင်သည်။ သို့မဟုတ် ချေးငှားခွင့်ရယူနိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရေနံနှင့် အခြားသယံဇာတပစ္စည်းများမှာ တန်ဖိုးကြီးမားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာမူ ငှားရမ်းသုံးစွဲခွင့်ရရှိသောကြောင့် တန်ဖိုးနည်းပါးသည့်အနေအထားတွင် ရှိနေပေမည်။ သဘာဝအရင်းအမြစ်ပိုလျှံခြင်းကလည်း နိုင်ငံတစ်ခုအနေဖြင့် နိုင်ငံသား

**ဆင်းရဲသောနိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများအကြား ဖြစ်ပေါ်လျက်ရှိသည့် ဝင်ငွေအဆင့်အတန်းကွာခြားမှုမှာ လတ်တလောအနေအထားတွင် လွန်စွာကြီးမားလျက်ရှိသည်။ သမိုင်းဆိုင်ရာ ကြုံတောင့်ကြုံခဲကိစ္စရပ်ဟုပင် ဆိုနိုင်သည်။ ဤသို့ ဝင်ငွေ အဆင့်အတန်းမတူညီမှုကြီးမားခြင်းနှင့်အတူ ကမ္ဘာတစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်ရေးစရိတ်စကလျှော့ကျမှုတို့က စီးပွားရေးအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး တိုးတက်လာမှုတို့ ဖြစ်ပေါ်စေသည်။ သို့အတွက်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများထံမှ စီးပွားရေးအပိုအလျှံများကို အလွယ်တကူရယူ ခွင့်ရရှိနိုင်သလို အခြားသောအခွင့်အလမ်းများလည်း ရရှိနိုင်သည်။**

တို့ကို အခွန်ငွေကောက်ခံရန်အခြေအနေများကို လျှော့နည်းသွားစေသည်ကို တွေ့ရသည်။

(၃) ခေတ်ပြိုင်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖွံ့ဖြိုးမှုအထောက်အပံ့အကူအညီပမာဏ များပြားစွာရရှိခြင်းကြောင့် ပြည်တွင်းအခွန်စည်းကြပ်မှုအတွက် အဟန့်အတားသဖွယ် ဖြစ်နေသည်။

ပြည်ပချေးငွေနှင့် အထောက်အပံ့အလွယ်တကူရရှိနေသောနိုင်ငံများအပေါ် ပြုလုပ်သော သုတေသနစစ်တမ်းများအရ အဆိုပါနိုင်ငံများသည် စနစ်တကျဥပဒေလုပ်ထုံးလုပ်နည်းများသတ်မှတ်ပြီး အခွန်ငွေကောက်ခံရန် ကန့်သတ်ချက်များ ရှိနေသည်ကို တွေ့ရသည်။ ထို့ပြင် အဆိုပါနိုင်ငံများသည် ဘဏ္ဍာအခွန် သို့မဟုတ် အကောက်ခွန်ဆိုင်ရာပေါ်လစီနှင့်ပတ်သက်ပြီး အခွန်ပေးဆောင်သူများနှင့် အပြန်အလှန်အပေးအယူပြုလုပ်မည့် အဖွဲ့အစည်းများ လုပ်ထုံးလုပ်နည်းများထွက်ပေါ်စေရန် ဖိအားမရှိပေ။ အကယ်၍ ထိုသို့ဖိအားပေးခံခဲ့ရလျှင်လည်း အတင်းအကျပ်ကောက်ခံခြင်းမျိုး ပြုလုပ်နိုင်ဖွယ်ရှိသည်။ အများပြည်သူနှင့်ပတ်သက်သော ငွေကြေးဟူသည် ပွင့်လင်းစွာသိရှိခွင့်မရသောအရာ ဖြစ်နေတတ်သည်။ နိုင်ငံသားတိုင်း အခွန်ဘဏ္ဍာပေးဆောင်ပြီး ၎င်းတို့၏ နိုင်ငံကြီးသားပီသမှု အရည်အသွေးကို မြှင့်တင်နိုင်မည့်ကိစ္စအား စိတ်ဝင်စားမှု လျော့နည်းနေသရွေ့ အစိုးရများသည် ၎င်းတို့၏ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှုကို မြှင့်တင်ရာတွင် ကန့်သတ်ချက်များ ရှိနေမည်ဖြစ်သည်။

အုပ်ချုပ်ရေးယန္တရားနှင့် နိုင်ငံသားတို့အကြား အခွန်နှင့်ပတ်သက်၍ အပေးအယူပြုမှု ကောင်းစွာပြုလုပ်နိုင်ရေးအတွက်




စီးပွားရေးပညာရှင်များပြုလုပ်ခဲ့သော သုတေသနပြုချက်တစ်ရပ်ကို တင်ပြလိုပါသည်။ အဆိုပါသုတေသနပြုချက်က အပြုသဘောဆောင်သည့် အခွန်စည်းကြပ်မှုကဏ္ဍတစ်ရပ်ကို Focus လုပ်ထားသည်။ ခေါင်းပုံဖြတ်အခွန်စည်းကြပ်ခြင်းဆိုင်ရာတိုင်းတာမှုနှင့် အတင်းအကျပ်အခွန်စည်းကြပ်ခြင်းဆိုင်ရာ တိုင်းတာမှုတို့ကို လေ့လာထားခြင်းဖြစ်သည်။

## တရားမဝင်သောလုပ်ငန်းများမှ အခွန်ရရှိရေး

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခွန်အရပ်ရပ်ကောက်ခံမှုနှင့် ပတ်သက်၍ အရေးအကြီးဆုံးကိစ္စမှာ တရားမဝင်လုပ်ငန်းများထံမှ အခွန်ကောက်ယူရန် ဖြစ်သည်။ စီးပွားရေးလွတ်လပ်ခွင့်များကို တင်းကျပ်ထားသောနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းအများစုမှာ ဥပဒေပြင်ပတွင် တရားမဝင်ရှိနေတတ်သည်။ ရာနှုန်းပြည့် တရားမဝင်ဖြစ်ခဲ့လျှင် Black ဟုခေါ်၍ တစ်စိတ်တစ်ပိုင်း တရားမဝင်ဖြစ်ခဲ့လျှင် Gray ဟု ခေါ်သည်။ များသောအားဖြင့် Gray ခေါ် တရားမဝင်တဝင် လုပ်ငန်းများနှင့် Black ခေါ် မှောင်ခိုလုပ်ငန်းများမှ အခွန်အကောက်များ ရရှိလေ့မရှိဘဲ ကောက်ခံရန်လည်း ခက်ခဲလှသည်ကို တွေ့ရသည်။ ကောက်ခံရန်ကြိုးစားခဲ့လျှင်လည်း မအောင်မြင်ကြသည်က များသည်ကို တွေ့ရသည်။ များသောအားဖြင့် ပြဿနာ၏အရင်းအမြစ်ကို မကိုင်တွယ်နိုင်သောကြောင့် ဤနယ်ပယ်တွင် အခွန်ကောက်ခံရေးမှာ ခက်ခဲလှသည်ကို တွေ့ရသည်။

သို့သော် နိုင်ငံ၏စီးပွားရေးလုပ်ငန်းအများစုသည် ယခုကဲ့သို့ Informal ခေါ် တရားမဝင်တဝင်ဖြစ်နေခဲ့လျှင် အုပ်ချုပ်ရေးယန္တရားလည်ပတ်ရန် အခက်အခဲများ ရှိလာတတ်သည်။ အခွန်မဆောင်သော Informal Sector အတွင်းမှ လုပ်ငန်းများရှိနေခြင်းသည် Formal Sector အတွင်း တရားဝင်အလုပ်လုပ်၍ အခွန်ထမ်းဆောင်နေသူများကို အကြီးအကျယ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ အုပ်ချုပ်ရေးယန္တရားက သတ်မှတ်သော အခွန်ဝင်ငွေကို စာရင်းရှိ အခွန်ထမ်းဆောင်သူ အနည်းငယ်ထံမှ မဖြစ်မနေကောက်ယူရာတွင် ဝန်ထုပ်ဝန်ပိုးဖြစ်သွားခြင်းဖြစ်သည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာအရလည်း အခွန်မထမ်းဆောင်သူအများစုရှိနေခြင်းသည် အခွန်ထမ်းဆောင်နေသူများအား စိတ်ဓာတ်ပျက်ပြား၍ အခွန်ရှောင်သူများဖြစ်လာအောင် တွန်းအားပေးသည့်သဘောလည်း တွေ့ရသည်။

တရားမဝင်နယ်ပယ်အတွင်း အခွန်ထမ်းဆောင်သော ယဉ်ကျေးမှုဖြစ်ထွန်းလာပြီး အခွန်ထမ်းပြည်သူများအဖြစ် ကူးပြောင်းနိုင်ရေးသည် အလိုအလျောက်ဖြစ်တည်နိုင်သည့်သဘော မရှိပေ။ ကာလအတန်ကြာ အချိန်ယူ၍ စနစ်တကျ တည်ဆောက်ယူရသော သဘောရှိသည်။ အဓိကမှာ တရားမဝင်နယ်ပယ်ကို တရားဝင်နယ်ပယ်ဖြစ်လာအောင် ကူးပြောင်းပေးရေးပင် ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ဘောလုံးလောင်းကစားဒိုင်များကို ပပျောက်အောင် အစိုးရကမလုပ်နိုင်သောကြောင့် နောက်ဆုံးတွင် တရားဝင်ရပ်တည်ခွင့်ပေးပြီး ရရှိသောအခွန်အရပ်ရပ်ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသို့ တိုက်ရိုက်လွှဲပြောင်းပေးစေခဲ့သည်ကို တွေ့ရသည်။ ထိုသို့ တိုက်ရိုက်လွှဲပြောင်းပေးစေခြင်းသည် လောင်းကစားလုပ်ငန်းမှ ဝင်ငွေဖြင့် အစိုးရက ရပ်တည်ခြင်း မဟုတ်ဆိုသည်ကို ရှင်းလင်းစေရန် ဖြစ်သည်။

Gray ခေါ် တရားမဝင်တဝင် စီးပွားရေးလုပ်ငန်းများမှာ တရားဝင်ဖြစ်စေရန် လွယ်ကူသောလုပ်ငန်းများဖြစ်သည်။ တစ်ခါတစ်ရံအုပ်ချုပ်ရေးယန္တရား၏ အားနည်းချက်ကြောင့် တရားဝင်ဖြစ်ရမည့်လုပ်ငန်းများ တရားမဝင်ဖြစ်သွားခြင်းဖြစ်သည်။ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့် ခက်ခဲသောကြောင့် မှတ်ပုံမတင်တော့ဘဲ လုပ်ငန်းဆောင်ရွက်ကာ အခွန်လည်းမဆောင်တော့သည့်သဘောမျိုးဖြစ်သည်။ အုပ်ချုပ်ရေးယန္တရားက တစ်ခါတစ်ရံ သဘောသဘာဝကို သဘောမပေါက်သောကြောင့် အားပေးရမည့်လုပ်ငန်း

စဉ်များကို ကန့်သတ်သည့်သဘောကို ရောက်ရှိသွားသည်။ ကုမ္ပဏီ မှတ်ပုံတင်ခြင်းသည် အခွန်ထမ်းပါမည်ဟု လာရောက်စာရင်းသွင်းခြင်းဖြစ်သည်ဟု သဘောပေါက်လျှင် စီးပွားရေးလုပ်ငန်းအားလုံးကို ကုမ္ပဏီအဖြစ် မှတ်ပုံတင်ရန် တွန်းအားပေးရမည်ဖြစ်သည်။ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခြင်းသည် အုပ်ချုပ်ရေးယန္တရားထံမှ လိုင်စင်အပါအဝင် အခွင့်အရေးများတောင်းဆိုရန်ဖြစ်သည်ဟု ယူဆလျှင် ကုမ္ပဏီမှတ်ပုံတင်ခြင်းကို တင်းကျပ်ရမည်။ ထို့ကြောင့် သဘောသဘာဝကို မည်မျှနားလည်သနည်းဆိုသောအချက်က Informal နယ်ပယ်ကို တရားဝင်ဖြစ်စေရန်တွန်းအားပေးရာ၌ အရေးကြီးသည်။

နိုင်ငံအချို့တွင် အဆိုပါတရားမဝင်တဝင်လုပ်ငန်းနယ်ပယ်ကို ကိုယ်စားပြုသောအသင်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းစေကာ ထိုအသင်းမှတစ်ဆင့် အခွန်အရပ်ရပ်ကောက်ခံစေသည်ကို တွေ့ရသည်။ ပြန့်ကြဲနေသော ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အသင်းအဖွဲ့တစ်ခုအဖြစ် စုစည်းစေကာ အုပ်ချုပ်ရေးယန္တရားအား အရေးဆိုခွင့်နှင့် အခွန်အရပ်ရပ် ကောက်ခံပေးရန် ပူးတွဲတာဝန်ပေးလိုက်သည့် ဥပမာမျိုးကို ဂါနာနိုင်ငံတွင် ကျင့်သုံးနေသည်ကို တွေ့ရသည်။

## ဘဏ္ဍာရေးမူဝါဒ(ဘတ်ဂျက်မူဝါဒ)နှင့် အခွန်ထမ်းဆောင်ရေးပဋိညာဉ်

သုတေသနပြုလေ့လာချက်များအရ အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံများ၏ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာယန္တရားဆက်စပ်မှုသည် အစိုးရက ပညာရေးကဏ္ဍသို့ ပိုမိုရင်းနှီးမြှုပ်နှံလာသည်နှင့်အမျှ အခွန်ငွေတိုး၍ ကောက်ခံလာကြောင်း တွေ့ရှိရသည်။ အချို့သောနိုင်ငံများ၏ အခွန်ဘဏ္ဍာတိုးမြှင့်ကောက်ခံမှုများမှာ အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီကြီးများ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီကြီးများမှ ဖြစ်သည်။ အခွန်တိုးမြှင့်ကောက်ခံရခြင်း၏ အဓိကအကြောင်းအရင်းနှစ်ရပ် ရှိသည်။

(၁) အခွန်စည်းကြပ်ရခြင်း နည်းစနစ်နှင့် ဥပဒေများကို သေချာစွာ ချမှတ်ပြဋ္ဌာန်းကာ ဖိဖိစီးစီး ကျင့်သုံးကောက်ခံခြင်း။

(၂) အခွန်ထမ်းဆောင်လိုက်နာကြသည့် အလေ့အထပါ ထွန်းကားလာခြင်းတို့ကြောင့် ဖြစ်သည်။

အခွန်ထမ်းဆောင်သော အလေ့အထပေါ်ပေါက်လာခြင်းသည် အဓိကအရေးကြီးသောအချက်ဖြစ်ပြီး နိုင်ငံတွင်းရှိ လူတန်းစားမရွေး၊ နိုင်ငံသားအားလုံး အခွန်ထမ်းဆောင်ရခြင်းပင် ဖြစ်သည်။ အခွန်ထမ်းဆောင်ရန်လိုက်နာခြင်းသည် အစိုးရမူဝါဒများအပေါ် သဘောတူညီမှုထက် စည်းမျဉ်းဥပဒေများအပေါ် လိုက်နာကျင့်သုံးသည့်အလေ့အထ ဖြစ်သည်။ အခွန်ထမ်းဆောင်လိုက်နာခြင်းသည် လူ့အဖွဲ့အစည်း၏ အသိတရားတစ်မျိုးအဖြစ် ထင်ဟပ်နိုင်ရန် အရေးကြီးသည်။ သို့အတွက်ကြောင့် အချို့သော နိုင်ငံများတွင် အခွန်မထမ်းဆောင်သူများကို အများပြည်သူများ သိရှိအောင် အရေးယူခြင်းများ ပြုလုပ်ပေးလေ့ရှိသည်။ ထို့ကြောင့် အများပြည်သူများ၊ ရှယ်ယာဝင်အများစုနှင့် စားသုံးသူအများစုကို ကိုယ်စားပြုသောကုမ္ပဏီ၊ အဖွဲ့အစည်းကြီးများအနေဖြင့် တရားဥပဒေအရသာမက ကိုယ်ကျင့်တရားအရပါ အခွန်ကို မဖြစ်မနေလိုက်နာကျင့်သုံးကြရမည်။ ထိုနည်းတူစွာ အစိုးရများအနေဖြင့်လည်း အခွန်ဥပဒေကိုလိုက်နာပြီး အခွန်ကောက်ခံသည့်နည်းစနစ်ကို တစ်သမတ်တည်း ကျင့်သုံးရန်လိုအပ်သည်။ အခွန်ကြီးကြပ်ရေးတွင် တာဝန်ရှိသူများကလည်း အခွန်ထမ်းဆောင်သူပြည်သူများ၏ ရပိုင်ခွင့်နှင့် သက်ဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန် လိုအပ်သည်။

## နိဂုံး

အဆုံးသတ်အားဖြင့် အခွန်နှင့်ပတ်သက်၍ မူဝါဒချမှတ်သူများသို့ တိုက်တွန်းလိုသည်မှာ အခွန်၏နိုင်ငံရေး သိသာထင်ရှားသော လက္ခဏာများကို ပို၍သိရှိအောင် ကြိုးပမ်းထားသင့်သည်။ ပြင်ပအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ချက်၏ဆိုးကျိုးများကို သိရှိထားရန် လိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းနှင့် ပြင်ပရှိ ပြုပြင်ပြောင်းလဲရေးအဖွဲ့များအနေဖြင့် အခွန်ကောက်ခံခြင်းနှင့် ဘတ်ဂျက်သုံးစွဲခြင်းဆက်စပ်မှုကို ပို၍မြှင့်တင်ပြီး ဘဏ္ဍာရေးနှင့် လူမှုရေးပဋိညာဉ်ကို တည်ဆောက်ပေးရန် လိုအပ်သည်။ မည်သို့ဆိုစေ အခွန်ကောက်ခံခြင်းကို ဘဏ္ဍာရေးနှင့် စီးပွားရေးကိစ္စသက်သက်သာမဟုတ်ဘဲ အုပ်ချုပ်ရေးယန္တရားအတွက် လိုအပ်ချက်တစ်ရပ်အဖြစ် ရှုမြင်သင့်ပေသည်။

**အောင်ကျော်စိုးနှင့် အယ်ဒီတာတစ်ဦး**

---

Ref : Signposts to More Effective States : Responding to governance challenges in developing countries

**LIVING COLOR MAGAZINE**
**526302, 504496**

# "တချို့အခွန်အခတွေကို နှုန်းအသစ်နဲ့တွက်ပြီး ပြောင်းလဲကောက်ခံနေပါတယ်"

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန ဌာနမှူးဦးအောင်ဇင်နှင့်တွေ့ဆုံခြင်း**

ကျော်နိုင်

**တစ်နေ့တခြား ဧရိယာကျယ်ဝန်းလာပြီး လူဦးရေပါ တိုးပွားလာသော မြို့တော်ရန်ကုန်၏ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသည့် မြို့တော်သူမြို့တော်သားအားလုံးအတွက် မွေးဖွားသည်မှ သေဆုံးသည်အထိ စည်ပင်သာယာကိစ္စအဝဝကို ဆောင်ရွက်ပေးလျက်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မိမိကိုယ်ပိုင်ဝင်ငွေ တစ်နည်းအားဖြင့် မြို့တော်သူမြို့တော်သားများထံမှ ကောက်ခံရရှိသော အခွန်အခများဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိရာ အခွန်ငွေအများဆုံးရှာဖွေပေးသည့် အခွန်ဌာနမှ ဌာနမှူးဦးအောင်ဇင်နှင့်တွေ့ဆုံမေးမြန်းထားသည်များအနက်မှအချို့ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။**



အခွန်ဌာနမှ ဌာနမှူး ဦးအောင်ဇင်

**L.C ။ ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာ မြို့တော်နေပြည်သူတွေရဲ့ အခွန်အခနဲ့ပတ်သက်ပြီး တာဝန်ယူဆောင်ရွက်နေရတဲ့ ဌာနတွေကို သိပါရစေ။**

**ဦးအောင်ဇင်။ ။** ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှာ ဌာနကြီး ၂၀ ခုရှိတဲ့အထဲက ကျွန်တော်တို့ အခွန်ဌာန၊ ရာပြတ်ဌာန၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ စီမံရေးရာဌာန၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ အင်ဂျင်နီယာ ဌာန (လမ်းနှင့် တံတား)၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဈေးများဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန စတဲ့ ဌာနတွေဟာ မြို့တော်နေပြည်သူတွေရဲ့ အခွန်အခနဲ့ပတ်သက်ပြီး တာဝန်ယူ ကောက်ခံနေကြရတဲ့ ဌာနတွေ ဖြစ်ပါတယ်။

**L.C ။ ။ အခွန်ဌာနအနေနဲ့ အဓိကတာဝန်ယူဆောင်ရွက်နေရတဲ့ လုပ်ငန်းတာဝန်တွေကိုရော သိပါရစေ။**

**ဦးအောင်ဇင် ။ ။** ကျွန်တော်တို့ဌာနက အဓိကတာဝန်ယူဆောင်ရွက်နေရတာကတော့ ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း၊ ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း၊ နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းစီမံကိန်းဇုန်၊



ဒဂုံမြောက်ယာဉ်မောင်းသင်ကွင်း၊ ဒဂုံမြောက် စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ သံသုမာယာဉ်ရောင်းဝယ်ရေးစခန်း၊ ကျိုက္ကဆံယာဉ်နှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ နောက်တော့ မော်ဘီတန်ပိုဂိတ်၊ တညင်းကုန်းတန်ပိုဂိတ်၊ အင်းစိန်ပုံသေဂိတ်၊ အင်းတိုင်တန်ပိုဂိတ်၊ ဖောင်ကြီးပုံသေဂိတ်၊ ရွာသာကြီးပုံသေဂိတ်၊ လှိုင်သာယာတန်ပိုဂိတ်၊ သန်လျင်တန်ပိုဂိတ်၊ နောက်တော့ အသေးစားငွေချေးလုပ်ငန်းတွေ၊ စားသောက်ဆိုင်၊ ကုတို့လိုင်စင်နဲ့ တည်းခိုခန်းလိုင်စင်တွေ ပါပါတယ်။ အဲဒီလုပ်ငန်းတွေဆီက ဆိုင်ခန်းငှားခ၊ ယာဉ်ဝင်ခ၊ ညအိပ်ရပ်နားခ၊ တန်ပိုကြေးကောက်ခံခတွေနဲ့ တခြား အခွန်အခတွေ ရနေပါတယ်။

**L.C** ။ ။ **ကော်မတီကို အခွန်အခငွေ ပြန်ရှာပေးတဲ့ ဌာနတွေထဲမှာ အခွန်ဌာနဟာ ပမာဏအများဆုံး၊ ရာခိုင်နှုန်းအားဖြင့် အများဆုံး ရှာဖွေပေးနေတယ်ဆိုတာ သိရပါတယ်။ ဘယ်လောက်ပမာဏရာခိုင်နှုန်းအထိ ရှာဖွေပေးနေတယ်ဆိုတာ သိခွင့် ရမလား။**

**ဦးအောင်ဇင်** ။ ။ ဟုတ်ပါတယ်။ ကျွန်တော်တို့အခွန်ဌာနဟာ တခြားဌာနတွေလို အများပြည်သူနဲ့ တိုက်ရိုက်ထိတွေ့ကောက်ခံရတဲ့ဌာနမဟုတ်ပေမယ့် ကျွန်တော်တို့တာဝန်ယူထားရတဲ့စခန်းတွေ၊ တန်ပိုဂိတ်တွေကနေပြီး အခွန်အခပမာဏကို အများဆုံး ရှာဖွေပေးပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတစ်ခုလုံးရဲ့ဝင်ငွေရဲ့ ၁၇ ရာခိုင်နှုန်း ရှာဖွေပေးနိုင်ခဲ့ပါတယ်။

**L.C** ။ ။ **အခွန်ဌာနရဲ့ဝင်ငွေတွေထဲမှာရော ဘယ်လုပ်ငန်းက အခွန်အခဝင်ငွေအများဆုံး၊ ရာခိုင်နှုန်းအများဆုံး ရသလဲ။**

**ဦးအောင်ဇင်** ။ ။ တန်ပိုဂိတ်တွေပါ။ အခွန်ဌာနရဲ့ဝင်ငွေတွေထဲမှာ တန်ပိုဂိတ်တွေကရတဲ့ဝင်ငွေက အများဆုံးပါ။ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်က တန်ပိုဂိတ်တွေက ဝင်ငွေ ၁၆၇၁.၀၆ သန်း ရခဲ့ပါတယ်။ လျာထားချက်ထက် ပိုပြီး ရာခိုင်နှုန်းအနေနဲ့ ၁၂၂.၇၃ ရာခိုင်နှုန်းရှိတယ်။

**L.C** ။ ။ **ဌာနမှူးတို့ကောက်ခံရရှိတဲ့ အခွန်ငွေတွေကို အဓိက ဘယ်လိုပြန်သုံးစွဲသလဲ။**

**ဦးအောင်ဇင်** ။ ။ ကော်မတီထဲ ထည့်လိုက်တယ်။ ကော်မတီကနေ ပြန်ခွဲဝေပြီးတော့ လမ်းတို့၊ တံတားတို့၊ ရေပေးဝေရေးတို့မှာ သူ့ဟာနဲ့သူ လိုအပ်သလို သုံးသွားတာပေါ့။ ဘတ်ဂျက်ဌာနက တာဝန်ယူတယ်။ ကျွန်တော်တို့ဌာန သုံးချင်ရင်တောင် အဲဒီမှာ ပြန်တောင်းရတယ်။

**L.C** ။ ။ **ကော်မတီဟာ ကိုယ့်ဝင်ငွေနဲ့ကိုယ် ရပ်တည်နေရတော့ ဝန်ထမ်းလခတွေ၊ အသုံးစရိတ်တွေနဲ့ဆိုရင် ကောက်ခံရရှိတဲ့ အခွန်အခပမာဏတွေက နည်းမနေဘူးလား။**

**ဝင်ငွေတိုးအောင် ဘယ်လိုစီမံထားသလဲ။**

**ဦးအောင်ဇင်** ။ ။ ဟုတ်ပါတယ်။ ကျွန်တော်တို့ အရင်သတ်မှတ်ထားခဲ့တဲ့နှုန်းတွေက လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကတည်းကဆိုတော့ တော်တော်ကလေး ကျန်နေခဲ့ပြီ။ အခု တချို့အခွန်အခတွေကို နှုန်းအသစ်နဲ့တွက်ပြီး ပြောင်းလဲကောက်ခံနေတယ်။ လက်ရှိအနေအထားအရ Survive(ရပ်တည်) ဖြစ်ပါတယ်။ စနစ်တကျလုပ်တဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ ရငွေနဲ့သုံးငွေဟာ အမြဲတမ်း Surplus(ပိုငွေ) ပြနေတာပေါ့။ အခု ထပ်တိုးကောက်လိုက်တာတွေကလည်း အရင်ကနဲ့စာရင် ထပ်တိုးလာမှာဖြစ်တဲ့အတွက် Surviveဖြစ်ပါတယ်။ ကျွန်တော်တို့က အခွန်ငွေတစ်ခုထဲမှာပဲ အမှီသဟဲပြုနေတာမဟုတ်ဘဲနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကလည်း ဝင်ငွေတိုးအောင်လုပ်ဖို့ ကြိုးစားနေတယ်။

**L.C ။ ။ အခွန်ဌာနအနေနဲ့ အများပြည်သူနဲ့ အများဆုံးထိတွေ့ဆက်ဆံရတဲ့နေရာတွေက ဘယ်နေရာတွေမှာလဲ။**

**ဦးအောင်ဇင်** ။ ။ ကျွန်တော်တို့ဌာနက တာဝန်ယူထားတဲ့စခန်းတွေထဲမှာ အများပြည်သူနဲ့ အများဆုံး ဆက်ဆံနေရတာ၊ ပတ်သက်နေရတာက အောင်မင်္ဂလာနဲ့ ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းတွေပါ။

**L.C ။ ။ အဲဒီ အဝေးပြေးဂိတ်တွေမှာ ခရီးသည်တွေ စိတ်ကျေနပ်အောင် ဘယ်လောက်အတိုင်းအတာအထိ ဆောင်ရွက်ပေးနေသလဲ။**

**ဦးအောင်ဇင်** ။ ။ ကျွန်တော်တို့ရဲ့ အဝေးပြေးယာဉ်ရပ်နားစခန်းတွေမှာ သွားလာနေတဲ့ ခရီးသွားပြည်သူတွေကို အတတ်နိုင်ဆုံး အဆင်ပြေပြေနဲ့သွားလာနိုင်ဖို့အတွက် စိတ်ရင်းစေတနာမှန်နဲ့ကို ဆောင်ရွက်ပေးနေပါတယ်။ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဆိုရင် ပြီးခဲ့တဲ့နှစ်တွေက လမ်းတွေမကောင်းလို့ သွားရလာရ ခက်ခဲခဲ့တယ်။ ဒီတစ်နှစ် နှစ်နှစ်အတောအတွင်း လမ်းတွေအားလုံးကောင်းအောင် ကြိုးစားပြင်လိုက်တယ်။ ခရီးသွားပြည်သူတွေ သွားရလာရအဆင်ပြေသွားတာပေါ့။ နောက်တစ်ခုက ခရီးသည်တွေဟာ နားနေစရာရှိမှ အဆင်ပြေမှာကိုး။ သူတို့နားနားနေနေ နေလို့ရအောင် ခရီးသည်နားနေဆောင်တွေ ဆောက်ပေးတယ်။ ဒဂုံဧရာမှာလည်း အလားတူပဲ။ လမ်းတွေကောင်းအောင် ပြင်တယ်။ ခရီးသည်နားနေစရာတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးတယ်။ ကျန်တဲ့ စော်ဘွားကြီးကုန်းတို့၊ ဘုရင့်နောင်တို့ကျတော့ အခြေကျပြီးသားစခန်းတွေဆိုတော့ ကျွန်တော်တို့ဌာနအနေနဲ့ သိပ်ပြီးတော့ အားထည့်စရာမလိုတော့ဘူးပေါ့။

ခရီးသွားပြည်သူများ အဆင်ပြေစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်နေသည်ဟု ဆိုသည်



**L.C ။ ။ အောင်မင်္ဂလာအဝေးပြေးဂိတ်မှာ Taxi ပွဲစားတွေနဲ့ ခရီးသည်တွေ မကြာခဏ ပြဿနာဖြစ်တာတွေ့ရတယ်။ အဲဒီကိစ္စကို ဘယ်လိုဖြေရှင်းနေသလဲ။**

**ဦးအောင်ဇင်** ။ ။ မှန်ပါတယ်။ ကျွန်တော်တို့ စခန်းစဖွင့်ကတည်းက တောက်လျှောက်ရင်ဆိုင်ဖြေရှင်းလာခဲ့ရတဲ့ ပြဿနာပါ။ ပွဲစားတွေအမြစ်ပြတ် ပပျောက်အောင် ဘယ်လိုပဲလုပ်လုပ် မရခဲ့ဘူး။ အချိန်တန်ရင် ပြန်ပေါ်လာကြတာပဲ။ အခုနောက်ဆုံးဖြေရှင်းတဲ့နည်းလမ်းကတော့ အဆင်ပြေတယ်ပြောရမလားဘဲ။ ဂိတ်မှာလာထိုးတဲ့ Taxiတွေရော၊ ယာဉ်မောင်းတွေကိုယ်တိုင်ပါ မှတ်ပုံတင်ပြီး အလှည့်ကျစနစ်နဲ့ ထွက်ခိုင်းတာပါ။ ယာဉ်မောင်းတိုင်းမှာ အသိအမှတ်ပြုသက်သေခံကတ်ပြားတွေ ချိတ်ဆွဲထားခိုင်းတယ်။ ကားခတွေကိုလည်း သင့်တင့်တဲ့ဈေးထက် ပိုမယူခိုင်းဘူး။ အဝေးပြေးကားပေါ်ကဆင်းလာတဲ့ ခရီးသည်က Taxi ယာဉ်မောင်းနဲ့ တိုက်ရိုက်ဈေးညှိပြီး ဈေးတည့်ရင် တစ်ခါတည်း လိုက်သွားရုံပဲ။ ပွဲစားမလိုတော့ဘူးပေါ့။ ကျွန်တော်တို့ဌာနက တာဝန်ရှိတဲ့သူတွေရော၊ စည်ပင်ရဲရော၊ မထသ(အဝေးပြေး) က တာဝန်ရှိတဲ့သူတွေပါတဲ့ Taxi ကြီးကြပ်ရေးအဖွဲ့ ဖွဲ့ထားပြီး စောင့်ကြပ်ကြည့်ရှုနေတယ်။ အဲဒီလို စနစ်တကျကလေး လုပ်လိုက်တော့ ခရီးသည် Taxiပေါ်မှာ မေ့ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေတောင် ပြန်ရတာ မျိုးရှိတယ်။

**L.C ။ ။ ကားဝယ်ရောင်းစခန်းတွေ နေရာသတ်မှတ် ပြီးဖွင့်ထားပေမယ့် အပြင်မှာ တရားမဝင်ရောင်းဝယ်နေကြတာတွေ တော်တော်များများတွေ့ရတယ်။ အဲဒီကိစ္စတွေကို ဘယ်လို ဖြေရှင်းဆောင်ရွက်သလဲ။**

**ဦးအောင်ဇင်** ။ ။ ယာဉ်ရောင်းဝယ်ရေးစခန်းတွေမှာ ဘာပဲပြောပြော ကားတွေ အရောင်းအဝယ်ဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့အနေနဲ့က စည်းကမ်းထိန်းသိမ်းမှုအပိုင်းကို

တော်တော်ဂရုစိုက်ရတယ်။ ကျွန်တော်တို့ သတ်မှတ်ပေးတဲ့နေရာမှာ မရောင်းဘဲနဲ့ သူတို့သဘော သူတို့ဆောင်ပြီးတော့မှ အဆင်ပြေတဲ့နေရာမှာ ရောင်းကြတယ်။ များသောအားဖြင့် တာမွေ သတိပဋ္ဌာန်လမ်း၊ မအူကုန်းလမ်းကျယ်၊ တောင်ဥက္ကလာနဲ့ သဃ်န်းကျွန်းအစပ် ၁၄/၁၅ လမ်းဆုံ၊ ကျောက်ရေတွင်းခုံးတံတားအောက် အဲဒီနေရာတွေမှာ တရားမဝင်ယာဉ်ရောင်းကြတယ်။ သူတို့ဘာသာသူတို့ တရားမဝင် ယာဉ်ရောင်းတာကို ကျွန်တော်တို့စည်းမျဉ်းစည်းကမ်းအရ လွှတ်ပေးလို့မရပါဘူး။ အဲဒီမှာနေတဲ့ Public(လူထု)ကို တိုက်ရိုက် Effect (ထိခိုက်သက်ရောက်မှု) ဖြစ်တယ်။ လမ်းပိတ်တယ်။ ကားပွဲစားဆိုတာ လူတန်းစားအမျိုးမျိုးပါတယ်။ ပတ်ဝန်းကျင်မှာ အပေါ့အလေးသွားတာကအစ ပတ်ဝန်းကျင်မှာနေတဲ့သူတွေကို စိတ်ညစ်စေတာပေါ့။ နောက်တစ်ခါ ဖြတ်သန်းသွားလာတဲ့ မိန်းကလေးတွေကို အုပ်စုဖွဲ့ပြီး နောက်တာတို့၊ ပြောင်တာတို့ဖြစ်ရော။ အဲဒီအခါ မခံချင်လို့ ပြန်ပြောရင်း မိဘမောင်ဖွားတွေ ပါလာတဲ့အခါကျတော့ ရပ်ကွက်အေးချမ်းသာယာမှုကို သွားပြီး ထိခိုက်နိုင်တယ်။ ကျွန်တော်တို့ စဉ်ဆက်မပြတ် ရှင်းနေတာပဲ။ ကျွန်တော်တို့ စည်ပင်သာယာ အခွန်ဌာနတစ်ခုထဲ ရှင်းလို့မရဘူး။ နယ်မြေမှာရှိနေတဲ့ E.Oရုံး (မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)နဲ့ ပူးပေါင်းရတယ်။ နယ်မြေရဲ ပါရတယ်။ ယာဉ်ထိန်းပါတယ်။ ရ.ယ.က ပါတယ်။ ဒီအဖွဲ့တွေနဲ့ပူးပေါင်းပြီး ရှင်းရတယ်။ အဲဒီလိုရှင်းတဲ့အခါကျတော့လည်း အဖွဲ့နဲ့သွားပြီး ဖမ်းတာဆီးတာလုပ်လို့မရဘူး။ ထိပ်တိုက်တွေ့ပြီး ပြဿနာဖြစ်မှာစိုးရတယ်။ ကျွန်တော်တို့ ဘာလုပ်ရလဲဆို မှတ်သားဖမ်းဆီးတဲ့ပုံစံနဲ့ ဖမ်းဆီးရတာပေါ့။ မှတ်သားဖမ်းဆီးတယ်ဆိုတာ အဲဒီကားတွေဟာ ဒီမှာရပ်တဲ့အတွက်ကြောင့် လိုအပ်သလိုအရေးယူပေးပါလို့ ယာဉ်ထိန်းကို စာရေးရတယ်။ ယာဉ်ထိန်းကခေါ်တဲ့အခါ လာတဲ့သူလည်းလာတယ်၊ မလာတဲ့သူလည်း မလာဘူး။ ဘယ်မှာသွားပြဿနာဖြစ်သလဲဆိုတော့ တစ်နှစ်ပြည့်လို့ က.ည.နမှာ လိုင်စင်သွားဝင်တဲ့အခါ ရဲအမှုရှင်မဆိုင်လို့ ပါလာတဲ့အခါကျမှ ဒဏ်ကြေးဆောင်ပြီး ပြန်ရှင်းရရော။ ဆိုလိုတာက ကျွန်တော်တို့အရေးယူလိုက်တာဟာ ချက်ချင်း Effect မဖြစ်ဘူး။ အချိန်စောင့်ရတယ်။ ဘာတွေဖြစ်လာသလဲဆိုတော့ ကားတစ်စီးဆိုတာ အမြဲအပိုင်ရှိတာမဟုတ်ဘူး။ ပြောင်းစီးနေတာကိုး။ ပြောင်းစီးတော့ နောက်လူတစ်ယောက်လက်ထဲရောက်သွားရင် (သူကလည်း ရဲအမှုဖြစ်ထားသလား၊ မဖြစ်ထားဘူးလားမေးဖို့ Knowledge မရှိဘူးဆိုရင်) ဝယ်လိုက်ပြီး သူ့အလှည့်ကျမှ လိုင်စင်သွားလည်းဝင်ရော လေးမူငါးမူ ခြောက်မူ



**ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမြင်ကွင်း**

တွေ့တဲ့အခါကျတော့ အများကြီး စိုက်လျော်ရတာတွေ ရှိတယ်။ ကျွန်တော် ဆိုလိုတာကတော့ ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ ဆောင်ရွက်နေတယ်။ ဒါပေမဲ့ Proper Way (စနစ်ကျနသောနည်းလမ်း) မရောက်သေးဘူး။ ကားပွဲစားတန်းဆိုတာကလည်း ကျွန်တော်တို့နိုင်ငံမှာ ပဲရှိနေတာ။ ဒါကို အမြစ်ပြတ်အောင်လုပ်ဖို့ အားလုံးနဲ့ဆက်စပ်နေတယ်။ ကျွန်တော်တို့ စည်ပင်သာယာတစ်ခုထဲနဲ့ လုပ်လို့မရဘူး။ သွားရှင်းလိုက်လို့ရှိရင် ပျောက်သွားတယ်။ နောက် ပြန်ပေါ်လာတယ်။ ပေါ်လိုက်ပျောက်လိုက်နဲ့ပဲ လုံးချာလိုက်နေတာပေါ့။

ကျွန်တော်တို့ နောက်ထပ် ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခု ထပ်ဆောက်ဖို့ အစီအစဉ်ရှိတယ်။ နေရာက ဒဂုံမြောက်မှာ ကျွန်တော်တို့ဖွင့်ထားတဲ့ ယာဉ်အမောင်းသင်ကွင်းအနားက မြေကွက်လပ်မှာ။ အဲဒီမှာ ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခု ထပ်လုပ်လိုက်လို့ရှိရင်၊ အရှေ့ခြမ်း၊ အနောက်ခြမ်း မျှသွားလို့ရှိရင်၊ ခုနက ပြောသလို ရပ်ကွက်တွေထဲမှာ ရှိနေတာတွေ နည်းသွားမယ် ထင်ပါတယ်။

ကျွန်တော်ပြောချင်တာက အများပြည်သူတွေအနေနဲ့ ကားမဝယ်ခင် ဒီကားဟာ အမှုရှိ၊ မရှိ ယာဉ်ထိန်းရုံးကို သွားမေးသင့်တယ်။ ကားရဲ့နောက်ကြောင်း ရှင်း၊ မရှင်းသိထားသင့်တယ်။ နို့မို့ ရှေ့က လူက အမှုလုပ်ထားရင် လိုက်ရှင်းနေရလိမ့်မယ်။ ၅၁ လမ်း ယာဉ်ထိန်းရုံးကလည်း ကားမှတ်တမ်းတွေကို ကွန်ပျူတာနဲ့ စနစ်တကျ မှတ်တမ်းတင်သိမ်းဆည်းထားတာမို့လို့ ကားနံပါတ်ပေးလိုက်တာနဲ့ ဒီကားဟာ အမှုရှင်းတယ် မရှင်းဘူးဆိုတာ ချက်ချင်းသိရတယ်။

**ကျော်နိုင်**

■

ဤကဏ္ဍတွင်……
၄၆ ဘေးအန္တရာယ်များနှင့် အာမခံလုပ်ငန်း၏အရေးပါမှု
၅၂ ဖွံ့ဖြိုးလာသော ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၅၇ ရန်ကုန်ကုန်စည်ဈေးကွက်
၆၁ အသုံးများလာ ဒစ်ဂျစ်တယ်ကင်မရာ
၆၈ မြန်မာနိုင်ငံရှိ အများပိုင်ကုမ္ပဏီများ၏အခန်းကဏ္ဍ
၇၂ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် INGO များ၏ ငွေကြေးဝန်ဆောင်မှုအစီအစဉ်

# ဘေးအန္တရာယ်များနှင့် အာမခံလုပ်ငန်း၏အရေးပါမှု

ကျော်သန်းမင်း

**နိုင်ငံတစ်နိုင်ငံတွင် မြို့ပြတည်ဆောက်မှုနှင့် လူနေမှုပုံစံဖွံ့ဖြိုးတိုးတက်လာမှုတို့နှင့်အတူ ယင်းတို့ကို နှောင့်ယှက်ဟန့်တားသည့် ဘေးအန္တရာယ်အသွယ်သွယ်၏ခြိမ်းခြောက်မှုကိုပါ ဒွန်တွဲရင်ဆိုင်ရလေ့ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် အကြမ်းဖက်မှုအန္တရာယ်တို့ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဆက်တိုက်ဆိုသလို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဆိုပါထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများအတွက် အာမခံလုပ်ငန်းဝန်ဆောင်မှုမှာ အရေးပါသောအခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်သည်။**

မြန်မာနိုင်ငံ၏ အဓိကမြို့တော်ကြီးများကို လွန်ခဲ့သော နှစ် ၂၀ ဝန်းကျင်က ပုံရိပ်လွှာအဟောင်းနှင့် ယခုနှစ်များ၏ ပုံရိပ်လွှာအသစ်တို့ကို နှိုင်းယှဉ်ကြည့်လျှင် များစွာကွာခြားပြောင်းလဲသွားသည်ကို တွေ့ရမည်။ အထူးသဖြင့် ရန်ကုန်မြို့တော်၏ မြို့ပြဖွံ့ဖြိုးမှုမှာ အခြားမြို့ကြီးများနှင့် စာလျှင် သိသိသာသာ ကွာခြားတိုးတက်သွားပြီး အခြားဖွံ့ဖြိုးမှုမြင့်မားသည့် အရှေ့တောင်အာရှနိုင်ငံများ ယခင်က လျှောက်ခဲ့သည့်လမ်းပေါ်သို့ တဖြည်းဖြည်း ရောက်ရှိလာပြီဟု ဆိုရမည်ဖြစ်သည်။

၂၀၀၄ ခုနှစ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်းတို့မှ တရားဝင်ခန့်မှန်း ထုတ်ပြန်ထားသည့်ကိန်းဂဏန်းများအရ ရန်ကုန်မြို့တွင် လူဦးရေ ခြောက်သန်းကျော်ခန့်အထိ တိုးတက်လာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်လာသည်နှင့်အမျှ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအတိုင်းအတာမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာသည်နှင့်အတူ အထပ်မြင့်အဆောက်အအုံကြီးများ၊ နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများ၊ အဆင့်မြင့်ဈေးကြီးများ၊ စက်ရုံကြီးများ၏အရေအတွက်မှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာခဲ့သည်။

ရန်ကုန်မြို့၏ ကားလမ်းမများပေါ်တွင် ဥဒဟိုသွားလာနေကြသည့်ယာဉ်များ

တိုးတက်မှုနှုန်းမှာလည်း မော်တော်ယာဉ် အရေအတွက် တိုးတက်လာခြင်းမှာ ပြည်သူလူထု၏ သွားလာရေးအဆင်ပြေစေသော်လည်း မြို့ပြ၏လက်ခံနိုင်မှုအတိုင်းအတာထက် ပိုမိုမြင့်မားသွားပါက ယာဉ်ပိတ်ဆို့မှု၊ ယာဉ်ရပ်နားရန် နေရာအခက်အခဲနှင့် ယာဉ်မတော်တဆဖြစ်မှုများလည်း တိုးတက်လာနိုင်သည်။

"ရန်ကုန်မြို့ရဲ့ မြို့ပြဖွံ့ဖြိုးမှုပိုင်းကတော့ အခြားဖွံ့ဖြိုးဆဲ အာရှနိုင်ငံတွေလောက် မတိုးတက်ပေမယ့် တစ်နှစ်ထက်တစ်နှစ် မမှတ်မိလောက်အောင် တိုးတက်လာနေတယ်။ ရုပ်ဝတ္ထုပိုင်းတိုးတက်ရုံတင်မကဘူး။ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေရဲ့ အရည်အချင်းကလည်း တိုးတက်လာနေတယ်။ ဒီလိုမြို့ပြဖွံ့ဖြိုးမှုပိုင်း မြင့်မားလာတာနဲ့အမျှ မြို့ပြစီမံကိန်းရဲ့ အခန်းကဏ္ဍကလည်း အများကြီးအရေးပါလာတယ်"ဟု ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ မွမ်းမံပြင်ဆင်သူတစ်ဦးက ဆိုသည်။

## ကမ္ဘာနှင့်အဝန်း ဆုံးရှုံးမှုများ

ကမ္ဘာကြီး၏ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကမ္ဘာကြီး၏ဖောက်ပြန်မှုများကြောင့် သဘာဝကပ်ဆိုးကြီးများလည်း ပိုမိုဖြစ်ပွားလာပြီး ဆုံးရှုံးမှုနှုန်းလည်း ပိုမိုမြင့်မားလာခဲ့သည်။

ပြီးခဲ့သည့် ၁၉၉၇ ခုနှစ်အတွင်း ဆိုးဆိုးဝါးဝါးရေလွှမ်းမိုးမှုပေါင်း ၁၄၀ ကြိမ်ဖြစ်ပွားခဲ့ပြီး မုန်တိုင်း ၁၇၅ ကြိမ်၊ လျှင်နှင့် မီးတောင်ပေါက်ကွဲမှု ၁၀၀ ကြိမ်၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ မိုးခေါင်ခြင်း၊ နှင်းခဲတောင်ပြိုခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း စုစုပေါင်း ၁၂၀ အကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်အတွင်း၌ သဘာဝဘေးအန္တရာယ်ပေါင်း ၅၄၀ ကျရောက်ခဲ့ပြီး လူသားထုတစ်ရပ်လုံးအနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၀၀၀၀ (ဘီလီယံ ၃၀)ပျက်စီးဆုံးရှုံးခဲ့ကြောင်း နိုင်ငံတကာမီဒီယာများတွင် သတင်းဖော်ပြချက်များအရ သိရသည်။

၂၀၀၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ရေလွှမ်းမိုးမှု ၃၇ ကြိမ်၊ မုန်တိုင်း ၄၈ကြိမ်၊ လျှင်နှင့် မီးတောင်ပေါက်ကွဲမှု ၁၃ ကြိမ်၊ အခြား သဘာဝဘေးအန္တရာယ်ပေါင်း ၁၈ ကြိမ် စုစုပေါင်း သဘာဝဘေးအန္တရာယ် ၁၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုးရွားဆုံးမှာ ဆူနာမီရေလှိုင်းဒဏ်ကြောင့်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ပျက်စီးဆုံးရှုံးသွားကြောင်း မှတ်တမ်းများအရ သိရသည်။

## မြန်မာနိုင်ငံနှင့် ဘေးအန္တရာယ်များ

မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုအများဆုံး ဘေးအန္တရာယ်ကြီးတစ်ခုမှာ မီးလောင်ကျွမ်းမှုများဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ တစ်လအတွင်း၌ပင် မီးလောင်မှုအကြိမ် ၂၀ ဖြစ်ပွားခဲ့ပြီး ကားဂိုထောင်တစ်ခုနှင့် အိမ်ခြေအဆောက်အအုံခြောက်လုံးပါရှိကာ ကျပ် ၁၂,၉၂၂,၉၂၅ တန်ဖိုးခန့်

မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုအများဆုံး ဘေးအန္တရာယ်ဖြစ်သည်





**အာမခံအမျိုးအစားပေါင်း ၄၀ ကျော် ဆောင်ရွက်ပေးလျက်ရှိသည်**

ဆုံးရှုံးခဲ့ရကြောင်း၊ ရန်ကုန်တိုင်း နယ်နိမိတ်အတွင်း၌ ၂၀၀၅ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်ပေါင်း ၂၈၁ ကြိမ်ခန့်ဖြစ်ပေါ်ခဲ့ပြီး စက်ရုံအလုပ်ရုံခြောက်ခုနှင့် ဂိုထောင်နှစ်ခုအပါအဝင် အိမ်ခြေပေါင်း ၁၆၆၅ လုံးခန့် ဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေအရ ကျပ် ၄၁၂,၄၁၀,၄၉၈ ဖိုးရှိကြောင်း မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရသည်။

၂၀၀၂ ခုနှစ်တွင် ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၅၀၀ ကျော်၊ ၂၀၀၃ ခုနှစ်တွင် ခန့်မှန်းခြေ ကျပ်သန်း ၇၀၀ ကျော်နှင့် ၂၀၀၄ ခုနှစ်တွင်မူ ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၁၀၀၀ ကျော်ရှိရာ တစ်နှစ်ထက်တစ်နှစ် မီးလောင်မှုကြောင့် ဆုံးရှုံးသွားသောစရိတ်များ ပိုမိုမြင့်မားလာကြောင်း နှစ်အလိုက် စာရင်းဇယားများကို နှိုင်းယှဉ်ခြင်းအားဖြင့် သိနိုင်သည်။

၂၀၀၅ ခုနှစ် မေလ ၇ ရက်နေ့တွင် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ Junction 8 တွင် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ Dagon Centre Shopping Mall တွင် မွန်းလွဲ ၃ နာရီ၌လည်းကောင်း ချိန်ကိုက်ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှုကြောင့် ပေါက်ကွဲသည့်နေ့တွင်ပင် ရဟန်းရှင်လူ ၁၁ ဦးသေဆုံး၍ ၁၆၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ပြီး အသေးစားပေါက်ကွဲမှုပေါင်းများစွာဖြစ်ပေါ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၂ မိနစ် ၄ စက္ကန့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ အနောက်မြောက်ဘက် မိုင် ၁၀၀၀ အကွာ ပင်လင်ကြမ်းပြင်တွင် အင်အားရစ်ချ်စတာစကေး ပမာဏ ၉.၀ ရှိ ငလျင်လှုပ်ခဲ့ပြီး ကပ္ပလီပင်လယ်ပြင်အတွင်း ဆူနာမီရေလှိုင်းကြီးများ ရိုက်ခတ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်မှုကြောင့် အဆောက်အအုံများ၊ တံတားများ ပြိုကျပျက်စီးပြီး လူအသေအပျောက်များ ဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံ၌ ဆူနာမီရေလှိုင်းရိုက်ခတ်မှုဒဏ်ကြောင့် စုစုပေါင်း ၆၁ ဦး သေဆုံးပြီး ၄၂ဦး ဒဏ်ရာရ၍ အိမ် ၆၀၁ လုံး ဆုံးရှုံးပျက်စီးခဲ့ကြောင်း၊ ဆုံးရှုံးမှု တန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၅၈၅.၅၆ သန်းခန့် ရှိကြောင်း အစိုးရကထုတ်ပြန်သော စစ်တမ်းများအရ သိရသည်။

၂၀၀၆ ခုနှစ် ဧပြီလ ၂၈ ရက်နေ့က မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းသို့ စတင်ဝင်ရောက်လာသော ဆိုင်ကလုန်းမုန်တိုင်း မာလာနှင့်တွဲဖက်၍ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် (၃)နှင့်(၄) အနီးတစ်ဝိုက်သို့ လေဆင်နှာမောင်း တိုက်ခတ်သွားရာ စက်ရုံ၊ အလုပ်ရုံများ ပျက်စီးဆုံးရှုံးခဲ့ပြီး စုစုပေါင်း ကျပ်သန်း ၈၀၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

## မြန်မာ့အာမခံလုပ်ငန်း

သဘာဝဘေးအန္တရာယ်များအပါအဝင် လူကြောင့်ဖြစ်သော အခြားဘေးအန္တရာယ်များ၏ ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှုများကိုခံရသည့် ကုမ္ပဏီအဖွဲ့အစည်းများ၊ လူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ကိုင်ရန် အခက်အခဲများစွာရှိခြင်းကြောင့် ယင်းအခက်အခဲပြဿနာကို ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှာဖွေကြရာမှ အာမခံလုပ်ငန်းများ၏ အခန်းကဏ္ဍသည် တွင်ကျယ်လာခဲ့သည်။

ကမ္ဘာပေါ်တွင် အာမခံကုမ္ပဏီများ၏ အခန်းကဏ္ဍမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးမားလာနေပြီး အာမခံလုပ်ငန်းများအပေါ် လူသားတို့၏ မှီခိုအားထားမှုမှာလည်း ပိုမိုကြီးမားလာခဲ့သည်။ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းမှာ မရှိမဖြစ်သကဲ့သို့ တဖြည်းဖြည်းအရေးပါလာခဲ့ပြီး မြန်မာ့အာမခံ လုပ်ငန်းမှာလည်း ပိုမိုဖွံ့ဖြိုးလာခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံအမျိုးအစားပေါင်း ၄၀ ကျော် ဆောင်ရွက်ပေးနေသော်လည်း အဓိကအာမခံအမျိုးအစားမှာ ၂၂ မျိုးရှိကြောင်း၊ မြန်မာ့အာမခံလုပ်ငန်း၏ သက်တမ်းမှာ နှစ် ၅၀ ကျော်

ရှိပြီး နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်၍ လျော်ကြေးကိစ္စအားလုံးကို အစိုးရက တာဝန်ယူကြောင်း၊ အာမခံလျော်ကြေးပေးနိုင်ရန် ရန်ပုံငွေကျပ်သန်းပေါင်း ၁၂၀၀၀ ကျော်ရှိပြီး ကမ္ဘာပေါ်၌ ငွေရေးကြေးရေး အတောင့်တင်းဆုံး တစ်ဆင့်အာမခံကုမ္ပဏီကြီးနှင့် တစ်ဆင့်အာမခံထားကြောင်း မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်မောင်သိမ်းက ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းရုံးခွဲပေါင်း ၃၈ ရုံးကို မြန်မာနိုင်ငံအနှံ့ ဖွင့်လှစ်ထားရှိပြီး ကျပ်ငွေဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်သော်လည်းကောင်း အာမခံထားနိုင်ကြောင်း၊ နိုင်ငံခြားငွေနှင့် အာမခံထားသူများကို နိုင်ငံခြားငွေနှင့် လျော်ကြေး ပြန်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

## မီးအာမခံ

ပြည်သူအများစုထားလေ့ရှိသော အာမခံဖြစ်သည်။ အဆောက်အအုံများသာမက အိမ်ရှိပရိဘောဂ၊ ဂိုထောင်အတွင်း သိုလှောင်ထားသောပစ္စည်းများပါ အာမခံထားနိုင်ပြီး အနည်းဆုံး ၁၀ ရက်မှ အများဆုံး တစ်နှစ်အထိထားနိုင်ကြောင်း၊ သက်တမ်းစေ့သွားပါက သက်တမ်းဆက်တိုးနိုင်၍ တစ်နှစ်သက်တမ်းမီးအာမခံထားပြီး မီးလောင်မှုမဖြစ်ပွားပါက နောက်တစ်နှစ် မီးအာမခံဆက်လက်ထားရှိလျှင် ပရီမီယံလျော့ကြေးငွေအဖြစ် မူလပရီမီယံထက် ၂၅ ရာခိုင်နှုန်း လျော့ကျသက်သာနိုင်ကြောင်း ဦးမောင်မောင်သိမ်းက ရှင်းပြသည်။

မီးအာမခံထားသော်လည်း–

(၁) မိမိဘာသာရှို့သောမီး၊ (၂) ပစ္စည်း၏ဓာတ်သဘာဝအရ အလိုအလျောက်ထတောက်သောမီး၊ (၃) မီးတောင်ပေါက်ကွဲမှုလောင်ကျွမ်းသောမီး၊ (၄) ပေါက်ကွဲမှု (အိမ်သုံးဓာတ်ငွေ့မီးဖိုပေါက်ကွဲမှုမှအစ)၊ (၅) တောမီးအမျိုးမျိုး၊ (၆) မြေယာရှင်းလင်းသည့်မီးများလောင်ကျွမ်းပါက မီးအာမခံနှင့်မသက်ဆိုင်ခြင်းကြောင့် မီးအာမခံလျော်ကြေးရရှိမည်မဟုတ်ကြောင်း၊ ယင်းမီးလောင်မှုမျိုးများမှလွဲ၍ အခြားသော မီးလောင်မှုအမျိုးမျိုးအတွက်မူ အာမခံလျော်ကြေးရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပရီမီယံကြေးအနေဖြင့်မူ မီးအာမခံထားရှိသောပစ္စည်း၏တန်ဖိုး၊ အခြေအနေ၊ အမျိုးအစား၊ ပတ်ဝန်းကျင်၊ မီးသတ်ဌာနနှင့် အကွာအဝေး၊ မီးသတ်ပစ္စည်းထားရှိမှုများပေါ်မူတည်ပြီး ကွာခြားမှုရှိကြောင်း၊ ပစ္စည်းကောင်း၊ ပတ်ဝန်းကျင်ကောင်းပါက ပရီမီယံသက်သာတတ်ပြီး အာမခံအတန်းအစားလေးမျိုးခွဲထားကြောင်း ၎င်းက ပြောကြားသည်။

ပထမတန်းစားအဆောက်အအုံမှာ ကွန်ကရစ်တိုင်၊ အုတ်ကာပြီး သွပ် (သို့)၊ မီးခံပြား (သို့) အုတ်ကြွပ်မိုးထားသော အဆောက်အအုံ၊ ဒုတိယတန်းစား အဆောက်အအုံမှာ တိုက်ခံအိမ်ကဲ့သို့ အဆောက်အအုံမျိုး၊ တတိယတန်းစား အဆောက်အအုံမှာ သွပ်မိုး၊ ပျဉ်ထောင်အိမ်၊ အဆောက်အအုံများဖြစ်ပြီး မီးလောင်လွယ်သော ဓနိ၊ သက်ကယ်၊ ဝါးကပ်မိုး အဆောက်အအုံများမှာ စတုတ္ထအမျိုးအစားဖြစ်ကြောင်း၊ ၎င်းအမျိုးအစားတွင် သာမန်၊ ဝန်ထမ်းနှင့် သီးခြားခြံဝင်းဟူ၍ သုံးမျိုးထပ်ခွဲထားကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

## မော်တော်ယာဉ်အာမခံ

မော်တော်ယာဉ်အာမခံကို အဓိကအားဖြင့် သူတစ်ပါးထိခိုက်မှုအာမခံနှင့် အလုံးစုံမော်တော်ကား အာမခံဟူ၍ နှစ်မျိုးခွဲခြားထားပြီး သူတစ်ပါးထိခိုက်မှုအာမခံမှာ အာမခံထားသူ၏ မော်တော်ကားကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးသွားသူ (သို့) ပျက်စီးသွားသည့်ပစ္စည်းအတွက်

**သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအား လျော်ကြေးပြန်လည်ရရှိနိုင်သည့် အာမခံလုပ်ငန်းကို စိတ်ဝင်စားလာကြသည်**



**မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်ပေးနေသည့်**
**အဓိကအာမခံအမျိုးအစားများ**

| စဉ် | အာမခံအမျိုးအစား | စဉ် | အာမခံအမျိုးအစား |
|---|---|---|---|
| ၁။ | အသက်အာမခံ | ၁၂။ | သမာဓိအာမခံ |
| ၂။ | မီးအာမခံ | ၁၃။ | ခရီးသွားအာမခံ |
| ၃။ | ရေကြောင်း၊ လေကြောင်း ကုန်းလမ်း၊ ကုန်ပစ္စည်းအာမခံ | ၁၄။ | ကိုယ်အင်္ဂါထိခိုက်မှုအာမခံ |
| | | ၁၅။ | သဘော်သားအသက်အာမခံ |
| ၄။ | ရေကြောင်းကိုယ်ထည်အာမခံ | ၁၆။ | တစ်ဆင့်အာမခံ |
| ၅။ | လေကြောင်းအာမခံ | ၁၇။ | ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်ငန်းရှင်များ တာဝန်ရှိမှုအာမခံ |
| ၆။ | အင်ဂျင်နီယာအာမခံ | | |
| ၇။ | သူတစ်ပါးထိခိုက်မှုအာမခံ | ၁၈။ | မြေသယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းရှင်များ တာဝန်ရှိမှုအာမခံ |
| ၈။ | အလုံးစုံမော်တော်ယာဉ်အာမခံ | ၁၉။ | အထွေထွေနစ်နာဆုံးရှုံးမှုပေးလျော်ရန် အာမခံ |
| ၉။ | ရေနံနှင့်သဘာဝဓာတ်ငွေ့အာမခံ | ၂၀။ | စုပေါင်းအသက်အာမခံ |
| ၁၀။ | ငွေပို့ငွေသယ်အာမခံ | ၂၁။ | ပြည်ပတွင် အလုပ်သွားရောက်လုပ်ကိုင်မည့်(တရားဝင်)အလုပ်သမား အသက်အာမခံ |
| ၁၁။ | ငွေသားလုံခြုံမှုအာမခံ | | |
| | | ၂၂။ | မြွေအန္တရာယ်အာမခံ |

လျော်ကြေးပေးသည့် အာမခံမျိုးဖြစ်ကြောင်း၊ ယင်းအာမခံအမျိုးအစားကို မော်တော်ယာဉ်ပိုင်ရှင်တိုင်း မထားမနေရထားရကြောင်း၊ မြန်မာနိုင်ငံ၏ သူတစ်ပါးထိခိုက်မှု အာမခံနည်းဥပဒေများအရ အာမခံထားသောယာဉ်ကြောင့် ပစ္စည်းပျက်စီးဆုံးရှုံးသူ၊ ဒဏ်ရာရသူနှင့် သေဆုံးသူ၏ တရားဝင်ဇနီး (သို့) လင်ယောကျ်ား (သို့) သက်ဆိုင်သူသာ အာမခံမှ လျော်ကြေးပေးမည်ဖြစ်ကြောင်း ဦးမောင်မောင်သိမ်းက ဆိုသည်။

အလုံးစုံမော်တော်ယာဉ်အာမခံမှာ မော်တော်ကားတစ်စီး ထိခိုက်ပျက်စီးမှုအတွက်နှင့် မော်တော်ကားကြောင့် မော်တော်ကားပိုင်ရှင်အနေဖြင့် သူတစ်ပါးအပေါ် တာဝန်ရှိမှုများအတွက် ပေးလျော်သည့်အာမခံအမျိုးအစားဖြစ်ပြီး အလုံးစုံမော်တော်ယာဉ်အာမခံမှာ သူတစ်ပါးထိခိုက်မှုအာမခံကဲ့သို့ မထားမနေရ သတ်မှတ်မထားခြင်းကြောင့် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ဆန္ဒအလျောက် မထားလိုက မထားဘဲနေနိုင်ကြောင်း၊ အလုံးစုံအာမခံထားပါက ပြည်ပနိုင်ငံများတွင်မပေးသော မော်တော်ကားချင်းတိုက်မှုနှင့် ဖြုတ်ခိုးခံရမှုများအတွက်ပါ မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးပေးကြောင်း ၎င်းက ရှင်းပြသည်။

သူတစ်ပါးထိခိုက်မှုအာမခံနှင့် အလုံးစုံမော်တော်ကားအာမခံနှစ်ရပ်ကို အာမခံထားသူများ ရောထွေးတတ်ကြောင်း၊ အလုံးစုံမော်တော်ယာဉ်အာမခံထားလျှင် အာမခံထားသည့် မော်တော်ယာဉ် ထိခိုက်ပျက်စီးပါက အာမခံလျော်ကြေးရမည်ဖြစ်ပြီး အာမခံထားသည့် မော်တော်ယာဉ်ကြောင့် ပျက်စီးသွားသည့် သူတစ်ပါးထိခိုက်မှုအတွက်လည်း အာမခံမှ ပေးလျော်ကြောင်း၊ အာမခံထားသူ၏ ကိုယ်အင်္ဂါထိခိုက်မှုအတွက်လည်း လျော်ကြေးရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းရှင်းပြသည်။

မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးပေးသည့် အလုံးစုံမော်တော်ယာဉ်အာမခံများမှာ–

(၁)မတော်တဆ (သို့) စက်ချို့ယွင်းခြင်း၊ ဟောင်းနွမ်းခြင်းကြောင့် တိုက်မိခြင်း၊ တိမ်းမှောက်ခြင်း၊ (၂) မီးလောင်ခြင်း၊ ပြင်ပတွင်ဖြစ်သော ပေါက်ကွဲမှု၊ မိုးကြိုးပစ်ခြင်း၊ မော်တော်ကားတွင် အလိုအလျောက်မီးထလောင်ခြင်း၊ (၃) ခိုးယူခံရခြင်း၊ (၄) မစ္ဆရိယစိတ်ဖြင့် ဖျက်ဆီးခံရခြင်း၊ (၅) မော်တော်ကားအား ကုန်းလမ်း၊ ရေလမ်း၊ ဓာတ်လှေကားတို့ဖြင့် သယ်ဆောင်ခြင်းကြောင့်ပျက်စီးခြင်း၊ (၆) အပေါ်မှ ပြုတ်ကျသော အရာဝတ္ထုကြောင့် ပျက်စီးခြင်းတို့ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။

## ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အာမခံ

မြန်မာနိုင်ငံအနေဖြင့် ခေတ်မစားသေးသော်လည်း နောက်ပိုင်းတွင် ခေတ်စားလာနိုင်သည့် အာမခံအမျိုးအစားဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသူများအနေဖြင့် လုပ်ငန်းခွင်တွင် မတော်တဆဆုံးရှုံးမှုများ ဖြစ်နိုင်ခြေများစွာရှိ၍ မတော်တဆဆုံးရှုံးမှုများအတွက် အာမခံဝယ်ထားပါက ယင်းအတွက် အကာအကွယ်ရနိုင်ခြင်းကြောင့် နောက်ပိုင်းတွင် ခေတ်စားလာနိုင်သည့် အာမခံအမျိုးအစားဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကြုံတွေ့ရမည့် အန္တရာယ်များအတွက် အကာအကွယ်ပေးသည့် အာမခံအမျိုးအစားကို အဓိကအားဖြင့် ကန်ထရိုက်တာ အလုံးစုံ အန္တရာယ်အာမခံနှင့် တည်ဆောက်မှုအလုံးစုံအန္တရာယ်အာမခံဟူ၍ နှစ်မျိုးခွဲထားကြောင်း၊ ယင်းအာမခံနှစ်ခုမှာ အာမခံအကာအကွယ်တူသော်လည်း အဓိကခြားနားချက်မှာ ကန်ထရိုက်တာ အလုံးစုံ

အန္တရာယ်အာမခံမှာ မြို့ပြဆောက်လုပ်ရေးလုပ်ငန်းများအတွက်ဖြစ်ပြီး တည်ဆောက်မှုအလုံးစုံအန္တရာယ်အာမခံမှာ စက်တည်ဆောက်မှု၊ သံမဏိနှင့် တည်ဆောက်သည့်လုပ်ငန်းများအတွက်ဖြစ်ကြောင်း ဦးမောင်မောင်သိမ်းက ဆိုသည်။

ကန်ထရိုက်တာအလုံးစုံအန္တရာယ်တွင် ခြွင်းချက်အနေဖြင့် (၁) စစ်ကြောင့်ဖြစ်သည့်ပျက်စီးမှု၊ (၂) သပိတ်မှောက်မှုအမျိုးမျိုးကြောင့်ပျက်စီးမှု၊ (၃) နိုင်ငံရေးပယောဂကြောင့်ပျက်စီးမှု၊ (၄) အစိုးရအာဏာပိုင်များကြောင့်ဖြစ်သည့်ကိစ္စ၊ (၅) နျူကလီးယားကြောင့်ဖြစ်သည့်ကိစ္စ၊ (၆) တမင်သက်သက် ပေါ့လျော့မှုကြောင့်ဖြစ်သည့်ကိစ္စ၊ (၇) လုပ်ငန်းရပ်ဆိုင်းမှုကြောင့်ဖြစ်သည့်ကိစ္စ၊ (၈) မှားယွင်းသည့်ဒီဇိုင်းပုံစံကြောင့် ဖြစ်သည့် ကိစ္စများကို လျော်ကြေးပေးမည်မဟုတ်ကြောင်း၊ ယင်းအချက်ရှစ်ချက်မှအပ အခြားထိခိုက်ပျက်စီးမှုများကို လျော်ကြေးပေးမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။



**အလုံးစုံအာမခံထားရှိထားသင့်သည်**

## အာမခံအလားအလာ

ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးအန္တရာယ်ဆိုးကြီးများ ကျရောက်မှု ပိုမိုမြင့်မားလာသည့်အလျောက် မြန်မာနိုင်ငံမှာလည်း ယင်းသဘာဝ ဘေးအန္တရာယ်ဆိုးကြီးများ၏ ရိုက်ခတ်မှုကို အနည်းနှင့်အများဆိုသလို ကြုံတွေ့လာကြရာ မြန်မာနိုင်ငံသားများအနေဖြင့် ယင်းဘေးအန္တရာယ်ကြီးများကြောင့်ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ ကြုံတွေ့လာခြင်းကြောင့် ဆုံးရှုံးမှုများကို ပြန်ရစေသည့် အာမခံထားခြင်းကို စိတ်ဝင်စားလာကြမည်ဖြစ်၍ မြန်မာ့အာမခံလုပ်ငန်း၏ အခန်းကဏ္ဍမှာ တိုးတက်လာဖွယ်ရှိကြောင်း လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

အာမခံထားသူအများစုမှာ မီးအာမခံသာထားကြခြင်းကြောင့် အခြားပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက အာမခံထားလျက်နှင့် အာမခံလျော်ကြေးမရသည့်ဖြစ်ရပ်များ ဖြစ်ပွားလာမှုကြောင့် နောက်ပိုင်းကာလများတွင် အလုံးစုံအာမခံကဲ့သို့ အခြားအာမခံထားရှိမှုကို အာမခံထားသူများ စိတ်ဝင်စားလာဖွယ်ရှိကြောင်း၊ အာမခံနှင့်ပတ်သက်သည့်ကိစ္စရပ်များကို အာမခံထားရှိသူများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာမှသာ အာမခံ၏အရေးပါမှုကို လူများ သိရှိလာမည်ဖြစ်ကြောင်း အာမခံကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

## နိဂုံး

နိုင်ငံတကာတွင်မူ ပုဂ္ဂလိကအာမခံလုပ်ငန်းများ လွတ်လပ်စွာ စနစ်တကျ လုပ်ကိုင်နိုင်သည့်အပြင် အာမခံနှင့် ပတ်သက်သော အသိပညာဗဟုသုတများကိုလည်း အမြဲမပြတ်ဖြန့်ဖြူးအသိပေးလျက်ရှိသည်။ အထူးသဖြင့် အာမခံကုမ္ပဏီမှ ဝန်ဆောင်ပေးမည့်အချက်များနှင့် အာမခံထားသူရရှိနိုင်မည့်အခွင့်အလမ်း၊ လတ်တလော ရင်းနှီးမြှုပ်နှံရမည့်ငွေကြေးပမာဏတို့ကို ချင့်ချိန်စဉ်းစားနိုင်ကြရန် သက်ဆိုင်ရာကုမ္ပဏီများက ပွင့်လင်းစွာ ထုတ်ပြန်ပေးလေ့ရှိသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အာမခံနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များ၊ သဘောတရားများသိရှိမှုပိုင်း အားနည်းနေ၍ အာမခံထားသည့်အလေ့အထ နည်းပါးနေခြင်းကြောင့်သာ အာမခံ၏ အခန်းကဏ္ဍမှာ ကြီးမားကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်လာကြောင်း တွေ့ရသည်။

နိုင်ငံသားများအနေဖြင့် အာမခံထားခြင်း၏ ကောင်းကျိုးဆိုးပြစ်များကို တွက်ချက်ချင့်ချိန်နိုင်လာပါက အာမခံလုပ်ငန်းမှာ မြန်မာနိုင်ငံတွင် ယခုထက် ပိုမိုတွင်ကျယ်လာနိုင်ပါသည်။

မြန်မာနိုင်ငံသာမက ကမ္ဘာကြီးတစ်ခုလုံးတွင်ပင် ကမ္ဘာသူကမ္ဘာသားများ၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်ဖောက်ပြန်မှုများနှင့် သဘာဝဘေးဒဏ်များ တိုး၍တိုး၍ ကြုံတွေ့လာရပေမည်။ သို့ဆိုလျှင် တစ်ကမ္ဘာလုံးရှိ အာမခံလုပ်ငန်းများသည်လည်း ထိုအခြေအနေကို တွက်ချင့်၍ တစ်နှစ်ထက်တစ်နှစ် လုပ်ငန်းပိုမိုကျယ်ပြန့်လာမည်မှာ များစွာသေချာနေပါသည်။ ထို့အတူ ယင်းအခြေအနေတို့မှာ စိန်ခေါ်မှုများပင် ဖြစ်ပေသည်။

**ကျော်ဆန်းမင်း**



# ဖွံ့ဖြိုးလာသော ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သာလွန်ဇောင်းထက် ၊ ကျော်ဆန်းမင်း

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသော လူနေမှုဘဝတွင် လူသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ပလတ်စတစ်ပစ္စည်းများသည် မရှိမဖြစ်အရေးပါသောအခန်းကဏ္ဍမှပါဝင်လာပြီး နယ်ပယ်အသီးသီးတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အသုံးပြုလာလျက် ရှိကြသည်။ များပြားလာသော နိုင်ငံ၏လူဦးရေနှင့် တွင်ကျယ်လာသော အသုံးပြုမှုများကြောင့် ယင်းတို့ကို ထုတ်လုပ်ရောင်းချ သည့်ဈေးကွက်မှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးကြီးထွားလာခဲ့သလို စွန့်ပစ်ရာတွင်လည်း စနစ်တကျစွန့်ပစ်ခြင်းမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုပါ တစ်စတစ်စ စိန်ခေါ်လျက် ရှိနေသည်။**

## မြန်မာ့ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများ

မြန်မာနိုင်ငံတွင် ပလတ်စတစ်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများကို လွတ်လပ်ရေးမရမီ ၁၉၄၀ ခုနှစ်အချိန်မှ စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း နည်းပါးလှသေးကြောင်း၊ အရှိန်အဟုန်ဖြင့် စတင်လုပ်ဆောင်လာကြသည်မှာ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင်မှဖြစ်ပြီး ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများ တိုးပွားများပြားလာသည့်နည်းတူ ပလတ်စတစ်ပစ္စည်းဈေးကွက်မှာလည်း ကြီးမားကျယ်ပြန့်လာခဲ့ကြောင်း မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ 555 ပလတ်စတစ်စက်ရုံ

အကြီးအကဲဦးထွန်းက ပြောကြားသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင်ထားသော အကြီးစားပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၅၀၀၀ မှ ၆၀၀၀ အကြားရှိနေပြီး တစ်ပိုင်တစ်နိုင် အသေးစားပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၄၀၀၀ ကျော်ရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းစုစုပေါင်း ၁၀၀၀၀ ကျော်ရှိနေကြောင်း ၎င်းက ဆိုသည်။ အဆိုပါစာရင်းကိန်းဂဏန်းအရ ဆယ်စုနှစ်တစ်ခုကျော်အတွင်း မြန်မာ့ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည်ကို အထင်အရှားတွေ့မြင်နိုင်ပါသည်။

## လုပ်ငန်းသဘာဝနှင့် လည်ပတ်စီးဆင်းပုံ

ယေဘုယျအားဖြင့် ပလတ်စတစ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အိမ်သုံးပလတ်စတစ်ပစ္စည်း၊ အီလက်ထရွန်နစ်ဆိုင်ရာပလတ်စတစ်ပစ္စည်း၊ ကျန်းမာရေးဆိုင်ရာပလတ်စတစ်ပစ္စည်း၊ ပိုက်နှင့် ပိုက်ဆက်ပလတ်စတစ်ပစ္စည်း၊ အလှကုန်ဆိုင်ရာပလတ်စတစ်ပစ္စည်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာပလတ်စတစ်ပစ္စည်း၊ ခရီးသွားယာဉ်များဆိုင်ရာပလတ်စတစ်ပစ္စည်းနှင့် အထွေထွေသုံးပလတ်စတစ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများဟူ၍ ခွဲခြားနိုင်ကြောင်း လှိုင်သာယာစက်မှုဇုန်မှ ပလတ်စတစ်ထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်ကျော်အောင်က ပြောကြားသည်။

ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်တွင်းဖြစ်စက်နှင့် ပြည်ပမှ မှာယူတင်သွင်းသော စက်ဟူ၍ နှစ်မျိုးရှိကြောင်း၊ တစ်နိုင်တစ်ပိုင် အသေးစားပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြည်တွင်းဖြစ်စက်များ အသုံးပြုကြပြီး အကြီးစားပလတ်စတစ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်ပမှ တင်သွင်းသည့် နိုင်ငံတကာအဆင့်မီ စက်ကြီးများကို အသုံးပြုကြကြောင်း ၎င်းက ဆိုသည်။ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပလတ်စတစ်ပစ္စည်းနှင့် ခရီးသွားယာဉ်ဆိုင်ရာပလတ်စတစ်ပစ္စည်းများကို ပြည်တွင်းတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ခြင်း မရှိသေးသောကြောင့် ပြည်ပမှ မှာယူတင်သွင်းနေရပြီး အခြား ပလတ်စတစ်ပစ္စည်းများကိုမူ ပြည်တွင်းတွင် လုံးဝနီးပါးထုတ်လုပ်နေနိုင်သည်ကို တွေ့ရသည်။

ပြည်တွင်း၌ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်းကော်စေ့များကို ပြည်ပမှ မှာယူတင်သွင်းရသည်။ ကော်စေ့သည် ရေနံထွက်ကုန်တစ်မျိုးဖြစ်၍ ရေနံချက်စက်ရုံများတွင်သာ ထုတ်လုပ်နိုင်သည့်အတွက် ပြည်တွင်းတွင် စက်ရုံတည်ဆောက်မည်ဆိုပါက အမေရိကန်ဒေါ်လာ သိန်း ၆၀၀ မှ ၇၀၀ အကြား ကျသင့်နိုင်၍ ပြည်တွင်းကော်စေ့ထုတ်လုပ်ငန်းများ ပေါ်ပေါက်ရန် အခက်အခဲရှိကြောင်း ဦးထွန်းက ဆိုသည်။ ပြည်ပမှ မြန်မာနိုင်ငံတွင်းသို့ ကော်စေ့အမျိုးပေါင်း ၃၀ ကျော် တင်သွင်းနေပြီး ကော်စေ့တင်သွင်းသည့် ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိသည့်အနက် ကော်စေ့များမှာ P.E ကော်စေ့၊ P.P ကော်စေ့၊ P.V.C ကော်စေ့၊ P.E.T ကော်စေ့နှင့် P.S ကော်စေ့တို့ကို အများဆုံးတင်သွင်းကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"ကော်စေ့တွေကို ပြည်ပကတင်သွင်းရတာကြောင့် ကမ္ဘာ့ကော်စေ့ဈေးနှုန်းပြောင်းလဲမှုဟာ ပြည်တွင်းပလတ်စတစ်ထုတ်ကုန်ပစ္စည်းဈေးနှုန်းအပေါ် အကြီးအကျယ် သက်ရောက်မှုရှိပါတယ်"ဟု ဦးကျော်ကျော်အောင်က သုံးသပ်ပြောဆိုသည်။

ပြည်တွင်းတွင် ကော်စေ့ထုတ်လုပ်နိုင်ခြင်းမရှိသေးသော်လည်း အသုံးပြုပြီး ပလတ်စတစ်ပစ္စည်းများကို ပြန်လည်ကျိုချက်၍ Recycle (ပြန်သုံး)စနစ်ဖြင့် ထုတ်လုပ်သည့် ကော်စေ့ထုတ်လုပ်ခြင်းလုပ်ငန်းများရှိနေသော်လည်း အဆိုပါကော်စေ့များသည် အရည်အသွေးပြည့်မီခြင်းမရှိသေးသည့်အပြင် ဈေးကွက်လိုအပ်ချက်၏ တစ်စိတ်တစ်ပိုင်းကိုသာ ဖြည့်ဆည်းပေးနိုင်သေးသည်ကို တွေ့ရသည်။

## ဈေးကွက်သဘာဝနှင့် ပြည်ပဈေးကွက်အနေအထား

မြန်မာနိုင်ငံ၏ ပလတ်စတစ်ပစ္စည်း ဈေးကွက်အနေအထားကိုကြည့်ပါက တိုးတက်ပြောင်းလဲမှုများရှိသည်ကို တွေ့ရသည်။ ၁၉၈၈–၈၉ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင်းသို့ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မလေးရှားနိုင်ငံလုပ် ပလတ်စတစ်ပစ္စည်းများ အဓိကတင်သွင်းပြီး ပြည်တွင်းထုတ်လုပ်မှုမှာ ပြောပလောက်အောင် မရှိသေးပေ။ ၁၉၉၇–၉၈ ခုနှစ်နောက်ပိုင်းတွင် ပြည်တွင်းသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်းသာ ပြည်ပမှတင်သွင်းပြီး ကျန် ၅၀ ရာခိုင်နှုန်းကို ပြည်တွင်းတွင် ထုတ်လုပ်လာနိုင်ကာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင်မူ ဈေးကွက် ၏လိုအပ်ချက်လုံးဝနီးပါးကို ပြည်တွင်းတွင်ပင် ရာနှုန်းပြည့်ထုတ်လုပ်လာနိုင်သည်။ ဈေးကွက်လိုအပ်ချက်အားလုံးနီးပါးကို ပြည်တွင်းတွင်ပင် ထုတ်လုပ်နိုင်ပြီဖြစ်သော်လည်း ပြည်ပတိုင်းပြည်များမှ အထူးသဖြင့် ထိုင်းနိုင်ငံလုပ် ပလတ်စတစ်ပစ္စည်းများ ဈေးကွက်တွင်းသို့ ဝင်ရောက်နေဆဲ ဖြစ်ပြီး ပြည်တွင်းထုတ်ပလတ်စတစ်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိတော့ကြောင်း မင်္ဂလာဈေးတွင် ပလတ်စတစ်ပစ္စည်းရောင်းချသူ ဒေါ်ဝင်းဝင်းမေက ပြောကြားသည်။

"ပစ္စည်းချင်းလည်းတူ၊ အရည်အသွေးချင်းလည်းတူတော့ ဈေးသက်သာတဲ့ ပြည်တွင်းဖြစ်ပစ္စည်းတွေကိုပဲ ဝယ်သုံးဖြစ်ပါတယ်" ဟု Mega Star ကုမ္ပဏီမှ ဒါရိုက်တာ ဦးဝင်းတင်က ဆိုသည်။

မြန်မာ့ပလတ်စတစ်ပစ္စည်းများသည် နိုင်ငံတကာအဆင့်မီ စက်ကြီးများအသုံးပြုပြီး ပြည်ပမှတင်သွင်းသော အရည်အသွေးမြင့်ကော်စေ့များဖြင့် ထုတ်လုပ်ထားသောကြောင့် နိုင်ငံတကာအဆင့်မီအရည်အသွေးရှိကြောင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရန်အတွက်မှာမူ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားမှု၊ အမြတ်ခွန်စရိတ်နှင့် အခြေခံထုတ်လုပ်မှုစွမ်းအားများ ချို့တဲ့နေခြင်း စသည့်အခက်အခဲများ ရှိနေခြင်းကြောင့် ယခု လတ်တလောအချိန်တွင် ပြည်ပတင်ပို့ရန်မဖြစ်နိုင်သေးကြောင်း 555 ပလတ်စတစ်မှ ဦးထွန်းက သုံးသပ်သည်။

ဦးကျော်ကျော်အောင်ကမူ မြန်မာနိုင်ငံထုတ် ပလတ်စတစ်ပစ္စည်းများ ပြည်ပတင်ပို့ရန်မှာ ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍပိုင်း အရေးကြီးသကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်များ၏ အားပေးကူညီမှုလည်း အများအပြားလိုအပ်သည်ဟု ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ မဝေးလှသော အနာဂတ်အချိန်အခါတွင် မြန်မာနိုင်ငံ၌ထုတ်လုပ်သော Made in Myanmar စာတမ်းပါ ကမ္ဘာ့အဆင့်မီပလတ်စတစ်ပစ္စည်းများကို ပြည်ပဈေးကွက်များတွင် တွေ့မြင်နိုင်တော့မည်ဟု မျှော်လင့်မိကြောင်း ၎င်းက ပြောကြားသည်။

## ပလတ်စတစ်ပစ္စည်းများ၏ အသုံးဝင်ပုံများ

ယခင်က ဆေးကုသရာတွင် ဖန်ဖြင့်ပြုလုပ်ထားသော ဆေးထိုးအပ်များကို တစ်ကြိမ်အသုံးပြုပြီး နောက်တစ်ကြိမ်အသုံးပြုရန်အတွက် ရေနွေးနှင့်ပြုတ်ခဲ့ရပြီး ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော တစ်ခါသုံးဆေးထိုးအပ်များ ပေါ်ပေါက်လာပြီး နောက်တွင်မူ အဆိုပါဒုက္ခကင်းဝေးသွားသည်။ ဆေးထိုးခြင်းမှ ကူးစက်နိုင်သော မလိုလားအပ်သည့် ရောဂါဘေးအန္တရာယ်များမှ လူသားတစ်ရပ်လုံး လွတ်ကင်းနိုင်ခဲ့သည်။ ထိုနည်းတူစွာပင် လူနာများကို ကိုင်တွယ်ရာတွင် အသုံးပြုသည့် ပလတ်စတစ်လက်အိတ်၊ ပလတ်စတစ်ပိုက်၊ ပလတ်စတစ်သွေးအိတ် စသည်ဖြင့် ဈေးနှုန်းသက်သာသော တစ်ခါသုံးကျန်းမာရေး အထောက်အကူပြု ပလတ်စတစ်ပစ္စည်း ပေါ်ပေါက်လာခြင်းက လူသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍအတွက် များစွာအကျိုးဖြစ်ထွန်းစေပါသည်။

မြေအောက်အဝီစိတွင်း တူးယူရာတွင်လည်းကောင်း၊ ရေသွယ်ယူရာတွင်လည်းကောင်း သံပိုက်၊ သံထည်များ သုံးစွဲခဲ့ကြပြီး အချိန်ကြာရှည်လာသောအခါ အဆိုပါသံပိုက်များတွင် သံချေးတက်လာခြင်းကြောင့် ရေတွင် သံဓာတ်ပါဝင်မှုများ

**အသုံးဝင်သော်လည်း သဘာဝပတ်ဝန်းကျင်အတွက် ဆိုးဝါးသော သက်ရောက်မှုများရှိနေသည်**



စေပြီး သံချေးအနည်အမှုန်များကြောင့် သန့်ရှင်းမှုနည်းပါးစေကြောင်း၊ ရေပိုက်များတွင် သံချေးပိတ်ဆို့၍ လဲလှယ်တပ်ဆင်ရာတွင် ဈေးနှုန်းကြီးမြင့်ခြင်းနှင့် တပ်ဆင်ပြုပြင်ရာတွင် အခက်အခဲများရှိခြင်းကြောင့် ယခုအခါ ပလတ်စတစ်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြုပြီး ဈေးကွက်ခိုင်မာစွာရရှိနေကြောင်း စော်ဘွားကြီးကုန်းပွဲရုံမှ ကောင်းကင်ပြာပိုက်နှင့် ပိုက်ဆက်ပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်ထားသူ ဦးသိန်းငွေက ပြောကြားသည်။

ကုမ္ပဏီရုံးခန်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဈေးဆိုင်များ စသည့် နေရာအနှံ့အပြားတွင် သစ်ဖြင့်ပြုလုပ်သော စားပွဲ၊ ခုံ စသည့် ပရိဘောဂပစ္စည်းများ နေရာတွင် ပလတ်စတစ်ပရိဘောဂပစ္စည်းများက အစားထိုးဝင်ရောက်လာသည်။ ပလတ်စတစ်ပရိဘောဂပစ္စည်းများတွင် ကျယ်စွာအသုံးပြုမှုသည် သစ်သားပရိဘောဂပစ္စည်းများအသုံးပြုမှုကို လျော့ကျစေပြီး သစ်ပင်ခုတ်လှဲမှုကို လျော့နည်းလာစေသောကြောင့် တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သည်ဟု သစ်တောတက္ကသိုလ် ဒုတိယနှစ်ကျောင်းသား နိုင်ထွန်းက သုံးသပ်သည်။ "ကျွန်တော့်လက်ဖက်ရည်ဆိုင်မှာတော့ ပလတ်စတစ်စားပွဲခုံတွေပဲ သုံးတယ်။ ဒီပလတ်စတစ်ပရိဘောဂပစ္စည်းတွေက သစ်သားစားပွဲ၊ ခုံတွေထက် ဈေးသက်သာတယ်။ ပေါ့ပါးတဲ့အတွက် ဆိုင်သိမ်းရလွယ်တယ်။ ဆွေးသွားမှာတို့၊ ခြစားမှာတို့ မပူရဘူးပေါ့"ဟု မရမ်းကုန်းမြို့နယ်မှ ရွှေရည်ဝင်းလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးရွှေထွန်းက ဆိုသည်။ ထိုသို့လုပ်ငန်းခွင်များတွင်သာမက ဧည့်ခန်းဝင်ပရိဘောဂပစ္စည်းများအဖြစ်လည်း အစားထိုးသုံးစွဲလာသည်ကို တွေ့ရသည်။

နေ့စဉ် ထိတွေ့ကိုင်တွယ်နေရသော ပလတ်စတစ်ပစ္စည်းများတွင် ကြွပ်ကြွပ်အိတ်များသည် ထိပ်တန်းစာရင်းတွင် ပါဝင်နေသည်။ သာမန်ဈေးသည်မှအစ နိုင်ငံတကာအဆင့်မီကုန်တိုက်ကြီးများအဆုံး ထုပ်ပိုးရာတွင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကိုပင် တွင်ကျယ်စွာအသုံးပြုနေကြသည်။ သီရိမင်္ဂလာဈေးတွင် ငါးရောင်းချနေသူ ဒေါ်နှင်းပွင့်ဖြူကမူ–

"ကျွန်မဆိုင်မှာ တစ်နေ့ကို (၅× ၉) ကြွပ်ကြွပ်အိတ်တစ်ထုပ်နဲ့ (၆× ၁၁) ကြွပ်ကြွပ်အိတ်နှစ်ထုတ်ကုန်တယ်" ဟု ဆိုသည်။ သာမန်ဈေးသည်တစ်ဦးပင် ဤမျှ ကြွပ်ကြွပ်အိတ်ပမာဏအများအပြားသုံးစွဲနေလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေ့စဉ်အသုံးပြုမှုအတွက်ဆိုလျှင် ဆိုဖွယ်ရာမရှိပေ။ ရန်ကုန်မြို့တွင် ကြွပ်ကြွပ်အိတ်ထုတ်လုပ်သောလုပ်ငန်းပေါင်း ၁၅၀၀ ကျော်ရှိသည်ဟု ဦးကျော်ကျော်အောင်က ဆိုသည်။ အဆိုပါကိန်းဂဏန်းအရ ပလတ်စတစ်ကြွပ်ကြွပ်အိတ်ထုတ်လုပ်ရေးလုပ်ငန်းအရေအတွက်သည် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထိပ်တန်းစာရင်းတွင် ပါဝင်နေသည်ဟု ဆိုရပေမည်။

## ပလတ်စတစ်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်

ပလတ်စတစ်ပစ္စည်းများသည် ကြီးမားသော အကျိုးပြုမှုရှိသော်လည်း သဘာဝပတ်ဝန်းကျင်အတွက် ဆိုးဝါးသောသက်ရောက်မှုများရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွစွာပါဝင်လုပ်ဆောင်နေပြီး ရန်ကုန်တက္ကသိုလ်မှ Environmental Studies ဘာသာရပ်အထူးပြုဖြင့် မဟာသိပ္ပံဘွဲ့ရရှိခဲ့သူ မညွန့်စန္ဒာထွေးက ဆိုသည်။ "ဒီပလတ်စတစ်ပစ္စည်းတွေက Polyethylene၊ Polyethylen Terephthalate၊ Polyporopylene၊ Polyvinyl၊ Chloride စတဲ့ ဓာတုပစ္စည်းတွေနဲ့လုပ်ထားတာ။ ဒါကြောင့် ဒီပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေက ရေထဲမှာဆိုနှစ် ၂၀၊ ၃၀ လောက်မှ ပျက်စီးနိုင်ပြီး မြေပေါ်မှာလည်း နှစ်အတော်ကြာမှ ပျက်စီးတယ်။ ရေထဲမှာစွန့်ပစ်ရင် ရေထုညစ်ညမ်းမယ်၊ မြောင်းတွေမှာဆိုရင် မြောင်းပိတ်ဆို့မှုတွေဖြစ်မယ်။ မြေပေါ်မှာဆိုရင်တော့ မြေဆီလွှာပျက်သုဉ်းမှုကိုဖြစ်စေနိုင်ပါတယ်။ ဒါတင်မကသေးဘူး ကြွပ်ကြွပ်အိတ် စွန့်ပစ်ပစ္စည်းတွေကြောင့် မြို့တော်သန့်ရှင်းရေးနဲ့ လူထုကျန်းမာရေးကို ထိခိုက်စေပါတယ်" ဟု မညွန့်စန္ဒာထွေးက ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ အန္တရာယ်ကို ရှင်းပြသည်။

## အန္တရာယ်ရှိသော ပလတ်စတစ်

ပလတ်စတစ်ပစ္စည်းများမှာ လူသားတို့၏ဘဝတွင် မပါမဖြစ်အသုံးပြုနေရသော်လည်း ပလတ်စတစ်၏အန္တရာယ်မှာ တစ်နေ့ထက်တစ်နေ့ ပိုမိုကြီးမားလာနေသည်။ ပလတ်စတစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းပြီး လူနှင့် တိရစ္ဆာန်များကို ရောဂါအန္တရာယ်များ ကျရောက်စေနိုင်သည်။

ပလတ်စတစ်အိတ်နှင့် ပလတ်စတစ်ပစ္စည်းမှာ သဘာဝအတိုင်း အလိုအလျောက်ပျက်စီးသွားခြင်းမရှိဘဲ နှစ်ပေါင်းများစွာတည်ရှိနေနိုင်ခြင်းကြောင့် စွန့်ပစ်မှုအရေအတွက် များပြားလာပါက ပလတ်စတစ်အမှိုက်များ၏ နှောင့်ယှက်မှုကြောင့် စကျူပသာဒကို များစွာထိခိုက်စေပြီး မြေကြီးထဲတွင် တူးမြှုပ်နှံပါက မြေဆီလွှာအတွင်း နှစ်ပေါင်းများစွာတည်ရှိနေပြီး မြေဩဇာပျက်စီးမှုကိုဖြစ်စေမှုကြောင့် အပင်များအတွက် ဆိုးကျိုးဖြစ်စေသည်။ ယင်းပလတ်စတစ်အမှိုက်များ၏ သိပ်သည်းမှုနှုန်းနည်းခြင်းကြောင့် အဆောက်အအုံများဆောက်လုပ်ရာတွင် ပလတ်စတစ်အမှိုက်များ ကုန်စင်အောင် မဖယ်ရှားနိုင်ပါက အဆောက်အအုံများ မြေပြိုခြင်း၊ ယိုင်ခြင်း၊ ပြိုလဲခြင်းများ ဖြစ်စေနိုင်သည်။

ပလတ်စတစ်အမှိုက်များကို Recycle

(ပြန်သုံး)ပြန်လုပ်ရန်ကျိုချက်ခြင်း၊ မီးပုံရှို့ခြင်းမှ ထွက်လာသော အခိုးအငွေ့များတွင် Dioxin(အဆိပ်ငွေ့) ဓာတ်ငွေ့တစ်မျိုးထွက်ရှိပြီး ယင်းဓာတ်ငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ အိုဇုန်းလွှာထိခိုက်စေခြင်းများဖြစ်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် မြန်မာငှက်ဝါသနာရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းမြင့်က ဆိုသည်။

အဆိုပါပလတ်စတစ်မီးခိုးများတွင်ပါဝင်သော Dioxin အငွေ့မှာ မီးခိုးခေါင်းတိုင်မှ ကောင်းကင်ထက်သို့ တက်သွားပါက ကမ္ဘာ့လေထုကို ထိန်းသိမ်းထားသည့် အိုဇုန်းလွှာပါးလွှာခြင်း၊ အက်ဆစ်မိုးများ ရွာသွန်းစေခြင်းတို့ဖြစ်စေပြီး စိုထိုင်းသော ရာသီဥတုကြောင့် အထက်သို့ မတက်နိုင်သောအခါတွင် ယင်းအငွေ့များမှာ မီးခိုးမြူထု (Smok) အဖြစ် အောက်သို့ပြန်ကျလာပြီး အောက်တွင်ရှိသော လူနှင့်တိရစ္ဆာန်များကို အသက်ရှူကျပ်ခြင်း၊ ကိုယ်တွင်းအင်္ဂါများထိခိုက်စေနိုင်ပြီး သောက်ရေ၊ သုံးရေကန်များအတွင်းကျပါက ယင်းအငွေ့များ ရေထုအတွင်း စိမ့်ဝင်သွားပြီး သောက်သုံးသူများကို အန္တရာယ်ကျရောက်စေကြောင်း ၎င်းက ဆိုသည်။

မပျက်စီးသေးသော ပလတ်စတစ်အိတ်များ၊ ကြွပ်ကြွပ်အိတ်များကလည်း ကုန်းနေ၊ ရေနေသတ္တဝါများကို အန္တရာယ်ပြုကြောင်း၊ ငါးများ၊ ငှက်များ၏ခေါင်းတွင် ပလတ်စတစ်အိတ်များ၊ ကြွပ်ကြွပ်အိတ်များ စွပ်မိ၍ အသက်ရှူကျပ်ပြီး သေဆုံးခြင်း၊ အစာနှင့် ရောထွေးမျိုချမှုကြောင့်လည်ပင်းတွင်တစ်ဆို့၍ အသက်ရှူရပ်သေဆုံးခြင်းတို့ဖြစ်သည်ကို မကြာခဏတွေ့နေရကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

## သုံးသပ်ချက်

လူသားတို့၏ဘဝတွင် ပလတ်စတစ်ပစ္စည်းများ၏အခန်းကဏ္ဍမှာ လွန်စွာအရေးပါနေခြင်းကြောင့် ပလတ်စတစ်ပစ္စည်းများ၏ အခန်းကဏ္ဍကို ဖျောက်ဖျက်ရန်မဖြစ်နိုင်သော်လည်း ပလတ်စတစ်၏ဘေးထွက်ဆိုးကျိုးများ၊ အန္တရာယ်များမှာ တစ်နေ့တခြား ကြီးမားလာနေမှုကြောင့် သုံးစွဲသူများအနေဖြင့် စနစ်တကျအမှိုက်ပုံးများအတွင်း စွန့်ပစ်ခြင်း၊ တတ်နိုင်လျှင် ပလတ်စတစ်အမှိုက်များ သီးခြားခွဲ၍ စွန့်ပစ်ခြင်းတို့ ပြုကြရမည်ဖြစ်သည်။



ရန်ကုန်မြို့တွင်းမှ ပလတ်စတစ်ပစ္စည်းအရောင်းဆိုင်တစ်ခု

ပြည်ပနိုင်ငံများတွင် ပလတ်စတစ်၏အန္တရာယ်ကြီးမားလာမှုကြောင့် ပလတ်စတစ်နေရာတွင် ပလတ်စတစ်ကဲ့သို့ ဈေးနှုန်းချိုသာပြီး ခိုင်ခံ့၊ ပေါ့ပါးသောပစ္စည်းများ သုံးစွဲထုတ်လုပ်ရန် ကြိုးစားနေကြပြီဖြစ်သည်။ အချို့နိုင်ငံများတွင် ကပ်ကော်၊ ထမင်းကော်ကဲ့သို့ ကော်မျိုးများဖြင့် ပလတ်စတစ်အိတ်များ ထုတ်လုပ်သုံးစွဲနေပြီး ယင်းအိတ်များမှာ ရေနှင့်ထိတွေ့ရုံနှင့် အရည်ပျော်စေနိုင်ကြောင်း ဦးသိန်းမြင့်က ဆိုသည်။

ပလတ်စတစ်အိတ်များ၏ အန္တရာယ်မှ လျော့ကျကာကွယ်နိုင်စေရန် ပလတ်စတစ်အိတ်များ၊ ကြွပ်ကြွပ်အိတ်များကို မဖြစ်မနေသုံးရသော နေရာများတွင်သာသုံးစွဲခြင်း၊ ပလတ်စတစ်အမှိုက်များ မီးရှို့ဖျက်ဆီးရာတွင် လူ၊ တိရစ္ဆာန်၊ ရေတွင်း၊ ရေကန်များနှင့်ဝေးရာတွင် သွားရောက်၍ ပတ်ဝန်းကျင်မထိခိုက်စေရန် အထူးသတိထားစွန့်ပစ်သင့်ကြောင်း ၎င်းက ဆိုသည်။

ပလတ်စတစ်ဘေးအန္တရာယ်မှာ များစွာကြီးမားလာခြင်းကြောင့် ပလတ်စတစ်အိတ်အစား အခြား အစားထိုးသုံးစွဲနိုင်သည့်နည်းလမ်းများရှာဖွေရန် R & D (Research and Development) အသင်းများကို တာဝန်ရှိသူများမှ ဦးဆောင်ဖွဲ့စည်းပြီး ပလတ်စတစ်နှင့်ပတ်သက်သည့် ဘေးအန္တရာယ်များ မကျရောက်စေရန် စနစ်တကျဆောင်ရွက်သင့်ကြောင်း၊ ပလတ်စတစ်သုံးစွဲသူများကိုလည်း ပလတ်စတစ်အမှိုက်များ၏အန္တရာယ်ကို ထင်ရှားစွာသိရှိစေရန် မီဒီယာများမှတစ်ဆင့် အသိပညာပေးမှုများပြုလုပ်ရန် များစွာလိုအပ်ကြောင်း ကျန်းမာရေးနယ်ပယ်မှ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**သာလွန်ဇော်ထက်၊ ကျော်ဆန်းမင်း**

■



# ရန်ကုန်ကုန်စည်ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွင့်

**ရန်ကုန်မြို့တော်ရှိစားသုံးသူများလိုအပ်မည့် အခြေခံစားကုန်များ ဖြန့်ဖြူးရာ ဘုရင့်နောင်ပွဲရုံများနှင့် ညောင်ပင်လေးဈေးတို့တွင် ဝန်ထမ်းလစာတိုးမြှင့်မည့်သတင်း ထွက်ပေါ်ချိန်မတ်လမှစ၍ တစ်ဟုန်ထိုးပြောင်းလဲမြင့်မားလာ သောကုန်စည်ဈေးနှုန်းများမှာ မေလကုန်ပိုင်းအနည်းငယ်ကျဆင်းလာကာ ဇွန်လတွင်ဈေးတန့်လျက်ရှိသည်။ ယင်းကဲ့သို့တန့်လျက်ရှိသော ဈေးနှုန်းသည် ဈေးကွက်၏ လတ်တလောဝယ်လိုအား၊ ရောင်းလိုအားအပေါ်မူတည်၍ အချိန်ကာလအတော်ကြာ တန့်နေဦးဖွယ်ရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူတို့က ခန့်မှန်းကြသည်။**

## ဆန်၊ ဆီ ဈေးငြိမ်

လက်ရှိဆန်ဈေးကွက်အခြေအနေသည် တည်ငြိမ်သော နှုန်းထားတစ်ရပ်တွင် ရပ်တည်နေပြီး တက်ရန်မရှိ၊ ကျဆင်းရန်မရှိသော အခြေအနေဖြင့် ကာလကြာရှည်ရှိနေမည်ဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ဆန်ပွဲရုံလုပ်ငန်းရှင်များက ပြောကြားသည်။ နယ်စုံမှ နွေဆန်များဆက်တိုက်ဝင်ရောက်နေသောကာလဖြစ်၍ ယခင်လများကဲ့သို့ ဆန်ပြတ်လပ်မှုအခြေအနေများဖြစ်ပေါ်ရန်မရှိကြောင်း၊ ရန်ကုန်ဈေးကွက်သို့ နေ့စဉ် ဆန်ဝင်ရောက်မှုမှာ တစ်နေ့လျှင် ၄၈၀၀၀ အိတ်အထက်ဝင်ရောက်နေကြောင်း ၎င်းတို့က ဆိုသည်။ ဇွန်လဆန်းကုန်ရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သော နှုန်းထားများမှာ ဆန်အချောတစ်အိတ်လျှင် ၁၄၅၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်ကြား၊ ဆန်အကြမ်း နွေဆန်



တစ်အိတ် ၉၀၀၀ ကျပ်မှ ၁၁၈၀၀ ကျပ်ကြား၊ အဟောင်း ၉၈၀၀ ကျပ်မှ ၁၂၅၀၀ ကျပ်ကြားနှုန်းထားများဖြစ်ပေါ်နေပြီး လောလောဆယ် ဈေးနှုန်းအပြောင်းအလဲမရှိနိုင်သေးကြောင်း၊ အရောင်းအဝယ်ဈေးကွက်မှာလည်း ပုံမှန်သာရှိကြောင်း ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုလဆီဈေးကွက်တွင်လည်း ပြည်ပမှ ဆီတင်သွင်းမှုပုံမှန်ရှိခြင်းကြောင့် ဈေးနှုန်းအပြောင်းအလဲသိပ်မရှိဘဲ ပဲဆီတစ်ပိဿာလျှင် ၁၈၀၀ ကျပ်မှ ၂၂၀၀ ကျပ်ဝန်းကျင်၊ စားအုန်းဆီတစ်ပိဿာလျှင် ၁၅၀၀ ကျပ်မှ ၁၄၅၀ ကျပ်ဝန်းကျင် ကျပ်နှုန်းထားဖြင့် တည်ငြိမ်လျက်ရှိကြောင်း၊ ဆီအုန်းမှ ထုတ်လုပ်သော ဆီဝင်ရောက်လာပါကလည်း ထုတ်လုပ်မှုကုန်ကျစရိတ်များစွာရှိနေ၍ ယင်း၏ပမာဏမည်မျှဝင်ရောက်မည်ကို ခန့်မှန်း၍မရနိုင်သေးသော်လည်း ပြည်ပမှ ဆီတင်သွင်းမှုသာ လျော့ကျမည်ဖြစ်ပြီး ဈေးနှုန်းအပေါ် သက်ရောက်မှုများစွာမရှိနိုင်ကြောင်း ဆီကုန်သည်လုပ်ငန်းရှင်တစ်ဦးကသုံးသပ်သည်။

## ပဲမျိုးစုံ ဈေးထိုးကျ

ပြည်ပမှ အဝယ်ရှိသော်လည်း အိန္ဒိယပဲဈေးကွက်အတွင်း ဈေးနှုန်းများထိုးကျနေခြင်းတို့ကြောင့် တင်ပို့မှုအနည်းငယ်လျော့ကျသွားကြောင်း၊ ရွှေဈေး ငွေမာဈေးကျဆင်း၍ ပြည်တွင်းပဲဈေးကွက်မှာလည်း ဈေးထိုးကျသွားကြောင်း ပဲမျိုးစုံပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပြည်ပတင်ပို့မှုများသော မတ်ပဲသည် မေလအလယ်မှစပြီး ဈေးထိုးဆင်းလာရာ ယင်းကာလပေါက်ဈေးတစ်အိတ်လျှင် ၆၃၅၀၀ ကျပ်မှ ၅၆၅၀၀ ကျပ်သို့ ကျဆင်းသွားကြောင်း၊ အိန္ဒိယအပြင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်တို့မှ အမှာ ရရှိသော်လည်း ပြည်ပတင်ပို့သော ကုမ္ပဏီများထံတွင် ယခင်ဝယ်ယူပြီး ပစ္စည်းလက်ကျန်များရှိနေ၍ ယင်းတို့ကိုသာ တင်ပို့နေရကြောင်း နယ်တွင် ပစ္စည်းလက်ကျန်လျော့နည်းနေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။ မတ်ပဲကဲ့သို့ပင် ပြည်ပအဝင်ရှိသော ပဲတီစိမ်းမှာ မေလနှောင်းပိုင်း ဇွန်လဆန်းရက်တွင် မြစ်ဝကျွန်းပေါ်တစ်အိတ်လျှင် ၅၆၀၀၀ ကျပ်မှ ၅၀၀၀၀ ဝန်းကျင်၊ ပဲတီစိမ်း ခရမ်းရွှေဝါမှာ ၆၃၀၀၀ ကျပ်မှ ၅၈၀၀၀ ကျပ်ဝန်းကျင်သို့ ကျဆင်းသွားကြောင်း၊ မုံရွာ–မြင်းခြံဒေသတို့မှ အရည်အသွေးမြင့် အညာရွှေဝါပဲတီစိမ်းများလည်း ဝင်ရောက်နေပြီး ရန်ကုန်အရောက်ဈေးနှုန်းမှာ တစ်အိတ် ၅၅၀၀၀ ကျပ်ပေါက်ဈေးရှိနေသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ အခြားပဲများ၏ ဈေးနှုန်းများမှာ ပဲစင်းငုံတစ်တန်လျှင် ၂၂၀၀၀၀ ကျပ်၊ ပဲလွန်းဖြူ တစ်အိတ်လျှင် ၄၃၅၀၀ ကျပ်၊ လွန်းနီ ၃၁၀၀၀ ကျပ်၊ ဘိုကိတ် ၃၅၀၀၀ ကျပ်၊ ပဲနီလုံး ၃၀၀၀၀ ကျပ်၊ ပဲနီပြား ၃၂၀၀၀ ကျပ်၊ ပဲထောပတ် ၃၃၀၀၀ ကျပ်တို့ဖြစ်ကြောင်း၊ မြေပဲဈေးနှုန်းမှာ တစ်ပိဿာလျှင် အနီ ၁၅၅၀ ကျပ်မှ ၁၄၅၀ ကျပ်၊ အဖြူ ၁၄၀၀ ကျပ်မှ ၁၂၅၀ ကျပ်သို့ ကျဆင်းသွားကြောင်း၊ ပစ္စည်းအနည်းငယ်ရှားပါးချိန် ဇူလိုင်လပထမပတ်တွင် ပဲမျိုးစုံဈေးနှုန်း မြင့်မားလာနိုင်ကြောင်း ပဲမျိုးစုံ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

## ငရုတ်၊ ကြက်သွန်ဈေးကောင်း အာလူးအေး

အချိန်အခါမဟုတ်ရွာသောမိုး၊ မုန်တိုင်းမိုးတို့ကြောင့် နှစ်ကြိမ်တိုင်တိုင် ပျက်စီးခဲ့သော်လည်း ယခုနှစ် ငရုတ်သီးအထွက်တိုးနှုန်းကောင်းမည်ဖြစ်ကြောင်း ငရုတ်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ဇွန်လဆန်းအတွင်း ဖြစ်ပေါ်နေသော ငရုတ်ဈေးများမှာ မိုးထောင်တစ်ပိဿာ ၂၀၀၀ ကျပ်မှ ၂၄၀၀ ကျပ်၊ ငရုတ်ရှည် ၁၈၀၀ ကျပ်နှင့် ငရုတ်ပွ ၃၅၀၀ ကျပ်ဝန်းကျင် ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ငရုတ်ခင်းများ ရေလွှမ်းခံရမှုများဖြစ်ပေါ်ခြင်းတို့ကြောင့် အထွက်နှုန်းသိသိသာသာ လျော့ကျမည်ဖြစ်ရာ ယခုနှစ်ငရုတ်ဈေးမှာ အောက်တိုဘာလအတွင်းထွက်ရှိမည့် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းဒေသတို့၏ အထွက်နှုန်းပေါ်တွင် မူတည်နေကြောင်း၊ ယင်းဒေသအထွက်နှုန်းလျော့ကျပါက ယခုနှစ်အတွက် ငရုတ်ဈေးကောင်းမည်ဖြစ်ကြောင်း အဆိုပါငရုတ်

ပွဲရုံလုပ်ငန်းရှင်က ထပ်လောင်းပြောကြားသည်။

ကြက်သွန်ဈေးကွက်တွင် ပြည်ပတင်ပို့ရန် တန်ချိန်အများအပြားခွင့်ပြုခဲ့ခြင်းကြောင့် အရောင်းအဝယ်ကောင်းမည်ဖြစ်ကြောင်း ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။ လက်ရှိ ကြက်သွန်ဈေးကွက်အခြေအနေမှာ နယ်ဈေးနှုန်းများမြင့်တက်နေပြီး အထွက်လျော့ကျခြင်းကြောင့် တောင်သူအချို့ လက်ရှိပစ္စည်းကို ထိန်းသိမ်းရောင်းချနေ၍ ရန်ကုန်ဈေးကွက်မှာ နယ်ဈေးအပေါ်မှီခို၍ ရောင်းချလျက်ရှိကြောင်း လက်ရှိဈေးနှုန်းမှာ တစ်ပိဿာ ၅၀၀ ကျပ်မှ ၈၀၀ ကျပ်ရှိပြီး ပြည်ပတင်ပို့မှု အပြည့်အဝတင်ပို့မည်ဆိုပါက ပြည်တွင်းဈေးကွက်တွင် ကုန်သည်တို့ ဈေးကောင်းရမည် ဖြစ်ပြီး လက်ကျန် နည်းဖွယ်ရှိကြောင်းငင်းက ထပ်လောင်း ပြောကြားသည်။

ကြက်သွန်ဖြူမှာ ရှမ်းသီးတစ်ပိဿာလျှင် ၈၀၀ ကျပ်မှ အရည်အသွေးကောင်း အလုံးကြီးတစ်ပိဿာ ၁၁၇၅ ကျပ်၊ ကြူကုတ် ၁၈၀၀ ကျပ်ပေါက်ဈေးရှိပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်မှုနည်းသော အာလူးမှာ တစ်ပိဿာလျှင် တစ်ပိဿာ ၂၈၀ ကျပ်မှ ၄၅၀ ကျပ်ရှိပြီး ဈေးကွက်အတွင်း ငါးကျပ် ၁၀ ကျပ်ဝန်းကျင်တွင်သာ ပြောင်းလဲမှုရှိသည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့် ပြန်ဆင်း

မေလအတွင်းက စံချိန်တင် တက်ရိပ်ပြခဲ့သော ဆပ်ပြာနှင့် ဆပ်ပြာမှုန့် ဈေးနှုန်းများမှာ ဇွန်လဆန်းအရောက်တွင် အနည်းငယ်တန့်သွားသော်လည်း ဈေးနှုန်းများ သိသိသာသာကျဆင်းသွားခြင်းမရှိသေးဘဲ ဈေးမာလျက်ရှိကြောင်း ဩောင်ပင်လေးဈေးမှ လက်ကားအရောင်းဆိုင်အချို့က ပြောကြားသည်။ ဈေးနှုန်းများမှာ ဈေးမြင့်လာရခြင်းမှာ နိုင်ငံတကာ ငွေကြေးဖလှယ်မှုနှုန်းထားအပြောင်းအလဲများကြောင့်ဖြစ်ပြီး ကုန်ကြမ်းတင်သွင်းမှု အနည်းအများကလည်း ဈေးကွက်အပေါ်တွင် သက်ရောက်လေ့ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ပြည်တွင်းထုတ် ရွှေဝါကဲ့သို့ ဆပ်ပြာများမှာ ဝင်းသူဇာအရောင်းဆိုင်များ၏ ကုန်ပစ္စည်းအသွင်းအထုတ်ပေါ် မူတည်၍ ဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှုပုံစံ ပြောင်းလေ့ရှိကြောင်း၊ နိုင်ငံပိုင်စက်ရုံများ၏ ထုတ်လုပ်မှုအတိုးအလျော့ပေါ်တွင်လည်းမူတည်ကြောင်း၊ ဆပ်ပြာမှုန့်ဈေးနှုန်းများ မေလအတွင်း နှစ်ဆနီးပါးမြင့်တက်ခဲ့ရာမှ ဇွန်လဆန်းတွင် သုံးပုံတစ်ပုံခန့် ပြန်လည် လျော့ကျသွားကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**ယခုနှစ် ငရုတ်ဈေးကောင်းမည်ဟု ဆိုကြသည်**







## နို့ဆီ၊ သကြား

ဇွန်လဆန်းရက်အတွင်း သကြားဈေးနှုန်းများ ပြန်လည်ကျဆင်းလာသော်လည်း အမျိုးအစားအလိုက် တစ်ပိဿာလျှင် ၉၀၀ ကျပ်မှ ၁၄၀၀ ကျပ်ထိ ဈေးပေါက်လျက်ရှိကြောင်း ညောင်ပင်လေးဈေးမှ စုံစမ်းသိရှိရသည်။ အစိုးရဝန်ထမ်းများ လစာငွေများ တိုးမြှင့်မှုကြောင့် မေလကုန်ပိုင်းတွင် တက်ရိပ်ပြခဲ့သော သကြားဈေးနှုန်းမှာ ၎င်းနှင့်ဆက်စပ်သည့် လက်ဖက်ရည်ဆိုင်လုပ်ငန်းများ၏ ရောင်းဈေးနှုန်းများကိုပါ မြင့်တက်စေခဲ့ပြီး ယခု သကြားဈေးများ ပြန်ဆင်းလာသော်လည်း အဆိုပါဆက်စပ်လုပ်ငန်းများ၏ ရောင်းဈေးနှုန်းပြန်မကျသည်ကို တွေ့ရသည်။ နို့ဆီများလည်း ဈေးနှုန်းတန့်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း၊ မေလကုန်ပိုင်းတွင် တက်ရိပ်ပြခဲ့သော ဈေးနှုန်းများ ယခုကဲ့သို့ တန့်သွားခြင်းဖြစ်ကြောင်း ညောင်ပင်လေးဈေးအတွင်းမှ စုံစမ်းသိရှိရသည်။

## အချိုရည်မျိုးစုံ

မိုးရာသီကာလဝင်ရောက်လာသည်နှင့်အမျှ အချိုရည်မျိုးစုံမှာ အရောင်းကျလျက်ရှိပြီး ဈေးကွက်အေးလျက်ရှိကြောင်း၊ ပြည်ပထုတ်အချိုရည်များမှာ ဈေးကွက်တွင် ကုန်ပစ္စည်းအဝင် တစ်ခါတစ်ရံရပ်သွားလျက်ရှိရာ နယ်စပ်ဒေသများမှ ဝင်ရောက်မှုပုံမှန်မရှိခြင်းကြောင့် ဖြစ်ကြောင်း ညောင်ပင်လေးဈေးရှိ အချိုရည်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။ ယခင်နွေရာသီတွင် အများအပြားထွက်ရှိခဲ့သော ပြည်တွင်း ထုတ်အချိုရည်အမှတ်တံဆိပ်အသစ်တချို့မှာ ဈေးကွက်တွင် ပျောက်ကွယ်သွားသည်ကိုတွေ့ရပြီး အမှတ်တံဆိပ်အသစ်များ ဈေးကွက်တွင် ထပ်မံဝင်ရောက်မှုမရှိသည်ကိုပါတွေ့ရကြောင်း အဆိုပါလုပ်ငန်းရှင်၏အဆိုအရ သိရသည်။ အချိုရည်ရောင်းအားမှာ သီတင်းကျွတ်ကာလတွင်သာ ပြန်လည်ဦးမော့လာဖွယ်ရှိပြီး သကြားဈေးနှုန်းအပြောင်းအလဲမှာ ပြည်တွင်းထုတ် အချိုရည်ဈေးနှုန်းအပေါ် သက်ရောက်လေ့ရှိကြောင်း ၎င်းဈေးမှ အချိုရည်အရောင်းဆိုင် လုပ်ငန်းရှင်အများစုက ရှင်းပြသည်။

## ဈေးကွက်ယုံကြည်မှု

ဈေးကွက်တို့မည်သည်ပတ်ဝန်းကျင် အခြေအနေအားလုံးနှင့် ချိတ်ဆက်ယှက်နွှယ်နေသည့်အလျောက် မကြာခဏဆိုသလို ပြောင်းလဲတတ်သော ရာသီဥတုအခြေအနေအရပ်ရပ်၏ရိုက်ခတ်မှု အမြဲရှိနေတတ်သည်။ ဈေးကွက်အတွင်းရှိ ကုန်စည်သီးနှံများသည် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပြည်သူတစ်ရပ်လုံး၏ ရိက္ခာဖူလုံကြွယ်ဝရေးကို အဓိက အထောက်အပံ့ပြုနေရာ ယင်းဈေးကွက် တည်ငြိမ်မှု ရှိမှသာလျှင် ရှေ့ဆက်၍ ဖွံ့ဖြိုးမှုဆီသို့ ဦးတည်နိုင်မည်ဖြစ်သည်။ သို့အတွက် ဈေးကွက် တည်ငြိမ်မှုရှိစေသော ရေခံမြေခံများ ဖန်တီးပေးရေး၊ ဈေးကွက်အပေါ် နိုင်ငံသားအားလုံးက ယုံကြည်မှုရှိရေး၊ ဈေးကွက် ဖော်ဆောင်မောင်းနှင်သူများက စီးပွားရေးမူဝါဒများအပေါ် ယုံကြည်မှုရှိရေး စသည့် အပြန်အလှန်ယုံကြည်မှုတို့ တည်ဆောက်နိုင်မှသာ ဈေးကွက်တစ်ခု၊ စီးပွားရေး နယ်ပယ်တစ်ရပ် ဖွံ့ဖြိုးလာနိုင်ကြောင်း ဘောဂဗေဒပညာရှင်များက သုံးသပ်ထားသည်။

**သန်းထိုက်သူ၊ သစ်ထွန်း**

■





# အသုံးများလာသော ဒစ်ဂျစ်တယ်ကင်မရာ

**သန်းထိုက်သူ နှင့် အယ်ဒီတာတစ်ဦး**

**မြန်မာနိုင်ငံ၏ ဓာတ်ပုံကင်မရာလောကတွင် ၂၀၀၀–၂၀၀၁ ခုနှစ်ခန့်က အစပြုလာသော ဒစ်ဂျစ်တယ်ကင်မရာကို Professional ဓာတ်ပုံလောကသားအားလုံးလိုလို အသုံးပြုနေကြပြီး လာမည့် ၂ နှစ်တာကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိသားစုဝင်များကပါ ရာနှုန်းပြည့်သုံးစွဲလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဈေးကွက်အတွင်းမှ တညီတညွတ်တည်း သုံးသပ်ကြသည်။**

အချိန်သည် လူသားတိုင်းအဖို့ တန်ဖိုးဖြတ်မရသည့်အရာတစ်ခုဖြစ်သည်။ ကိုယ်စီကိုယ်င အသက်မွေးဝမ်းကျောင်း အလုပ်ကိုလိုက်၍ အချိန်ကို အကျိုးရှိရှိ အသုံးချကြရသည်။ အထူးသဖြင့် အချိန်နှင့်အမျှ သတင်းအချက်အလက်များ မြန်ဆန်စွာရရှိရေးကြိုးစားနေရသည့် မီဒီယာလောကသားများအတွက်ဆိုပါက အချိန်၏ အရေးပါမှုမှာ ဆိုဖွယ်မရှိဖြစ်သည်။ ဒစ်ဂျစ်တယ်ကင်မရာမတိုင်ခင်က ဓာတ်ပုံတစ်ပုံရရှိရန် အဆင့်များစွာကျော်ဖြတ်ရသည်။ ဓာတ်ပုံရိုက်၊ ဖလင်ဆေး၊ ကူးဆိုသော သာမန်အဆင့်သာမက ဓာတ်ပုံကူးဆေးဆရာများ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေခဲ့ရသည့်ကာလများ ရှိခဲ့သည်။ ၎င်းတို့စိတ်လိုလက်ရရှိစွာ ကူးပေးပါမှ မိမိတို့ဖောက်သည်ကို စိတ်လက်ချမ်းသာစွာ ဓာတ်ပုံအပ်နှံနိုင်သည်။ ဆိုလိုသည်မှာ သာမန် ရိုက်၊ ကူးဆေး ဆိုခြင်းက လက်ဖြင့်ကူးသည့်ခေတ်တွင်တောင် အချိန်မကြာလှ။ ကူးပေးမည့်ပုဂ္ဂိုလ်များအားချိန်၊ စိတ်ကြည်သာချိန်၊ သုံးသည့်ဓာတ်ပုံဆေးပစ္စည်းအချိန်အခါ၊ အလုပ်သင်များလက်သို့ပြီးစလွယ်မအပ်လိုက်ရေး စသည့် အဆင့်

များကို ကျော်ဖြတ်ရသည်က ပို၍ခက်ခဲခြင်းကို ဆိုလိုသည်။ ယနေ့တွင်မူ ထိုအဖြစ်နှင့် လုံးဝပြောင်းပြန်ဖြစ်သွားသည်။ ဒစ်ဂျစ်တယ်ကင်မရာနှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များက ထိုအဟန့်အတားများကို တစ်မုဟုတ်ချင်း ဖြေရှင်းပေးလိုက်သည်။ ဒစ်ဂျစ်တယ်ဓာတ်ပုံကူးဆိုင်များက အပြိုင်အဆိုင်ဈေးလျှော့၊ မေတ္တာလက်ဆောင်များ အလုအယက်ပေးကာ ဓာတ်ပုံဆရာများ၊ ဒစ်ဂျစ်တယ်ကင်မရာကိုင်သူများကို ဖိတ်ခေါ်နေကြပေပြီ။ တစ်နည်းအားဖြင့်ပြောရလျှင် ဓာတ်ပုံလောက၏ ပါရာဒိုင်းအပြောင်းအလဲပင်ဖြစ်သည်။



ဓာတ်ပုံလောက၏ ပါရာဒိုင်းအပြောင်းအလဲပင်ဖြစ်သည်

## ကင်မရာ+ဖလင် = ဒစ်ဂျစ်တယ်ကင်မရာ

ရန်ကုန်မြို့တော်တွင် မကြာသေးခင်ကသော နှစ်အပိုင်းအခြားအတွင်းမှစ၍ ဒစ်ဂျစ်တယ်ကင်မရာအသုံးပြုမှု တစ်ဟုန်ထိုးများပြားလာသည်။ ယခုဆိုလျှင် တစ်လုံးလျှင် သိန်းထောင်ချီပေးရသော ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက် ၁၅ လုံးနှင့် အထက် ရန်ကုန်နှင့် မန္တလေးမြို့တော်များတွင် ရှိနေပေပြီ။ ထို့အတူ ရန်ကုန်မြို့တော် ဈေးကွက်အခြေအနေအရ မီဒီယာများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များမှသည် မိသားစုအပျော်တမ်းသုံးအထိ ဒစ်ဂျစ်တယ်ကင်မရာဝယ်ယူနှုန်းမြင့်မားလာသည်။ ၂၀၀၂ ခုနှစ်ခန့်မှစ၍ တစ်နှစ်ပြီးတစ်နှစ် ဝယ်လိုအားတိုးတိုးလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ အရည်အသွေးနှင့် အလုပ်လုပ်ပေးနိုင်သောစွမ်းရည်အပေါ်မူတည်၍ တစ်လုံးလျှင် ကျပ် တစ်သိန်းခွဲမှ ကျပ် ၁၅ သိန်း၊ သိန်း ၃၀ ခန့်အထိ အစားစားဝယ်ယူရနိုင်သော ဒစ်ဂျစ်တယ်ကင်မရာ တစ်လုံး ပိုင်ဆိုင်ထားပြီဆိုပါက ဖလင်ဝယ်စရာ၊ ဖလင်ဆေးကူးစရာမလိုတော့ပါ။




အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ရာနှုန်းပြည့် ဒစ်ဂျစ်တယ်ကင်မရာကို အသုံးပြုနေကြပြီး မြန်မာနိုင်ငံ၏ သုံးစွဲမှုမှာ ၎င်း၏အထင် ၄၀ ရာခိုင်နှုန်းကျော်မှာ ဒစ်ဂျစ်တယ်ကို အသုံးပြုနေပြီဖြစ်သည်ဟု အင်္ဂလန်ရှိ တော်ဝင်ဓာတ်ပုံအသင်းကြီး၏ ဂုဏ်ထူးဆောင်အသင်းသား ဓာတ်ပုံမိုးမင်း (Rays) က ဆိုသည်။ ယခင်က ကင်မရာတစ်လုံး၊ ဖလင်တစ်လိပ် မဖြစ်မနေဝယ်ယူရိုက်ကူးပြီး မမြင်ရသောပုံရိပ်များကို ဖလင်အဖြစ် ကူးဆေးပြီးမှ ဓာတ်ပုံထွက်ရှိသောခေတ်ကို ပုံရိပ်ချက်ချင်းမြင်သည့် အပြင် မိနစ်ပိုင်းအတွင်း အလွန်အရည်အသွေးကောင်းသောဓာတ်ပုံများ Print ထုတ်ယူနိုင်သော မြန်နှုန်းမြင့်ဒစ်ဂျစ်တယ်ကင်မရာက အစားထိုးဝင်ရောက်လာခဲ့သည်။ ဒစ်ဂျစ်တယ်ကင်မရာနှင့်ပတ်သက်၍ ဓာတ်ပုံလောကသားများအကြား သုံးလေ့ရှိသော အဆိုတစ်ခုကို မိုးမင်း (Rays) က ယခုကဲ့သို့ ပြောကြားသည်။

“ဒစ်ဂျစ်တယ်ကင်မရာတစ်လုံး ဝယ်တယ်ဆိုတာ ကင်မရာနဲ့ ဖလင်တစ်ပြိုင်နက်တည်း တွဲဝယ်လိုက်တဲ့သဘောပါပဲ”

## ဒစ်ဂျစ်တယ်၏ အားသာချက်

ဒစ်ဂျစ်တယ်ကင်မရာသည် ပုံရိပ်ကို မကြိုက်မချင်းဖျက်နိုင်၊ အသစ်ရိုက်နိုင်ခြင်း၊ ကင်မရာအတွင်း၌ပင် အလင်းအမှောင် ချိန်ညှိနိုင်ခြင်း၊ ပုံရိပ်ဖမ်းအား အတိုးအလျှော့လုပ်နိုင်ခြင်း၊ ကွန်ပျူတာ Printer ရှိရုံမျှဖြင့် ချက်ချင်းပုံထုတ်နိုင်ခြင်း၊ အင်တာနက်၊ E-mail မှတစ်ဆင့် ပုံပို့နိုင်၊ ကူးနိုင်ခြင်း၊ ကွန်ပျူတာတွင် စိတ်ကြိုက်ပြုပြင်နိုင်ခြင်း၊ ဖလင်လုံးဝမလိုအပ်တော့ခြင်း စသည်များက အခြေခံအားသာချက်များ ဖြစ်ကြသည်။ အဓိကအားသာချက်မှာ အရာရာ ပြောင်းလဲမှုအဟုန်မြန်လွန်းလှသည့် ယနေ့ကာလအဖို့ မိနစ်ပိုင်းအတွင်း ဓာတ်ပုံထုတ်ယူနိုင်ခြင်းဟူသော အချိန်ကာလ ချုံ့ပစ်လိုက်နိုင်ခြင်းပင်ဖြစ်သည်။ မီဒီယာများအတွက် ဤအချက်က များစွာ အဓိက ကျသော်လည်း မိသားစုသုံး အပျော်တမ်းနယ်ပယ်တွင်မူ ဒစ်ဂျစ်တယ် ကင်မရာ၏ အားသာချက်ကို ၎င်းတို့ အသုံးတည့်သည့်အသွင်ဖြင့် ရှုမြင်ကြသည်။

"အင်တာနက်၊ E-mail ကနေ ချက်ချင်း ပုံကူး၊ ပုံပို့လို့ရတယ်ဆိုတာတွေ အရင်က ကျွန်တော်မသိပါဘူး။ ကျွန်တော် ဒီကင်မရာလေးကို ငွေနှစ်သိန်းဝန်းကျင်နဲ့ ဝယ်ဖြစ်ခဲ့တာက ပုံချက်ချင်းမြင်ရပြီး မလိုတာဖျက်၊ ကောင်းတဲ့ပုံကို ငွေ ၈၀ ကျပ်လောက်နဲ့ ချက်ချင်း ဆိုင်မှာ ကူးယူလို့ရတယ်ဆိုတဲ့ အချက်ကြောင့်ပါ"ဟု Olympus အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ အသုံးပြုသူတစ်ဦးက ဆိုသည်။

၎င်း၏အဆိုကို ကောက်ချက်ချလျှင် မြန်မာနိုင်ငံသားအများစုသည် ကွန်ပျူတာ၊ အင်တာနက်၊ E-mail တို့သုံးစွဲနေသော အမြန်လမ်းမနှင့် မနီးစပ်သေးခြင်းကြောင့် ဒစ်ဂျစ်တယ်ကင်မရာအပေါ်တွင် မိသားစု အသုံးပြုမှုမှာ အထက်ဖော်ပြပါအားသာချက်တစ်ခုတည်းကြောင့်ဟု ဆိုနိုင်ပေသည်။

ယခင်က လုပ်ငန်းရှင်တစ်ဦး လိုအပ်သောနေရာတစ်ခုအတွက် ကင်မရာနှစ်လုံး သုံးလုံးပါမှ အဆင်ပြေသော်လည်း လုပ်ဆောင်ချက် (Function) အမျိုးမျိုးပါဝင်သော ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးတည်းနှင့် ပြည့်စုံသွားကြောင်း၊ ရိုက်ကူးပြီးစီးသွားသောပုံများကို ကွန်ပျူတာနှင့် ချိတ်ဆက်ကူးယူပြီး ပရင်တာ သို့မဟုတ် အသေးစား ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်တို့မှ လျင်မြန်စွာထုတ်ယူနိုင်ခြင်း၊ Photoshop အတွင်း ဝင်ပြီး စိတ်ကြိုက်ဓာတ်ပုံတစ်ပုံဖြစ်လာစေရန် တည်းဖြတ်ပြုပြင်နိုင်ခြင်း၊ ယခင်က ဖလင်တစ်လိပ်ကူးလျှင် ပုံကောင်းသည်ဆိုးသည်ကိုမသိရဘဲ အားလုံးကူးယူရပြီး ယင်းအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရခြင်း စသော ကုန်ကျစရိတ်၊ ပုံကူးလျှင် စောင့်ကြည့်ရသောအချိန်များစွာတို့ကို လျှော့ချပစ်နိုင်ခြင်းတို့သည် အလွန်ကောင်းသောအချက်များပင်ဖြစ်ကြောင်း ဝါရင့်ဓာတ်ပုံဆရာတစ်ဦးက ဆိုသည်။

"အရင်က Sport (အားကစားလုပ်ရှားမှု) ရိုက်မယ်ဆိုရင် ISQ ဒါမှမဟုတ် ASA ပေါ့။ ၄၀၀ကို ပြောင်းရိုက်ရတယ်။ တစ်ခါ အလင်းမလုံလောက်ရင် ASA 800 ဆိုတဲ့ ကင်မရာတစ်လုံး ထပ်ယူလာရတယ်။ ဒစ်ဂျစ်တယ်မှာကျတော့ တစ်လုံးတည်းနဲ့ အဆင်ပြေတယ်။ ခုချက်ချင်း ပုံကို ကြည့်နိုင်တယ်ဗျာ။ ချက်ချင်းပုံကောင်းထွက်ဖို့ Monitor မှာ တစ်ခါတည်းကြည့်၊ ကျွန်တော်ရယ်၊ ဒီဇိုင်နာရယ်၊ သရုပ်ဆောင်ရယ်၊ လုပ်ငန်းရှင်ရယ် ပုံတစ်ပုံကို တစ်ခါတည်းကြည့်ပြီး ဆုံးဖြတ်လို့ရတယ်။ သူ့ရဲ့ ကောင်းကျိုးတွေပေါ့"ဟု ဒစ်ဂျစ်တယ်ကင်မရာနှင့် ပတ်သက်၍ ဓာတ်ပုံဆရာ ခင်မောင်လေးက ပြောကြားသည်။

## ဒစ်ဂျစ်တယ် လွယ်ပါသလား

သင့်တင့်လျောက်ပတ်သော ငွေကြေးဖြင့် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးဝယ်ယူပြီး ခလုတ်တစ်ချက်နှိပ်လျှင် ပုံကောင်းများထွက်လာခြင်းကြောင့် အသုံးပြုသူအများစုက Digital Photography ကို လွယ်ကူသည်ဟု မှတ်ယူကြသည်မှာ ငြင်းဆန်ရန် ခက်ခဲသော်လည်း အများစုမှာ ကင်မရာတွင်ပါဝင်သော လုပ်ဆောင်ချက် (Function) အားလုံးကို အပြည့်အဝ အသုံးမချနိုင်ကြသေးပေ။

ဓာတ်ပုံဆရာတစ်ယောက်အနေဖြင့် ဒစ်ဂျစ်တယ်ကို ခက်ခဲသည်ဟု ဆိုလိုက်လျှင် 'ဘာကြောင့်လဲ' ဟူသော မေးခွန်းအများကြီးထွက်လာမည်ဖြစ်သော်လည်း မိမိအတွက် များစွာခက်ခဲပါကြောင်း၊ မိမိ ဒစ်ဂျစ်တယ်လောကသို့ အကူးအပြောင်း



တွင် Photoshop ကို ဦးစွာသင်ယူရကြောင်း၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာတို့ကို နှစ်များစွာလေ့လာပြီး အင်တာနက်ထဲတွင် ဒစ်ဂျစ်တယ်ဓာတ်ပုံအကြောင်းကို ခြောက်လကြာသင်ယူလေ့လာရကြောင်း၊ တတ်ကျွမ်းသောဓာတ်ပုံပညာရှင်များထံတွင် မေးမြန်းခြင်း၊ နီးစပ်ရာမိတ်ဆွေများမှတစ်ဆင့် စာအုပ်စာတမ်းများ၊ အခြားနိုင်ငံများမှတစ်ဆင့် မှာယူလေ့လာခြင်းစသော အချက်များစွာတို့ကို လေ့လာရကြောင်း ဦးခင်မောင်လေးက ဆိုသည်။

"ဒစ်ဂျစ်တယ် ဘာလို့ခက်သလဲဆိုရင် Photoshop အတွင်းထဲ၊ ဒစ်ဂျစ်တယ်ရဲ့အတွင်းထဲအထိ ဝင်ကြည့်ပါ။ ဝင် ကြည့်ပြီး ကိုယ့်မှာမြင်နိုင်တဲ့ အစွမ်းလည်းရှိမယ်။ Photograph ဘယ်လောက်ထိခက်တယ်၊ Photoshop ဘယ်လောက်ထိ နက်နဲတယ်ဆိုတာ မြင်တဲ့မျက်လုံးရှိရင် ခက်တဲ့အခက်အခဲတွေကို မြင်နိုင်လာကြမယ်။ ဒါ ကျွန်တော့်ရဲ့ ခံယူချက်ပါ" ဟု ၎င်းက ဓာတ်ပုံပညာရှင်တစ်ယောက်ဖြစ်လာရန်လိုအပ်သည့် အခက်အခဲအချို့ကို ရှင်းပြသည်။

"ပုံကောင်းတစ်ပုံမှာ နှစ်ပိုင်းပေါ့။ အပျော်တမ်းရိုက်တယ်ဆိုတာကလည်း တစ်စိတ်တစ်ဒေသ သူတို့ရဲ့ အနုပညာတစ်ပိုင်းပါပဲ။ Group Photo ကို ငါးယောက်ရိုက်ခိုင်းရင် ငါးမျိုးထွက်မှာပဲ။ ဓာတ်ပုံကိုဖန်တီးတာမဟုတ်သေးဘူး။ အဲဒါကတော့ အမြင်ခေါ်တဲ့ အနုပညာပေါ့။ တကယ့်ဓာတ်ပုံဆရာကျတော့ အတတ်ပညာလေ။ အတတ်ပညာ၊ အနုပညာ၊ သူဘယ်လောက်ကျွမ်းကျင်လဲ အဲဒီကျွမ်းကျင်မှုအပေါ်မှာမူတည်ပြီး ပုံကောင်းတစ်ပုံထွက်လာမှာပဲ။ ဒီဟာက တစ်နှစ်သားလေး ခလုတ်သိတာနဲ့ကို ပုံကပေါ်နေတာပဲ။ ပုံကောင်းတစ်ပုံရဖို့ကတော့ ခက်ပါတယ်"

ဒစ်ဂျစ်တယ်ကင်မရာ လွယ်ကူသည်ဟုဆိုသော်လည်း ပုံကောင်းတစ်ပုံဖြစ်ပေါ်လာရေးအတွက် အခက်အခဲရှိကြောင်း ဓာတ်ပုံမိုးမင်း (Rays) ၏ ပြောကြားချက်ဖြစ်သည်။

ဓာတ်ပုံဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ (ဝါ) ဓာတ်ပုံစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများက ၎င်းတို့ အနှစ်နှစ်အလလဆည်းပူးလာသော ဓာတ်ပုံပညာကို အခြေပြု၍ ဤသို့သောအမြင်များရှိသော်လည်း ဈေးကွက်အတွင်းကမူ လူများများဓာတ်ပုံရိုက်တတ်လာခြင်းကို ကြိုဆိုကြသည်။ ဒစ်ဂျစ်တယ်ကင်မရာကို လွယ်လွယ်ကူကူ အများသုံးတတ်လာလေလေ ဈေးကွက်အလုပ်ဖြစ်လေလေ မဟုတ်ပါလော။

မည်သည့်အရာမဆို အရည်အသွေးက ပထမဖြစ်သည်ကို သာမန်အတွေးအခေါ် စဉ်းစားဉာဏ်ရှိသူတိုင်း သိနိုင်သည်။ မကြာမတင်ကာလတစ်ခုတွင် အရည်အသွေးရော အရေအတွက်ပါ တိုးလာမည့် အခြေအနေတစ်ရပ်နှင့် မလွဲမသွေ ရင်ဆိုင်ရမည်ကိုတော့ ဓာတ်ပုံလောကသားများ ရိပ်စားထားမိဖို့ လိုမည်ဟု ဈေးကွက်လေ့လာသူတစ်ဦးက သုံးသပ်သည်။ ယင်းအခြေအနေသည် ဒစ်ဂျစ်တယ်ကင်မရာ လွယ်သလား မလွယ်သလား မေးခွန်းထုတ်ချိန်ရတော့မည်မဟုတ်ဟုလည်း ၎င်းက ဆိုသည်။




## Family User များ ဒစ်ဂျစ်တယ် အပြည့်အဝအသုံးချနိုင်ရေး

၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ အခြေခံဒစ်ဂျစ်တယ်ဓာတ်ပုံရိုက်ကူးခြင်း နည်းပညာသင်တန်းများ ရန်ကုန်မြို့တော်တွင် စတင်ပေါ်ပေါက်လာသော်လည်း ဓာတ်ပုံလောကသားအချို့သာ တက်ရောက်ကြသည်။ မိသားစုသုံးစွဲသူများမှာ ကင်မရာဝယ်ယူသောဆိုင်များထဲတွင် ရိုက်ကူးခြင်း၊ ကင်မရာတွင်ပါဝင်သော Function အသုံးပြုမှု စသည်တို့ကို မေးမြန်း၍သာ အသုံးပြုနေခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း ယင်းကဲ့သို့သောနည်းဖြင့်သာ ယနေ့အထိ ဒစ်ဂျစ်တယ်ကင်မရာကို အသုံးပြုနေခြင်းဖြစ်ကြောင်း Olympus အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာကိုင်ဆောင်သူက ပြောကြားသည်။

Family User များအနေဖြင့် ဓာတ်ပုံပညာနှင့်ပတ်သက်၍ သင်တန်းမတက်ရောက်နိုင်ကြသော်လည်း ကင်မရာဝယ်ယူလျှင်ပါဝင်သည့် User Guide စာအုပ်များကို သေသေချာချာလေ့လာထားသင့်ကြောင်း၊ အများစုမှာ သိချင်သည်ကို မေးမြန်းပြီးသည်နှင့် အဆိုပါစာအုပ်ကို မျက်ကွယ်ပြုလာခြင်းသည် ဒစ်ဂျစ်တယ်ကို အပြည့်အဝအသုံးမချနိုင်ခြင်း၏ အချက်တစ်ချက်ပင်ဖြစ်ကြောင်း၊

အားလုံးမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော်လည်း ကြိုးစားဖတ်ရှုလေ့လာခြင်း၊ နားလည်တတ်ကျွမ်းသူထံ မေးမြန်းခြင်းတို့ဖြင့် ဒစ်ဂျစ်တယ်ကင်မရာတွင် ပါဝင်သော Function တို့ကို အပြည့်အဝ အသုံးချသင့်ကြောင်း မိုးမင်း (Rays) က အကြံပြုပြောကြားသည်။

## ဈေးကွက်အတွင်းရှိ ကင်မရာများ

မြန်မာနိုင်ငံအတွင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာသော ဒစ်ဂျစ်တယ်ကင်မရာများအပါအဝင် အမျိုးအစားအမျိုးမျိုး ဝင်ရောက်လျက်ရှိသော်လည်း နာမည်ကျော်အမှတ်တံဆိပ်များနှင့် ယင်းတို့၏ နောက်ဆုံးဝင်ရောက်လာသော ကင်မရာအမျိုးအစားအသစ်တို့ကို စာဖတ်သူများ သိရှိလေ့လာဝယ်ယူနိုင်ရန် စုစည်းရွေးချယ်ဖော်ပြအပ်ပါသည်။

## Panasonic

ယခင် ဟန်မြန်မာ အီလက်ထရွန်နစ်အမည်ဖြင့် ဒစ်ဂျစ်တယ်ကင်မရာ အပါအဝင် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး တင်သွင်းရာမှ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ Advanced Vision ကုမ္ပဏီလီမိတက်အနေဖြင့် တင်သွင်းလျက် ရှိသည်။ ကင်မရာအများစုမှာ မိသားစုသုံးဖြစ်ပြီး မော်ဒယ်လ်အသစ်တစ်ခုပြောင်းပြီးလျှင် ယခင်တင်သွင်းခဲ့သော မော်ဒယ်လ်အဟောင်းကို အဓိကဖြန့်ဖြူးရာ ဂျပန်၊ စင်ကာပူနိုင်ငံတို့တွင်ပင် ဝယ်ယူ၍ မရတော့ပေ။ လက်ရှိ ဝယ်ယူရရှိနိုင်သော ဒစ်ဂျစ်တယ်ကင်မရာများမှာ LUMIX DMC-FXD မော်ဒယ်လ် ၅၀၉,၅၀၀ ကျပ်၊ LUMIX DMC-LZ2 မော်ဒယ်လ်တန်ဖိုး ၃၉၆,၀၀၀ ကျပ်နှင့် LUMIX DMC-LX1 မော်ဒယ်လ် တန်ဖိုး ၈၉၄,၀၀၀ ကျပ် စသည့် ဒစ်ဂျစ်တယ်ကင်မရာသုံးမျိုး ဝယ်ယူနိုင်သည်။

အဆိုပါကင်မရာများ၏ အားသာ




ဈေးကွက်အတွင်း အသုံးများလျက်ရှိသည့် ဒစ်ဂျစ်တယ်ကင်မရာအမျိုးအစားဖြစ်သည်

ချက်မှာ MEGA O.I.S (Optical Image Stabilizer) အသုံးပြုထားခြင်းကြောင့် ဒစ်ဂျစ်တယ်ကင်မရာများ၏ အဓိကအားနည်းချက်ဖြစ်သော လက်လှုပ်လျှင် ဖြစ်ပေါ်တတ်သည့် ပုံရိပ်ဝါးခြင်းကို ကြည်လင်ပြတ်သားသောပုံရိပ်များအဖြစ်သာ ထွက်ပေါ်စေကြောင်း၊ Leica Lens သုံးထား၍ ပြတ်သားသောပုံရိပ်ရရှိခြင်း၊ တစ်စက္ကန့်လျှင် သုံးပုံအထိ ရိုက်ကူးနိုင်ခြင်း၊ အလင်းအမှောင်သိရှိနိုင်ရန် Exposure Level ကို ဂရပ်ဖ်ဖြင့် ဖော်ပြထားခြင်း၊ တီဗီ၊ ကွန်ပျူတာများတွင်အသုံးများသော Memory Card စနစ်၊ တစ်ကြိမ်အားသွင်းလျှင် ရိုက်ချက်ပေါင်း ၃၀၀ အထိ ရိုက်နိုင်သော ဘက်ထရီ စသည်တို့ပါဝင်ကြောင်း၊ ဖော်ပြထားသောဈေးနှုန်းများမှာ အပြောင်းအလဲရှိနိုင်ကြောင်း Panasonic Sales & Marketing Department မှ Marketing Executive ဒေါ်မင်းမင်းခင်သိန်းက ပြောကြားသည်။

## Canon

၁၉၉၅ ခုနှစ်မှစတင်၍ Canon အမျိုးအစားကင်မရာများကို စင်ကာပူနိုင်ငံ အခြေစိုက် Accel International Co., Ltd. မှ တရားဝင် ကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချလျက်ရှိသည်။ မူရင်းကုမ္ပဏီမှ တစ်နှစ် တစ်ကြိမ် အာဆီယံဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ၊ ပြည်တွင်းပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးပြီး မြန်မာနိုင်ငံ ကင်မရာဈေးကွက်တွင် ဈေးကွက်ဝေစုအများအပြားရရှိထားသော အမှတ်တံဆိပ်ဖြစ်သည်။ လက်ရှိရောင်းချနေသော ဒစ်ဂျစ်တယ်ကင်မရာများစွာတို့အနက်မှ မော်ဒယ်လ်အသစ်အချို့မှာ IXUS 800IS တန်ဖိုး ကန်ဒေါ်လာ ၄၉၀၊ IXUS 750 ကန်ဒေါ်လာ ၄၀၀၊ IXUS iZOOM ကန်ဒေါ်လာ ၃၀၀၊ Power Shot A430 ကန်ဒေါ်လာ ၁၈၅၊ Power Shot A420 ကန်ဒေါ်လာ ၁၇၅ ဒေါ်လာ စသည်တို့ဖြစ်သည်။

## SONY

ဆိုနီအမှတ်တံဆိပ်တွင် Family Use အတွက် ကင်မရာများအပြင် Movie အဓိကရိုက်ကူးနိုင်သော ကင်မရာအများအပြား ဝင်ရောက်လျက်ရှိသည်။ လက်ရှိ ပစ္စည်းဝယ်ယူနိုင်သော မော်ဒယ်လ်အသစ်

များမှာ DSC-T9 ၅၉၉,၀၀၀ ကျပ်၊ DSC-W50 ငွေကျပ် ၄၇၉,၀၀၀၊ DSC-W30 ငွေကျပ် ၄၁၉,၀၀၀ ကျပ်တို့ဖြစ်ပြီး DVD ရိုက်ကူးနိုင်သည့် ကင်မရာများမှာ DCR-DVD905E တန်ဖိုး ၁,၅၉၀,၀၀၀ ကျပ်၊ DCR-DVD 805E တန်ဖိုး ၁,၃၉၀,၀၀၀ ကျပ်၊ DCR-DVD 755 E တန်ဖိုး ၁,၀၅၀,၀၀၀ ကျပ်နှင့် DCR-DVD ၉၃၉,၀၀၀ ကျပ်တို့ ဖြစ်သည်။ TMW Enterprise Limited အမည်ဖြင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးပေါင်းများစွာကို တင်သွင်းလျက်ရှိသည်။

## Nikon

မြန်မာနိုင်ငံ၏ Professional ဓာတ်ပုံပညာရှင်အားလုံးနီးပါး၏ ကင်မရာဝယ်ယူအသုံးပြုမှုတွင် ဈေးကွက်ဝေစုအများအပြားရရှိထားသော Nikon အမှတ်တံဆိပ်သည် မိသားစုအသုံးပြုလိုသူများအတွက်လည်း ကင်မရာအမျိုးအစားများစွာ တင်သွင်းထားပါကြောင်း Big Camera Limited မှ Sales & Marketing Manager ဦးကျော်သူအောင်က ပြောကြားသည်။ ယင်းကုမ္ပဏီမှ နောက်ဆုံး ဝင်ရောက်လာသော ကင်မရာအမျိုးအစားများမှာ Digital SLR Camera D2X မော်ဒယ်လ်အကောင်းဆုံးဖြစ်ပြီး တန်ဖိုး ဒေါ်လာ ၄၃၀၀၊ D200 မော်ဒယ်လ် ဒေါ်လာ ၁၈၀၀ နှင့် D50 မော်ဒယ်လ် ၁၅၀,၀၀၀ ကျပ်တို့ဖြစ်ပြီး Professional အသုံးပြုရန် အတွက်ဖြစ်သည်။ မိသားစုသုံးရန်အတွက် ကင်မရာများမှာ COOLPIX P1 ကျပ်ငွေ ၆၅၀,၀၀၀ ဝန်းကျင်၊ P2 ကျပ်ငွေ ၅၅၀,၀၀၀ ဝန်းကျင်၊ COOLPIX S2 ၆၆၀,၀၀၀ ကျပ်၊ S3 ၅၇၀,၀၀၀ ကျပ်၊ S4 ၅၈၀,၀၀၀ ကျပ် ဝန်းကျင် တန်ဖိုးရှိသောကင်မရာများ ဖြစ်သည်။

Nikon အမှတ်တံဆိပ်အမျိုးအစားများသည် မိသားစုသုံးများအတွက် သုံးလတစ်ကြိမ်၊ Professional အသုံးပြုသူများအတွက် ခြောက်လတစ်ကြိမ် မော်ဒယ်လ်အသစ်များ ထွက်ပေါ်လေ့ရှိကြောင်း၊ နောက်ပိုင်းတွင် P3၊ P4၊ L3၊ L4 မော်ဒယ်လ်အသစ်များ ထပ်ဝင်ရန်ရှိကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

(အထက်ဖော်ပြပါ ကင်မရာ မော်ဒယ်လ်အမျိုးအစား၊ ဈေးနှုန်းတန်ဖိုးများသည် သက်ဆိုင်ရာကင်မရာအရောင်းပြခန်း တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဇွန်လ ၂ ရက်နေ့တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး အချိန်မရွေးအပြောင်းအလဲရှိနိုင်သည်။ စာဖတ်သူများ အမျိုးအစားနှင့် ဈေးနှုန်းတို့ကို ခန့်မှန်းသိရှိနိုင်ရန် ဖော်ပြခြင်းသာ ဖြစ်သည်။ ကြော်ငြာကဏ္ဍမဟုတ်ပါ။)

## လိုအပ်ချက်တို့ ရှိသေးသည်

မြန်မာနိုင်ငံလူဦးရေအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်သူများ ဖြစ်ရာ ယင်းဒေသများတွင် ဒစ်ဂျစ်တယ်ကင်မရာ၏ သဘောတရားများ ပျံ့နှံ့စိမ့်ဝင်နိုင်ရေးနှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံကူးဆိုင်အများအပြား ဖွင့်လှစ်နိုင်ရေးတို့ကို ကြိုးပမ်းသွားရန် အနည်းငယ်လိုအပ်နေပါသေးသည်။ မည်သို့ပင်ဖြစ်စေ ယင်းတို့အတွက် အခြေအနေတချို့တစ်ဝက်လိုအပ်သည်ဟု ဆိုသော်လည်း ဈေးကွက်အတွင်းမှ စုစံမိရရှိထားသော အသံများအရ များမကြာမီကာလအပိုင်းအခြားတစ်ခုအတွင်း ဒစ်ဂျစ်တယ်ကင်မရာသုံးစွဲနှုန်း တဖြည်းဖြည်းမြင့်မားလာမည်ကတော့ သေချာသည်။

ပထမအဆင့်အနေဖြင့် Family User များအနေဖြင့် ဒစ်ဂျစ်တယ်၏ အားသာချက်များကို အပြည့်အဝအသုံးချနိုင်ရေးကြိုးပမ်းရမည်ဖြစ်သည်။ နောက်တစ်ဆင့်မှာ ဒစ်ဂျစ်တယ်ကင်မရာနှင့်တွဲစပ်၍ ကွန်ပျူတာ၊ အင်တာနက်၊ E-mail တို့ဖြင့် တွဲဖက်အသုံးပြုနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။

## မြင်သာသော အနာဂတ်

စီးပွားဖြစ်ကြော်ငြာရိုက်ကူးသူ ပရော်ဖက်ရှင်နယ်ဓာတ်ပုံပညာရှင်များ၏ အသုံးပြုမှု၊ မိသားစုဝင်များ၏ အသုံးပြုမှုများအပြင် မြန်မာနိုင်ငံ ပုံနှိပ်မီဒီယာများ စတင်ဖွံ့ဖြိုးတိုးတက်လာခြင်းတို့သည် ဒစ်ဂျစ်တယ်ကင်မရာဈေးကွက် ကြီးထွားလာခြင်း၏ အဓိကအချိုးအကွေ့တစ်ခု ဖြစ်ကြောင်း လူငယ်သတင်းစာဆရာတစ်ဦးက သုံးသပ်ပြောကြားသည်။ နိုင်ငံအတွင်းများပြားသော အနားယူ အပန်းဖြေနိုင်သည့် ပန်းခြံကစားကွင်း၊ တန်ခိုးကြီးဘုရားများ၊ ကမ်းခြေများ၊ တက္ကသိုလ်၊ ကောလိပ်များရှိခြင်း၊ အမှတ်တရ ဓာတ်ပုံဈေးကွက်နှင့် ၁၂ လရာသီ အလှူအတန်းပွဲတော်များကို မှတ်တမ်းတင် ဈေးကွက်များရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကင်မရာများအတွက် ထင်သာမြင်သာသောအနာဂတ်ကို တွေ့နေရပြီဖြစ်သည်။

ဒစ်ဂျစ်တယ်ကင်မရာ၏ အားသာချက်တစ်ခုနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံတွင် သတင်းစာပညာသွားရောက်သင်ယူခဲ့သူ သတင်းစာဆရာတစ်ဦးက လူငယ်သတင်းစာဆရာများကို အတွေ့အကြုံများ ဖြန့်ဝေပေးသော သင်တန်းတစ်ခုတွင် ပြောကြားခဲ့သည်မှာ များစွာစိတ်ဝင်စားဖွယ်ကောင်းလှသည်။

"ကျွန်တော် ဟိုမှာ သင်တန်းသွားတက်တော့ အမှတ်တရဓာတ်ပုံတွေ အများကြီးရိုက်ဖြစ်တယ်။ ပုံတွေကူးဖို့ဆိုရင် ကမ္ဘောဒီးယားမှာ ပိုက်ဆံတွေ အများကြီးကုန်မှာ၊ အင်တာနက်နဲ့ချိတ်ပြီး ပုံတွေကို Online ပေါ်မှာ တင်ထားလိုက်တယ်။ မြန်မာပြည်ပြန်ရောက်တော့မှ Download လုပ် ကူးယူလိုက်တယ်။ ဟိုမှာနေတုန်း ဓာတ်ပုံဖိုးတစ်ပြားမှ မကုန်တော့ဘူး"

**သန်းထိုက်သူ**

■



# မြန်မာနိုင်ငံရှိ အများပိုင်ကုမ္ပဏီများ၏ အခန်းကဏ္ဍ

ထားထားမြင့်

**တရုတ်–မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင်အအေးခန်းသိုလှောင်ရုံကို ကြီးကြပ်နေသော မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းသည် အအေးခန်းသိုလှောင်ရုံ၏ လုပ်ငန်းကိစ္စများကို ပိုမို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အများပိုင်ကုမ္ပဏီတစ်ခုကို ၂၀၀၆ ခုနှစ် မတ်လ ၂၃ ရက်နေ့မှစတင်၍ အသက်ဝင် ဖွဲ့စည်းခွင့်ရခဲ့သည်။ ထိုကဲ့သို့ ဖွဲ့စည်းလိုက်ခြင်းသည် နိုင်ငံတကာတွင် အောင်မြင်ထွန်းကားနေသော အများပိုင် ကုမ္ပဏီစနစ်သည် မြန်မာနိုင်ငံတွင်လည်း တွင်ကျယ်လာစေမည့် လက္ခဏာတစ်ရပ်ဖြစ်သည်ဟု စီးပွားရေးအသိအမြင် နှံ့စပ်သူများက မှတ်ချက်ချကြသည်။**

## အများပိုင်ကုမ္ပဏီ မူလအစ

၁၉၁၅ တွင် ထုတ်ပြန်ခဲ့သော မြန်မာ နိုင်ငံကုမ္ပဏီများဆိုင်ရာ အက်ဥပဒေ၏ ပုဒ်မ ၂၊ အခန်း ၁၃ တွင် အများပိုင် ကုမ္ပဏီနှင့် သက်ဆိုင်သော အခန်းကဏ္ဍ ကို အကျယ်တဝင့်ဖော်ပြခဲ့ရာ နိုင်ငံတကာ တွင် တွင်ကျယ်နေသော အများပိုင် ကုမ္ပဏီစနစ်သည် မြန်မာနိုင်ငံ၌ ၁၉ ရာစု ကပင် တွင်ကျယ်နေပြီဟု ဆိုနိုင်ပါသည်။

သိမီလိုက်သူ ရှေးလူကြီးများ၏ အဆိုအရ ထားဝယ်ကုန်တိုက်ကို တည်ထောင်ခဲ့သော ထားဝယ်အသင်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးအများပိုင်ကုမ္ပဏီတစ်ခုဟု သိရသည်။

"သက်တမ်းအရှည်ဆုံးအများပိုင်ကုမ္ပဏီလို့လည်း ပြောနိုင်ပါတယ်။ စီးပွားရေးအရလည်း အောင်မြင်တဲ့ကုမ္ပဏီပါပဲ" ဟု ဝင်းသင်နှင့် အပေါင်းအသင်းများ စာရင်းအင်းဆိုင်ရာ အတိုင်ပင်ခံရုံးမှ စာရင်းအင်းပညာရှင် ဦးဝင်းသင်က ပြောကြားသည်။

ဦးဝင်းသင်က မြန်မာနိုင်ငံတွင် လက်ရှိလုပ်ငန်းများ လုပ်ကိုင်နေသော အများပိုင်ကုမ္ပဏီ ၂၅ ခုခန့်ရှိပြီး လက်တွေ့အောင်မြင်နေသော ကုမ္ပဏီမှာ ခြောက်ခု၊ ခုနစ်ခုခန့်ရှိသည်ဟု ဆိုသည်။

FMI ကုမ္ပဏီ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြို့တော်စည်ပင်သာယာရေးဘဏ်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၊ ပြည်ထောင်စုမြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (FPJVC)၊ ပထမပုဂ္ဂလိကဘဏ် စသည်တို့သည် လက်တွေ့၌ အောင်မြင်နေသော အများပိုင်ကုမ္ပဏီများဖြစ်ကြောင်း မြန်မာစီးပွားရေးလုပ်ငန်းရှင်များက အသိအမှတ်ပြုကြသည်။

## မြန်မာအများပိုင်ကုမ္ပဏီများ

သက်တမ်း ၂၆ နှစ်ကျော်ကြာ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သော မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလာသောအချိန်တွင် စီးပွားရေးလုပ်ငန်းရှင်အများစုက အဆိုပါအခွင့်အရေးကို မိမိ မိသားစုလုပ်ငန်းအတွက်သာ အသုံးချခဲ့ပြီး အများအတွက် ဆောင်ရွက်မည့် အများပိုင်ကုမ္ပဏီကို ဆောင်ရွက်လုပ်ကိုင်ခြင်း မပြုကြပါ။

သို့သော်လည်း ၂၀၀၃ ခုနှစ်တွင် လုပ်ငန်းရပ်ဆိုင်းခံရသော ပုဂ္ဂလိက စီးပွားရေးအကျိုးဆောင်လုပ်ငန်းများကိုလည်း အများပိုင်ကုမ္ပဏီဟု နားမလည်သူတို့က အထင်မှားခဲ့ကြသည်။

"ဒီလုပ်ငန်းတွေဟာ အများပိုင်ကုမ္ပဏီတွေ မဟုတ်ပါဘူး။ အများပိုင်ကုမ္ပဏီဆိုတာက စာရင်းအင်းတွေကို ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသား ဖော်ပြတတ်ကြတယ်" ဟု စာရင်းအင်းပညာရှင်ဦးဝင်းသင်က ပြောကြားသည်။ မြန်မာနိုင်ငံတွင် FMI အိမ်ရာ၊ FMI Center ၊ ရိုးမဘဏ် စသော အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်ထားသော First Myanmar Investment Co., Ltd. ဟု အမည်တွင်သည့် FMI ကုမ္ပဏီကမူ နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးခေါ်ယူ၍ အစုရှယ်ယာဝင်များအား ကုမ္ပဏီ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များ၊ အကျိုးအမြတ်များကို ရှင်းလင်းသိသာစွာ ဖော်ထုတ်ကြေညာသည်ကို တွေ့ရသည်။

ဈေးကွက်စီးပွားရေးစနစ်စတင်သည့်အချိန်မှစ၍ အများပိုင်ကုမ္ပဏီဖွဲ့စည်းခွင့်ကို မြန်မာနိုင်ငံတွင် ရရှိခဲ့သော်လည်း တခြားနိုင်ငံမှ ကုမ္ပဏီများ၏ အားသာချက် အားနည်းချက်များကို လေ့လာနိုင်သည့် အခွင့်အရေးကို မြန်မာလုပ်ငန်းရှင်များ ရရှိသည်ဟု ဆိုနိုင်သည်။

"နောက်မှလုပ်ကြပေမယ့် ရှေ့က သွားနေတဲ့ လူတွေရဲ့အမှားကို မြင်နေရတယ်၊ ပြုပြင်လို့ရတယ်" ဟု ဝါရင့်စီးပွားရေးပညာရှင်တစ်ဦးက မှတ်ချက်ချပါသည်။

သို့သော်လည်း အများပိုင်ကုမ္ပဏီကို ပီပီပြင်ပြင်အကောင်အထည်မဖော်ဘဲ အလွဲသုံးစားလုပ်သူအချို့ကြောင့် အချို့သောမြန်မာစီးပွားရေးလုပ်ငန်းရှင်များကမူ အများပိုင်ကုမ္ပဏီကို ယုံကြည်ကြရန် ဝန်လေးကြသည်ကို တွေ့ရသည်။ ဈေးကွက်စီးပွားရေးစနစ်စတင်ချိန်က မော်လမြိုင်မြို့ဝန်းကျင်တွင် လုပ်ငန်းရှင်တစ်ဦးသည် အများပိုင်ကုမ္ပဏီအမည်ခံ၍ အစုရှယ်ယာများခေါ်ယူပြီးနောက် အစုရှယ်ယာရှင်များ၏ ငွေကြေးကို အလွဲသုံးစားလုပ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုကဲ့သို့ ဖြစ်ရပ်များကြောင့် အများပိုင်ကုမ္ပဏီကို အများပြည်သူက အထင်အမြင်လွဲမှားမှုရှိစေသည်ဟု ဦးဝင်းသင်က ဆိုသည်။

**အောင်မြင်နေသော အများပိုင်ကုမ္ပဏီတစ်ခုက တည်ထောင်သည့်ဘဏ်ဖြစ်သည်**



## အားသာချက်

နိုင်ငံတကာအများပိုင်ကုမ္ပဏီများ၏ ထုံးတမ်းအစဉ်အလာအရ အများပိုင် ကုမ္ပဏီတစ်ခုကို လုပ်ငန်းရှင်ခုနစ်ဦးနှင့် ဖွဲ့စည်းနိုင်ပြီး အစုရှင် ရှယ်ယာရှင် အရေအတွက်မှာ အကန့်အသတ်မရှိချေ။ FMI ကုမ္ပဏီအောက်တွင် ရိုးမဘဏ်၊ FMIအိမ်ရာစသော ကုမ္ပဏီခွဲများရှိသကဲ့သို့အများပိုင်ကုမ္ပဏီကြီးသည် ငွေအရင်းအနှီးသာမြှုပ်နှံ၍လက်ဝေခံကုမ္ပဏီများကသာ လုပ်ငန်းလုပ်ကိုင် ဝင်ငွေရှာလေ့ရှိသည်။ ပုဂ္ဂလိကပိုင်ကုမ္ပဏီများထက် အများပိုင်ကုမ္ပဏီ၏ အားသာချက်မှာ စာရင်းကို တိတိကျကျမှန်မှန်ကန်ကန်ဖော်ပြခြင်း၊ အမြတ်စွန်းမထိမ်ချန်ခြင်း၊ ကုမ္ပဏီ၏ အောင်မြင်မှု၊ ဆုံးရှုံးမှုနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းကိစ္စများကို အများပြည်သူသို့ ချပြခြင်း စသည်များပင်ဖြစ်သည်။ မြန်မာစီးပွားရေးကုမ္ပဏီများ၏ စာရင်းအင်းဆိုင်ရာ အတိုင်ပင်ခံပညာရှင် ဦးဝင်းသင်က "စာရင်းကိုင်တစ်ယောက်အနေနဲ့ အများပိုင် ကုမ္ပဏီတွေကသာ စာရင်းကို တိတိကျကျမှန်မှန်ကန်ကန်လုပ်ကြတာမို့ ဒီ ကုမ္ပဏီတွေရှိလာမှာကို ကြိုဆိုပါတယ်" ဟု ပြောကြားသည်။

ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ၏ ဥက္ကဋ္ဌဦးလှမောင်ရွှေကမူ ပြည်သူလူထု၏ ပြန့်ကျဲနေသော ရင်းနှီးငွေများကို စုစည်းပြီး နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားကို တွန်းအားပေးသည့် အများပိုင်ကုမ္ပဏီများကို အမှန်တကယ် လိုလားသည်ဟု ဆိုသည်။

**ကုမ္ပဏီ၏အောင်မြင်မှုသည် ကြိုးစားလုပ်ကိုင်သည့်ခေါင်းဆောင်နှင့် သက်ဆိုင်သည်**



မကြာသေးခင်က ဖွဲ့စည်းလိုက်သော မူဆယ် ၁၀၅မိုင်နယ်စပ်အအေးခန်းရုံကို ကြီးကြပ်သည့် အများပိုင်ကုမ္ပဏီသည် ရှယ်ယာများကို ရောင်းချနေပြီဖြစ်သည်။ ထိုကဲ့သို့ ရှယ်ယာများကို ရောင်းချခြင်းသည် အများပိုင်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကုမ္ပဏီ၏ အောင်မြင်မှုအပေါ်မူတည်၍ ရှယ်ယာဈေးနှုန်းအနိမ့်အမြင့်ရှိသည်။

"ကုမ္ပဏီရဲ့ အောင်မြင်မှုကတော့ လုပ်ငန်းကို ကြိုးစားပြီးလုပ်တတ်တဲ့ ကုမ္ပဏီခေါင်းဆောင်ပိုင်းနဲ့ ဆိုင်တယ်" ဟု ဝါရင့်စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။ သို့ရာတွင် စာရင်းအင်းပညာရှင် ဦးဝင်းသင်ကမူ မိမိကိုယ်ပိုင်လုပ်ငန်းကြီးကြီးမားမားမထားသော စီးပွားရေး လုပ်ငန်းရှင်ဦးဆောင်သည့် အများပိုင် ကုမ္ပဏီသည် အောင်မြင်မှုရရှိရန် ပိုမိုနီးစပ်သည်ဟု ၎င်း၏ အတွေ့အကြုံကို အခြေခံ၍ ရှင်းပြသည်။

## အားနည်းချက်

အီတလီနိုင်ငံမှ နာမည်ကျော်အများပိုင်ကုမ္ပဏီကြီးတစ်ခုဖြစ်သော နို့မှုန့်များကို ထုတ်လုပ်သည့် Parmalat ကုမ္ပဏီကို အီတလီအစိုးရက တရားစွဲရန် ပြင်ဆင်နေကြောင်း နိုင်ငံတကာသတင်းများတွင် မကြာသေးခင်က ရေးသားဖော်ပြကြသည်။ အဆိုပါအများပိုင်ကုမ္ပဏီသည် လုပ်ပိုင်ခွင့်များကို တလွဲအသုံးချ၍ အများပြည်သူရှယ်ယာရှင်များကို ဆုံးရှုံးစေသဖြင့် အီတလီအစိုးရက ကြားဝင်ဖျန်ဖြေပြီး ကုမ္ပဏီအကြီးအကဲများကို ဖမ်းဆီးအရေးယူလိုက်သည်။ ထိုကဲ့သို့ အများပိုင်ကုမ္ပဏီများကျဆုံးရခြင်း၏ အကြောင်းမှာ အများပြည်သူ၏ ယုံကြည်မှုကို ရရှိ



ရန် အမြတ်ကိုများများပြ၍ ကိုယ်ကျိုးရှာခြင်းပင်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ဆိုသည်။

"ဘယ်လောက်ပဲအောင်မြင်အောင်မြင် နှစ်တစ်ရာထိသွားဖို့ကတော့ မလွယ်ဘူး။ ဒါပေမဲ့ တော်တော်ကြာကြာအောင်မြင်ပြီး အကျိုးဖြစ်နေတာတွေတော့ရှိတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ပညာရပ်ဆိုင်ရာဟောပြောပွဲတွင် အများပိုင်ကုမ္ပဏီအကြောင်း ဟောပြောဆွေးနွေးခဲ့သူ ဦးဝင်းသင်က ပြောကြားသည်။

## သုံးသပ်ချက်နှင့်နိဂုံး

ရန်ကုန်မြို့ ပုဇွန်တောင် ညောင်တန်း၌ ငါးဖမ်းလှေနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်နေသော အဏ္ဏဝါဦးပိုင် အများပိုင်ကုမ္ပဏီအပြင် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းပိုင်ကုမ္ပဏီတစ်ခုကို တည်ထောင်ခွင့်ပြုလိုက်သဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ပြည်ပဝင်ငွေကို ရှာပေးနေသော ရေလုပ်ငန်းကဏ္ဍတွင် အများပိုင်ကုမ္ပဏီနှစ်ခုရှိလာပြီ ဖြစ်သည်။

"သေချာတာက ဒီကုမ္ပဏီတွေ လုပ်ငန်းပိုအောင်မြင်လာရင် လူတွေရဲ့စိတ်မှာ အများပိုင်ကုမ္ပဏီတွေကို ပိုသဘောကျရင်းနှီးလာကြမယ်" ဟု စီးပွားရေးပညာရှင်တစ်ဦးက မှတ်ချက်ချသည်။

သို့သော်လည်း လူဦးရေ ၅၄ သန်းရှိသော မြန်မာနိုင်ငံတွင် အများနှင့်ဆိုင်သောကုမ္ပဏီမှာ ၂၅ ခုခန့်သာရှိပြီး FMI ကဲ့သို့ လက်တွေ့အောင်မြင်မှုရသည့်ကုမ္ပဏီမှာ အနည်းအကျဉ်းသာရှိနေသဖြင့် အများပိုင်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံသူတို့၏ စိတ်ဝင်စားမှုကို မဆွဲဆောင်နိုင်သေးကြောင်း တွေ့ရသည်။

"ဒါပေမဲ့လည်း အနည်းအကျဉ်းတော့စိတ်ဝင်စားတာတော့တွေ့ရပါတယ်။ အများပိုင်ကုမ္ပဏီမှာ လုပ်ငန်းရှင်ရင်းနှီးမြှုပ်နှံဖို့သာမဝံ့မရဲဖြစ်နေကြသေးတာပါပဲ" ဟု ဦးဝင်းသင်က ဆိုသည်။ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)၏ ဥက္ကဋ္ဌဦးလှမောင်ရွှေကမူ ပြန့်ကျဲနေသော ကုမ္ပဏီများကို တစ်စုတစ်စည်းတည်းဖြစ်စေနိုင်သည့် အများပိုင်ကုမ္ပဏီများ အမှန်တကယ် လိုအပ်နေပြီဟု ပြောကြားသည်။

ထို့ကြောင့် ၂၀၀၆ ခုနှစ် မတ်လ ၂၃ ရက်နေ့က စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ဦးစီးဖွဲ့စည်းခဲ့သော အများပိုင်ကုမ္ပဏီသည် အများပိုင်ကုမ္ပဏီစနစ်ကို မြန်မာနိုင်ငံတွင် တွင်ကျယ်ပျံ့နှံ့လာမည့်အကြောင်းတစ်ရပ်ဖြစ်စေသည်ဟု မြန်မာ့စီးပွားရေး ကျွမ်းကျင်သူများက မှတ်ချက်ချပါသည်။

**ထားထားမြင့်**

■

# အသေးစားစီးပွားရေးလုပ်ငန်းများအတွက် INGO များ၏ ငွေကြေးဝန်ဆောင်မှုအစီအစဉ်

နိုင်မင်းဝေ

**ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ သတ်မှတ်ထားသည့် ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Goals)တွင် ဝင်ငွေနိမ့်လူအများစုဘဝများကို မြှင့်တင်ပေးမည့် အစီအမံများ ပါဝင်နေသည်။ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ဝန်ဆောင်မှုပေးခြင်းသည် အဆိုပါအစီအစဉ်များတွင် ပါဝင်သော ကဏ္ဍတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဤအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိနေရာ ဝင်ငွေနိမ့် မြန်မာနိုင်ငံသားများအတွက် အထူးအဆင်ပြေစေသောအစီအစဉ်ဟု ဆိုနိုင်ပါသည်။**

ကမ္ဘာနှင့်အဝန်းတွင် လူပေါင်း သန်း ၁၃၀၀ ခန့်သည် အလွန်ဆင်းရဲလျက်ရှိကြရာ ကုလသမဂ္ဂ၏ ထောင်စု နှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Millennium Development Goals)တွင် ၂၀၁၅ ခုနှစ်အရောက်၌ လက်ရှိဆင်းရဲမွဲတေသူဦးရေ၏ ထက်ဝက်ခန့် လျှော့ချသွားရေးကို ထည့်သွင်းထားခဲ့သည်။

ဆင်းရဲမွဲတေမှုသည် နိုင်ငံတကာ ပြဿနာများစွာ၏ အကြောင်းတရား အကျိုးတရား နှစ်ခုစလုံးတွင် ပြောဆိုဆွေးနွေးစရာဖြစ်သည်။ ပြဿနာများ၌ ငတ်မွတ်ခေါင်းပါးမှု၊ သဘာဝဝန်းကျင်ယိုယွင်းပျက်စီးလာမှု၊ လူဦးရေတိုးပွားလာမှု၊ စာမတတ်သူများပြားမှု၊ ပြည်တွင်းစစ်များ၊ စီးပွားရေးနောက်ကျမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပါဝင်သည်။



နိုင်ငံတကာအနေဖြင့် ယင်းအပြန် အလှန်ဆက်စပ် ပြဿနာများကို အတွင်းပိုင်းအထိ ထဲထဲဝင်ဝင် လေ့လာကြည့်မည်ဆိုလျှင် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုကဲ့သို့သော အစီအစဉ်များသည် ဦးစားပေးနေရာ၌ ရှိနေပေသည်။

အသေးစားစီးပွားရေးလုပ်ငန်းများအား ငွေကြေးထောက်ပံ့သည့်လုပ်ငန်းဆောင်ရွက်မှုသမိုင်းကြောင်းကို လေ့လာကြည့်လျှင် ဆင်းရဲနွမ်းပါးသူများကို ချေးငွေထုတ်ပေးခြင်း၊ စီးပွားရေးနှင့်စပ်လျဉ်း၍ အကျိုးအမြတ်မယူဘဲ အကြံဉာဏ်ပေးခြင်းကဲ့သို့သော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း စတင်ဆောင်ရွက်ခဲ့ကြသည်။ ယင်းတို့အနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဂရာမင်းဘဏ်စီမံကိန်းသည် ထင်ရှားခဲ့သည်။ ရပ်ကွက်မြို့ရွာအဆင့်နှင့် နိုင်ငံအဆင့်နှစ် ရပ်စလုံးတွင် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ပေးခြင်းသည် ဆင်းရဲမွဲတေမှုလျှော့ချရေး၌ အတော်ပင် ထိရောက်မှုရှိသည်ဟု ဂရာမင်းဖောင်ဒေးရှင်း ဥက္ကဋ္ဌက ပြောကြားသည်။ ဂရာမင်းဖောင်ဒေးရှင်းသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများမှ ဆင်းရဲနွမ်းပါးသူများအား အသေးစားချေးငွေများ ထောက်ပံ့ပေးသော ငွေကြေးအဖွဲ့အစည်းများကို ငွေကြေးနှင့် နည်းပညာဆိုင်ရာ အကူအညီပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

## အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းနှင့် မြန်မာနိုင်ငံ

အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ ဆင်း

ရဲနွမ်းပါးသူများ ငွေချေးငှားခြင်းပင် ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများအနေဖြင့် ချေးငွေရရှိနိုင်ခြင်း၊ ငွေစုဆောင်းနိုင်ခြင်း၊ အာမခံထားရှိခွင့် ရရှိခြင်းဆိုသည့် ငွေကြေးနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုအခွင့်အလမ်းများကို ရယူခံစားခွင့်ရှိစေခြင်းပင် ဖြစ်သည်ဟု လုပ်ငန်းလုပ်ကိုင်သူများက အဓိပ္ပာယ်ဖွင့်ဆိုသည်။

သမားရိုးကျငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း၏ ကွာခြားချက်မှာ ချေးငွေပမာဏအနည်းငယ်မှ စတင်ထုတ်ချေးပေးခြင်း၊ အပေါင်ပစ္စည်းပေးအပ်ရန် မလိုအပ်ဘဲ ချေးယူသူအချင်းချင်း တာဝန်ယူ၍ ချေးယူနိုင်ခြင်း၊ အတိုးနှုန်းသတ်မှတ်ချက်မှာလည်း ငွေကြေးဈေးကွက်နှုန်းမြင့်သော်လည်း ငွေတိုးပေး၍ ချေးသူများ၏ အတိုးနှုန်းထက် သက်သာစေခြင်း၊ ချေးငွေများကို သေးငယ်သည့်ငွေကြေးပမာဏဖြင့် အကြိမ်ကြိမ်အလီလီ ပိုင်းခြားပေးဆပ်စေခြင်း၊ ချေးငွေပေးဆပ်ပြီးသူတိုင်း ထပ်မံချေးယူနိုင်ခွင့်ရှိခြင်း၊ ငွေထုတ်ချေးသည့်လုပ်ငန်းအဆင့်ဆင့် လွယ်ကူစေရန် ပုံစံတကျ သတ်မှတ်ထားရှိခြင်း၊ သင့်လျော်သည့်ချေးငွေပမာဏခွင့်ပြုမိန့်ကို ဗဟိုမှ ချုပ်ကိုင်ထားခြင်းမရှိဘဲ အောက်ခြေသို့ လုပ်ကိုင်ခွင့်ပြုထားခြင်း၊ ချေးငွေပုံမှန်ပြန်လည်ပေးဆပ်သူများအတွက် ဆွဲဆောင်မှုပေးသည့်စနစ်ကို ကျင့်သုံးခြင်းတို့ဖြစ်ကြောင်း၊ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျူတောကျေးရွာမှ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ခေါင်းဆောင်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံအနေနှင့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြင့် ရေရှည်တွင် နွမ်းပါးသူများကို အလုပ်အကိုင် ရရှိပြီး ဝင်ငွေတိုးစေခြင်း၊ ကုန်ထုတ်လုပ်မှု အရင်းအနှီးပစ္စည်းများ ပါဝင်သော အရင်းအနှီးပစ္စည်းအမျိုးမျိုး စုဆောင်းနိုင်ခြင်း၊ မမျှော်မှန်းနိုင်သော ပြင်ပအန္တရာယ်များ သက်ရောက်မှုလျော့နည်းစေခြင်း၊ ပြည်သူလူထုနှင့် အထူးသဖြင့် အမျိုးသမီးများ ပြောရဲဆိုရဲ ဆွေးနွေးခွင့်ရရှိလာစေခြင်း၊ ဖွံ့ဖြိုးမှုဆိုသည့် ပင်မရေစီးကြောင်းတွင် ပါဝင်နိုင်ခြင်းဆိုသည့် အထောက်အကူများ ရရှိနိုင်မည့် နည်းလမ်းနှင့် ကမ္ဘာအရပ်ရပ်မှရရှိခဲ့သော အတွေ့အကြုံများအရ လုပ်ဆောင်လျက်ရှိကြောင်း ယင်းသို့ လုပ်ဆောင်လျက်ရှိသည့် UNDP မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

## အသေးစားငွေကြေးဝန်ဆောင်မှုလမ်းမကြီးပေါ်မှ မှတ်တိုင်တစ်ခု

ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာရှိ ဒေါ်ညိုညိုစန်းသည် မွေးချင်းလေးယောက်အနက် အကြီးဆုံးသမီး ဖြစ်ပြီး ၁၉၉၈ ခုနှစ်က ဖခင် ရုတ်တရက်သေဆုံးသွား၍ စားဝတ်နေရေးမပြေလည်သည့်အတွက် အထက်တန်း ပညာသင်ကြားနေခြင်းမှ နုတ်ထွက်ခဲ့ရသည်။ ၎င်းတို့ပိုင်ဆိုင်သည့် လယ်ယာမြေမှလည်း ဝင်ငွေမရသကဲ့သို့ မိခင်၏ စက်ချုပ်လုပ်ငန်းမှရသည့် ဝင်ငွေမှာလည်း ပုံမှန်မဟုတ်သည့်အပြင် မိခင်မှာ ကျန်းမာရေးမကောင်း၍ ဆေးဝါးကုသမှုခံယူ နေရသည့်အတွက် ဝင်ငွေနှင့်ထွက်ငွေ မမျှမတအလွန်ဆင်းရဲခဲ့ကြသည်။ ထိုအခြေအနေများနှင့်ပတ်သက်၍ ဒေါ်ညိုညိုစန်းက ၎င်းတို့၏အိမ်သည် ကျောင်းအနီးတွင်ရှိ၍ အိမ်ရှေ့တွင် ဈေးဆိုင်ဖွင့်မည်၊ အချိန်အားလျှင် မိခင်စက်ချုပ်သည်ကို ကူညီရင်း လေ့လာသင်ကြားမည်ဟု စိတ်ကူးရှိခဲ့သော်လည်း လက်တွေ့ဘဝတွင် အရင်းအနှီးမရှိ၍ စိတ်ပျက်အားငယ်ခဲ့ရသည်။

၁၉၉၈ ခုနှစ်တွင် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းစီမံကိန်း တောင်ဦးကျေးရွာသို့ ရောက်ရှိလာသည့်အခါ ပထမ နှစ်အတွက် ငွေ ၁၀၀၀၀ ကျပ် စတင်ထုတ်ချေးခွင့်ရရှိခဲ့၍ ဒေါ်ညိုညို စန်း၏ စိတ်ကူးများ အကောင်အထည်ဖော်နိုင်ခဲ့သည်။ အိမ်ဘေး တွင် ငါးပေပတ်လည် အဆောက်အအုံတစ်လုံးကို ကျပ် ၅၀၀၀ ဖြင့် တည်ဆောက်၍ ကျန်သည့် ၅၀၀၀ နှင့် မုန့်ပဲသရေစာ၊ ကွမ်းယာ၊ ဖယောင်းတိုင်၊ ဆပ်ပြာ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ခြံဝင်းအတွင်းမှာပင် ဈေးဆိုင်ဖွင့်ခဲ့သည်။

မိခင်ဖြစ်သူက စက်ချုပ်၊ ညီမငယ်က ဈေးကူရောင်း၊ မောင်ငယ်က မိသားစုပိုင်လယ်ယာမြေတွင် နှမ်းစိုက်၍ စီမံကိန်း ချေးငွေကို ပုံမှန်ပေးဆပ်နိုင်ပြီး ခြောက်လအကြာတွင် ၄၅၀၀ ကျပ်တန် ဝက်ကလေးတစ်ကောင် ဝယ်ယူနိုင်ခဲ့သည်။ နောက်ခြောက်လအကြာတွင် ဝက်ကို ၄၀၀၀၀ ကျပ်နှင့် ရောင်းချ၍ ဈေးဆိုင်တွင် ထပ်မံရင်းနှီးမြှုပ်နှံမှုပြုနိုင်ကာ နောက်ထပ်ချေးငွေ ၂၅၀၀၀ ကျပ် ရရှိချိန်တွင် ဈေးဆိုင်မှာ ပိုမိုစီးပွားဖြစ်ထွန်းလာသလို ဝက်အရေအတွက်လည်း များလာသည်။ သုံးနှစ်မြောက်တွင် ၎င်းတို့အိမ်ကို အင်္ဂတေခင်း၊ သွပ်မိုးအိမ်သစ်ကလေး ဆောက်နိုင်ခဲ့ပါသည်။

ယခုအခါ အဖွဲ့ဝင် ၅၀ ဦးက ဒေါ်ညိုညိုစန်းကို ငွေစုငွေချေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကြသည့်အတွက် သူမအိမ်တွင် နှစ်ပတ်တစ်ကြိမ် ပုံမှန်အစည်းအဝေးပြုလုပ်နေကြသည်။ ဒေါ်ညိုညိုစန်းကဲ့သို့ နွမ်းပါးသူများ၏ မသိနားမလည်မှု၊ မျှော်လင့်ချက်ကင်းမဲ့ မှု၊ စိတ်ပျက်အားငယ်မှုနှင့် အမျိုးသမီးများ လုပ်ပိုင်ခွင့်နည်းပါးမှုသည် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းကြောင့် တိုးတက်ပြောင်းလဲလာရသည်ဟု ဆိုနိုင်သည်။

## မြန်မာနိုင်ငံတွင် UNDP စီမံကိန်း စတင်ဖြစ်သည့် အကြောင်း

အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းသည် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးအတွက် ထိရောက်သော လက်နက်ကိရိယာ ဖြစ်ကြောင်း ကမ္ဘာအနှံ့ အသိအမှတ်ပြုလာခြင်းကြောင့် မြန်မာ

နိုင်ငံတွင်လည်း လူမှုဖွံ့ဖြိုးမှုပျိုးထောင်ရေးအစီအစဉ်အပိုင်း (၂) ကာလဖြစ်သည့် ၁၉၉၇–၁၉၉၉ ကာလအတွင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဒေသသုံးခုခွဲ၍ နိုင်ငံတကာအဆင့်ရှိ နည်းပညာပေးအဖွဲ့သုံးဖွဲ့နှင့် တာဝန်ပေးစတင် ဆောင်ရွက်ခဲ့ကြောင်း UNDP-UNOPS မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ဇယား –၁)**

အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကွဲပြားခြားနားသည့် နည်းစနစ်များကို နိုင်ငံအသီးသီးမှ ရယူလေ့လာနိုင်ရန် နည်းပညာပေးအဖွဲ့ သုံးဖွဲ့ စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း ထူထောင်ရေးလုပ်ငန်း အဖွဲ့အစည်းထူထောင်ရေးဆိုင်ရာ လေ့လာရေးအဖွဲ့၏ အကြံပေးချက်အရ စီမံကိန်းဒေသတစ်ခု၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော နည်းပညာပေးအဖွဲ့ သုံးဖွဲ့အစား တစ်ဖွဲ့တည်းမှ တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂများဝန်ဆောင်မှုရုံးအနေဖြင့် PACT အမည်ရှိ အဖွဲ့အား ၂၀၀၆ ခုနှစ် မေလ ၁ ရက်နေ့မှ စ၍ စီမံကိန်းဒေသ သုံးခုစလုံးအတွက် အကောင်အထည်ဖော်ရန် တာဝန်ပေးခဲ့သည်ဟု UNDP တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းပြသည်။ **(ဇယား –၂)**

လုပ်ငန်းလုပ်ဆောင်ရာတွင် တွေ့ကြုံရသော အခက်အခဲများမှာ အသေးစားစီးပွားရေးလုပ်ငန်းများမှ အလတ်စားစီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်များ ဖြစ်ပေါ်မှုနည်းပါးခြင်း၊ ငွေကြေးတန်ဖိုးအပြောင်းအလဲကြောင့် လုပ်ငန်းအရင်းအနှီးတန်ဖိုး လျော့ကျသွားခြင်း၊ သက်ဆိုင်ရာမှ အသိအမှတ်ပြုအဖွဲ့အစည်းများ တရားဝင်ဖြစ်ပေါ်လာရေးအတွက် အားနည်းနေခြင်း၊ တယ်လီဖုန်း၊ အင်တာနက် အသုံးပြုနိုင်သည့် အလွန်ကောင်းမွန်ပြည့်စုံသော ဆက်သွယ်ရေးကွန်ရက်တစ်ရပ် လိုအပ်နေခြင်းကဲ့သို့ အကန့်အသတ်ရှိနေသည်ဟု ကြားသိရသည်။

## World Vision ၏ ဆောင်ရွက်မှု

အသေးစားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုအစီအစဉ်များသည် မိသားစုများ၏ ဝင်ငွေနှင့် ဘဝများ ပိုမိုတိုးတက်စေရန် ဆောင်ရွက်သောအစီအစဉ်တစ်ရပ်အနေဖြင့် World Vision အဖွဲ့အစည်းသည်လည်း ၁၉၉၈ ခုနှစ်တွင် ယင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒေသ ၁၀ ခုတွင် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

World Vision အနေဖြင့် စိုက်ပျိုး ရေးလုပ်ငန်းတွင် ၁၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းတွင် ၁၃ ရာခိုင်နှုန်း၊ ကုန်သွယ် မှုလုပ်ငန်းတွင် ၇၀ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ၅ ရာခိုင်နှုန်း အသေးစားစီးပွားရေး လုပ်ငန်းအတွက် ငွေကြေးဝန်ဆောင်မှုများ ပြုလုပ်ပေးခဲ့သည်ဟု ၂၀၀၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ သိရှိရသည်။

သမ္မန်သမားအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သူ ဦးသန်းညွန့်က World Vision ၏ အသေးစားစီးပွားရေး လုပ်ငန်းပံ့ပိုးခြင်းအစီအစဉ်ကြောင့် ကိုယ်ပိုင်သမ္မန်ဖြစ်ရန် ရည်ရွယ်ချက်အောင်မြင်ခဲ့သလို World Vision မှ ပံ့ပိုးငွေရရှိပြီးနောက် လက်သမားလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့သည်ဟု ဆိုပါသည်။

## လုပ်ငန်းဆောင်ရွက်သည့် နည်းဗျူဟာ

အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းသည် ဆင်းရဲနွမ်းပါးသူများ လျော့ကျစေရန် ရည်ရွယ်ထား၍ ဆင်းရဲနွမ်းပါး

**ဇယား (၁)**

| စဉ် | မြန်မာနိုင်ငံဒေသများ | နည်းပညာပေးအဖွဲ့ | လာရောက်သည့်နိုင်ငံ |
|---|---|---|---|
| ၁။ | မြစ်ဝကျွန်းပေါ်ဒေသ | ဂရာမင်းထရပ် | ဘင်္ဂလားဒေ့ရှ် |
| ၂။ | ရှမ်းပြည်နယ်ဒေသ | ဂရက်လ် | ပြင်သစ် |
| ၃။ | အပူပိုင်းဒေသ | ပက်မြန်မာ | အမေရိကန် |

Source: UNDP

**ဇယား (၂) ချေးငွေအသုံးချမှုအခြေအနေပြဇယား**

| အကြောင်းအရာ | အပူပိုင်းဒေသ | ရှမ်းပြည်နယ် | မြစ်ဝကျွန်းပေါ် |
|---|---|---|---|
| စိုက်ပျိုးရေး | ၂၁.၇၈ % | ၆၇.၀ % | ၇.၀ % |
| မွေးမြူရေး | ၄၄.၁၈ % | ၁၈.၀ % | ၄၅.၀ % |
| အရောင်းအဝယ် | ၂၈.၃၄ % | ၆.၀ % | ၂၄.၀ % |
| ထုတ်လုပ်မှု | ၃.၄၁ % | – | – |
| ဝန်ဆောင်မှု | ၁.၉၁ % | ၇.၀ % | ၂၁.၀ % |
| အခြား | ၀.၃၉ % | – | – |
| စုစုပေါင်း | ၁၀၀.၀ % | ၁၀၀.၀ % | ၁၀၀.၀% |

Source: UNDP

သည့် အိမ်ထောင်စုဝင်အမျိုးသမီးများကို ငွေချေးခြင်း၊ တူညီသောအုပ်စုငယ်များဖွဲ့စည်းခြင်း၊ အပေါင်ပေးရန်မလို အတိုးနှုန်းအနည်းငယ်နှင့် ငွေချေးပေးခြင်း၊ ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားရှိခြင်း၊ အုပ်စုငယ်များ ဖွဲ့စည်းရာတွင် စိတ်တူကိုယ်တူ အရည်အချင်းတူသူများဖြင့် ဖွဲ့စည်းခြင်း၊ စုငွေများစုဆောင်းစေခြင်း၊ ဘဏ်စနစ်ဖြင့်ဆောင်ရွက်သည့် လုပ်ငန်းအဆင့်ဆင့်တွင် အမြင်ရှင်းလင်းလွယ်ကူစေခြင်း၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ သေးငယ်သည့်ငွေပမာဏဖြင့် အလီလီပြန်လည်ပေးအပ်စေခြင်း၊ ငွေချေးသူများသိရှိလိုက်နာစေရန် သင်တန်းပေးခြင်းဆိုသည့် လုပ်ထုံးလုပ်နည်းများကို ငွေချေးသူများကို ငွေချေးမယူခင်ရှင်းပြသည်ဟု ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျူတောကျေးရွာမှ မူလတန်းပြဆရာမ ဒေါ်ဝါဝါခိုင်က ပြောကြားသည်။

သေးငယ်သည့်ငွေပမာဏဖြင့် အလီလီပြန်လည်ပေးဆပ်စေခြင်းတွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ အရင်းအတိုး အကြိမ် ၅၀ ခွဲပေးပြီး တစ်ပတ်လျှင်တစ်ကြိမ် ပြန်ဆပ်ရကြောင်း၊ အပူပိုင်းဒေသတွင် အတိုးကို ၂၅ ကြိမ်ခွဲပြီး နှစ်ပတ်တစ်ကြိမ် ပြန်ဆပ်ရကာ ရှမ်းပြည်နယ်ရှိ ဒေသများတွင် အတိုးငွေကို လစဉ် အရစ်ကျကောက်ခံပြီး အရင်းငွေကို ချေးငွေသက်တမ်းကုန်ဆုံးချိန်တွင် တစ်ကြိမ်တည်းကောက်ခံကြောင်း၊ ဤကဲ့သို့ ဒေသအလိုက် ကွာခြားချက်မှာ ဒေသများ၏ထူးခြားချက်၊ သွားရေးလာရေး အခြေအနေ၊ လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းအခြေအနေတို့ကို ကြည့်၍ ဆုံးဖြတ်ခြင်းဖြစ်သည်ဟု UNDP ငွေထုတ်ချေးသည့်စနစ်အကြောင်း သူမက ဆက်လက်ရှင်းပြသည်။

## အသေးစားစီးပွားရေးလုပ်ငန်း

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၁ ခုနှစ် မြို့တော် ကဘူလ်မှ တာလီဘန်များ ဆုတ်ခွာထွက်ပြေးပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် အသေးစားစီးပွားရေးလုပ်ငန်းများ ရုတ်တရက်ချက်ချင်းပေါ်ပေါက်ခဲ့ကြသည်။ တာလီဘန်တို့လက်ထက်က တားမြစ်ပစ္စည်းများဖြစ်သည့် သီချင်းခွေများ၊ ရေဒီယို၊ အစားအသောက်၊ အဝတ်အထည်၊ လောင်စာဆီ စသည့် ရှားပါးကုန်ပစ္စည်းများ ရောင်းချလာကြခြင်း ဖြစ်သည်။

အသေးစားစီးပွားရေးလုပ်ငန်းများဟု မြန်မာဘာသာပြန်အခေါ်အဝေါ်သည် Microenterprise နှင့် Small Business ကို ယေဘုယျဘာသာပြန်ဆိုချက် ဖြစ်သော်လည်း ယင်းနှစ်ခု သည် ကွဲပြားခြားနားသည့်လုပ်ငန်းသဘာဝ ရှိပါသည်။

SME (Small & Medium Enterprises) မှ Small သည် Micro ထက်ကြီးသည်ဟုဆိုနိုင်ပြီး လုပ်ငန်းသဘာဝအရ Medium ဘက်သို့လည်း ကူးပြောင်းနိုင်သည်။ Big အထိလည်း သွားနိုင်သည်။ Small အောက်တွင် Tiny Business အသေးစား (တစ်နိုင်တစ်ပိုင် စီးပွားရေး) ဟုလည်း ရှိသေးသည်။ Micro ဟုပြောလျှင် အခြေခံကို ပြောခြင်းဖြစ်သည်ဟု ပြောနိုင်သည်။ ခေါင်းရွက်ဗျပ်ထိုး၊ လက်လုပ်လက်စား၊ ငွေရင်းနည်းနည်းနှင့် လုပ်ကိုင်စားသောက်သူများဟု ပြောနိုင်သည်။

ယေဘုယျအားဖြင့်ပြောလျှင် Micro ကို တစ်ဦးချင်းအခြေခံစီးပွားရေးလုပ်ငန်းများ (ဥပမာ–အညာမှ ဇီးသီးလှည်းသည်များ) ဟု ပြောနိုင်ပြီး Small ကို မိသားစုစီးပွားရေးလုပ်ငန်းများ ဥပမာ (ဇီးသီးယိုစုံ လုပ်ငန်းများ) ဟု ပြောနိုင်သည်။

သို့ဖြစ်၍ အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်များကို ဖန်တီးပေးရာရောက်ပြီး နိုင်ငံ့ဝင်ငွေကိုလည်း တိုးတက်ရရှိစေသည်ဟု နိုင်ငံတကာ၌ ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသည်။ သို့သော် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖြစ်ဖြစ်မြောက်မြောက် မရှိချေ။

## နီဂိုး

ဆင်းရဲနွမ်းပါးသူများသည် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြရန် ငွေကြေးလိုအပ်သည်။ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ငွေချေးထောက်ပံ့ခြင်းသည် ဆင်းရဲသားများအတွက် အခြားသော ဆောင်ရွက်ချက်များနှင့်စာလျှင် အကောင်းဆုံးသောအခြေခံထောက်ပံ့မှုတစ်ခုဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများသည် ယခင်က အထီးကျန်နေခဲ့ရပြီး ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမရှိ၊ အယုံအကြည်မဲ့ ဖြစ်နေခဲ့ရာမှ ယခုအခါ ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းများကြောင့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အရင်းအနှီးများ ရရှိလာခဲ့သည်။

အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ခြင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်သည် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပေါက်မြောက်ရေးအတွက် အခြား မည်သည့်ရင်းနှီးမြှုပ်နှံမှုမျိုးကိုမျှ ဆောင်ရွက်ရန်မလိုအပ်ဟုလည်း ဆိုကောင်းဆိုနိုင်ပေသည်။


**နိုင်မင်းဝေ**

**ကိုးကား–**

**UNDP, UNOPS လူမှုဖွံ့ဖြိုးမှု ပျိုးထောင်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းအကြောင်း သိကောင်းစရာစာတမ်း။**

**–မေတ္တာမိုး မြန်မာပြန်သည့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်းပါး**

ဤကဏ္ဍတွင်……
၇၆ စားသုံးသူနှင့် အခွင့်အရေးမျှခြေ
၈၀ အရင်းအနှီး၊ နည်းပညာနှင့် ဆင်းရဲခြင်း
၈၄ သဘာဝပတ်ဝန်းကျင်နှင့် အနာဂတ်ကုန်သွယ်ရေး
၈၇ GDP(ဂျီဒီပီ)




# စားသုံးသူနှင့် အခွင့်အရေးမျှခြေ

ဇော်မျိုး

လူတို့သည် ယေဘုယျအားဖြင့် အမြတ်အစွန်းရရှိလို၍ စီးပွားကုန်သွယ်မှု ပြုကြသည်။ ထို့ထက်ပို၍ဆိုရလျှင် မိမိ၏ လက်ရှိအခြေအနေထက် ပိုပြီးကြီးပွားတိုးတက်လို၍ပင် ဖြစ်သည်။ ထိုသဘောတရားမှာ ခေတ်တွေ စနစ်တွေ မည်သို့ပင် ပြောင်းစေကာမူ မပြောင်းလဲသော သဘောတရားတစ်ခုပင် ဖြစ်သည်။

ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုဟူသည် 'ဝယ်လိုအား' ဟူသော တောင်းဆိုမှုတစ်ခုကြောင့် ရှင်သန်နေခြင်း ဖြစ်သည်။ တစ်ဖက်တွင် ထုတ်လုပ်သူများ၏ ကုန်ပစ္စည်းအသစ်အဆန်းများကို စားသုံးသူတို့က သုံးစွဲအမှတ်ပေးလျှင် ထိုကုန်ပစ္စည်းအရှည်တွင်မည်။ စားသုံးသူက ငြင်းပယ်လျှင်တော့ ထိုကုန်ပစ္စည်းအတွက် နေရာမရှိတော့။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူကြား ဆက်သွယ်မှုသည် တစ်ကြောင်းသွားသဘောထက် အပြန်အလှန်ဆက်စပ်လျက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေးဆီ ဦးတည်နေကြောင်း သိသာထင်ရှားလှပေသည်။

### ယခင်ဈေးကွက်

မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၅၀ ကျော်ဆိုသည်မှာ သေးငယ်သော ဈေးကွက်တစ်ခုမဟုတ်ပါ။ စီမံကိန်းစီးပွားရေးစနစ်က အဝတ်လျှော်ဆပ်ပြာမှအစ အဝတ်အထည်နှင့် အခြားလူသုံးကုန်ပစ္စည်းအဆုံး ကန့်သတ်၍ရောင်းချသောဆိုင်များမှာ စုပြုံတိုးဝှေ့ဝယ်ယူခဲ့သည်။ အကန့်အသတ်ဖြင့်သာ ရောင်းချနိုင်သဖြင့် သတ်မှတ်ထားသည့် အရေအတွက်ပြည့်လျှင် အရောင်းပိတ်သောကြောင့် တစ်နေကုန် အပင်ပန်းခံရကျိုးနပ်ဖို့ မသေချာပေ။ ထိုကာလ၌ ကုန်ပစ္စည်းပြတ်လပ်မှုဟူသည် မထူးဆန်းသောကိစ္စဖြစ်သည်။ တစ်ဖက်မှာလည်း အရည်အသွေးနှင့်ပတ်သက်၍ စားသုံးသူများတွင်

မည်သည့်အခွင့်အရေးမျှမရှိ။ ရွေးချယ်စရာမရှိဘဲ ကိုယ်မဝယ်လျှင်လည်း အခြားဝယ်မည့်သူက အဆင်သင့်ရှိနေ၍ ရောင်းသူဈေးကွက် ဖြစ်နေသည်။ ကုန်ပစ္စည်းအရည်အသွေးဆိုသည်ထက် ပစ္စည်းရရေးသည် ပဓာနဖြစ်နေသောကြောင့် မှောင်ခိုဈေးကွက်တစ်ရပ် ပေါ်ထွန်းခဲ့ဖူးသည်။

## အပြိုင်အဆိုင်ဈေးကွက်

ယခုအခါ ထိုသို့မဟုတ်တော့။ ယခင်က ပြည်ပမှ တင်သွင်းခဲ့ရသော ကုန်ပစ္စည်းအမယ်အတော်များများကို ပြည်တွင်းမှာပင် အပြိုင်အဆိုင်ထုတ်လုပ်လာနိုင်ပြီ ဖြစ်သည်။ ထိုအထဲတွင် အဓိကအားဖြင့် စားသောက်ကုန်ပစ္စည်းများက ထိပ်ဆုံးမှ ပါဝင်နေသည်။ စားသုံးသူများအတွက် ထိုစားသောက်ကုန်ပစ္စည်းအမယ်စုံက လက်တစ်ကမ်းရှိ လမ်းဘေးဆိုင်များမှသည် စတိုးဆိုင်နှင့် ဆူပါမားကတ်များအထိ စင်များပေါ် နေရာယူလျက် လက်ယပ်ဖိတ်ခေါ်နေသည်။ ထို့အပြင် ကုန်ပစ္စည်းတစ်မျိုးကိုပင် ထုတ်လုပ်သူအသီးသီးက အပြိုင်အဆိုင်ထုတ်လုပ်လာကြသဖြင့် စားသုံးသူများအတွက် ရွေးချယ်စရာတွေ များလာသည်။ အလားတူစွာဖြန့်ချိရေးဘက်မှလည်း လက်တံရှည်ကြသဖြင့် မြို့ကြီးများမှသည် တောကြိုအုံကြားမကျန် ပေါက်ရောက်ကြသည်။ ဤသည်မှာ ဈေးကွက်ကာလ ဆယ်စုနှစ်တစ်ခုကျော်အတွင်း စားသုံးသူများအတွင်း ပျံ့နှံ့မှုနှင့် ရွေးချယ်စရာများပြားလာမှုတို့ပင် ဖြစ်သည်။ သို့ရာတွင် ထိုသို့ ပျံ့နှံ့မှုနှင့် ရွေးချယ်နိုင်ခွင့် ပိုများလာခြင်းဟူသည် စီးပွားရေး၏ အခြေခံသရုပ်သကန်မျှသာဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ချင့်ချိန်တွက်လျှင်တော့ အခြားသော စဉ်းစားစရာများလည်း ရှိနေပေသည်။ ကုန်ပစ္စည်းများကို ပို၍ ရွေးချယ်ဝယ်ယူလာနိုင်ခြင်းဟူသည် သာမန်ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းသဘောထက်ပို၍ ကျယ်ပြန့်လာသော ယခုအချိန်မျိုး၌ကား အခြားပြဿနာတစ်ခုလည်း ရှိနေပါသေးသည်။

ဤသည်မှာ ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် အဓိကသက်ဆိုင်နေပေသည်။ အဆိုပါအချက်ကိုသိနိုင်ရန်အတွက် ဥပမာများ ရှိပါသည်။

နံပါတ်တစ် ဥပမာကို ကြည့်ပါ။ လူတစ်ယောက်သည် နာမကျန်းဖြစ်နေစဉ်အတွင်း ကျန်းမာရေးအရ ဆရာဝန်က အရည်သာသောက်ခွင့်ပြုထားသောကြောင့် လမ်းဘေးစတိုးဆိုင်တစ်ခုမှနေ၍ ယခုအခါ ကြော်ငြာအားကောင်းစွာဖြင့် ထုတ်လုပ်ရောင်းချနေသော အချိုရည်တစ်မျိုးကို ဝယ်၍သောက်သည်။ ဤတွင် ဘူးထဲအချိုရည်ကုန်ခါနီး၌ သကာ်မကောင်းဖြစ်၍ ဘူးကိုစောင်းပြီး အပေါက်မှ အတွင်းသို့ကြည့်မိရာ ဘူးအောက်ခြေ၌ လက်ဆေးရေကဲ့သို့သော မည်းညစ်သည့်အနည်အနှစ်နှင့် ရောနေသည့် သဲများကို တွေ့လိုက်ရသည်။

ဒုတိယဥပမာမှာမူ–အမျိုးသမီးတစ်ဦးကမူ ယိုစုံကြိုက်တတ်သူဖြစ်၍ ဝယ်နေကျဆိုင်မှပင် စားနေကျတံဆိပ်ကို ဝယ်၍စားသည်။ သည်လိုဖြင့် အထုပ်တစ်ဝက်ကျိုးကာနီးမှာ မာကျောသော အရာတစ်ခုကို သွားနှင့်ကိုက်မိ၍ ပါးစပ်ထဲမှ ထွေးထုတ်ကြည့်တော့ အထဲမှာ ဖိနပ်ရိုက်သံအရှယ် သံတစ်ချောင်းကို အထိတ်တလန့်တွေ့လိုက်ရသည်။ ဤသည်မှာ ဈေးကွက်အတွင်း အချို့နေရာများ၌ တွေ့နေရသော အနေအထားပင်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးမှာ စီးပွားရေးအရ ကမ္ဘာအနှံ့ဖြန့်ကြက်သောဖြစ်စဉ်ထဲသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ပေသည်။ ထိုသို့ ဝင်ရောက်လာခြင်းနှင့်အတူ အပြောင်းအလဲတွေက မြန်ဆန်လှပြီး အပြိုင်အဆိုင်တွေကလည်း ပို၍များပြားကြီးမားလာသည်။ တစ်နိုင်ငံ တစ်ဒေသနှင့်တစ်ဒေသ ကူးလူးဆက်ဆံမှုတွေ ပို၍များပြားလာသလို ဆက်နွယ်ပတ်သက်မှုတွေကလည်း ပို၍များပြားလာသည်။ ထိုအထဲတွင် စားသုံးမှုနှင့်ဆိုင်သောအချင်းအရာများက ထိပ်ဆုံးမှ ပါဝင်နေသည်။ ထိုသို့ အပြန်အလှန်ကူးလူးဆက်ဆံမှုများကပင်လျှင် ယှဉ်ပြိုင်မှုကို ပိုမိုအားကောင်းလာစေပြီး အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာသည်။ မြန်မာနိုင်ငံအတွက်လည်း လတ်တလောတွင် ထိုသို့သော ပြဿနာန်းချက်များ အားနည်းကောင်း အားနည်းနိုင်သော်လည်း မကြာခင်အချိန်အတွင်းမှာပင် သိသာထင်ရှားမှုများကို တွေ့လာရမည်မှာ သေချာလှပေသည်။ အထက်တွင်ဖော်ပြခဲ့သော ဥပမာများမှာ လတ်တလောဈေးကွက်အတွင်းမှ လက်လှမ်းမီရာမျှသာဖြစ်ပြီး အလားတူကိစ္စများ အခြားနေရာတွေမှာ မည်မျှရှိနေမည်ကို သေချာဂဏာစွာ ပြောနိုင်မည်မဟုတ်ပေ။ သို့ရာတွင် သေချာသည်မှာ ထို့ထက်များ စွာရှိနေနိုင်သည်ဆိုသောအချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ အခြားနိုင်ငံများကဲ့သို့ပင် အစားအစာနှင့် ဆေးဝါးထိန်းသိမ်းကွပ်ကဲရေးအဖွဲ့ရှိသော်လည်း အဖွဲ့၏တာဝန်မှာ ထုတ်လုပ်/တင်သွင်းခွင့်ပြုရန် လျှောက်ထားလာသော ကုန်ပစ္စည်းများကို စစ်ဆေး၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန်ခွင့်ပြုကြောင်း လက်မှတ်ထုတ်ပေးခြင်းသာ အဓိကဖြစ်ပေသည်။ ဌာနအနေနှင့် ထို့ထက်ပို၍ လုပ်ဆောင်နိုင်သည်က ဈေးကွက်ထဲမှပစ္စည်းများကို ကျပန်းကောက်ယူစစ်ဆေးခြင်းဖြင့် မသမာမှုများကိုတွေ့ရှိပါက စားသုံးသူသို့ အသိပေးထုတ်ပြန်မှုပြုမည်။ ထို့နောက် အရေးယူဆောင်ရွက်ခြင်းအနေနှင့် သက်ဆိုင်ရာကုန်ပစ္စည်းထုတ်လုပ်ခွင့်ကို ရပ်စဲစေမည်။ ဌာနအနေနှင့် တာဝန်ယူနိုင်မှုမှာ ဤမျှသာရှိပေလိမ့်မည်။ ထို့ထက်ပို၍မူ ဌာနအနေနှင့် ဈေးကွက်အတွင်းရှိ အမျိုးအမည်မြောက်မြားလှစွာသောပစ္စည်းများအားလုံးကို မျက်ခြည်မပြတ်လိုက်လံစစ်ဆေးနေနိုင်မည်မဟုတ်ပေ။ ဤသည်မှာ

ဖြစ်လည်းမဖြစ်နိုင်။ ထိုသို့သောအနေအထားတွင် တစ်ဖက်မှာလည်း 'စားသုံးသူအခွင့်အရေးကာကွယ်ခြင်း' ကဲ့သို့သော အသင်းအဖွဲ့မျိုးလည်း မရှိဖြစ်ပြန်ရာ အခြေအနေကို ပို၍ကြီးထွားလာစေရန် နောက်မှ တွန်းအားတစ်ရပ်သဖွယ်ဖြစ်သွားနိုင်ပေသည်။ မည်သို့ဆိုစေ အခက်အခဲတစ်ရပ် ရှိလာပြီဆိုလျှင် ဖြေရှင်းဖို့နည်းလမ်းတစ်ခုကတော့ ရှိရပေလိမ့်မည်။ မရှိသေးလျှင်လည်း ဖြစ်နိုင်ခြေရှိသည့်နည်းလမ်းများကို ရှာဖွေကြံဆရပေလိမ့်မည်။ ယခုကိစ္စနှင့် ပတ်သက်၍မူ စားသုံးသူနှင့် ထုတ်လုပ်သူ နှစ်ဦးနှစ်ဝဖြေရှင်းမည်ဆိုလျှင် သိသာထင်ရှားသောအဖြေတစ်ခုရနိုင်ပါသည်။

## စားသုံးသူ၏ယုံကြည်မှု

ထိုအခြေအနေကို ပိုမိုကောင်းမွန်ပြည့်စုံလာစေရန်အတွက် စားသုံးသူများဘက်မှ စားသုံးသူအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများမပေါ်ပေါက်မီ မိမိတို့သုံးစွဲသောကုန်ပစ္စည်းများ၏ ကောင်းကျိုးဆိုးပြစ် စသည့်သတင်းအချက်အလက်များကို အချင်းချင်းဖလှယ်မျှဝေခြင်းဖြင့် အရည်အသွေးမပြည့်သောကုန်ပစ္စည်းများကို ငြင်းပယ်နိုင်ပေသည်။ ဤသို့ငြင်းပယ်ခြင်းဖြင့် အရည်အသွေးညံ့ပစ္စည်းများကို တဖြည်းဖြည်းနှင့် ဈေးကွက်တွင်းမှ ဖယ်ရှားပြီးဖြစ်သလို ပိုမိုသစ်လွင်မျှတသောဈေးကွက်တစ်ခုဆီသို့လည်း ဦးတည်စေမည်ဖြစ်ပေသည်။ ထို့အပြင် အရာရာကံစမ်းမဲနှင့် မလွတ်ကင်းနိုင်သော ယခုလိုအချိန်တွင် ထိုကံစမ်းမဲဟူသည်မှာ အများအားဖြင့် မိမိတို့ကုန်ပစ္စည်းဝယ်ယူစဉ်က ပေးချေခဲ့ရသော ငွေကြေးထဲမှပင်ဖြစ်ကြောင်းကိုလည်း စေ့စေ့တွေး၍ ဆင်ခြင်နိုင်ပေသည်။ ထိုမှတစ်ဆင့် ကံစမ်းမဲနှင့် မေတ္တာလက်ဆောင်ဆိုသည်ထက် မိမိပေးချေရသောငွေကြေးတန်ဖိုးနှင့်ညီမျှသည့် မှန်ကန်ပြီးအရည်အသွေးပြည့်ဝသောပစ္စည်းသာလျှင် မိမိတို့ရွေးချယ်သင့်ရာ၊ လိုလားအပ်ရာအစစ်အမှန်ဖြစ်ကြောင်း သိရှိကြဖို့ဖြစ်သည်။ မိမိပုံမှန်ဝယ်ယူသုံးစွဲနေသော ကုန်ပစ္စည်းများ ကံစမ်းမဲပါသည်ဟု ကြော်ငြာရုံမျှနှင့် ကုန်ပစ္စည်းဈေးနှုန်းများ သိသာစွာမြင့်တက်သွားတတ်သည်ကို သတိပြုကြဖို့ဖြစ်သည်။



တစ်ဖက်၌ လုပ်ငန်းရှင်များဘက်မှလည်း မိမိတို့ကုန်ပစ္စည်းကို ဈေးကွက်တွင် အစွံထုတ်ရေးအတွက် ကြော်ငြာအားဖြင့်ဖိသည့်ဗျူဟာအစား ပို၍ လက်တွေ့ကျ အကျိုးရှိမည့်ကုန်ပစ္စည်းထုတ်လုပ်ရာအဆင့်တိုင်းတွင် စံချိန်စံညွှန်းကို တိကျစွာတိုင်းတာစစ်ဆေးခြင်း၊ ဆိုးဆေး၊ ကြာရှည်ခံ ဆေးနှင့် အနံ့အရသာများ (Artificials) ကို ကျန်းမာရေးဌာနမှ ခွင့်ပြုထားသည့်အတိုင်း တိကျစွာ ကန့်သတ်သုံးစွဲခြင်းများကသာ စားသုံးသူများအတွက်သာမက မိမိတို့ထုတ်လုပ်သောကုန်ပစ္စည်းများအပေါ်၌လည်း အများသူငါ၏ယုံကြည်မှုကို ပို၍ တိုးပွားလာစေမည်ဖြစ်ကြောင်း နားလည်သင့်ပေသည်။

ဤနေရာတွင် လုပ်ငန်းရှင်များအနေနှင့် မိမိတို့၏ကြော်ငြာများတွင် ထည့်သွင်းသုံးစွဲလေ့ရှိသော 'နိုင်ငံတကာစံချိန်မီ' ဆိုသော အသုံးအနှုန်းနှင့်ပတ်သက်၍လည်း ပြန်လည်ဆန်းစစ်သင့်ပေသည်။ မိမိထုတ်လုပ်သောပစ္စည်းအပေါ် စားသုံးသူများ၏ ယုံကြည်မှုတစ်စုံတစ်ရာရလိုသည်မှာ သဘာဝကျသော်လည်း ထိုစကားကို အများသူငါသုံးစွဲသလို အလွယ်တကူလိုက်လံသုံးစွဲရုံမျှဖြင့် အမှန်တကယ်စံချိန်မီဖြစ်လာနိုင်မလားဆိုသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။ စင်စစ် GMP တို့၊ ISO တို့ဆိုသည်မှာ များစွာကျယ်ပြန့်သောကိစ္စဖြစ်သည်။ ထိုစနစ်များ၌ ကုန်ကြမ်းပစ္စည်းစတင်ရယူစဉ် အရည်အသွေးစစ်ဆေးခြင်းမှစကာ သန့်စင်မှုနှင့်သိုလှောင်ခြင်း၊ ထုတ်လုပ်သည့်အဆင့်တိုင်း၌ မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်မှု၊ လုပ်သား

များ၏ကျန်းမာရေးနှင့် ၎င်းတို့အသုံးပြုသော အကာအကွယ်ပစ္စည်းများ၏ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှု စသည်ဖြင့် ပါဝင်နေရာ ထိုအသုံးအနှုန်းကိုသုံးစွဲမည်ဆိုလျှင် မိမိ တို့၏ကုန်ထုတ်လုပ်ငန်းများကို ပထမဦးဆုံး ပြန်လည်စိစစ်သင့်လှပေသည်။ သို့မဟုတ်ပါက ထိုအသုံးအနှုန်းသည် စားသုံးသူများအတွက် သကြားအုပ်ထားသော လှည့်ဖြားမှုမျိုးသာမည်ပေလိမ့်မည်။ စားသောက်ကုန်အပါအဝင် ကုန်ပစ္စည်းအမှတ်တံဆိပ်များ ရေရှည်တည်တံ့မှုရှိမရှိဆိုသည်မှာ အဓိကအားဖြင့် စားသုံးသူများနှင့်သက်ဆိုင်နေသည်မှာ မှန်သော်လည်း ကုန်စည်ထုတ်လုပ်ရောင်းချခြင်းဟူသည် ဝန်ဆောင်မှုပေးခြင်းသဘော၌ အကျုံးဝင်ခြင်းကြောင့် တစ်ဖက်မှကြည့်လျှင် ထုတ်လုပ်သူအတွက် ကိုယ်ကျင့်သိက္ခာ(Moral, Ethics) ကိစ္စလည်းဖြစ်နေသည်ကို သေချာစွာ နားလည်ထားသင့်ပေသည်။

စားသောက်ကုန်ဆိုသည်မှာ အခြားသောကုန်ပစ္စည်းများနှင့်ခြားနားလျက် လူတို့အတွက် မရှိမဖြစ်သဘောဆောင်သောကုန်ပစ္စည်းဖြစ်ပေသည်။ လုပ်ငန်းရှင်များအနေနှင့် မိမိတို့ထုတ်လုပ်သောကုန်ပစ္စည်းသည် စားသုံးသူတို့၏ အသက်ဇီဝရှင်သန်ရေးဟူသောအချက်နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း သတိမူဖို့ပင်ဖြစ်သည်။ ထိုသို့ဂရုဓမ္မပြုမည်ဆိုလျှင် စားသုံးသူများအတွက်သာမက ထုတ်လုပ်သူအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးပြည့်ဝပေလိမ့်မည်။

**လုပ်ငန်းရှင်များအနေနှင့် မိမိတို့၏ကြော်ငြာများတွင် ထည့်သွင်းသုံးစွဲလေ့ရှိသော "နိုင်ငံတကာစံချိန်မီ" ဆိုသော အသုံးအနှုန်းနှင့်ပတ်သက်၍လည်း ပြန်လည်ဆန်းစစ်သင့်ပေသည်။ မိမိထုတ်လုပ်သောပစ္စည်းအပေါ် စားသုံးသူများ၏ ယုံကြည်မှုတစ်စုံတစ်ရာရလိုသည်မှာ သဘာဝကျသော်လည်း ထိုစကားကို အများသူငါသုံးစွဲသလို အလွယ်တကူ လိုက်လံသုံးစွဲရုံမျှဖြင့် အမှန်တကယ်စံချိန်မီ ဖြစ်လာနိုင်မလားဆိုသည်မှာ စဉ်းစားစရာပင် ဖြစ်သည်။**

## အရည်အသွေးသည်သာ

သို့ဖြစ်၍ ယခုလိုပြိုင်ဆိုင်မှုများက ကမ္ဘာနှင့်အဝန်း ပြင်းထန်နေချိန်တွင် ပြည်တွင်းလုပ်ငန်းရှင်များအနေနှင့်လည်း မည်သည့်လမ်းကိုလိုက်ကြမည်နည်း ဆိုသည်ကို ရွေးချယ်ရပေတော့မည်။ လုပ်ငန်းရှင်များအနေနှင့် မိမိတို့ထုတ်လုပ်သောကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်အတွက်သာမက ရေရှည်တွင် ပြည်ပဈေးကွက်များသို့ပါ ထိုးဖောက်နိုင်ဖို့ရည်ရွယ်ချက်ကိုယ်စီ ရှိကြပေလိမ့်မည်။ ဤသို့ဆိုလျှင် ပြည်ပထုတ် အမျိုးတူကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရမည်မှာ ရှောင်လွှဲမရနိုင်သောကိစ္စပင်ဖြစ်လိမ့် မည်။ ဤသို့ယှဉ်ပြိုင်ရောင်းချရာတွင် ကုန်ပစ္စည်းအရည်အသွေးနှင့်ပတ်သက်၍ မည်သည့်ပြည်ပဝယ်လက်ကမှ လျှော့ပေါ့စဉ်းစားပေးမည်မဟုတ်သည်မှာ သေချာလှပေသည်။ နိုင်ငံတကာစီးပွားရေးလုပ်ထုံးများနှင့် ပို၍အကျွမ်းဝင်သော သူတို့အတွက် အရည်အသွေးနှင့် ပတ်သက်ပြီး ခြွင်းချက်ရှိလိမ့်မည်မဟုတ်သလို မည်သို့သောဆင်ခြေကိုမျှလည်း လက်ခံလိမ့်မည် မဟုတ်ပေ။ အလားတူစွာ ကုန်ပစ္စည်းအမျိုးအစားနှင့် တန်ဖိုးအနိမ့်အမြင့်တို့မှာလည်း အရည်အသွေးနှင့်ပတ်သက်သောကန့်သတ်ချက်တွင် အကျုံးဝင်လိမ့်မည်မဟုတ်။ ယိုစုံထုပ်မှ၊ ရေခဲသေတ္တာမှ ခွဲခြားနေလိမ့်မည်မဟုတ်။ ကုန်ပစ္စည်းအားလုံးနှင့်ပတ်သက်၍ ထိုကိစ္စမှာ အလျှော့ပေးလိုက်လျောမှုကို မျှော်လင့်နိုင်မည်မဟုတ်ပေ။ ဤအခြေအနေတွင် နည်းပညာနှင့်ဈေးကွက်သဘောကို ပို၍ရင်းနှီးသော ပြည်ပပစ္စည်းများအပေါ် မည်သို့ယှဉ်ပြိုင်မည်နည်းဆိုသည်ကို ယခုအချိန်ကပင် စဉ်းစားပြင်ဆင်သင့်ပေသည်။ ဈေးကွက်သဘောအရ ကုန်ပစ္စည်းအရည်အသွေးချင်းတူလျှင် ဈေးနှုန်းသက်သာမှုကို ရွေးချယ်မည်မှာ သေချာသည်။ အပြန်အလှန်အားဖြင့် ဈေးနှုန်းချင်းတူလျှင် အရည်အသွေးက စကားပြောမည်။ ဤမှ အဖြေထွက်လာသည်မှာ အရည်အသွေးအဓိကကျသည်ဟူသောအချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် ယခုအခါ WTO အပါအဝင် ကမ္ဘာ့အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ် ပါဝင်နေသည်ဖြစ်ရာ ပြည်တွင်းလုပ်ငန်းရှင်များအနေနှင့်လည်း အခွင့်အရေးအရ အခြားအဖွဲ့ဝင်နိုင်ငံများမှ လုပ်ငန်းရှင်များနည်းတူ ညီတူညီမျှရှိနေပေသည်။ ပြည်တွင်းလုပ်ငန်းရှင်များအနေနှင့် ကောင်းမွန်သောအခြေအနေတစ်ရပ်ဆီဦးတည်ရန်အတွက် မိမိဘက်မှပြင်ဆင်သင့်သည်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်ပေသည်။ ပြည်တွင်းလုပ်ငန်းရှင်များ အနေနှင့် မကြာမီကြုံတွေ့လာမည့်အခြေအနေတစ်ရပ်တွင် အရည်အသွေးနှင့်ပတ်သက်၍ မိမိဘက်မှ မည်မျှပြင်ဆင်ထားသနည်းဆိုသည့်အချက်က မိမိတို့ထုတ်လုပ်သောကုန်ပစ္စည်း၏အနာဂတ်ကို အဓိကတိုင်းတာသွားလိမ့်မည်မှာ သေချာနေပေသည်။

**ဇော်မျိုး**

■



# အရင်းအနှီး၊ နည်းပညာနှင့် ဆင်းရဲခြင်း

စိုးယုဝေ

**နိုင်ငံတစ်ခု၏ ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် အဆိုပါနိုင်ငံရှိ ပြည်သူလူထု၏ ဆင်းရဲခြင်း၊ ချမ်းသာခြင်းများသည် နယ်ပယ်အသီးသီးရှိ လုပ်ငန်းများတွင် ထည့်ဝင်ထားနိုင်သည့် အရင်းအနှီးအပြင် အသုံးပြုသည့် နည်းပညာများပေါ် များစွာ တည်မှီလျက်ရှိသည်။ ထိုကဲ့သို့ တည်မှီနေမှုများကို လေ့လာသုံးသပ်ကြည့်ပါက လူတစ်ဦးချင်းစီမှ အစပြု၍ နိုင်ငံတစ်ခုလုံးအထိ ဆက်စပ်အရေးပါသွားကြောင်း တွေ့ရမည်ဖြစ်သည်။**

## အရင်းအနှီး

လက်ရှိမြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးတွင် လုပ်ကိုင်နေကြသော နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များမှာ မိမိလုပ်ငန်းအတွက် စိုက်ထုတ်သုံးစွဲမည့် ငွေကြေးလိုအပ်ချက်များကို ကိုယ်ပိုင်ငွေကြေး၊ ဥစ္စာဓနများဖြင့်သာ လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ တစ်ဦးတစ်ယောက်တည်း၏အားဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင်သာ ရင်းနှီးမြှုပ်နှံနိုင်ကြပြီး အကြီးစားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်မှုမှာ တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် လွန်စွာနည်းပါးလှသည်။ ထို့ကြောင့် အရင်းအနှီးများစွာ စိုက်ထုတ်ရမည့် အကြီးစားစီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကသာ ကြီးစိုးနေသည်မှာ သိသာထင်ရှားသောအချက်ဖြစ်သည်။ ပြည်ပလုပ်ငန်းရှင်များက ယခုကဲ့သို့ လုပ်ကိုင်နိုင်ခြင်းမှာ မိမိတို့ကုမ္ပဏီမှ စီမံကိန်းတစ်ခုကို လုပ်ကိုင်ခွင့်ရသည်နှင့် တစ်ပြိုင်နက် အဆိုပါလုပ်ကိုင်ခွင့်ပါမစ်ပြ၍ သက်ဆိုင်ရာဘဏ်များမှ လိုအပ်သော အရင်းအနှီးကို ချေးယူနိုင်ကြသည်။ ယင်းကဲ့သို့ဘဏ်များ၏ အထောက်အကူပြုမှုများကြောင့် ပြည်ပလုပ်ငန်းရှင်များမှာ အကြီးစားစီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ကြပြီး ပြည်တွင်းလုပ်ငန်းရှင်များမှာ လုပ်ငန်းအကောင်အထည်ပေါ်ရေး၊ လုပ်ကိုင်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးရသော ဝန်ဆောင်ခ(သို့) သတ်မှတ်ထားသော အချိုးကျရှယ်ယာကိုသာ ရရှိကြသည်။

ထို့ပြင်နိုင်ငံသားများသို့ လုပ်ကိုင်ခွင့်ချပေးသော နယ်ပယ်အသီးသီးမှ လုပ်ငန်းအများစုတွင် လုပ်ကိုင်ခွင့် ကန့်သတ်ထားခြင်းများရှိသည်။ ထိုကဲ့သို့ ကန့်သတ်ထားမှုများကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ဥပမာများဖြင့် အောက်ပါ

အတိုင်း ဆက်စပ်တွေးခေါ်နိုင်သည်။

ဥပမာ(၁) ။ ။ ဦးဘသည် အသေးစားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ဧက ၂၀ ကျယ်ဝန်းသောမြေယာတွင် ရွှေတူးဖော်ထုတ်လုပ်ခွင့်ရရှိထားသည်။ ထိုလုပ်ငန်းဦးစီးရန်အတွက် သတ္တုတူးဖော်ရေးအင်ဂျင်နီယာတစ်ဦးအား မန်နေဂျာ ခန့်ထားပြီး လုပ်သားအယောက် ၂၀ ဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အသုံးပြုလာသော မိရိုးဖလာမျောတိုက်သည့် နည်းကို အသုံးပြု၍ လုပ်ငန်းစတင်ခဲ့သည်။ လုပ်ငန်းစတင်ပြီး ၁၀ လကျော်သောအခါ ရွှေထုတ်လုပ်ရရှိသော်လည်း အမြတ်အစွန်းမရှိဘဲ အရှုံးပေါ်ခဲ့သည်။ အရှုံးပေါ်ရသည့်အဓိကအချက်များမှာ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် လုပ်အားခများကြောင့်ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။ အမှန်တကယ်တွင်မူ ဦးဘ ခန့်အပ်ထားသော မန်နေဂျာမှာ ဧက ၁၀၀ လောက်စီမံခန့်ခွဲနိုင်သည့် အနေအထားတွင်ရှိပြီး ဧက ၁၀၀ တစ်ပြိုင်နက်တည်း လုပ်နိုင်မည်ဆိုပါက စီမံခန့်ခွဲမှုစရိတ်မှာ လုပ်ကွက် ငါးကွက်မှ အချိုးကျမျှဝေကျခံရမည်ဖြစ်သည်။ ၎င်းအပြင် မျောလုပ်သားများအားလည်း အဆိုင်းများခွဲ၍ တိုးချဲ့လုပ်ဆောင်ခြင်းဖြင့် ထုတ်လုပ်မှုစရိတ်များလည်း အချိုးကျ ကျဆင်းသွားနိုင်ပေသည်။ စင်စစ်တွင် ဦးဘမှ လုပ်ကွက်တစ်ကွက် ဧက ၂၀ တည်းလုပ်သည်ဖြစ်စေ၊ လုပ်ကွက် ငါးကွက် ဧက ၁၀၀ လုပ်သည်ဖြစ်စေ စိုက်ထုတ်ရမည့်အုပ်ချုပ်မှုဆိုင်ရာဝန်ထမ်း၊ အခြေခံအဆောက်အဦနှင့်လုပ်ငန်းအပေါ် အာရုံစူးစိုက်ရမှုတို့မှာ အတူတူပင်ဖြစ်သည်။ ယခင်က အသေးစားလုပ်ငန်းရှင်တစ်ဦးလျှင် ဧက ၅၀ ချပေးရန် သတ်မှတ်ထားရာမှ အခွန်တိုးမြှင့်ရရှိစေရန်အလို့ငှာ တစ်ဦးလျှင် ဧက ၂၀ သို့ ပြောင်းလဲခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဦးဘ၏ လုပ်ကွက်ရရှိရေးပြင်ဆင်မှု၊ အခွန်ပေးဆောင်မှုတို့မှာ နဂိုအတိုင်းဖြစ်သည်။

တစ်ဖက်တွင်မူ ဦးဘမှ လုပ်ကွက်များစွာ တစ်ပြိုင်နက်လုပ်လိုသော်လည်း ကိုယ်ပိုင်အရင်းအနှီးများ စိုက်ထုတ်ရန် အင်အားမရှိသောကြောင့် တစ်ပိုင်တစ်နိုင်အဆင့်သာလုပ်ကိုင်နိုင်ခဲ့သည်။ ယင်းအခြေအနေတွင် လုပ်ငန်းရှင်များ၏ ကျောထောက်နောက်ခံအဖြစ် ဘဏ်များမှ ရပ်တည်ပေးလာနိုင်မည်ဆိုပါက မြေဧက များတိုးချဲ့လုပ်ကိုင်နိုင်ခြင်း၊ စက်ကိရိယာများ အစားထိုးအသုံးပြုနိုင်ခြင်းများကြောင့် စီးပွားရေးတိုးတက်မှုများ ရရှိလာနိုင်ပေသည်။

ဥပမာ(၂) ။ ။ ဦးမြသည် မြေ ၁၀ ဧက ပိုင်ဆိုင်သော စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သူ၏လယ်မြေများ စိုက်ပျိုးချိန်မရောက်မီ ကောက်စိုက်သမများ၊ စိုက်ပျိုးရေးအလုပ်သမားများသို့ သက်သာသောဈေးဖြင့် နေ့စားခကြိုတင်ငွေများ ထုတ်ပေးထားသည်။ ဤကဲ့သို့ ကြိုတင်ထုတ်ပေးထားခြင်းဖြင့် တောရွာများတွင် အလုပ်ရှားပါးချိန်ဖြစ်၍ ဈေးသက်သာသောကြောင့် လုပ်အားခကို လျှော့နည်းစေသည်။ သူ၏မြေ ၁၀ ဧကကို နှစ်စဉ် အပြည့်အဝစိုက်ပျိုးနိုင်ရန် သူ့အနေဖြင့် ကြိုးစားရပေမည်။ စိုက်ပျိုးရန်လိုအပ်သော အထောက်အကူပစ္စည်းများကို ဝယ်ရပေမည်။ စက်ကိရိယာများ ဝယ်ခြင်းဖြင့် နောင်နှစ်များတွင်ပါ ဆက်၍ အသုံးပြုနိုင်ခြင်းကြောင့် စက်ကိရိယာတန်ဖိုးမှာ မကြာမီအရင်းကျေသွားနိုင်သည်။ အကယ်၍ ဦးမြအနေဖြင့် အဆိုပါပစ္စည်းများအသုံးပြု၍ ပိုမို ကျယ်ဝန်းသော မြေဧကများ စိုက်ပျိုးနိုင်မည်ဆိုပါက အသုံးစရိတ်များကျဆင်းပြီး လုံ့လဝီရိယ၊ အားစိုက်ထုတ်ရမှုမှာ ထူးထူးခြားခြား ကွာခြားလှမည်မဟုတ်ပေ။ အသုံးစရိတ်ကျဆင်းပြီး ဝင်ငွေတိုးလာပါက နေ့စဉ်လုပ်အားခများကိုလည်း တိုးပေးလာနိုင်ပေမည်။ မိမိက တိုးမပေးစေကာမူ လုပ်ငန်းရင်းနီးမြှုပ်နှံမှုပုံစံများ ပြောင်းလဲလာ၍ အခြားတိုးပေးမှုသူများနောက်သို့ ပါသွားခြင်းကြောင့် အလုပ်သမားများ ဆုံးရှုံးသွားစေနိုင်သည်။ ဤသို့ လုပ်ငန်းရှင်များမှ မဖြစ်မနေတိုးပေးမှုများကြောင့် အခြေခံအလုပ်သမားများ၏ လုပ်အားခလည်း မလွဲမသွေတိုးတက်လာ နိုင်ပေသည်။

သို့သော် ယခုထက်ပို၍ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက်မူ မြေများ ထပ်မံ လိုအပ်သည်။ မြေများထပ်မံရရှိရန် အတွက် ငွေအရင်းအနှီးလိုအပ်သည်။ ငွေအရင်းအနှီးရရှိရန်အတွက် မိမိကိုယ်တိုင် ကြိုးစားအားထုတ်ရပေမည်။ တစ်နည်းနည်းဖြင့် အထောက်အကူပြုမှုရရှိလျှင် လုပ်ငန်းရှင်နှင့် အလုပ်သမားများအတွက် တစ်မျိုးတစ်ဖုံပြောင်းလဲလာနိုင်ပေသည်။

**လုပ်ငန်းရှင်အချင်းချင်းသာမက တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုးတက်မှု၊ ဖွံ့ဖြိုးမှုများကိုပါ သူ့ထက်ငါအပြိုင်အဆိုင်လုပ်ဆောင်ကြရာတွင် နည်းပညာသာသူကပင် အသာစီးရမြဲဖြစ်သည်ကို ကမ္ဘာအနှံ့အပြားတွင် တွေ့မြင်နိုင်ပြီး အကျိုးရလဒ်များကိုလည်း ခံစားနေကြသည်ကို အသိပင်ဖြစ်သည်။ သယံဇာတမည်မျှပင် ပေါကြွယ်ဝသော နိုင်ငံဖြစ်စေကာမူ ထုတ်လုပ်မှုနည်းပညာနိမ့်ကျပါက အခွင့်အရေးကောင်းများ ဆုံးရှုံးနိုင် သည်။**

## နည်းပညာ

လုပ်ငန်းရှင်အချင်းချင်းသာမက တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုးတက်မှု၊ ဖွံ့ဖြိုးမှုများကိုပါ သူ့ထက်ငါအပြိုင်အဆိုင်လုပ်ဆောင်ကြရာတွင် နည်းပညာသာသူကပင် အသာစီးရမြဲဖြစ်သည်ကို ကမ္ဘာ အနှံ့အပြားတွင် တွေ့မြင်နိုင်ပြီး အကျိုးရလဒ်များကိုလည်း ခံစားနေကြသည်ကို အသိပင်ဖြစ်သည်။ သယံဇာတမည်မျှပင် ပေါကြွယ်ဝသော နိုင်ငံဖြစ်စေကာမူ ထုတ်လုပ်မှုနည်းပညာနိမ့်ကျပါက အခွင့်အရေးကောင်းများ ဆုံးရှုံးနိုင်သည်။ နည်းပညာပိုင်ဆိုင်ထားသူများမှ အဆင့်မြင့် နည်းပညာများ အသုံးမပြုနိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံ၏ အဓိကထုတ်လုပ်မှုများ၊ နိုင်ငံ စီမံကိန်းကြီးများတွင် ပြည်တွင်းလုပ်ငန်းရှင်များကို အလွယ်တကူကျော်ဖြတ်၍ လုပ်ကိုင်နိုင်နေကြခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှလည်း သဘာဝသယံဇာတ ထုတ်ကုန်များမည်မျှပေါကြွယ်ဝစေကာမူ နည်းပညာနောက်ကျမှုကြောင့် အကျိုးကျေးဇူးများ အပြည့်အဝမခံစားရဘဲ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ရရှိကြသည်။ နိုင်ငံတစ်ဝန်းတွင် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းအမျိုးမျိုးတွင် နည်းပညာမြင့်မားမှုအစားထိုးဝင်ရောက်လာပါက ရရှိလာနိုင်မည့် ကောင်းကျိုးများကို အထက်တွင်ဖော်ပြခဲ့သည့် ဥပမာ(၁)နှင့်(၂) အတိုင်း ဆက်လက်၍ စဉ်းစားတွေးခေါ်နိုင်ပေသည်။

ဥပမာ(၁)မှအဆက် ။ ။ ဦးဘ၏ရွှေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် မိရိုးဖလာမျောတိုက်သည့်နည်းဖြင့် လုပ်မည့်အစား နည်းပညာသုံးစက်ကိရိယာများကို အစားထိုးလုပ်နိုင်ပါက အသုံးပြုရသည့်လောင်စာဆီသက်သာခြင်းအပြင် စက်၏စွမ်းအားကြောင့်လူ၏လုပ်အား လိုအပ်ချက် နည်းလာသဖြင့် လုပ်သားများ လျော့ကျလာနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များ များစွာကျဆင်းလာနိုင်သည်။ စရိတ်များ ကျဆင်းပြီး လုပ်ငန်းပိုမိုတွင်ကျယ်လာသဖြင့် အမြတ်အစွန်းများ ယခင်ထက်သာ၍ ရလာနိုင်မည်မှာ ထင်ရှားလှသည်။ စက်ပစ္စည်းများစတင်ဝယ်ယူရာတွင် အရင်း အနှီးကြီးမားလှသော်လည်း ဆက်တိုက်ဆက်တိုက် ထပ်ခါထပ်ခါအသုံးပြုနိုင်သည့်အပြင် ရေရှည်တွင်လုပ်ငန်းတွင်ကျယ်ပြီး စရိတ်စကများ တဖြည်းဖြည်း လျော့နည်းလာနိုင်သည်။ ထို့အပြင် လက်ရှိလုပ်နေသော မြေဧကထက်လည်း ပိုမိုကျယ်ပြန့်စွာ လုပ်နိုင်မည် ဖြစ်သည်။

ဤကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းရှင်များမှ အမြတ်အစွန်းများ ပိုမိုရရှိလာမှုများကြောင့် ရေရှည်တွင် အလုပ်သမားများ၊ ဝန်ထမ်းများ၏ လုပ်အားခများကို တိုးမြှင့်ပေးလာနိုင်မည်ဖြစ်သည်။

ဥပမာ(၂)မှအဆက် ။ ။ လက်ရှိမြန်မာနိုင်ငံတွင် ဦးမြကဲ့သို့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်သော စိုက်ပျိုးရေးလုပ်ငန်းရှင်များမှာ အများစုဖြစ်သည်။ ထိုကဲ့သို့မဟုတ်ဘဲ ယခုထက် ကျယ်ဝန်းသော မြေနေရာပေါ်တွင် ခေတ်မီနည်းပညာဖြင့် သီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးနိုင်ပါက အရည်အသွေးတူညီသော ထွက်ကုန်ပစ္စည်းများကို ရရှိနိုင်ပေသည်။ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချရာတွင် အရည်အသွေးတူပစ္စည်းများများစားစားမရနိုင်ခြင်းသည်ပင် ဈေးကွက်ကို ဦးမဆောင်နိုင်သော အချက်တစ်ချက်ဖြစ်သည်။ မိမိမှ နမူနာပြသော ပစ္စည်းအား တစ်ဖက်မှကြိုက်၍ ဤအရည်အသွေးမျိုး ပမာဏမည်မျှလိုချင်ကြောင်း ကမ်းလှမ်းသောအခါ လုပ်ငန်းရှင်အများအပြားမှ နည်းနည်းဖြင့် အမျိုးမျိုးကွဲပြားစိုက်ပျိုးထားသောကြောင့် လိုအပ်သော ပမာဏရရန်မှာ အခက်အခဲနှင့် ရင်ဆိုင်ရတတ်သည်။ ထွက်ကုန် အမယ်များပြားပြီး ထုတ်လုပ်မှုပမာဏ နည်း၍ အရည်အသွေးမှာလည်း အမျိုးမျိုးဖြစ်နေတတ်သည်။

ယခုကဲ့သို့ဒေသခံများ၏ ရှေးရိုးစဉ်လာ စိုက်ပျိုးနည်းများအစား နည်းပညာသုံး စက်မှုလယ်ယာစနစ်ကို ပမာဏကြီးမားစွာ အပြည့်အဝအကောင်အထည်ဖော်နိုင်ပါက ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတိုးတက်လာနိုင်မည်ဟုယူဆရသည်။ ထိုကဲ့သို့ဖြစ်ရန်မှာ လုံလောက်သော အရင်းအနှီးစိုက်ထုတ်မှု၊ ရေရှည်သုတေသနပြုမှုများနှင့် နည်းပညာများလိုအပ်သည်မှာ အထူးထင်ရှားလှသည်။

## ဆင်းရဲခြင်း


မည်သည့်တိုင်းပြည်တွင်မဆို သဘာဝသယံဇာတအရင်းအမြစ်များ မည်မျှပင်ပေါကြွယ်ဝစေကာမူ ယင်းတို့ကို ထုတ်လုပ်ရန်၊ အသုံးချရန် နည်းပညာမရှိခဲ့လျှင် အချည်းနှီးသာဖြစ်သည်။ ထိုအခါ နည်းပညာရှိသူတို့နှင့် အကျိုးတူ ပူးပေါင်းလုပ်ဆောင်ရခြင်းများရှိလာသည်။ ခွဲဝေပေးရခြင်းများကြောင့် အပြည့်အဝ မရရှိနိုင်ပေ။ မိမိတို့အနေဖြင့် အဆိုပါ သယံဇာတများ မကုန်ခန်းမီ အသုံးချ နည်းပညာများ ရယူထားနိုင်မှသာလျှင် တစ်စုံတစ်ရာအကျိုးအမြတ် ရရှိနိုင်ပေမည်။ ရရှိပြီးသော အရင်းအနှီးနှင့် နည်းပညာ ထပ်ပေါင်းပါမှ ဆင်းရဲခြင်းမှ လွတ်မြောက်ပြီး ပြည့်စုံသော သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို လက်ဝယ်ပိုင်ဆိုင်နိုင်ပေမည်။ အဆိုပါ ကောင်းကျိုးတရားများ ပြည်သူလူထုတစ်ဦးချင်းစီသို့ စီးဆင်းသွားပြီး နိုင်ငံသားတိုင်း ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်သည့် မျှော်လင့်ချက်ရောင် ခြည်လင်းလက်လာမည်ဖြစ်သည်။

ဦးဘ၏ ရွှေမျောမှ မျောလုပ်သားတစ်ဦးသည် အရင်းအနှီးနှင့် နည်းပညာအစားထိုးမှုကြောင့် ယခင်ဗွက်ထဲရေထဲတွင်မျောတိုက်ရာမှ စက်မောင်းလုပ်သားတစ်ဦးအဖြစ် ရပ်ဝတ္ထုပိုင်းဆိုင်ရာတိုး

တက်လာမည့်အပြင် လုပ်သားများ၏ ဆုံးရှုံးသွားသော အင်အားများ ချွေတာရာရောက်ပေမည်။ အလားတူ ဦးမြဲထံမှ ကောက်စိုက်ပေးငွေ ကြိုတင်ယူထားသော ကောက်စိုက်သမတစ်ဦးသည် ရာသီချိန်တွင် လုပ်အားဖြင့် ပြန်လည်ပေးဆပ်ရမည်။ ငွေမှာမူ သုံးနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် ကောက်စိုက်သမသည် အကြွေးကျေရန်သော်လည်းကောင်း (သို့) လက်ရှိနေ့စဉ်စားဝတ်နေရေးလိုအပ်ချက်အရလည်းကောင်း တစ်နေ့လျှင် နှစ်ယောက်စာစိုက်ခြင်းဖြင့် ကြိုးစားအားထုတ်သည်။ တစ်ယောက်စာစိုက်လျှင် ငါးရာကျပ်ရမည်ဆိုပါက နှစ်ယောက်စာအတွက် တစ်ထောင်ကျပ်ရမည်ဖြစ်သည်။ သို့သော် ယင်းတစ်ထောင်ကျပ်ဖိုးလုံး ပြန်ပြီးဝယ်စားလျှင်ပင် သူ၏ကုန်ခန်းသွားသော လူ့စွမ်းအင်များ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့စည်းတည်ဆောက်မှုများ ပြန်လည်ရရှိနိုင်မည်မဟုတ်ပေ။ ထိုကဲ့သို့လုပ်ဆောင်ခြင်းကြောင့် အသက်နှင့်မလိုက်အောင် အရွယ်ကျခြင်း၊ ရောဂါဘယများ လျင်မြန်စွာ အလွယ်တကူဝင်ရောက်နိုင်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများကို ရရှိစေမည့်အပြင် စားဝတ်နေရေးသာမက ကျန်းမာရေးအတွက်ဆေးကုသစရိတ်များပါ ထပ်ပိုးပြီး အကြွေးထဲတွင်သာ ထပ်ခါ ထပ်ခါ သံသရာလည်လျက်ရှိသည်။ ဆင်းရဲခြင်းမှ လွတ်ကင်းရန်မှာမူ အကျိုးအကြောင်းများစွာ တိုက်ဆိုင်ရန် လိုအပ်ပါသေးသည်။

## ဆက်စပ်မှု

အထက်ပါအတိုင်းလေ့လာသုံးသပ်ခြင်းဖြင့် အရင်းအနှီး၊ နည်းပညာနှင့် ဆင်းရဲခြင်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြောင်းတွေ့ရသည်။ အရင်းအနှီး ဖြစ်စေ နည်းပညာဖြစ်စေ တစ်စုံတစ်ခု ပိုင်ဆိုင်ထားခြင်းမရှိပါက ကြိုးစားအားထုတ်မှုအားလုံးအတွက် ရသင့်သလောက် မရ



နိုင်ပေ။ အရင်းအနှီးဟု ဆိုသည့်နေရာတွင် သဘာဝအရင်းအနှီးသယံဇာတများလည်း အပါအဝင်ဖြစ်သည်။ ထိုအထဲတွင် ထုတ်ယူသုံးစွဲခြင်းဖြင့် ကုန်ဆုံးတတ်သည့်အရာများ ရှိသကဲ့သို့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမည့် အရင်းအမြစ်များလည်း ပါဝင်သည်။ သယံဇာတအရင်းအမြစ်ထုတ်ယူမှုမှရရှိသော အကျိုးအမြတ်များကို အခြားနေရာများတွင် ပြန်လည်ရင်းနှီးထားနိုင်မှသာ ရေရှည်တွင် အလားအလာကောင်းများ ရရှိနိုင်သည်။

ထိုကဲ့သို့မဟုတ်ဘဲ အရင်းအမြစ်များကုန်ဆုံးသွားချိန်တွင် နည်းပညာများလည်း မရရှိထားပါက ပို၍ဆင်းရဲခြင်းကိုသာ ထပ်မံရင်ဆိုင်နေရပေမည်။

## စိန်ခေါ်သံ

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီး အင်အားကြီးနိုင်ငံများမှ ဦးဆောင်နေခြင်းမှာ အမြော်အမြင်ရှိမှုအပြင် ငွေကြေးတောင့်တင်းမှုနှင့် နည်းပညာတိုးတက်မှုများကြောင့်ဖြစ်သည်။ အချို့နိုင်ငံများသည် မိမိတို့တိုင်းပြည်၌ သဘာဝထုတ်ကုန် မယ်မယ်ရရမရှိပါဘဲ နည်းပညာရှိသောကြောင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်များထုတ်ယူသွားနိုင်သည်။ နိုင်ငံတကာတွင် နည်းပညာယူဆောင်လာသူအား ၂၅ ရာခိုင်နှုန်းအပေါင်း ၁ ရာခိုင်နှုန်း ပေးရသည့် ထုံးစံရှိပြီး ဤကဲ့သို့ နည်းပညာပိုင်ဆိုင်ထားခြင်းဖြင့် မိမိတို့နိုင်ငံ၌ မထုတ်လုပ်နိုင်သော်လည်း ကမ္ဘာပေါ်ရှိ အခြားမည်သည့်နိုင်ငံတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ရှားပါးထွက်ကုန်များကို ရရှိနိုင်သည်။ ထိုအခါအရင်းအနှီးကို အလိုလို ရရှိလာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှလည်း အခွင့်အရေးရခိုက် နည်းပညာကို ယူမထားနိုင်ပါက အရင်းအမြစ်များ ကုန်ဆုံးသွားခြင်းသာ အဖတ်တင်ပြီး နိုင်ငံအတွက် များစွာအကျိုးမရှိနိုင်ပေ။

ယခုအခါ မြန်မာနိုင်ငံတွင် နည်းပညာရရှိရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုနေကြောင်း တွေ့ရသည်။ မိမိနိုင်ငံအတွင်းရှိ နည်းပညာနောက်ကျမှုကြောင့် မထုတ်ယူနိုင်သေးသော (သို့) ရှိမှန်းမသိသေးသော အဖိုးတန် ရှားပါးပစ္စည်းများ ထုတ်လုပ်နိုင်ရန် အာရုံစိုက်လာကြသည်။ စိတ်ကူးယဉ်အိပ်မက်များ မက်ကြသည်။ စိတ်ကူးယဉ်အိပ်မက်များကို အကောင်အထည်ဖော်ရန် အားထုတ်လာကြသည်။ အားထုတ်မှု၏ အောင်မြင်သောတစ်နေ့တွင် ပြည်သူလူထုသည် ဆင်းရဲခြင်းမှလွတ်မြောက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားများအဖြစ် စိန်ခေါ်လာနိုင်မည်ဟု အလေးအနက် ယုံကြည်မိပါသည်။

**စိုးယုဝေ**

■



# သဘာဝပတ်ဝန်းကျင်နှင့် အနာဂတ်ကုန်သွယ်ရေး

အဂ္ဂ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဟူသည်ကား နိုင်ငံတစ်ခုချင်းသာမက ကမ္ဘာလုံးဆိုင်ရာ အဝန်းအဝိုင်းတစ်ခုလုံး၏ ပြဿနာများအနေဖြင့် ရှိနေသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတစ်ခုချင်း၏ ကုန်သွယ်ရေးကိစ္စရပ်များအထိ ပါဝင်ပတ်သက်လာသည်။ သို့ဖြစ်၍ နိုင်ငံတစ်ခု၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် အကြောင်းအရာများနည်းတူ စိန်ခေါ်မှုအသစ်တစ်ခုအနေဖြင့် ယနေ့အချိန်တွင် ထည့်သွင်းတွက်ချက်ရသော အကြောင်းအရာတစ်ရပ်ဖြစ်လာသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်မှုဆိုင်ရာ ပေါ်လစီတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေါ်လစီများ ထည့်သွင်းတွက်ချက်၍ ကုန်သွယ်မှုနှင့် သက်ဆိုင်သော အခြေအနေများကို သီးခြားဖွင့်ဆိုလာကြသည်ဟု စီးပွားရေးပညာရှင်တစ်ဦးကဆိုသည်။ အထူးသဖြင့် နိုင်ငံတစ်ခု၏ဖွံ့ဖြိုးမှုဆိုရာတွင် ဓနကြွယ်ဝမှုသာမက၊ တစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးမှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ဓာတ်များအထိ မျှတစွာပေါင်းစပ်ထားနိုင်ရန် လိုအပ်ပေသည်။

ကမ္ဘာ့နေရာအနှံ့အပြားသဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်ပျက်စီးလာမှုသည် လွန်ခဲ့သောနှစ် ၅၀ ကျော်ကာလအတွင်း သိသာထင်ရှားစွာ ဖြစ်ပေါ်လာခဲ့သည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဟူသည်ကား ကမ္ဘာ့ကပ်ရောဂါကြီးများကဲ့သို့ပင် စတင်ဖြစ်ပွားသည့်နေရာ၌တွင်သာ ထိခိုက်ပျက်စီးစေသည်မဟုတ်ဘဲ ကမ္ဘာအနှံ့ပျံ့နှံ့ထိခိုက်စေသည့် သဘောရှိပေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးများကို အလေးပေး ဆောင်ရွက်ခြင်းမရှိပါက သန်းခြောက်ထောင်သော ယနေ့ကမ္ဘာ့လူဦးရေအပြင် နှစ်စဉ်တစ်ရိပ်ရိပ်တက်နေသည့် လူဦးရေအတွက် အနာဂတ်လားရာများကို အကျိုးသက်ရောက်စေမည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ကုန်သွယ်မှုတွင် သိသာထင်ရှားစွာ မတွေ့မြင်ရသေးသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဟူသည်ကား ရေရှည်အကျိုးစီးပွားကို ကာကွယ်ရာ ရောက်စေသည်ကား အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဟူသည်မှာ ရေ၊ မြေ၊ လေဟူ၍ အကြောင်းတရားမရွေး ဖြစ်ပွားတတ်သောသဘော ရှိသည်။**

ရာထုတ်ကုန်များနှင့်ပတ်သက်ပြီး ပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင်မူကား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကာကွယ်ရေး တစ်နည်းအားဖြင့် ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကြုံတွေ့နေရပြီဖြစ်သည်။

ယနေ့နိုင်ငံတကာကုန်သွယ်မှုဟုဆိုရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော ထုတ်ကုန်များကို ဖန်တီးလုပ်ကိုင်တတ်ရန်လိုပေသည်။ အထူးသဖြင့် ကုန်သွယ်မှုမှသည် စီးပွားရေး တိုးတက်မှုကို မောင်းနှင်ခြင်းများကြောင့် သဘာဝအရင်းအမြစ်များ ကုန်ခန်းလာမှုနှင့် ဂေဟစနစ်ပျက်စီးမှုများကို ဖြစ်ပေါ်စေတတ်သောကြောင့်ဖြစ်သည်။ ဥပမာအနေဖြင့် ကြေးနီတူးဖော်ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီများသည် ၎င်းတို့ထုတ်လုပ်ထွက်ရှိလာသော ကြေးနီများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဒေသပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိသော (ဥပမာ– အက်စစ်စွန့်ထုတ်မှု) စနစ်များအသုံးပြုထားရှိပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ISO လက်မှတ်ရယူပြီးမှသာ ဈေးကွက်သို့ တင်ပို့နိုင်သည့် အခြေအနေမျိုး ဖြစ်သည်။

ယနေ့ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုမျက်နှာစာများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းဥပဒေများ လျော့နည်း(သို့) သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထုတ်ကုန်များ မည်မျှပင် ဈေးချိုစေကာမူ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ စာဒကတက်မှုများကြောင့် အကျိုးအမြတ်နည်းပါးစေသည်။

ထို့အတူ ဖွံ့ဖြိုးဆဲနိုင်ငံများဘက်မှလည်း ဤအချက်တို့သည် ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် နှောင့်နှေးကြန့်ကြာစေသော အပြုအမူများအဖြစ် ထင်မြင်ယူဆသောကြောင့် ကုန်သွယ်ရေးဆိုင်ရာအငြင်းပွားမှုများကို မြင်တွေ့ရသည်။

မည်သို့ပင်ဆိုစေကာမူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဟူသည်ကား ရေရှည်အကျိုးစီးပွားကို ကာကွယ်ရာ ရောက်စေသည်ကားအမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဟူသည်မှာ ရေ၊ မြေ၊ လေဟူ၍ အကြောင်းတရားမရွေး ဖြစ်ပွားတတ်သော သဘောရှိသည်။ သို့ဖြစ်၍ ဘရာဇီးနိုင်ငံ ရီရိုဒီဂျနေးရိုးတွင် ပြီးခဲ့သည့် ၁၉၉၂ ခုနှစ်က ကမ္ဘာ့မြေထိပ်သီးညီလာခံ(Earth Summit)မှ ၂၁ ရာစု အစီအစဉ် (Agenda 21) ကို ကျင်းပခဲ့သည်။ ယင်းညီလာခံသည် ကမ္ဘာလုံးဆိုင်ရာ လူဦးရေတိုးပွားလာမှု၊ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ဟန်ချက်ညီ တိုးတက်စေရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး (Sustainable Development) လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်ရန် ညှိနှိုင်းခဲ့ကြသည်။

မြန်မာနိုင်ငံသည်လည်း အဆိုပါ အစီအစဉ်လုပ်ငန်းစဉ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဥပဒေ (Environmental Protection Law) ကဲ့သို့ အစီအမံများရေးဆွဲ၍ ကာကွယ်ရေးလုပ်

ကိုင်ရန် စီစဉ်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဟူသည်ကား တစ်ခါတစ်ရံအချို့ သောကိစ္စများတွင် ခေတ်မီနည်းပညာသစ်များပေါ်ထွက်လာစေရန် လှုံ့ဆော်မှုတစ်ခုအဖြစ် အထောက်အကူပြုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကုန်သွယ်မှုဆိုင်ရာ ပြိုင်ဆိုင်မှုဆိုရာတွင် နိုင်ငံများအလိုက်သော်လည်းကောင်း၊ ကုမ္ပဏီများအလိုက်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများကို ကျော်လွှားရန်အလို့ငှာ ခေတ်မီနည်းပညာအသုံးပြုသော လုပ်ငန်းများသို့ ဦးတည်ပြောင်းလဲလာခြင်းကြောင့်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ သဘာဝအရင်းအမြစ်များကို အခြေပြုသောလုပ်ငန်းများမှ ပညာ ကို အခြေပြုလုပ်ကိုင်သော လုပ်ငန်းများ သို့ ပြောင်းလဲလုပ်ကိုင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သော စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။

ဥပမာတစ်ခုအနေဖြင့်ဆိုရလျှင် နယ်သာလန်နိုင်ငံသည် ပန်းမျိုးစုံစိုက်ပျိုးထုတ်လုပ်၍ ကမ္ဘာ့ပန်းဈေးကွက်သို့ အဓိကတင်ပို့ရာ နိုင်ငံတစ်ခုဖြစ်သည်။ သို့သော်လည်း စိုက်ပျိုးရာ၌ ဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းများကြောင့် မြေဆီလွှာနှင့် မြေအောက်ရေညစ်ညမ်းစေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပွားလာသည်။ သို့ဖြစ်၍ နည်းပညာအသုံးပြုစိုက်ပျိုးရန် ကြိုးစားလာရသည်။ အဆုံးတွင် ရေနှင့် ကျောက်ကြိုကျောက်ကြားတွင် စိုက်ပျိုးနိုင်သည့် နည်းပညာကို အသုံးပြုနိုင်ခြင်းကြောင့် ယခင်ကဲ့သို့ မြေဩဇာအသုံးပြုရခြင်းများအပါအဝင် စရိတ်စကနှင့် အရည်အသွေးမှသည် စိုက်ပျိုးရာတွင် အသုံးပြုရသည့် ရေကဲ့သို့ အရာများကအစ အပြန်ပြန်အလှန်လှန် အသုံးပြုရခြင်းအထိ နည်းပညာသစ်များကို အသုံးပြုလာနိုင်ပြီး ကမ္ဘာ့ပန်း ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည်အထိ တိုးတက်ကောင်းမွန်ခဲ့သည်။

ဆိုလိုသည်မှာ ယနေ့နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများဟူသည်ကား ပြဿနာတစ်ရပ်အနေဖြင့် မမှတ်ယူဘဲ အခြေအနေကောင်းများ ဖန်တီးတည်ဆောက်ယူရန်လိုအပ်ပေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည် မပျက်စီးမီ ကြိုတင်ကာကွယ်မှုပြုလုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပျက်စီးသွားသော အခြေအနေတစ်ခုကို ပြန်လည်ထိန်းသိမ်းရန်မှာ ငွေကြေးကုန်ကျမှုကြီးမားခြင်း၊ အချိန်ကာလ၊ နည်းပညာဟူသော အခြေအနေများကို ကျော်လွှားရမည်ဖြစ်သောကြောင့် ကြိုတင်ထိန်းသိမ်းကာကွယ်ခြင်းသည်သာလျှင် အသင့်လျော်ဆုံးဖြစ်သည်။

ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများ၏ ရလဒ်သည် အနာဂတ်အကျိုးစီးပွားအတွက် အထောက်အပံ့ကောင်းများဖြစ်လာမည်မှာ မလွဲပင်ဖြစ်သည်။ အခြားတစ်ဖက်ကကြည့်လျှင်လည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရမှုများသည်ပင်လျှင် ယနေ့အချိန်အခါတွင် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းအချို့ကို ဖြစ်ပေါ်စေသည်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုခိုင်မာစေရန်လုပ်ဆောင်မှုမှန်သမျှသည် ရေရှည်အကျိုးစီးပွားကို မထိခိုက်စေဘဲ ဟန်ချက်ညီညီဖွံ့ဖြိုးလာစေရန် ထိန်းသိမ်းခြင်းဖြင့် ပစ္စုပ္ပန်၊ အနာဂတ်နှစ်ရပ်စလုံးအတွက် အခြေအနေကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။

**အဂ္ဂ**

■

ယခင်လမှအဆက်




# GDP
# ဂျီဒီပီ

ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

## ဂျီဒီပီ သို့မဟုတ် စုစုပေါင်းပြည်တွင်းထုတ်ကုန်တိုင်းတာမှု (GDP : Gross Domestic Product)

ပြည်သူလူထု၏ အဆင့်အတန်း၊ နေထိုင်စားသောက်မှုအခြေအနေအဆင့်အတန်းများကို တိုင်းတာသောနည်းလမ်းများစွာ ရှိပါသည်။ သို့သော် အကောင်းဆုံးနှင့် အဖြစ်နိုင်ဆုံးနည်းလမ်းတစ်ခုမှာ တစ်နှစ်အတွင်း ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်မျှထုတ်လုပ်နိုင်သနည်းဆိုသော တိုင်းတာမှုပင် ဖြစ်သည်။ စီးပွားရေးအရ စုစုပေါင်းမည်မျှ ထုတ်လုပ်နိုင်သနည်း (Economy's Aggregate Output) အရ တိုင်းတာခြင်းသည် အကောင်းဆုံး ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ တိုင်းတာရာတွင် နည်းလမ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိပါသည်။

ပထမနည်းလမ်းမှာ ထိုတိုင်းပြည်အနေဖြင့် ပြည်တွင်းတွင် မည်မျှထုတ်လုပ်နိုင်သနည်းဟူသောနည်းလမ်း ဖြစ်သည်။ ပြည်တွင်းတွင် နိုင်ငံသားများအပြင် နိုင်ငံခြားသားများလည်း လာရောက်စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နေမည် ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားပင်ဖြစ်စေ၊ ပြည်တွင်းတွင် မည်မျှထုတ်လုပ်လိုက်သည်ကိုသာ လေ့လာခြင်းဖြစ်သောကြောင့် 'ပြည်တွင်းထုတ်လုပ်မှု' ဟု ခေါ်ဆိုလိုက်ခြင်း ဖြစ်ပါသည်။ ယင်းပြည်တွင်းထုတ်လုပ်မှုကို စုစုပေါင်းလိုက်ပါက 'စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု' (Gross Domestic Product or GDP) ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ဒုတိယနည်းလမ်းမှာ နိုင်ငံသားများ စုစုပေါင်းထုတ်လုပ်နိုင်မှုအခြေအနေကို တိုင်းတာခြင်း ဖြစ်သည်။ နိုင်ငံသားဟုဆိုရာတွင် ပြည်တွင်းရှိနေထိုင်သော နိုင်ငံသားများအပြင် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြသော နိုင်ငံသားများ၏ စီးပွားရေးအရ လုပ်ကိုင်ဆောင်ရွက်နေကြသော ထုတ်လုပ်မှုများလည်း ပါဝင်ပါမည်။ တစ်နည်းအားဖြင့် နိုင်ငံသားများချည်း မည်မျှထုတ်လုပ်နိုင်သည့် အခြေအနေကိုသာသိလို၍ တိုင်းတာခြင်း ဖြစ်သည်။ ပြည်တွင်းတွင် နေထိုင်သော နိုင်ငံသားများသာမက ပြည်ပရောက် ကမ္ဘာအနှံ့ပြန့်နေသော နိုင်ငံသားတိုင်း ထုတ်လုပ်မှုများအပါအဝင်ကို တိုင်းတာလိုက်သော နိုင်ငံသားများထုတ်လုပ်မှုကို စုစုပေါင်းလိုက်လျှင် 'စုစုပေါင်း နိုင်ငံသားများထုတ်လုပ်မှု' (GNP:Gross National Product) ကို ရရှိမည် ဖြစ်ပါသည်။

ထုတ်လုပ်မှုတွင် GDP နှင့် တိုင်းသည်ဖြစ်စေ၊ GNP နှင့်တိုင်းသည်ဖြစ်စေ ကာလအရ တစ်နှစ်အတွင်း စုစုပေါင်းထုတ်လုပ်နိုင်မှုကိုသာ စဉ်းစားကြပြီး တန်ဖိုးပိုင်းဖြတ်ရာတွင်လည်း ထုတ်ကုန်များ၏ တန်ဖိုးကို ဈေးကွက်တန်ဖိုး (Mar

ket Value) အရသာ တိုင်းတာလေ့ ရှိပါသည်။

GDP နှင့် GNP သဘောတရားများသည် အချင်းချင်းဆက်စပ်မှု ရှိပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုမှုသာ ခြားနားသည့်သဘော ဖြစ်သည်။ GDP သည် နေရာဒေသနှင့်ဆိုင်သော ထုတ်လုပ်မှုများကိုသာ ရည်ညွှန်းခြင်း ဖြစ်သည်။ ဥပမာ– မြန်မာနိုင်ငံ၏ GDP ဆိုသည်မှာ မြန်မာပြည်တွင် စုစုပေါင်း မည်မျှ ထုတ်လုပ်လိုက်သည်ကိုသာ ပြောဆိုခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ GNP ဆိုသည်မှာ တစ်ကမ္ဘာလုံးတွင် ရှိရှိသမျှ နေထိုင်ကြသော မြန်မာလူမျိုးများ (ပြည်တွင်း/ပြည်ပ မကျန်) ထုတ်လုပ်လိုက်သည့် စုစုပေါင်း ထုတ်လုပ်မှုကို ပြောဆိုခြင်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် GNP သည် လူမျိုးရေးနှင့်သာ သက်ဆိုင်ပါသည်။ နေရာဒေသနှင့် မသက်ဆိုင်ပါ။

ထို့ကြောင့် GDP မှ GNP သို့ ပြောင်းလိုလျှင် ပြည်တွင်းထုတ်လုပ်မှု အခြေအနေမှ နိုင်ငံသားများ ထုတ်လုပ်မှု အခြေအနေသို့ ပြောင်းလိုက်ရုံသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်တွင်းထုတ်လုပ်မှုတွင် နိုင်ငံသားရော၊ နိုင်ငံခြားသားများပါ ပါဝင်ထုတ်လုပ်နေသောကြောင့် ယင်း GDP မှ နိုင်ငံခြားသားများ ထုတ်လုပ်လိုက်မှုကိုနုတ်ပြီး နိုင်ငံခြားရောက် နိုင်ငံစုံတွင် ရောက်ရှိနေကြသည့် တစ်နည်းအားဖြင့် ပြည်ပရောက်နိုင်ငံသားများ၏ ပြည်ပတွင်ထုတ်လုပ်နိုင်မှုများကို ပေါင်းလိုက်လျှင် (GNP:Gross National Product) ခေါ် စုစုပေါင်းနိုင်ငံသားများ၏ ထုတ်လုပ်မှုကို ရရှိနိုင်ပါသည်။

စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP)
– ပြည်တွင်းရှိ နိုင်ငံခြားသားများထုတ်လုပ်မှု
+ ပြည်ပရောက် နိုင်ငံသားများထုတ်လုပ်မှု
------------------------------------
စုစုပေါင်း နိုင်ငံသားများထုတ်လုပ်မှု (GNP)

သို့မဟုတ် GNP မှ GDP သို့ ပြောင်းမည်ဆိုလျှင်

စုစုပေါင်းနိုင်ငံသားများထုတ်လုပ်မှု (GNP)
– ပြည်ပရောက် နိုင်ငံသားများထုတ်လုပ်မှု
+ ပြည်တွင်းရှိ နိုင်ငံခြားသားများထုတ်လုပ်မှု
------------------------------------
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (GDP)

မှတ်ချက် ။ ။ ပြည်တွင်းရှိ နိုင်ငံခြားသားများ ထုတ်လုပ်မှု (Factor payments to the rest of the world) နှင့် ပြည်ပရောက်နိုင်ငံသားများထုတ်လုပ်မှု (Factor receipts from the rest of the world) ကို ရှင်းလျှင် နိုင်ငံခြားသို့ အသားတင်ပေးငွေ (Net Income Payment Abroad) ကို ရရှိပါသည်။ အတိုကောက်အားဖြင့် (NIPA) မြန်မာအခေါ် 'နီပါ' ကို ရရှိသည်။

ယင်း 'နီပါ' တွင်လည်း ရှင်းစရာ ပြဿနာ အတော်အသင့် ရှိပါသည်။

၁။ NIPA သည် နိုင်ငံခြားသို့ အသားတင်ပေးငွေဟုဆိုထားသဖြင့် ပြည်တွင်းရှိ နိုင်ငံခြားသားများထုတ်လုပ်မှုသည် ပြည်ပရောက်နိုင်ငံသားများ အလုပ်လုပ်ရာမှ ရရှိသော ထုတ်လုပ်မှုထက် များနေသည်ဟု အမြဲယူဆထားသဖြင့် 'နိုင်ငံခြားသို့ အသားတင်ပေးငွေ' ဟူသော စကားရပ်ကြီးဖြင့် ထင်ကျန်ရစ်နေခြင်း ဖြစ်သည်။ ယင်းသို့ဖြစ်လျှင် 'နိုင်ငံခြားမှ အသားတင်ရငွေ' ဖြစ်လာလျှင် NIPA ဟုခေါ်၍ မရနိုင်တော့ပါ။ သို့သော်လည်း ရအောင်ခေါ်ကြရာတွင် 'အနုတ် နီပါ' (-NIPA) ဟု ခေါ်ကြသောကြောင့် မလိုအပ်ဘဲ ရှုပ်သွားပါသည်။ သင်္ချာသမားအတွက် နီပါကို နုတ်ပေးရမည်ဆိုရာတွင် နီပါကိုယ်တိုင် အနုတ်ဖြစ်နေပါက အနုတ် အနုတ်ဖြစ်သောကြောင့် ပေါင်းလိုက်သည့်သဘောမျိုး ဖြစ်သွားပါသည်။ NIPA သည် နှုတ်ကျိုးနေသောကြောင့် NIPA ကို မပြင်ချင်သောကြောင့်ဖြစ်ရသော ပြဿနာဖြစ်သည်။

၂။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် တိုင်းပြည်ဝင်ငွေကို တွက်ရာတွင် NIPA ကို အာဂုံဆောင်ထားခြင်းမှာ နိုင်ငံခြားသားများ ပြည်တွင်းတွင် လာရောက်ထုတ်လုပ်ခြင်းသည် ပြည်ပရောက်နိုင်ငံသားများ သွားရောက်လုပ်ကိုင်ရာမှ ထုတ်လုပ်မှုထက် အစဉ်များနေသောကြောင့်သာ အယူစွဲစရာ ရှိသည်။

၃။ မျက်မှောက်ခေတ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် NIPA သဘောတရားမရှိတော့ပြီ။ နိုင်ငံသားများ နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်ရာမှ ရရှိသောငွေသည် ပြည်တွင်းတွင် နိုင်ငံခြားသား လာရောက်လုပ်ကိုင်ခြင်းကြောင့် သူတို့ရရှိသည့်ငွေထက် များနေပြီဖြစ်သောကြောင့် NIPA သည် အနုတ် နီပါဖြစ်နေကြပြီ ဖြစ်သည်။ ထို့ကြောင့် 'နိုင်ငံခြားသို့ အသားတင်ပေးငွေ' (NIPA) ထက် 'နိုင်ငံခြားမှ အသားတင်ရငွေ' ဖြစ်နေကြသောကြောင့် NIPA ကို တွက်သည်ထက် ပိုရှင်းအောင် NIPA ကို မတွက်တော့ဘဲ GDP တွင် ပြည်တွင်းရှိ နိုင်ငံခြားသားများ လာရောက်လုပ်ကိုင်ခြင်းကြောင့် ယူသွားငွေကိုနုတ်၊ နိုင်ငံသားများ နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်ခြင်းမှ ရရှိလာသော ဝင်ငွေများကို ပေါင်းလိုက်ခြင်းဖြင့် GNP ကို ရရှိနိုင်ပါသည်။ NIPA ဇယားလည်း ရှင်းသွားပါသည်။ သင်္ချာနည်းဖြင့် စဉ်းစားစရာလည်း မလိုတော့ပါ။ နိုင်ငံခြားသို့ အသားတင်ပေးငွေဖြစ်စေ၊ နိုင်ငံခြားမှ အသားတင်ရငွေဖြစ်စေ အလိုက်သင့်တွက်သွားနိုင်သောကြောင့် ဇယားရှင်းသွားနိုင်ပါသည်။

၄။ NIPA ၏ ဗြိတိသျှအခေါ်သည် Net Income Payment Abroad (နိုင်ငံခြားသို့ အသားတင်ပေးငွေ) ဖြစ်သည်။ အမေရိကန်တို့အခေါ်အရ NIPA သည် National Income Payment Account တိုင်း ပြည်ဝင်ငွေပေးချေမှုဆိုင်ရာ စာရင်းအင်းများ ဖြစ်သည်။ အဓိပ္ပာယ်

ဖွင့်ပုံခြင်းလည်း မတူတော့၊ အကြောင်း အကျိုးဆက်စပ်မှုခြင်းများလည်း မတူတော့၊ အကောင်းဆုံးကတော့ သဘောတရားနားလည်ဖို့သာ အဓိကဖြစ်သည်။ တစ်နည်းအားဖြင့် NIPA ကို နားရှုပ်နိုင်လျှင် NIPA ကို မသုံးဘဲ ပုံမှန်အတိုင်း ရိုးရိုးတွက်သွားသည်က ပိုကောင်းပါသည်။

## GDP ကို ယူမှာလား GNP ကို ယူမှာလား

တိုင်းပြည်ဝင်ငွေတွက်ရာတွင် GDP ကို ယူမှာလား၊ GNP ကို ယူမှာလား စသည့် မေးခွန်းလည်း ရှိနိုင်ပါသည်။

အချို့တိုင်းပြည်များသည် GDP ကို အခြေခံထားပြီး တွက်လေ့ရှိသကဲ့သို့ အချို့တိုင်းပြည်များသည် GNP ကို အခြေခံထားပြီး တွက်သည်လည်း ရှိပါသည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအတော်များများသည် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP: Gross Domestic Product) အပေါ် အခြေခံထားပြီး တွက်လေ့ရှိပါသည်။ GDP အခြေခံထားပြီး တွက်သောအကြောင်းရင်းများစွာ ရှိပါသည်။

၁။ GDP သည် GNP ထက် များစွာ တိကျမှုလည်း ရှိသည်။ အဓိပ္ပာယ်လည်း ပိုရှိပါသည်။ အကြောင်းမှာ GDP သည် နေရာဒေသကို အခြေခံတွက်ချက်ပြီး GNP သည် နိုင်ငံသားအပေါ် အခြေခံတွက်သောကြောင့် ဖြစ်သည်။ နိုင်ငံသားဟုဆိုပေမယ့် မိမိနိုင်ငံအတွင်း နေချင်မှလည်းနေမည် ဖြစ်ပါသည်။ ယခုအခါ အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသော နိုင်ငံသားများလည်း များစွာ ရှိနေပါသည်။ ထိုနိုင်ငံခြားသို့ ရောက်နေသော နိုင်ငံသားများအနေဖြင့် ၎င်းတို့ထုတ်လုပ်လိုက်သော ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများသည် မိခင်နိုင်ငံသို့ ပြန်လာသည်လည်း ရှိမည် ဖြစ်သည်။ ပြန်မလာသည်လည်း ရှိမည် ဖြစ်သည်။ ထို့ကြောင့် GNP မည်မျှပင် များများ၊ မိမိတိုင်းပြည်အတွက် 'မပိုင်ဝက် မွေးသောထုတ်လုပ်မှု' သာ ဖြစ်နေပါသည်။ ၎င်းတို့ အမှန်တကယ်ထုတ်လုပ်လိုက်သော ကုန်စည်နှင့် ဝန်ဆောင်မှုများသည် မိမိတိုင်းပြည်သို့ ရာနှုန်းပြည့်ဝင်လာမည် ကားမဟုတ်ပါ။ ထို့ကြောင့် ပြည်တွင်းတွင် နိုင်ငံသား ထုတ်လုပ်သည်ဖြစ်စေ၊ နိုင်ငံခြားသားများက ထုတ်လုပ်လိုက်သည်ဖြစ်စေ၊ မိခင်မြေပေါ်တွင် ထုတ်လုပ်ခြင်းကြောင့် ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ထိုဒေသသည်လည်း စီးပွားရေးအရ တိုးတက်လာမည် ဖြစ်ပါသည်။ ထိုဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်ရှိသော် ထိုဒေသရှိ လူများ အထူးသဖြင့် နိုင်ငံသားများသာ ရာနှုန်းအများဆုံးဖြစ်သောကြောင့် ဒေသရော၊ ထိုဒေသတွင် နေထိုင်ကြသောလူများသည်လည်း တိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုသဘာဝလည်း ကျသည်။ ထို့ကြောင့် GNP အစား GDP ကို အခြေခံပြီး တွက်ကြခြင်း ဖြစ်သည်။

၂။ နိုင်ငံသားဟုဆိုရာတွင်လည်း ပြည်ပရောက်နိုင်ငံသားများအနေဖြင့် တစ်ခါတစ်ရံ နှစ်ဖက်ခွထားသော နိုင်ငံသားများအဖြစ် (Dual Passport) ကိုင်ဆောင်ထားသူများလည်း ရှိတတ်ပါသည်။ ထိုလူများအတွက် GNP တွက်လျှင် ကိန်းဂဏန်းသာကြီးလာတတ်ပါမည်။ ၎င်းနှင့်သက်ဆိုင်သော နိုင်ငံအတွက် အမှန်တကယ်အကျိုးခံစားခွင့်မှာမူ မရနိုင်တန်ရာ ပေးကားပေး၍ မရသည့် GNP ဖြစ်တတ်ပါသည်။

၃။ GDP မှ ထုတ်လုပ်လိုက်မှုများသည် နိုင်ငံသားအားလုံးနှင့်မဆိုင်၊ နိုင်ငံခြားသားများလည်း လာရောက်ထုတ်လုပ်ကြသည်ဖြစ်၍ GNP သာလျှင် နိုင်ငံသားအားလုံးအတွက် သက်ဆိုင်သော တိုင်းပြည်ဝင်ငွေဖြစ်၍ GNP ကိုသာ ယူသင့်သည်ဟူသော စောဒကတက်ခြင်းလည်း ရှိပါသည်။ ယင်းသည် သီအိုရီသဘောတရားအရ ချွင်းချက်မရှိ မှန်ပါသည်။ သို့သော် လက်တွေ့အခြေအနေတွင်ကား ကွာခြားတတ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် သူတို့၏ အရင်းအနှီးများစွာသော လုပ်ငန်းကုမ္ပဏီကြီးများကို ပြည်ပနိုင်ငံများတွင် သွားရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည်။ ထိုကုမ္ပဏီကြီးများ၏ အကျိုးအမြတ်များသည် သူတို့မိခင်နိုင်ငံအတွက် တိုင်းပြည်ဝင်ငွေ ဖြစ်နိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်တော့ ယင်းသို့ အင်အားမရှိသေးပါ။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အခြားပင်လယ်ရပ်ခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူ အတော်များများအနေဖြင့် သူတို့စာရင်းဇယားများသည် လိုလျှင်လိုသလို လိုတိုးပိုလျှော့ (Understates and Overstates) လုပ်တတ်ပါ သည်။ ထို့ကြောင့်လည်း GNP ထက်စာ လျှင် GDP က မိမိနိုင်ငံအတွက် ပိုမို ဟန်ကျနိုင်သော အနေအထားမျိုး ရှိနေပါသည်။

၄။ Underground Economy ခေါ် တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် တရားဝင်မပါသော ဝင်ငွေစာရင်းဇယားများလည်း ရှိနိုင်ပါသည်။ ယင်းတရားမဝင်သော ဝင်ငွေများသည် GDP တွင်လည်း ရှိနိုင်သလို GNP အတွက်လည်း ရှိနိုင်ပါသည်။ သို့သော်လည်း GDP သည် ခန့်မှန်းမည်ဆိုပါက GNP ထက် ပိုမိုနီးစပ်စွာ ခန့်မှန်းနိုင်ပါလိမ့်မည်။ GDP နှင့် ဆိုင်သော (Underground Economy) သည် စကားဥပမာနှင့်ဆိုသော် 'ခြင်းထဲတွင်ရှိသောကြက်' ဖြစ်သည်။ GNP နှင့် ဆိုင်သော (Underground Economy) သည်ကား 'တောကြက်' ဖြစ်သည်။ လိုက်ဖမ်းရန်မလွယ်ကူသည့်အပြင် မည်မျှရှိ၍ မည်သို့ရှိမှန်းမသိသောအခြေအနေ ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် GNP ထက် GDP ကိုသာ တွက်သင့်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများပင်လျှင် GDP ကိုသာ အခြေခံပြီး တွက်နေကြပြီ ဖြစ်သည်။

**ဒေါက်တာမောင်မောင်စိုး**
**(ဘောဂဗေဒ)**

# ရက်စွဲမှတ်တမ်း

**၄-၅-၂၀၀၆** ✱ တာချီလိတ်မြို့တွင် ကျင်းပသော မြန်မာ–လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များ၏ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

**၅-၅-၂၀၀၆** ✱ စာရေးဆရာ မိုးဟိန်းကို (ခ) ဦးခင်မောင်အုန်း အသက် ၇၅ နှစ် ကွယ်လွန်။

✱ ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့မှ ကျောက်ကြီးမြို့သို့သွားသည့်လမ်းခွဲအနီး ပဲနွယ်ကုန်းနှင့် ကျောက်ကြီးမြို့တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာတစ်ဝိုက်၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွား။

**၆-၅-၂၀၀၆** ✱ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပမည့် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကောင်စစ်ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၇-၅-၂၀၀၆** ✱ ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် မူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ၃၅၂ ပေ အရှည်ရှိသည့် မူးမြစ်ကူးတံတား (သဖန်းဆိပ်) ဖွင့်လှစ်။

**၁၁-၅-၂၀၀၆** ✱ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မြန်မာ–အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးများသို့ တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၁၂-၅-၂၀၀၆** ✱ ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပသတင်းစာဆရာများ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ ပဲခူးတိုင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ။

**၁၅-၅-၂၀၀၅** ✱ မြန်မာစံတော်ချိန် ၀၄ နာရီ ၄၅ မိနစ် ၅၂ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၁၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

✱ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်အမှတ် ၂/ ၂၀၀၆ ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့အား တာဝန်မှ အနားယူခွင့်ပြုခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၃/ ၂၀၀၆ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်အား တာဝန်မှ အနားယူခွင့်ပြုခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၄/ ၂၀၀၆ ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေအား တာဝန်မှ အနားယူခွင့်ပြုခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၅/ ၂၀၀၆ ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၆/ ၂၀၀၆ ဖြင့် ဗိုလ်ချုပ်တင်ထွတ်အား သမဝါယမဝန်ကြီးဌာနဝန်ကြီးအဖြစ်နှင့် ဗိုလ်မှူးကြီးဇော်မင်းအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၇/ ၂၀၀၆ ဖြင့် ဗိုလ်ချုပ်စိုးနိုင်အား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီးအဖြစ်၊ ဗိုလ်ချုပ်ခင်မောင်မြင့်အား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးအဖြစ်၊ ဗိုလ်ချုပ်မောင်မောင်ဆွေအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်၊ ဗိုလ်ချုပ်ခင်အောင်မြင့်အား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၈/ ၂၀၀၆ ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၉/ ၂၀၀၆ ဖြင့် ဗိုလ်ချုပ် အောင်ကြည်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်၊ ဒေါက်တာပိုင်စိုးအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်၊ ဗိုလ်ချုပ်ကြည်ဝင်းနှင့် ဗိုလ်ချုပ် အေးမြင့်တို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းကို

လည်းကောင်း၊ အမိန့်အမှတ် ၁၀/၂၀၀၆ ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူး ချုပ်ဝင်းအောင်၊ ဗိုလ်မှူးချုပ်စိုးဦး၊ ဗိုလ်မှူးချုပ်ညီထွန်းနှင့် ဗိုလ်မှူးချုပ် ကျော်အောင်တို့အား ခန့်အပ်တာဝန်ပေးခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

**၁၈-၅-၂၀၀၆** * ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘရီနှင့် အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

* ကိုရီးယားရေကြောင်းတက္ကသိုလ် (Korea Maritime University) မှ ကျောင်းသားများနှင့် တာဝန်ရှိသူများပါဝင်သော လေ့ကျင့်ရေးသင်္ဘော T.S.HANBADA ၏ ပထမဆုံးရေကြောင်းခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်။

* နေပြည်တော်–ပုဂံ–နေပြည်တော် အမြန်ရထား စတင်ပြေးဆွဲ။

**၁၉-၅-၂၀၀၆** * စာရေးဆရာမ ဝင်းဝင်းလတ် (ခ) ဒေါက်တာဝင်းဝင်းရှိန် (အသက် ၅၅ နှစ်) ကွယ်လွန်။

**၂၂-၅-၂၀၀၆** * ဆီအုန်းသုတေသနဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှုမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် သဘောတူစာချုပ်ကို မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့မှ တာဝန်ရှိသူအသီးသီး လက်မှတ်ရေးထိုး။

* ကာတာနိုင်ငံ ဒိုဟာမြို့၌ မေလ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ၅ ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂၄-၅-၂၀၀၆** * တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ ကျင်းပမည့် ၇ ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်ပိုင်းဒေသ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေးပြပွဲသို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

* ရန်ကုန်မြို့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တို့အကြား ပျံသန်းပြေးဆွဲသည့် ကိုရီးယားလေကြောင်းလိုင်း (Korea Air) ၏ စင်းလုံးငှားလေယာဉ်ခရီးစဉ်များ စတင်ပြေးဆွဲ။

* စာရေးဆရာ ဇစ်တာကိုကို (ခ) ဦးသုစိတ္တ (အသက် ၄၉ နှစ်) ဘဝနတ်ထံပျံလွန်တော်မူ။

**၂၅-၅-၂၀၀၆** * ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရား ငှက်တွိုင်ရွာအနီး တွံတေးတူးမြောင်း၌ တည်ဆောက်ထားသည့် ပင်မတံတား အလျား ၈၄၀ ပေ အရှည်ရှိသော တွံတေးတံတားဖွင့်လှစ်။

* နေပြည်တော်–ပြည်–နေပြည်တော် ရထားခရီးစဉ် စတင်ပြေးဆွဲ။

**၂၈-၅-၂၀၀၆** * မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် မရမ်းကုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် မရမ်းကုန်းရေထိန်းတံခါးဖွင့်လှစ်။

* မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့၌ မေလ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၃၀-၅-၂၀၀၆** * နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဥပဒေအမှတ် ၆/၂၀၀၆ ဖြင့် ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်း။

**၅-၆-၂၀၀၆** * ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဗျိုက် (ခ) မြတ်မင်း (အသက် ၃၁ နှစ်) ကွယ်လွန်။

LIVING COLOR
MAGAZINE
526302
504496

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၃၂

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ

## Excel Treasure Tower က စားသောက်ဆိုင်

အေးအေးဆေးဆေး မိသားစုလက်ဆုံ ထမင်းစားချင်ရင်ပဲဖြစ်ဖြစ်၊ မိတ်ဆွေအပေါင်းအသင်းတွေကို ဧည့်ခံကျွေးမွေးလိုရင်ပဲဖြစ်ဖြစ်၊ ခေတ်မီသပ်ရပ်လှပတဲ့ အခင်းအကျင်း၊ ဈေးနှုန်းသင့်တင့်မှုတွေနဲ့ အဆင်ပြေမယ့် စားသောက်ဆိုင် ဖြစ်ပါတယ်။ စင်ကာပူအစားအစာများ၊ တရုတ်အစားအစာများ၊ မြန်မာအစားအစာများ၊ Dimsum ၊ ဟမ်ဘာဂါ စတဲ့ Snack အမျိုးမျိုး၊ ဘီယာနဲ့ အအေးအမျိုးမျိုး၊ ကော်ဖီအမျိုးမျိုး စတဲ့ အစားအသောက်တွေ မှာယူသုံးဆောင်နိုင်ပါတယ်။ ESPN ကနေ ထုတ်လွှင့်တဲ့ဘောလုံးပွဲတွေကို ကြည့်ရှုနိုင်ပါတယ်။ ဒါ့အပြင် Unplugged တီးဝိုင်းနဲ့ ဖျော်ဖြေတဲ့တေးဂီတသံစဉ်တွေကိုလည်း ခံစားနိုင်ပါတယ်။ ကားရပ်နားဖို့ အဆင်ပြေပြီး ဆိုင်အတွင်း GSM ဖုန်းကောင်းစွာပြောဆိုနိုင်ပါတယ်။ ညဘက်ဆိုင်ပိတ်ချိန်ကတော့ ၁၁ နာရီ ဖြစ်တယ်လို့ ဆိုပါတယ်။

လိပ်စာ –

JUMBO Cafe & Food Court

Excel Treasure Towr (မြေအောက်ထပ်)

အမှတ်–၅၂၀၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊

ရန်ကုန်။ ဖုန်း–၅၅၉၃၇၇၊ လိုင်းခွဲ–၆၁၇၆၊ ၆၁၇၇

## ငါးရံ့ခြောက်ဖုတ်ကောင်းတဲ့ My Dear

ငါးရံ့ခြောက်ဖုတ်အရသာ ထူးထူးခြားခြားကောင်းမွန်တဲ့ဆိုင်ဖြစ်ပါတယ်။ ပင်လယ်စာ၊ ကြက်သား စတဲ့အသားနဲ့ တုန့်ယမ်းဟင်းချို၊ ပင်လယ်စာထမင်းကြော်၊ ငါးရှူပွကြော်စတဲ့ ဟင်းလျာတွေ ရနိုင်မှာပါ။ ရနိုင်တဲ့ စားသောက်ဖွယ်ရာတွေထဲက ငါးရံ့ခြောက်ဖုတ်ကတော့ ဒီဆိုင်ရဲ့ နာမည်ကျော်လက်ရာတစ်ခုပါ။ ကိုယ်တိုင်ပြုလုပ်တယ်လို့ ဆိုထားပြီး အချိုမှုန့်သုံးမထားတာမို့ အချိုမှုန့်ရှောင်သူတွေအတွက်လည်း အဆင်ပြေပါတယ်။

လိပ်စာ – My Dear ၊ ရန်ကင်းပန်းခြံရှေ့ဆိုင်တန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

## လုပ်ငန်းရှင်များ ဝန်ထမ်းလိုအပ်ပါက

ဝန်ဆောင်မှုကောင်းပြီး လုပ်ငန်းကျွမ်းကျင်နိုင်နင်းတဲ့ ဝန်ထမ်းကောင်းကောင်းရချင်တဲ့ လုပ်ငန်းရှင်တွေအတွက် ဝန်ထမ်းဖြည့်ဆည်းပေးမယ်လို့ ဆိုပါတယ်။ တစ်ဆက်တည်းမှာပဲ အလုပ်အကိုင်ရှာဖွေနေတဲ့ လူငယ်များကိုလည်း သက်ဆိုင်ရာလုပ်ငန်းအတွက် အဆင်သင့်ဝင်ရောက်လုပ်ကိုင်နိုင်မယ့် အရည်အချင်းရတဲ့အထိ လေ့ကျင့်ပေး၊ အဆက်အသွယ်ရှာပေးမယ်လို့လည်း ဆိုပါတယ်။ အထူးသဖြင့် လက်ဖက်ရည်ဆိုင်သစ်ဖွင့်လှစ်လိုသူများ၊ မုန့်အမျိုးမျိုး စီးပွားဖြစ်ထုတ်လုပ်လိုသူများကိုလည်း လိုအပ်မယ့် ပစ္စည်းပစ္စယတွေကို အပိုအလိုမရှိ စရိတ်ကျဉ်းနိုင်သမျှကျဉ်းအောင် အကျိုးဆောင်ဝယ်ယူပေးပါတယ်။ ပေါင်မုန့်၊ ကိတ်နှင့် Bakery မုန့်မျိုးစုံပြုလုပ်နည်း၊ တရုတ်မုန့်လုပ်နည်းနဲ့ တရုတ်လက်ဖက်ရည်ဖျော်နည်းသင်တန်းများကိုလည်း ပုံမှန်ဖွင့်လှစ်ပေးနေပါတယ်။

ဆက်သွယ်ရန် –

MOE

စားသောက်ကုန် ဝန်ဆောင်မှုလုပ်ငန်း၊

အမှတ် ၇၉၄၊ ဗိုလ်မှူးဗထူးလမ်း၊

ဗညားဒလမှတ်တိုင်အနီး၊ (၄၅)ရပ်ကွက်၊

ဒဂုံမြို့သစ် (မြောက်ပိုင်း)

မြို့နယ်၊ ရန်ကုန်မြို့။

## အသက်အရွယ်စုံ တက်ရောက်နိုင်တဲ့ ပန်းချီသင်တန်း

အသက်အပိုင်းအခြားအလိုက် ကလေး၊ လူငယ်နဲ့ လူကြီး ခွဲခြားသင်တဲ့ ပန်းချီသင်တန်းတွေ ဖွင့်လှစ်ထားတဲ့ နေရာတစ်ခုပါ။ အသက် ငါးနှစ်မှ ရှစ်နှစ်ကို ကလေးပန်းချီသင်တန်း၊ အသက် ကိုးနှစ်မှ ၁၄ နှစ်အထိကို လူငယ်ပန်းချီသင်တန်းနဲ့ ၁၅ နှစ်အထက်ကို လူကြီးပန်းချီသင်တန်းအဖြစ် အသီးသီးသတ်မှတ်ထားပြီး လူပုံ၊ ရုပ်ပြောင် (ကယ်ရီကေးချား) သင်တန်းကိုလည်း သီးသန့်တက်ရောက်နိုင်ပါတယ်။ ဒါ့အပြင် Graphic Designer နဲ့ Web Developer တွေအတွက် ပန်းချီသင်တန်း၊ အင်ဂျင်နီယာတွေအတွက် ဒီဇိုင်းရေးဆွဲရာမှာ အထောက်အကူပြုတဲ့အထူးသင်တန်း၊ ကလေးများအတွက် ကွန်ပျူတာသင်တန်းနဲ့ တခြားကွန်ပျူတာသင်တန်းများလည်း ဖွင့်လှစ်ထားတယ်လို့ ဆိုပါတယ်။

YAG (Youth Art Group)
Education Centre
အမှတ်-၂၇၃ (5-B,C)၊ ဗညားဒလလမ်း၊ (ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်) တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၉၆၈၂၅

## ၄က်သိုက်ရည်ကြိုက်သူများအတွက်

၄က်သိုက်ရည်ကြိုက်နှစ်သက်သူတွေအတွက် KIM အမှတ်တံဆိပ် ၄က်သိုက်ရည်ကို လမ်းညွှန်လိုပါတယ်။ ထိုင်းနိုင်ငံ နန်အမ်းဒေသကရရှိတဲ့ လတ်ဆတ်တဲ့၄က်သိုက်တွေနဲ့ လူမျိုးဘာသာမရွေး သုံးဆောင်နိုင်အောင် ပြုလုပ်ထားတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံ FDA ထောက်ခံချက်အရ တင်သွင်းထားပြီး ကြာရှည်ခံဓာတုဆေးများ၊ ဆိုးဆေးများ မပါဝင်လို့ သဘာဝအာနိသင်အတိုင်း သုံးဆောင်နိုင်မှာ ဖြစ်ပါတယ်။ အပူအအေး နှစ်သက်သလို နွေး၍လည်းကောင်း၊ အအေးစိမ်၍လည်းကောင်း သုံးဆောင်နိုင်မှာဖြစ်ပြီး နဂိုအတိုင်း အသင့်သောက်သုံးနိုင်ပါတယ်။ ပုလင်းအောက်ခြေမှာပါရှိတဲ့ သက်တမ်းကုန်ရက်မတိုင်မီ သုံးဆောင်ရမှာဖြစ်ပြီး ပုလင်းဖွင့်ပြီး ၂၄ နာရီအတွင်း သုံးဆောင်ရမယ်လို့ ဆိုထားပါတယ်။

လိပ်စာ-
UNITED NETWORE CO.M, LTD.
ရွှေနန်းတော်ဟိုတယ် (၇) ထပ်၊
အမှတ်-၉၊ ရွှေလဝင်းလမ်း၊ စမ်းချောင်းမီးသတ်အနီး၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၃၄၁၀၊ ၅၂၄၂၂၀ ၊ လိုင်းခွဲ-၇၀၀
E-mail:unet@winner.net.mm

## နေရာပြောင်း ၊ လိပ်စာသစ်

- **Masda Chemical Internationl Co., Ltd.**
  အမှတ်-၁၀၈/၁၁၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၆၄၇၅၊ ၂၄၃၉၂၂၊ ၄၄၁၁၂၆၀၊ ၀၉-၅၁၄၆၈၀၉၊ ဖက်စ်-၂၄၃၉၂၂၊ ၃၇၆၄၇၅
- **တိုစက္ကဇာတာ နကမွတ္တဖေဒပညာရှင် ဦးမင်းဟန်**
  အမှတ်-၃၂၊ ၄ လွှာ၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၄၇၇၉
- **LION (One Stop Solution)**
  အခန်း-P-6၊ တိုက်-၅၊ အောင်သပြေလမ်းနှင့် စပယ်လမ်းထောင့်၊ (Asia Light Supermarket နှင့် ယုဇနပလာဇာအနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၇၄၅၀)
  E-mail:mingalar@myanmar.com.mm
- **Mobile King**
  အမှတ်-၂၅၅/A ၊ မြေညီထပ်၊ ဗညားဒလလမ်း၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၁၃၀၇၊ ၀၉-၅၀၀၆၂၆၁
- **The Myanmar Gallery of Contemporary Art**
  အမှတ်-(၁၅-A)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၆၂၂၇၈
- **Stars & Models Int'l Co., Ltd.**
  အခန်း- F-42၊ ဒုတိယထပ်၊ ပုလဲကွန်ဒို၊ ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ မြရိပ်ညိုဟိုတယ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၅၇၄၄၈၊ ၅၅၇၄၈၁-၈၂၊ ၅၅၇၄၈၆-၈၇၊ လိုင်းခွဲ-၈၂၈၊ ၀၉-၅၀၁၀၄၃၂၊ ၀၉-၅၃၁၀၅၄၃
  E-mail:stars@myanmar.com.mm
  starbizgroup@gmail.com
  www:starbizgroup.net
- **ဒေစီဖက်ရှင်**
  အမှတ်-၁၆၊ မြေညီထပ်၊ ဈေးလမ်းနှင့်ဗိုလ်မိုးလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း - ၀၉-၉၉၇၂၈၉၃

# အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်လုပ်ငန်းများ

ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများအနေနဲ့ မိမိတို့ရဲ့ သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွေနဲ့ သက်ဆိုင်တဲ့အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာတွေကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ကိုယ်စားလှယ်လုပ်ငန်းအချို့ကို ဖော်ပြပေးလိုက်ပါတယ်။

- **21st Century Express Movers**
  အမှတ်–၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၇၆၃၁၉၊ ၀၉–၈၀၂၃၇၇၈၊ ၀၉–၅၀၂၀၀၇၇

- **Paragon Cargo Trading Co., Ltd.**
  အမှတ်–၄၅၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၁၅၁၀၊ ၃၈၁၅၈၂

- **လမင်းအောင်**
  **(အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်အသင်း)**
  အမှတ်–၅၄၉/၅၅၅၊ တတိယထပ်၊ ကုန်သည်လမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၃၃၈၈၊ ၇၀၄၉၉၇

- **Bagan Myanmar**
  အမှတ်–၅၈–(U)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၃၁၃၇၊ ၃၇၇၇၅၄၊ ၀၉–၈၀၃၂၇၄၄၊ ၀၉–၉၉၂၅၈၀၅

- **Unity Clearing Agency**
  အမှတ်–၃၂၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၅၉၂၆

- **Smile Agency Services**
  အမှတ်–၁၂၉၊ မြေညီထပ်၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၅၂၁၇၈၊ ဖက်စ်–၂၅၁၂၇၈၊ ၀၉–၅၁၀၉၈၈၀
  E-mail:smileags@cybertech.net.mm

- **Htoo Brothers Customs Authorized Clearing Agency**
  အမှတ်–၅၂၀၊ C-၅၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၈၃၀၇၊ ၅၅၈၄၂၈၊ ၅၅၈၄၆၁၊ ၇၀၁၃၃၁

- **Asia World Co., Ltd.**
  တိုက်–၅၊ အခန်း–၃၀၃/၃၀၄၊ တတိယထပ်၊ သီရိမင်္ဂလာ
  အိမ်ရာ၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၃၀၆၊ ၂၁၁၃၀၇

- **Hain Brothers Co., Ltd.(HB)**
  အမှတ်–၃၂၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၂၅၀၆၊ ၂၇၆၃၁၂၊ ၃၇၇၇၁၈၊ ၂၈၆၀၈၅



- **K & M**
  အမှတ်–၅၈၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၇၀၉၄၁၃
- **Golden Sea Gate Int'l Freight Forwarding Co., Ltd.**
  အမှတ်–၉၉၊ ပထမထပ်၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၉၃၃၉၃၊ ၂၉၄၁၄၂၊ ၂၉၅၅၈၀၊
  ဖက်စ်–၂၉၅၅၈၀
- **Nan Taw Win**
  – အမှတ်–၁၉/၄၃၊ ပန်းဆိုးတန်းလမ်း(အောက်)၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၁၄၅၀၊
  – အမှတ်–၆၉၊ ၅–စီ၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်
  ညွန့်မြို့နယ်၊ ရန်ကုန်။
  – အမှတ်–၆၃၊ အခန်း–၃၊ ဘဏ်လမ်း၊ ကျောက်တံတား
  မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၀၀၈၀
- **Prosperous Freight Services Ltd.**
  အမှတ်–၂၇၇၊ အခန်း–၀၇–၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  အာရှပလာဇာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၉၁၀၅၀၊ ၃၉၁၀၇၈၊ ၃၉၁၁၆၄
- **T & Brother**
  အမှတ်–၁၈၅၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတား
  မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၆၈၅

# ဂျပန်ဘာသာ အမြန်တတ်ချင်သူများအတွက်

ဂျပန်ဘာသာသင်တန်းတွေ မျိုးစုံအောင်တတ်ပြီး စိတ်ကျေနပ်မှုမရသေးတဲ့သူတွေအတွက် အရေး၊ အဖတ်၊ အပြော အချိန်တိုအတွင်းတတ်စေမယ့် ဂျပန်ဘာသာစကားသင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ သင်တန်းဆရာရဲ့ အဆိုအရ ၁၅ ရက်အတွင်း ဆရာလွှတ်ဖြစ်အောင် အာမခံနဲ့ အထူးသင်ကြားပေးနေတယ်လို့ ဆိုပါတယ်။ အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အလုပ်အတွက် အင်တာဗျူး၊ ပညာတော်သင်သွားဖို့ အစရှိတဲ့ မိမိတို့ သက်ဆိုင်ရာအကြောင်းကိစ္စများအပေါ် မူတည်ပြီး ဂျပန်ဘာသာစကား မဖြစ်မနေတတ်ဖို့ကြိုလာရင် လက်တွေ့ ဆက်သွယ်တက်ရောက်ကြည့်ပြီးမှ ဆုံးဖြတ်နိုင်ပါတယ်။

လိပ်စာ–အမှတ် ၈၊ (ဒုတိယထပ်)
ဗဟန်း (၂) လမ်း၊ ရွှေနေချုပ်ဓမ္မာရုံရှေ့၊ ဗဟန်း (၃) လမ်းမှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၉၁၄

- **TTA & Brothers Co., Ltd.**
  အမှတ်–၁၄၄၊ ဒုတိယထပ်၊ ဘိုကလေးဈေးလမ်း၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၀၈၃၉၊ ဖက်စ်–၃၈၀၈၃၉



## ကိုရီးယားနိုင်ငံလုပ် Fancy ပစ္စည်း ဝယ်မယ်ဆို

ကိုရီးယားနိုင်ငံမှာ နောက်ဆုံးထွက်ရှိတဲ့ ဒီဇိုင်းတွေနဲ့ ရေပန်းစားနေတဲ့ Fancy ပစ္စည်းတွေကို ဝယ်လို့၊ မှာလို့ရနိုင် တဲ့ ကိုရီးယားပစ္စည်းတွေကိုသာ ရောင်းချတဲ့ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။

ကိုရီးယားနိုင်ငံကနေ တိုက်ရိုက်မှာယူတင်သွင်းထားတဲ့ ကလစ်၊ နာရီ၊ ဦးထုပ်၊ ခါးပတ်၊ ခေါင်းစည်းကြိုး၊ အိတ်၊ ဆွဲကြိုး၊ နားကပ်၊ နှုတ်ခမ်းနီ၊ လက်သည်းနီ၊ Eye Shadow ၊ မျက်နှာပေါင်းတင်ဖို့ PUREDERM အမှတ်တံဆိပ် Red Ginseng Essence Mask အစရှိတဲ့ Fancy ပစ္စည်းတွေ ဝယ်ယူလို့ ရနိုင်ပါတယ်။

လိပ်စာ – AMK - Korean Fancy Shop
ယုဇနပလာဇာပထမထပ် – G4,
ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်။

## အားကစားအဝတ်အထည်နဲ့ ပတ်သက်လာရင်

ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်လေ့ရှိသူတွေ၊ အားကစားအဝတ်အထည်ပစ္စည်းတွေကို နှစ်ခြိုက်တတ်သူတွေနဲ့ အားကစားသမားတွေအတွက် အားကစားအဝတ်အထည်အတော်များများ ဝယ်ယူရရှိနိုင်တဲ့နေရာ ဖြစ်ပါတယ်။ ဂေါက်သီး၊ ရေကူး၊ တင်းနစ်၊ ကြက်တောင်၊ ဘောလုံးနဲ့ တင်းနစ်တို့အပြင် တခြားအားကစားနည်းတွေနဲ့ သက်ဆိုင်တဲ့ အဝတ်အထည်တွေကိုလည်း သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ –
Champion Sports & Garments
မြို့မကျောင်းလမ်း၊ အမျိုးသားပြဇာတ်ရုံနှင့် ဦးဝိစာရအိမ်ရာကြား၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၇၀၃၄၃၁၊ ၇၀၃၉၄၇
E-mail:yarthetpan@myanmar.com.mm

## မြစ်ကြီးနားမှာ Dim Sum စားမယ်ဆိုရင်

နံနက်စာ Dim Sum ကောင်းကောင်းရနိုင်တဲ့ မြစ်ကြီးနားမြို့က ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ နေရာထိုင်ခင်းသန့်ရှင်းသပ်ရပ်မှုရှိပြီး ပင်လယ်စာတွေကိုလည်း မှာယူသုံးဆောင်နိုင်မှာပါ။ မင်္ဂလာဧည့်ခံပွဲ၊ မွေးနေ့ပွဲ စတဲ့ အခမ်းအနားတွေကိုလည်း လက်ခံကျင်းပနိုင်တယ်လို့ သိရပါတယ်။ ဆိုင်ဖွင့်ချိန်က နံနက် ၇ နာရီကနေ ည ၁၂ နာရီအထိဖြစ်ပြီး ကားရပ်ဖို့နေရာ ကျယ်ဝန်းတာကိုလည်း တွေ့ရပါတယ်။

လိပ်စာ–
ရွှေတောင်ဂါးဒင်းစားသောက်ဆိုင်
အမှတ်–၅၄၅၊ စွယ်တော်လမ်း၊
ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း–၀၇၄–၂၅၃၇၆၊
၀၉–၉၀၃၂၁၃၈









## ရေယာဉ်အပိုပစ္စည်းအမျိုးမျိုး ဝယ်ယူနိုင်မယ့်နေရာ

ရေယာဉ်လုပ်ငန်းလုပ်ကိုင်လိုသူလုပ်ငန်းရှင်များနဲ့ ရေယာဉ်မောင်းသူများ၊ ဆက်စပ်လုပ်ငန်းရှင်များအတွက် ရေယာဉ်နဲ့သက်ဆိုင်တဲ့ အပိုပစ္စည်းအမျိုးမျိုး ရောင်းချပေးနေတဲ့နေရာကို ဖော်ပြပေးလိုက်ပါတယ်။ စက်လှေ၊ မော်တော်ရေယာဉ်၊ ပဲ့ထောင်အမျိုးမျိုး စတာတွေရဲ့ စက်အင်ဂျင်အမျိုးမျိုး အပြင်၊ ရေယာဉ်ပစ္စည်းမျိုးစုံနဲ့ စက်အပိုပစ္စည်းတွေကို ဈေးနှုန်းသင့်တင့်စွာနဲ့ ဝယ်ယူနိုင်မယ့်နေရာ ဖြစ်ပါတယ်။

- **ဦးထွန်းအေး**
  **(ရေယာဉ်ပစ္စည်းမျိုးစုံနှင့် စက်အပိုပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေး)**
  အမှတ်– (B-၇၇/၇၈)၊ လောပိတလမ်း၊
  တောင်ဒဂုံစက်မှုဇုန် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၉၀၈၇၈၊ ၅၉၀၈၇၉ (စက်ရုံ)
  ၂၉၅၁၄၃၊ ၂၉၉၄၇၁ (အိမ်)

- **မျိုးအောင် စက်မှုလက်မှု**
  **(စက်အင်ဂျင်အပိုပစ္စည်းအမျိုးမျိုးအရောင်းဆိုင်)**
  – ဆိုင်–အမှတ်–၂၉၀ (C)၊ လောပိတလမ်းနှင့် ထုံးဘိုလမ်းထောင့်၊ တောင်ဒဂုံစက်မှုဇုန်–၃၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၉၀၆၀၈
  – အိမ်–အမှတ်–၄၉၊ အနော်ရထာလမ်း (ကြက်တန်း) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၃၁၈၉

## ဖုန်းဘီလ်ဆောင်ပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်း

စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ၊ ရုံးခန်းများနဲ့ နေအိမ်များမှာ တပ်ဆင်အသုံးပြုလျက်ရှိတဲ့ လိုင်းဖုန်း၊ မိုဘိုင်းဖုန်းများရဲ့ ဖုန်းအသုံးပြုခ Bill များကို အိမ်တိုင်ရာရောက် လိုက်လံကောက်ခံပြီး ငွေသွင်းဝန်ဆောင်ပေးတဲ့ လုပ်ငန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။

လိပ်စာ – Mega Treasure Co., Ltd.
ဖုန်း–၃၇၂၆၂၆၊ ၃၈၀၄၆၀

## တရုတ်ပုံပြင်စာအုပ် ဝယ်မယ်ဆို

တရုတ်ဘာသာလေ့လာနေသူများ အဆင်ပြေစေမယ့်တရုတ်စာအုပ်မျိုးစုံရနိုင်တဲ့ ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ တရုတ်ဖတ်စာအုပ်များ၊ ပုံပြင်စာအုပ်များ၊ အဘိဓာန်အမျိုးမျိုး စတဲ့ စာအုပ်တွေကို ဈေးနှုန်း သင့်တင့်စွာနဲ့ ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ – အမှတ် ၁၂၇၊ ရွှေတောင်တန်းလမ်းတို၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၅၃၄၆၊ ၀၉–၅၁၅၈၇၉၃



## ချည်သား စစ်စစ်

ပြည်ပကနေ ဘယ်လိုမျိုးပိတ်စတွေပဲဝင်ဝင်၊ ဘယ်လိုပုံစံဆန်းဆန်းပြားပြားတွေပဲဝင်ဝင် မြန်မာနိုင်ငံသားတွေနဲ့ လိုက်လျောညီထွေအရှိဆုံး၊ သက်သောင့်သက်သာအရှိဆုံးကတော့ ချည်သား (Cotton) တွေပဲဖြစ်ပါတယ်။ ဒီလိုချည်သားတွေကို အမျိုးအစားစုံ အဆင်စုံနှစ်သက်ရာရွေးချယ်ဝယ်ယူနိုင်မယ့် ဆိုင်တစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဆိုင်ခွဲတွေလည်း ဖွင့်လှစ်ထားတာမို့ နီးစပ်ရာဆိုင်တွေမှာ သွားရောက်ဝယ်ယူနိုင်မှာပါ။ လီနင်ဇာ၊ ချည်ဇာ၊ ဂျပန်ကော်တွန်နဲ့ အနံလွန်ချည်သားလှလှလေးတွေပါ တစ်ခါတစ်ရံဝယ်လို့ရတတ်တာမို့ လူကြီးသူမတွေကို လက်ဆောင်ပေးဖို့ဝယ်ယူချင်ရင်လည်း အဆင်ပြေမှာပါ။

လိပ်စာ–အန်တီသွယ် (Cotton World)

ဆိုင်(၁)–အမှတ် ၄၀၊ အရှေ့ D ရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၉၆၆၊ လိုင်းခွဲ–၆၄၈
ဆိုင်(၂)–အမှတ် ၄၉၁၊ အရှေ့ B ရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၅၇၄
ဆိုင်(၃)–အမှတ် L-2၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဆိုင်(၄)–အမှတ် A ၁၉(B)၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇၊ လိုင်းခွဲ–၃၂၆၀

## အဆို ၊ ဂီတ သင်တန်းများ

ဂီတနယ်ပယ်မှာ Professional အဖြစ် ရပ်တည်လိုလို့ပဲဖြစ်ဖြစ်၊ ဝါသနာပါလို့ လေ့လာရုံအတွက်ပဲဖြစ်ဖြစ် ဂီတကို လေ့လာတော့မယ်ဆိုရင် စနစ်တကျ နည်းမှန်လမ်းမှန် စတင်လေ့လာတာ အကောင်းဆုံးပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဂီတသင်တန်းတက်ရောက်လိုသူတွေအတွက် လက်လှမ်းမီရာ သင်တန်းတွေကို ဖော်ပြပေးလိုက်ပါတယ်။ ဒီသင်တန်းတွေမှာ တူရိယာသင်တန်းတွေ အများစုပါဝင်ပေမယ့် အဆိုနဲ့ တွဲဖက်လေ့ရှိတာမို့ အဆိုသင်တန်းတွေကိုလည်း စုံစမ်းတက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

- **ဂီတမိတ် Music Center**
  အမှတ်–၃၉၈ (C)၊ ဗညားဒလလမ်း၊
  ကျောက်မြောင်းဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၉၃၆၉၊
  www.gitameit.org
- **Art Music Academy**
  အမှတ်–၅၅/၅၆ (တတိယထပ်)၊ ဗဟိုစည်အိမ်ရာ၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၈၈၄၈
  E-mail:artmusic@myanmar.com.mm
- **Grace Music Institute**
  အခန်း–၄၀၉၊ ၄ ထပ်၊ ညောင်ပင်လေးပလာဇာ၊
  Block A ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၁၁၂၃၃၊ ၂၂၁၂၈၇ (လိုင်းခွဲ–၅၈၀)
- **Casio Music School**
  အမှတ်–၄၆၈ (၅ လွှာ)၊ အောက်ကြည့်မြင်တိုင်လမ်း၊
  ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၀၄၃၃
- **Do Re Mi Kid Music Center**
  အမှတ်–၂၊ အနောက်မေခလမ်းသွယ်(၃)၊ လှိုင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၆၆၃၆၉၉
- **Young Men's Christian Association (Y.M.C.A)**
  အမှတ်–၂၆၃၊ မဟာဗန္ဓုလလမ်း (သိမ်ဖြူလမ်းထောင့်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၄၁၀၉၊ ၂၉၄၁၂၈
- **Young Women's Christian Association (Y.MC.A)**
  အမှတ်–၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၄၅၈၆၉
- **Academy of Music**
  အမှတ်–၄၊ ဦးထွန်းလင်းခြံလမ်း အင်းစိန်လမ်းမ၊
  လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၂၈၇၈
- **မြန်မာနိုင်ငံဂီတအစည်းအရုံး**
  ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၅၈၆၂၊ ၅၄၉၉၅၆၊ ၅၄၅၈၆၃
- **ဂီတဥယျာဉ်**
  အမှတ်–၁၄၉၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၈၁၃၇၈ (C/O)
- **အေဒင်**
  ၃၆× ၇၇ လမ်းထောင့်၊ မျက်ပါးရပ်၊
  မဟာအောင်မြေမြို့နယ်၊ မန္တလေး။
- **New Style**
  ၃၅× ၇၃ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။

## ပလိပ်မြို့က မြန်မာထမင်းဆိုင်ကောင်းကောင်း

ပလိပ်မြို့ ရန်ကုန်–မန္တလေးကားလမ်းအနီးကနေ ပလိပ်ရဲစခန်းအနီးကို နေရာပြောင်းရွှေ့ဖွင့်လှစ်လိုက်တဲ့ ဘကြီးထီ ထမင်းဆိုင် ဖြစ်ပါတယ်။ ယခင်နှစ်တွေကတည်းက ပလိပ်မြို့မှာ လူသိများနေတဲ့ဆိုင်ပါ။ အဆိုပါထမင်းဆိုင်မှာ ဟင်းလျာကောင်းများအပြင် အတို့အမြှုပ် အစုံအလင်ရနိုင်တယ်လို့ ဆိုပါတယ်။ တစ်ခါပြင် ၂၀၀ ကျပ်ဖြစ်ပြီး ပလိပ်မြို့ကိုရောက်ရင် တစ်ကြိမ်လောက်တော့ သွားရောက်မြည်းကြည့်စေချင်ပါတယ်။

## တယ်လီဖုန်း၊ မီတာ အခပေးဝန်ဆောင်မှု လုပ်ငန်းအချို့

မိုးတွင်းကာလရောက်နေပြီဖြစ်တာမို့ တယ်လီဖုန်းခွန်နဲ့ မီတာကြေးသုံးစွဲခတွေကို မိုးထဲရေထဲသွားပြီး ဆောင်စရာမလိုအောင် ကူညီပေးနေတဲ့ အခပေးဝန်ဆောင်မှုလုပ်ငန်းအချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **မြတ်သော်တာ**
  အမှတ်–၁၅၀၊ ပန်းခြံလမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၀၈၄၁၅
- **သိန်းမင်းကုမ္ပဏီလီမိတက်**
  အမှတ်–၅၁၊ ၁၈ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၆၅၄၂၊ ၂၁၂၄၂၆၊ ၀၉–၉၉၂၆၈၄၈
- **Good Faith Services Co., Ltd.**
  အမှတ်–၈၃/၈၅၊ မြေညီထပ်၊ ၃၁ လမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၁၉၂၅၊ ၃၇၁၅၅၆
- **Myanmar Banner Co., Ltd.**
  အမှတ်–၁၄၊ ဒု–ထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၉၄၉၄၁၊ ၃၈၃၆၄၇
  E-mail-myanmarbanner@mptmail.net.mm
- **Tower Light**
  အမှတ်–၁၁၊ ဘီ/၅၊ ဗဟိုလမ်းနှင့် ဝေဠုဝန်လမ်းမကြီးထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၉၆၁၉
- **Uni Diamond Co., Ltd.**
  အခန်း–၁၂–၁၃၊ တိုက်–၁၈၊ မလိခအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၃၆၅၅၊ လိုင်းခွဲ–၃၃၃၊ ၇၂၄၅၄၀။
  ဖက်စ်–၀၉–၅၁၁၁၃၆၁

## စားသောက်ဆိုင်သစ်

- **Rainbow Food Centre နှင့် Rainbow Photo Studio**
  ရတနာလမ်း၊ မိကျောင်းကန်အပိုင်း (၃)၊
  သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **တာတူး (ဒံပေါက်၊ ရန်ကုန်ဆိုင်ခွဲ)**
  ဦးရာဇတ်လမ်း၊ ပျဉ်းမနားဘူတာကြီးရှေ့၊ ပျဉ်းမနားမြို့။
- **မော်လမြိုင်မုန့်ဟင်းခါး**
  အမှတ်–၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၁၄၉၇၊ ၀၉–၅၀၀၆၅၀၀
- **ခိုင်လီ တရုတ်ကြက်ချဉ်စပ်**
  မြကျွန်းသာဥယျာဉ်အတွင်း၊ ကမ္ဘာအေးဘုရားလမ်း၊ Sedona Hotel နှင့် မျက်နှာချင်းဆိုင်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၃၉၄၆
- **စွယ်တော်စားတော်ဆက်**
  အမှတ် ၄(ခ)၊ နေပြည်တော်မြို့မဈေး၊ နေပြည်တော်။
  ဖုန်း – ၄၂၀၆၇၅

## ကမ္ဘာ့ IT ရပ်ဝန်းဒေသ ဆီလီကွန်တောင်ကြားအကြောင်း သိချင်ရင်

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တောင်ပိုင်း ပင်လယ်ကွေ့အနီးမှာ တည်ရှိတဲ့ ကမ္ဘာ့ IT အဖွံ့ဖြိုးဆုံးဒေသ ဆီလီကွန်တောင်ကြားအကြောင်း ဖော်ပြတဲ့ Website ဖြစ်ပါတယ်။ ဆီလီကွန်တောင်ကြားကို အဓိကလူသိများတဲ့ အကြောင်းရင်းက IT ဖွံ့ဖြိုးတဲ့ဒေသဖြစ်တဲ့အပြင် လူမျိုးအမျိုးမျိုး၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ အမြင်အမျိုးမျိုးတို့ကို ပေါင်းစည်းပြီး အတူတကွ စုစည်းအလုပ်လုပ်နေတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဆီလီကွန်တောင်ကြားဟာ အမျိုးမျိုးသော ကွဲပြားမှုတွေကို ပေါင်းစည်းပြီးရရှိလာတဲ့ ခွန်အားနဲ့ ရလဒ်တစ်ခုဖြစ်ပေါ်အောင် ပြုလုပ်ပေးနေတဲ့ အသိုင်းအဝိုင်းကြီးဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ လိပ်စာက http://www.siliconvalley-usa.com/ ဖြစ်ပါတယ်။

Website မှာ ဆီလီကွန်ဒေသရောက် အိန္ဒိယ IT ပညာရှင်များအကြောင်း၊ ဂျူးလူ့အဖွဲ့အစည်းအကြောင်းတို့ကို ဖော်ပြထားပါတယ်။ ဒါ့အပြင် ယင်းဒေသရဲ့ ရာသီဥတုအခြေအနေ၊ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအကြောင်းကို ဗဟုသုတအဖြစ် ဖတ်ရှုနိုင်ပါတယ်။ ကယ်လီဖိုးနီးယားရဲ့ ထီအကြောင်းကိုလည်း လေ့လာရင်း ဝါသနာပါရင် ကံစမ်းနိုင်ပါသေးတယ်။

## ဆေးနဲ့ဆေးပစ္စည်းမျိုးစုံ ရနိုင်တဲ့နေရာ

မြန်မာနိုင်ငံအတွင်းသို့ ကုမ္ပဏီမျိုးစုံမှ တင်သွင်းလျက်ရှိတဲ့ နိုင်ငံခြားဆေးနဲ့ ဆေးပစ္စည်းမျိုးစုံ တစ်နေရာတည်းမှာ ရနိုင်မယ့်နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ နယ်က အမှာစာတွေအတွက်လည်း အိမ်အရောက်တာဝန်ယူ ပို့ဆောင်ပေးမယ်လို့ သိရပါတယ်။ ဈေးနှုန်းသင့်တင့်မှုရှိပြီး ဆေးဆိုင်ဖွင့်လှစ်လိုသူတွေအတွက် ဆေးဝါးကျွမ်းကျင် အကူသင်တန်း ဖွင့်လှစ်ပေးထားတယ်လို့ ဆိုပါတယ်။

ဆက်သွယ်နိုင်တဲ့လိပ်စာ–

အောင်စကြာ (Technical Service Co., Ltd.)

– အမှတ်–၂၁၅ (မြေညီထပ်)၊ ၃၈ လမ်း (အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၆၀၇၃၊ ၂၈၂၄၃၁၊ ၀၉–၉၉၇၂၀၈၉

– အမှတ်–၅၈၈/ A၊ လမ်း ၈၀၊ ၃၅ × ၃၆ လမ်းကြား၊ မန္တလေး။

ဖုန်း–၀၂–၂၅၇၆၆၊ ၀၉–၂၀၀၄၆၈၈

## မိမိရဲ့ရှင်သွေးငယ်ကို အမည်ပေးမယ်ဆိုရင်

ရင်သွေးငယ်ရဲ့အမည်ကို ဗေဒင်နဲ့ သေသေချာချာတွက်ချက်စစ်ဆေးပြီးမှ ပေးလိုတဲ့ မိဘတွေအတွက်ရည်ရွယ်ပြီး ကလေးအမည်ပေး မေးလို့ရတဲ့ နေရာအချို့ကို လက်လှမ်းမီသလောက်စုစည်းဖော်ပြပေးလိုက်ပါတယ်။ တချို့နေရာတွေက မေးမယ့်ရက်ကို ကြိုတင်ရက်ချိန်းယူရတာဖြစ်လို့ မိမိမေးလိုတဲ့ ဗေဒင်ဆရာဆီကို မမေးခင် အရင်ဆုံး ဖုန်းဆက်ပြီး စုံစမ်းကြည့်စေလိုပါတယ်။

- ❑ **ရာဇာဇော်ဝင်း**

  အမှတ်–၄၆၊ လမ်း–၉၀၊ မြေညီထပ် (ကန်တော်ကလေး)၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၄၇၂၇

- ❑ **ကွန်ပျူဗေဒသုခုမ**

  အမှတ်–၁၅၊ ၄၉ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၇၂၃၁၀၂၊ ၂၉၇၁၇၅

- ❑ **စံဇာဏီဘို**

  အမှတ်–၁၃၂၊ လမ်းသွယ်(၆)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်
  မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၄၁၆၃၉

- ❑ **အရဟံဆရာအောင်**

  – အမှတ်–၃၂၀/၃၂၂၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊
  စန္ဒာဆေးခန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၈၄၆၁၅၊ ၀၉–၉၉၂၅၃၄၆၊ ၀၉–၅၁၁၂၁၄၆
  – အမှတ်–၁၇၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊
  သန်လျင်မြို့။ ဖုန်း–၀၅၆–၂၁၆၀၉

- ❑ **ဆရာကျော်လင်း (မြိတ်)**

  အမှတ်–၃၀၉၊ တတိယထပ်၊ ဗညားဒလလမ်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။

## Graphic Desing
## သင်တန်း တက်လိုလျှင်

ဝါရင့်အတွေ့အကြုံရှိ Designer များကိုယ်တိုင် ဦးစီးပြီး Theory နဲ့ Practical နှစ်မျိုးစလုံး ပေါင်းစပ်လေ့ကျင့်သင်ကြားပေးမယ့်သင်တန်း ဖြစ်ပါတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေကို Layout ပြုလုပ်နိုင်စေရန်နှင့် ပုံနှိပ်လုပ်ငန်းအတွက် လိုအပ်တဲ့ Silk Screen Printing၊ Offset Printing၊ စာအုပ်ချုပ်ခြင်း စတာတွေ အပါအဝင် ဖလင်ကာလာခွဲတတ်သည်အထိ သင်ကြားပေးမယ်လို့ သိရပါတယ်။ Pagemaker, Coral Draw, Photoshop, Adobe in Design တွေနဲ့ သင်ကြားသွားမှာဖြစ်လို့ Pagemaker နဲ့ Photoshop အခြေခံကျွမ်းကျင်ထားဖို့တော့ လိုပါတယ်။ သင်တန်းမှာ Pratical Projcet တွေအပါအဝင် သင်တန်းကာလ လေးလကြာမြင့်မှာ ဖြစ်ပါတယ်။ သင်တန်းအပတ်စဉ်တစ်ခုမှာ သင်တန်းသားဦးရေ ၁၀ ဦးသာ လက်ခံသင်ကြားသွားမှာဖြစ်ပြီး သင်တန်းကြေးကတော့ တစ်ဦးကို ကျပ် ၇၀,၀၀၀ ကျသင့်မှာ ဖြစ်ပါတယ်။ သင်တန်းကြေးကို တစ်ပြိုင်နက်တည်းမပေးသွင်းနိုင်သူများအတွက် ပထမ အရစ် ၄၀၀၀၀ ကျပ်၊ ဒုတိယအရစ် ၃၀၀၀၀ ကျပ်နဲ့ နှစ်ရစ်ခွဲသွင်းနိုင်တယ်လို့ ဆိုပါတယ်။

ဆက်သွယ်ရန်လိပ်စာ –

Ocean Gate Training Centre

အမှတ်–၃၅၅၊ အခန်း–၂၀၆၊
သိမ်ဖြူလမ်း၊ သိမ်ဖြူဈေးမှတ်တိုင်အနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၃၈၀၁၃၀
E-mail:oceangate@myanmar.com.mm

# ကုန်ကျစရိတ် ကြိုတင်တွက်ပေးမယ့် မိုးယိုတာပြင်တဲ့လုပ်ငန်း

အဆောက်အအုံအဟောင်းအပျက်တွေနဲ့ မိုးယိုခြင်းတွေကို စနစ်တကျစစ်ဆေးပြုပြင်ပေးမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုပြုပြင်ခြင်းလုပ်ငန်းတွေအတွက် ကုန်ကျနိုင်မယ့် ငွေပမာဏကို ကြိုတင်သိနိုင်အောင်လို့ အနီးစပ်ဆုံး တွက်ချက်ပေးတယ်လို့ သိရပါတယ်။ ဘုရားတန်ဆောင်းတွေအတွက်ဆိုရင်တော့ အခမဲ့ စစ်ဆေးတွက်ချက်ပေးတယ်လို့ ဆိုထားပါတယ်။ အသေးစိတ်သိချင်ရင် TRI-STAR ဖုန်း–၀၉–၅၀၁၄၅၉၈၊ ၅၂၅၂၀၉ တို့ကို ဆက်သွယ်မေးမြန်းနိုင်မှာ ဖြစ်ပါတယ်။

# ယွန်းထည်ပစ္စည်းစုံတဲ့ဆိုင်

မြန်မာ့ရိုးရာလက်မှုပစ္စည်းဖြစ်တဲ့ ယွန်းထည်တွေကို အေးအေးဆေးဆေး ဝယ်ယူနိုင်မယ့် နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ နန်းဆန်တဲ့ဒီဇိုင်းနဲ့ ယွန်းထည်တွေအပြင် နောက်ဆုံးပေါ်ဒီဇိုင်းနဲ့ ရေးခြယ်ထားတဲ့ ယွန်းထည်ပစ္စည်းလေးတွေလည်း ရနိုင်ပါတယ်။ ခွက်ငယ်ဘူးငယ်လေးတွေကစလို့ ယွန်းခန်းဆီးအထိ ရနိုင်တာ တွေ့ရပါတယ်။

လိပ်စာ–

Myanmar Lacquerware Shop

အမှတ်–၇၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၆၂၆၂

E-mail:myatkhine@mptmail.net.mm

website:www.myanmarlacquerware. com

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **White House စတူဒီယို**
  အမှတ်–၂၂၃၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၉၅၇၆
- **Myanmar Brewery Ltd. (ပျဉ်းမနားရုံးခွဲ)**
  အမှတ်–၅၂၉/၅၃၀၊ ရန်ကုန်–မန္တလေးလမ်းမကြီး၊ ပေါင်းလောင်း(၂) ရပ်ကွက်၊ ပျဉ်းမနားမြို့။
- **Win ဒစ်ဂျစ်တယ်ဓာတ်ပုံစတူဒီယို**
  အခန်း–၀၀၃၊ တိုက်–၂၁၊ ၃ လမ်း၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။
- **Studio V-Cut Hair and Beauty Salon**
  အမှတ်–၁၄၇/၁၄၉၊ ဗိုလ်ချုပ်ဆောင်ဆန်းလမ်း၊ ၄၆ လမ်း နှင့် ၄၇ လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **Freeze Hip Hop သင်တန်း**
  အမှတ်–၁၉၀၊ ၄ လွှာ၊ ၂၈ လမ်း (အပေါ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

# ဂျင်ဆင်းဟော့ပေါ့ ကောင်းကောင်း

ဟော့ပေါ့ကောင်းကောင်း ကြိုက်နှစ်သက်သူများအတွက် ကိုရီးယားဂျင်းဆင်းဆေးမြစ်နဲ့ရောပြီး ချက်ပြုတ်ထားတဲ့ ဟော့ပေါ့တွေ ရနိုင်တဲ့ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ကြက်၊ ဝက်၊ ငါး ဟော့ပေါ့ဟင်းရည်နဲ့ အရသာ ထူးထူးကဲကဲဖြစ်အောင် ဆန်းသစ်တီထွင်ထားတဲ့ ဟင်းပွဲတွေလည်း ရနိုင်တယ်လို့ သိရပါတယ်။ ရှစ်မိုင်လမ်းဆုံမှာဖွင့်လှစ်ထားလို့ သွားရလာရလွယ်ကူပါတယ်။

လိပ်စာ–

WA HA HA Ginsieng Hot Pot

ရှစ်မိုင်လမ်းဆုံနှင့် Junction 8 Shopping Centre ကြား၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၆၄၁၇၁

# မန္တလေးကျောက်မျက်ပန်းချီ အရောင်းပြခန်း

နိုင်ငံခြားသားဧည့်သည်တွေကို လက်ဆောင်ပေးလိုရင်ပဲဖြစ်ဖြစ်၊ နေအိမ်ရဲ့ဧည့်ခန်းမှာ အလှဆင်ချိတ်ဆွဲလိုရင်ပဲ ဖြစ်ဖြစ် ကျောက်မျက်ပန်းချီကားတွေ ဝယ်ယူလိုသူတွေအတွက် မန္တလေးမြို့မှာ ဖွင့်လှစ်ထားတဲ့ ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ သဘာဝကျောက်မျက်အစစ်များကိုအသုံးပြုပြီး ဖန်တီးထားတယ်လို့လည်း သိရပါတယ်။

လိပ်စာ –

ကောင်းမြတ်ကျော်

(ကျောက်မျက်ပန်းချီအရောင်းပြခန်း)

၁၉ လမ်းနှင့် ၈၁ လမ်းထောင့်၊

မန္တလေး။

ဖုန်း–၀၉–၉၀၃၀၁၃၅

# ၂၀၀၆ ခုနှစ် မေနှင့် ဇွန်လများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | လန်းဖိုင်စာသိုက်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၅၄၀၅၁၂ | မာန်<br>(တောင်လုံးပြန်) | | ၇၀၀ | တောင်လုံးပြန်<br>စာပေဆက်ဆံရေး | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ဝတ္ထု |
| ၂။ | စာပေယဉ်ကျေးမှုဆိုင်ရာစာတမ်းများ<br>စာမူခွင့်ပြုချက်အမှတ်–၄၁၀၉၀၅၀၅၈၈ | ချစ်ဦးညို | ၁၀၀၀ | ၁၂၀၀ | ပုဂံ | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | စာတမ်း<br>ပေါင်းချုပ် |
| ၃။ | မျှော်လင့်ချက်နှင့် အခြား<br>မျက်နှာဖုံးဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၃၀၃/ ၂၀၀၃(၄) | ဂျူး | ၁၀၀၀ | ၁၀၀၀ | ဂျူး | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ဆောင်းပါး<br>စုစည်းမှု |
| ၄။ | တွေးမိသောအတွေးများနှင့်<br>အတွေးအမြင်ဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၈၁၅/ ၂၀၀၂(၉) | ဂျူနီယာဝင်း | ၅၀၀ | ၁၀၀၀ | Unity | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၅။ | နေထိုင်မှုအနုပညာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၃၄၀၅၁၀ | ခင်မာလာကြာဖြူ | ၁၀၀၀ | ၁၄၀၀ | ယမင်းဖြူ | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၆။ | တော်လှန်ရေးအတွေ့အကြုံများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၂၉၉၀၆၀၂ | ဗိုလ်တာရာ<br>(ရဲဘော်သုံးကျိပ်) | ၁၀၀၀ | ၁၆၀၀ | စာပေလောက | ၂၀၀၆၊ ဇွန်<br>(ပ– ကြိမ်) | သမိုင်းမှတ်တမ်း |
| ၇။ | ပြဟ္မစိုရ်နှလုံးသားနှင့်<br>ခရီးသွားသူများ<br>(နှစ်ပတ်လည်အထိမ်းအမှတ်)<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၄၅၀၆၀၃ | စာရေးဆရာများ | ၂၀၀၀ | ၁၂၀၀ | ကြောင်နစ်ကောင် | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ကဗျာ၊ ကာတွန်း<br>ဝတ္ထု၊ ဆောင်းပါး |
| ၈။ | ကလီယိုပါထရာ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၇၉၀၆၀၄ | တက္ကသိုလ်နေဝင်း | ၅၀၀ | ၂၀၀၀ | မိုးကျော်အေး | ၂၀၀၆၊ ဇွန်<br>(၃–ကြိမ်) | အကြံပြုချက် |
| ၉။ | နိုင်ငံတကာစီးပွားစွမ်းဆောင်ရှင်များ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၄၂၀၆၀၄ | ကြည်ရွှန်း | ၅၀၀ | ၁၅၀၀ | Wisdom<br>House | ၂၀၀၆၊ ဇွန်<br>(ပ–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၁၀။ | အလောင်းပျောက်နေသော<br>လူသတ်မှု<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၇၂၀၆၀၄ | တက္ကသိုလ်နေဝင်း | ၅၀၀ | ၂၀၀၀ | ကျော်မွေး | ၂၀၀၆၊ ဇွန်<br>(၃–ကြိမ်) | ဘာသာပြန် |
| ၁၁။ | စစ်အေးအလွန်ခေတ်<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၀၄၀၆၀၁ | ကျော်ဝင်း | ၇၀၀ | | ဇော်ဇော် | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | စစ်အေးလွန်<br>ကမ္ဘာ့အရေးများပေါ်<br>အကဲဖြတ်ချက် |
| ၁၂။ | မဟောသီ ရီရီမြ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၅၉၅၀၅၀၅ | စမ်းစမ်းနွဲ့<br>(သာယာဝတီ) | ၅၀၀ | ၇၀၀ | တောင်လုံးပြန်<br>စာပေဆက်ဆံရေး | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ဝတ္ထုရှည် |
| ၁၃။ | ဘိဇနက်ဂျာနယ်လစ်<br>စာမူခွင့်ပြုချက်အမှတ်–၃၈/ ၂၀၀၄(၄) | ကျော်ဝင်း | ၅၀၀ | ၇၀၀ | ပန်းသက်တံ့ | ၂၀၀၆၊ ဇွန်<br>(ပ–ကြိမ်) | စာနယ်ဇင်း |
| ၁၄။ | ဗုဒ္ဓဂယာခရီးနှင့် ဒသနမျှော်စင်<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၈၈၃၀၅၁၁ | မောင်စူးစမ်း | ၅၀၀ | ၈၀၀ | လင်းသစ်<br>ရောင်စဉ် | ၂၀၀၆၊ ဧပြီ<br>(ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၁၅။ | ငတော–ငလုံး<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၅၅၇၁၅၁၁ | တွင်းကြီး<br>ဝင်းမောင် | | ၁၈၀၀ | ရန်အောင် | ၂၀၀၆၊ မေ<br>(ပ–ကြိမ်) | ဝတ္ထုတိုများ |
| ၁၆။ | မြစ်ကြီးမစ္စစ္စပီ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၂၂၅၀၅၀၃ | မောင်ထွန်းသူ | ၅၀၀ | ၂၂၀၀ | အမေဥယျာဉ်<br>(ပ –ကြိမ်) | ၂၀၀၆၊ မေ | ဘာသာပြန် |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၇။ ၂၁ ရာစု နယူးယော့ကာ မဂ္ဂဇင်းဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၃၁၀၅၁၂ | ကောင်းသာ | ၅၀၀ | ၉၀၀ | စိတ်ကူးချိုချို | ၂၀၀၆၊ မေ (ပ–ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၁၈။ အမှတ်တရရွှေ ဖဝ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၁၀၆၀၅ | ဝင်းငြိမ်း<br>စီစဉ်<br>စာရေးဆရာပေါင်းစုံ | ၅၀၀ | ၄၀၀၀ | ကံကော်ဝတ်ရည် | ၂၀၀၆၊ မေ (ပ–ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၁၉။ တော်စတွိုင်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၀၃၇၀၆၀၁ | မောင်ထွန်းသူ | ၁၀၀၀ | ၂၅၀၀ | သူရိယ | ၂၀၀၆၊ မေ (ပ–ကြိမ်) | ဝတ္ထုတိုများ |

# စာအုပ်လမ်းညွှန်

Editor's Choice


## ကွန်ပျူတာဖြင့် ဂီတသံစဉ်များဖန်တီးခြင်း

### Music Creation With Propellerhead REASON 2.5

**ဇော်လင်း**

ကိုယ်ပိုင်ဂီတသံစဉ်များ ဖန်တီးလေ့ကျင့်လိုသူ လူငယ်များအတွက် တီးဝိုင်းဖြင့် လေ့ကျင့်စရာမလိုဘဲ မိမိဘာသာ နေအိမ်၌ပင် ကွန်ပျူတာဖြင့် ဂီတသံစဉ်များကို ဖန်တီးလေ့ကျင့်နိုင်မည့် လမ်းညွှန်စာအုပ်ဖြစ်သည်။ စာအုပ်နှင့်တွဲလျက် Software Installer CD လေးချပ်ပါရှိသည်။

စာအုပ်တွင် တူရိယာပစ္စည်းများနှင့် ချိတ်ဆက်နိုင်ရန် Hardware Interface၊ အသံများကိုချိန်ညှိရန် Mixer၊ အသံမျိုးစုံပေါင်းစပ်နိုင်ရန် Subtractor Analog Synthesizer နှင့် Malstrom Synthesizer၊ အသံများကိုစီသည့် NN-19 Digital Sampler နှင့် NN-XT Digital Sampler၊ REX File များကို တီးခတ်ပေးမည့် Dr.REX Loop Player၊ Drum တီးခတ်မည့် Redrum Drum၊ Vocals သို့မဟုတ် Speech များကို ပုံစံအမျိုးမျိုးထုတ်ယူရရှိ




နိုင်သည့် BV5 12 Vocoder၊ ပုံစံအမျိုးမျိုးသုံး၍ရသော Scream 4 Sound Destruction Unit၊ Reverb Processor ဖြစ်သော RV7000 Advanced Reverb၊ Reverb Effect ဖြစ်သော RV 7 Digital Reverb၊ မူလအသံကိုပြောင်းပေးသည့် D-11 Foldback Distortion၊ Resonent Filter ဖြစ်သော ECF-42 Enveloped Controller Filter၊ Chorus နှင့် Flanger Effect ဖြစ်သော CF-101 Chorus/Flanger၊ Phaser Effect ဖြစ်သော PH-90 Phaser၊ တူညီသော Notes ကို မတူညီသောအသံဖြင့် တစ်ပြိုင်တည်းထွက်ပေးသည့် UN-16 Unison၊ Comp-01 Compressor/Limiter၊ FEQ-2 2 Band Parametric Equalizer၊ အသံများပေါင်းခြင်း၊ ခွဲခြင်းတို့ကို လေးလိုင်းအထိ လုပ်ဆောင်နိုင်သော Spider Audio Merger & Splitter၊ Control Voltage များအား လေးလိုင်းအထိ ပေါင်းခြင်း၊ ခွဲခြားခြင်းပြုလုပ်နိုင်သော Spider CV Merger & Splitter၊ Stand Alone Pattern Sequencer ဖြစ်သည့် Matrix Pattern Sequencer၊ Rebirth Software နှင့်တွဲသုံးရမည့် Rebirth Imput Machine၊ Notes များ၊ Controller များ၊ Parameter Automation များကို Record နှင့် Edit ပြုလုပ်နိုင်သော Sequencer ဟူသည့်ကဏ္ဍများ အသီးသီးပါဝင်သည်။

Software ကို မည်ကဲ့သို့ ထည့်သွင်းသည်မှအစ အထက်ပါပစ္စည်းနှင့် ကဏ္ဍတစ်ခုချင်းစီအား မည်ကဲ့သို့ အသုံးပြုနိုင်မည်ကို အခန်းတစ်ခုချင်းစီခွဲ၍ ရုပ်ပုံများဖြင့် အသေးစိတ်ရှင်းပြထားသည်။

ဤကဲ့သို့ မိခင်ဘာသာစကားဖြင့် နည်းပညာစာအုပ်များအမြောက်အမြားထွက်ရှိလာခြင်းဖြင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတောင့်တင်းခိုင်မာလာစေမည်ဟု စာရေးသူက ၎င်း၏အမှာစာတွင် ထည့်သွင်းရေးသားထားသည်။

အခြား တူရိယာပစ္စည်းများ တပ်ဆင်ရခြင်း၊ တီးဝိုင်းငှားခြင်း စသည့် ကရိကထမများတော့ဘဲ မိမိတစ်ဦးတည်း မိမိကိုယ်တိုင်ခံစားရရှိသည့် ဂီတသံစဉ်ကို

ဖန်တီးတီးခတ်လေ့ကျင့်နိုင်ကြမည် ဖြစ်သည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ပြီး ဂီတပညာကို လေ့လာလိုက်စားနေသူ ရပ်ဝေးမှလူငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ဂီတသင်တန်းမတက်ရောက်ဖြစ်သူများ လက်ကိုင်ထားသင့်သည့်စာအုပ် ဖြစ်သည်။

| | |
|---|---|
| ထုတ်ဝေတိုက် | – Youth Computer |
| ထုတ်ဝေနှစ် | – ၂၀၀၆ ခုနှစ်၊ ဧပြီလ |
| အကြိမ် | – ပထမအကြိမ် |
| တန်ဖိုး | – ၄၀၀၀ ကျပ် (CD ပါဝင်ပြီး) |
| အုပ်ရေ | – ၅၀၀ |
| စာမူခွင့်ပြုချက်အမှတ် | – ၄၀၀၁၁၇၀၆၀၁ |




## ပြောင်းလဲလာသော မြန်မာနိုင်ငံအုပ်ချုပ်ပုံစနစ်များ

**မြင့်သိန်း (ရန်ကုန်တက္ကသိုလ်)**

မြန်မာနိုင်ငံတည်ရှိဖြတ်သန်းခဲ့ရသည့် ခေတ်အဆက်ဆက်တွင် ဖြစ်ထွန်းခဲ့သည့် အုပ်ချုပ်ပုံစနစ်များ၏ အားသာချက်၊ အားနည်းချက်များကို ခြုံငုံလေ့လာနိုင်စေရန် ရည်ရွယ်၍ သုတေသနပြုစုစည်းတင်ဆက်ထားသည့်စာအုပ် ဖြစ်သည်။

မြန်မာမင်းများလက်ထက်အုပ်ချုပ်ပုံစနစ်၊ ကိုလိုနီခေတ်အုပ်ချုပ်ပုံစနစ်၊ ဂျပန်ခေတ်အုပ်ချုပ်ပုံစနစ်၊ စစ်အပြီး အင်္ဂလိပ် အုပ်ချုပ်ပုံစနစ်၊ ဖဆပလအစိုးရလက်ထက် အုပ်ချုပ်ပုံစနစ်၊ အိမ်စောင့်အစိုးရလက်ထက်အုပ်ချုပ်ပုံစံ၊ ပြည်ထောင်စုအစိုးရ လက်ထက်အုပ်ချုပ်ပုံစနစ်၊ တော်လှန်ရေး ကောင်စီအစိုးရလက်ထက်အုပ်ချုပ်ပုံစနစ်၊ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ အုပ်ချုပ်ပုံစနစ်ဟူ၍ အခန်းကိုးခန်း ဖွဲ့စည်းကာ အုပ်ချုပ်သူများအကြောင်း မပါဝင်ဘဲ အုပ်ချုပ်ရေးမှုများအကြောင်း ခေါင်းပေးဖော်ပြထားခြင်းကြောင့် လေ့လာဖတ်ရှုရမှုတွင် အကျိုးသက်ရောက်မှု အားကောင်းစေသည်ကို တွေ့ရသည်။

အခန်း (၁) မြန်မာမင်းများလက်ထက် အုပ်ချုပ်ပုံစနစ်တွင် ဗဟိုအုပ်ချုပ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေး (စာရေးသူက အဝေးမြို့နယ် အုပ်ချုပ်ရေးဟု ညွှန်းဆိုထားသည်။) ဟူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်နှစ်ရပ်၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အုပ်ချုပ်ရေးအာဏာဖြန့်ဝေဆင်းသက်ပုံနှင့် အပြန်အလှန် အထောက်အကူထိန်းချုပ်ပုံများ (Organizational Structures) များကို ဖော်ပြထားသည်။ ဗဟိုအုပ်ချုပ်ရေးမဏ္ဍိုင်ရှိ လွှတ်ရုံးငါးရပ်အကြောင်းနှင့် ဒေသန္တရအုပ်ချုပ်ရေးအကြောင်းသာမက တရားစီရင်ရေးစနစ်ကိုပါ ထည့်သွင်းဖော်ပြထားခြင်းကြောင့် ကိုယ့်မင်းကိုယ့်ချင်းဘဝတွင် အာဏာသုံးရပ်ဖြင့် အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ပုံကို အကြမ်းဖျင်းလေ့လာသိရှိနိုင်သည်။ အဆိုပါလုပ်ငန်းစနစ်ကို စတင်ခဲ့သည်မှာ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ကုန်းဘောင် မည်သည့်ခေတ်က ဖြစ်ခဲ့သည် ဆိုသည်ကို ကောက်ကြောင်းဆွဲဖော်ပြခဲ့ပါက စာရှုသူများအနေနှင့် ပိုမိုမှတ်သားဆင်ခြင်နိုင်ဖွယ်ရှိမည် ဖြစ်သည်။

အခန်း(၂) ကိုလိုနီခေတ်အုပ်ချုပ်ပုံစနစ်တွင်မူ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ၁၈၂၄ အပြီး ကိုလိုနီနယ်မြေများဖြစ်ခဲ့ရသည့် ရခိုင်နှင့် တနင်္သာရီဒေသတွင် ဗြိတိသျှတို့ သွတ်သွင်းကျင့်သုံးခဲ့သည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ပြထားသည်။ ၁၆၀၀ ပြည့်နှစ်လွန်ကာလများမှ စတင်ခဲ့သည့် အရှေ့အိန္ဒိယကုမ္ပဏီအုပ်ချုပ်ရေးကို အသွင်မပြောင်းဘဲ ကိုလိုနီနယ်ပယ်သစ်အောက်မြန်မာပြည်တွင် ဆက်လက်ကျင့်သုံးပုံများကို အဆင့်ဆင့်ဖော်ပြထားသည်။ ဤအခန်းတွင် နှစ်ကာလအတိအကျဖြင့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန်ဖော်ဆောင်ပုံနှင့် ရာထူးအခေါ်အဝေါ်များကို တင်ဆက်ထားသည်။ မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဘဝကျရောက်ပြီး ၁၈၈၆ ခုနှစ်မှစ၍ စတင်ခဲ့သော မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးအကြောင်းနှင့် အတွင်းဝန်ရုံးပေါ်ပေါက်လာပုံ၊ စော်ဘွားများကို အုပ်ချုပ်ရေးအာဏာဆက်ပေးခဲ့ပုံတို့ကို ဖော်ပြထားခြင်းကြောင့် ဗြိတိသျှတို့ အာဏာခွဲဝေပုံကို လေ့လာသုံးသပ်နိုင်မည် ဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေး (၁၉၂၃–၃၇)၊ ဒေသန္တရအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေး၊ တောင်တန်းဒေသအုပ်ချုပ်ရေးဆိုသည့်ခေါင်းစဉ်ငယ်များပါ အချက်အလက်များမှာ သမိုင်းသုတေသနစာတမ်းစာအုပ်များထဲမှ အဓိကအရေးပါသည့် မူဝါဒအခြေပြုဆောင်ရွက်ခဲ့ပုံများကို စုစည်းကောက်နုတ်တင်ပြထားသည်။

အခန်း (၃) ဂျပန်ခေတ်အုပ်ချုပ်ပုံစနစ်တွင် အုပ်ချုပ်ရေးကာလတိုတောင်းသော်လည်း အပြောင်းအလဲများပြုလုပ်ခဲ့ပုံ၊ အုပ်ချုပ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း အကျိုးမထူးခဲ့ပုံ၊ အစိုးရအဖွဲ့ဖွဲ့စည်းပုံ၊ အာဏာဆင်းသက်ပုံနှင့် ထိုခေတ်အမျိုးသားအစိုးရမှာ ရုပ်သေးရုပ်သဖွယ်ဖြစ်ခဲ့ရပုံတို့ကို ဖော်ပြထားသည့်အပြင် ဂျပန်စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းပေးပြီးနောက် အစိုးရအဖွဲ့သစ်

ပေါ်လာပုံ၊ တရားလွှတ်တော်နှင့် အတိုင်ပင်ခံလွှတ်တော်များ ဖွဲ့စည်းဆောင်ရွက်ပုံများကို ဖော်ပြထားသည်။ ဂျပန်ခေတ်တွင် ဒေသန္တရအုပ်ချုပ်ရေးစနစ်သစ်တစ်ရပ် ဖော်ဆောင်ပုံကိုလည်း ဤအခန်းတွင် လေ့လာနိုင်မည် ဖြစ်သည်။ စစ်ကာလအတွင်းဖြစ်ခြင်း၊ အမျိုးသားစည်းလုံးနိုးကြွားမှု အရှိန်အဟုန်မြင့်မားနေခြင်းတို့ကြောင့် ဂျပန်ခေတ်အုပ်ချုပ်ပုံစနစ်မှာ ပီပြင်မှုမရှိခဲ့သော်လည်း မြန်မာပြည်သူများ မိအေးနှစ်ခါနာဖြစ်ရပုံကို သွယ်ဝိုက်ဖော်ပြထားသည်။

အခန်း(၄) တွင်မူ နိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ အတွင်း ဖြစ်ထွန်းခဲ့သည့် ကက်စဘီအုပ်ချုပ်ရေးခေါ် မြို့ပြအုပ်ချုပ်ရေးဖြစ်စဉ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇) ပေါ်ပေါက်လာပုံကို တစ်ဆင့်ပြီးတစ်ဆင့် လိုရင်းတိုရှင်း ပေပြစ်ထိမိစွာ ဖော်ပြထားသည်။

ဗြိတိသျှတို့သည် အုပ်ချုပ်ရေးပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံကို ကိုလိုနီပြုခဲ့ရာတွင် အသွင်သဏ္ဍာန်အားဖြင့် ပြောင်းလဲမှုမပြုခဲ့သော အခြေခံအုပ်ချုပ်ပုံနည်းနာခြောက်ရပ်ကို ဖော်ပြထားသည်မှာ ကိုလိုနီလက်အောက်ခံဘဝ၏ ခါးသီးမှုများကို တိတိပပထင်ဟပ်စေသည့်အတွက် နိုင်ငံ့အနာဂတ်ကို တာဝန်ယူမည့် လူငယ်လူလတ်များအတွက် အကျိုးကျေးဇူးများစေမည် ဖြစ်သည်။ ဗြိတိသျှတို့၏ စနစ်ကျသော အုပ်ချုပ်ရေးယန္တရား လည်ပတ်ပုံကိုလည်း ခြုံငုံလေ့လာနိုင်ကြောင်း အပြုသဘောနှင့် ဖော်ညွှန်းလိုပါသည်။

နိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖြစ်ထွန်းခဲ့သည့် အုပ်ချုပ်ပုံစနစ်အကြောင်းကို အခန်း (၅) တွင် ပါလီမန်စနစ်ကို ကျင့်သုံး၍ အာဏာခွဲဝေကျင့်သုံးပုံ၊ ပြည်ထောင်စုပုံစံပေါ်လွင်စေရန် လွှတ်တော်ဖွဲ့စည်းဆောင်ရွက်ပုံ၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစနစ်များဖော်ဆောင်ပုံနှင့် ကိုလိုနီခေတ် ဗျူရိုကရေစီကို ဆက်ခံကျင့်သုံးပုံများဖြင့် ဖော်ပြထားသည့်အပြင် ကျေးရွာနှင့် ဒေသန္တရအုပ်ချုပ်ရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အခြေခံ၍ အကောင်အထည်ဖော်မှုပြုပုံတို့ကို လေ့လာနိုင်မည် ဖြစ်သည်။ ဒီမိုကရေစီသဘောတရားကို အခြေခံသော်လည်း အုပ်ချုပ်သူများ၏ အစွဲအလမ်းများ၊ တစ်လမ်းမောင်းအာဏာကျင့်သုံးလိုမှုများကြောင့် နိုင်ငံတွင်း၌ တည်ငြိမ်ဖွံ့ဖြိုးမှု ယိုယွင်းရပုံကိုလည်း ဆင်ခြင်ကြည့်နိုင်မည် ဖြစ်သည်။

၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ပေါ်ပေါက်ခဲ့သည့် အိမ်စောင့်အစိုးရလက်ထက် အုပ်ချုပ်ပုံစနစ်အကြောင်းကို အခန်း (၆) တွင် ဖော်ပြထားသည်။ လိုအပ်ချက်အရ အုပ်ချုပ်ရေးတာဝန်လွှဲပြောင်းယူခဲ့သည့် အိမ်စောင့်အစိုးရလက်ထက် ဝန်ကြီးဌာနများဖွဲ့စည်းပုံ၊ အုပ်ချုပ်မှုစီမံကိန်းတစ်ရပ် တီထွင်ဆောင်ရွက်ပုံ၊ လုံခြုံရေးဦးစီးအဖွဲ့နှင့် ကောင်စီများ ဖွဲ့စည်းဆောင်ရွက်ပုံများကို လေ့လာနိုင်မည် ဖြစ်သည်။

အလှည့်အပြောင်းမြန်ဆန်လှသည့် ယင်းကာလ မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းတွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ပေါ်ပေါက်ခဲ့သည့် ပြည်ထောင်စုအစိုးရလက်ထက် အုပ်ချုပ်ပုံစနစ်ကို အခန်း (၇) တွင် ဖော်ပြထားရာ ထိုအခန်းတွင် ယခင်ဖဆပလအစိုးရအုပ်ချုပ်ရေးပုံစံကို အခြေခံထားသည့်အပြင် အုပ်ချုပ်သူများမှာလည်း အများအားဖြင့် မူဟောင်းလူဟောင်းများဖြစ်၍ အုပ်ချုပ်ရေးယန္တရား ယိုယွင်းခဲ့ပုံများနှင့် ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် တပ်မတော်တွင် အာဏာရယူခဲ့ရခြင်း၏ အကြောင်းရင်းခံများ ပါဝင်သည်။

အဆိုပါ မတ်လ ၂ ရက်နေ့၌တွင် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး စတင်ဆင်နွှဲရန် ဖွဲ့စည်းခဲ့သည့် တော်လှန်ရေးကောင်စီအစိုးရလက်ထက် အုပ်ချုပ်ပုံစနစ်ကို အခန်း (၈) တွင် တွေ့ရမည် ဖြစ်သည်။ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးဆိုင်ရာမူဝါဒများနှင့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ပုံ၊ ဝန်ထမ်းအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှု၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပုံ၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်နေသည့် တပ်မတော်သားတို့၏ အခန်းကဏ္ဍ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပေါ်ပေါက်လာပုံနှင့် လူတန်းစားအဖွဲ့အစည်းများ တည်ထောင်ဆောင်ရွက်ပုံများကို တင်ပြထားသည်။ ယင်းကာလက အထူးခြားဆုံး ဆောင်ရွက်မှုဖြစ်သည့် ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ် ဖော်ဆောင်ပုံကိုလည်း လေ့လာဖတ်ရှုရမည် ဖြစ်သည်။

အခန်း (၉) တွင်မူ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလဖြစ်သည်ဟုဆိုသော ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း အုပ်ချုပ်ပုံစနစ်ကို ဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် (၁၉၇၄) ပေါ်ပေါက်လာပုံနှင့် ယင်းဥပဒေအရ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအာဏာများကို ခွဲဝေကျင့်သုံးပုံ၊ နိုင်ငံအာဏာပိုင်အဖွဲ့အစည်းများတွင် အပိုင်းနှစ်ပိုင်း ပါဝင်နေပုံနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြည်သူ့လွှတ်တော်၏အခန်းကဏ္ဍ၊ လေးနှစ်သက်တမ်း တာဝန်ယူရသည့် ပြည်သူ့ကောင်စီများ၏ အခန်းကဏ္ဍတို့ကို လေ့လာနိုင်မည် ဖြစ်သည်။

ဤစာအုပ်မှာ ကျမ်းကိုးစာရင်း (Reference)ပါ သမိုင်းသုတေသနစာအုပ်စာတမ်းများ၊ မှတ်တမ်းမှတ်ရာများကို အခြေပြု၍ မြန်မာနိုင်ငံ၏ အုပ်ချုပ်ပုံစနစ်ဆိုင်ရာ သမိုင်းကို မှတ်ကျောက်တင်ပြုစုထားသည့် စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်သည်။ နိဂုံးပိုင်းတွင် အုပ်ချုပ်ရေးစနစ်တစ်ခုသည် ပြည်သူလူထုနှင့် နီးစပ်မှုမရှိ

တော့ဘဲ အရှိတရားနှင့် ကင်းကွာလာပြီဆိုလျှင် အစိုးရတစ်ခုအတွက် အချိန်မီပြင်ဆင်ရန်လိုအပ်ကြောင်း၊ မပြင်ဆင်နိုင်ပါက ကျဆုံးရန် အကြောင်းတရားများ ဖန်တီးလာမည်ဖြစ်ကြောင်း တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသူ၊ သမိုင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသူ ဤစာအုပ်ကို ရေးသားသည့် မြင့်သိန်း (ရန်ကုန်တက္ကသိုလ်) က ပညာရှင်ရှုထောင့်မှ မှတ်ချက်ပေးထားသည်။ ပြင်ဆင်ချုပ်လုပ်တည်းဖြတ်မှု သင့်လျော်ကောင်းမွန်သည့် ထိုစာအုပ်တွင် ထူးခြားချက်မှာမူ စာအုပ်အဖုံးပင် ဖြစ်သည်။ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးစနစ်၏ သဘောသဘာဝကို ဝဲဂယက်တစ်ခုအဖြစ် အတွင်းနှင့်အကာ ဟပ်မိအောင် သရုပ်ဖော်ဆွဲဆောင်ထားသည်။

မြန်မာနိုင်ငံနှင့် ပတ်သက်၍ အုပ်ချုပ်ပုံစနစ်များအကြောင်း သုတေသီများ ရေးသားထုတ်ဝေသည့် စာအုပ်စာတမ်းများပါးလျက်ရှိရာ ဤစာအုပ်က အဆိုပါကွက်လပ်ကို ဝင်ရောက်ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်ပေသည်။ အုပ်ချုပ်ရေးစနစ်များနှင့် ပတ်သက်နေသူများ၊ အုပ်ချုပ်ရေးဆိုင်ရာဗဟုသုတရှာမှီးလိုသူများအတွက်သာမက စနစ်တစ်ရပ်၏ အကျိုးအမြတ်ကို ဆန်းစစ်ရန်သင့်သည်ဟု ယူဆထားသူများအတွက် ယင်းစာအုပ်ငယ်က ဒေါက်တိုင်တစ်ချောင်းသဖွယ် အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်မိပါသည်။

| | | |
|---|---|---|
| ထုတ်ဝေတိုက် | – | စိတ်ကူးချိုချို |
| ထုတ်ဝေနှစ် | – | ၂၀၀၆ ခုနှစ်၊ ဧပြီလ |
| အကြိမ် | – | ပထမအကြိမ် |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ |
| စာမူခွင့်ပြုချက်အမှတ် | – | ၃၁၀၉၆၀၅၁၁ |

ကြော်ငြာ

# တွေ့ဆုံဆွေးနွေးမှုများ

## ၄-၅-၂၀၀၆

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General, Helal Uddin, Ahmed PSC နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Brigadier General, ANM Shawkat Jamal,ndc,Psc တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) နှင့်တွေ့ဆုံဆွေးနွေး။

## ၁၂-၅-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E Mr. Muhammad Nawaz Chaundhry သည်လည်းကောင်း၊ မလေးရှားနိုင်ငံ Mirra Sdn Bhd မှ CEO/ Executive Chairman Mr.Amir Alias, Delima Oil Products Sdn Bho မှ CEO/ Executive Director Mr.Wan Mohd Zain Wan Ismail နှင့် Marketing Executive ဖြစ်သူ Mr. Mohammad Zubir Abdul Razak တို့သည်လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတာဝန်ရှိသူများနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၅-၅-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် H.E. Mr. Hengyang ခေါင်းဆောင်သောအဖွဲ့သည် ရှေ့နေချုပ် ဦးအေးမောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၅-၂၀၀၆

* ရန်ကုန်မြို့၌ ရောက်ရှိနေသော NHK သတင်းဌာန ဘန်ကောက်ဗျူရိုမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် သတင်းထောက်ချုပ် Ms. Miki Ebara နှင့် အသစ်တာဝန်ထမ်းဆောင်မည့် သတင်းထောက်ချုပ် Mr.Ichiro Kabasawa တို့သည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၅-၂၀၀၆

* ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာဟီမာရက်အူဒင်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၅-၂၀၀၆

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၅-၂၀၀၆

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr.Zhang Vinfeng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်တွေ့ဆုံဆွေးနွေး။

## ၁-၆-၂၀၀၆

* မလေးရှားနိုင်ငံ Lumber Mart International ကုမ္ပဏီဥက္ကဋ္ဌ Dato Mukhriz Mahathir နှင့်အဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေး။

## ၂-၆-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Datu Inderasugara Brig.Gen(B) Dato Patuka Haji Mohd Yusuf bin Abu Bakar သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chua Hian Kong Robert သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

■

# ဘယ်ပစ္စည်းဘာ့ကြောင့်

# Which & Why

## SONY ကက်ဆက် G Power

CD ဖြင့် နားထောင်နိုင်သော ကက်ဆက်ဖြစ်ပြီး တီဗီနှင့် တွဲဖက်၍ အသုံးပြုပါက ဓာတ်လမ်းတွဲများကို ကြည့်ရှုနိုင်။ ရုပ်/သံ ကူးယူသိမ်းဆည်းထားနိုင်သည့် VCD ဖွင့်စက်ဖြစ်။ တရုတ်နိုင်ငံကထုတ်လုပ်ပြီး ရောင်းဈေး ၁၃၆,၀၀၀ ကျပ်ဖြစ်။





## VCD Player

ကားပုံစံ VCD Player ဖြစ်။ ငါးလက်မခန့်ရှိသော Screen ပါရှိ၍ ဓာတ်လမ်းတွဲများကို ကြည့်ရှုနိုင်။ အလှဆင်ဖန်စီပစ္စည်းအဖြစ်သာမက အလွယ်တကူသယ်ဆောင်နိုင်သော ခရီးဆောင် VCD Player ဖြစ်။ တရုတ်နိုင်ငံက တင်သွင်း၍ ရောင်းဈေး ၂၀၀,၀၀၀ ကျပ်ဖြစ်။



## SHARP KS-22E Rice Cooker

ထိုင်းနိုင်ငံမှ တင်သွင်းလာသော ခြောက်လုံးချက် ထမင်းပေါင်းအိုးဖြစ်။ ထမင်းချက်ပြီးသော်လည်း အမြဲပူနွေးနေသော အိုးဖြစ်ဟုဆို။ ရောင်းဈေး ၅၈,၀၀၀ ကျပ်ဟု သိရ။




## JXD MP4 Player

2.5 လက်မ Color Screen ပါရှိပြီး ခရီးဆောင် Digital Camera အဖြစ် အသုံးပြုနိုင်သည့်အပြင် FM Radio၊ MP3 Player နှင့် MP4 Player အဖြစ် အသုံးပြုနိုင်သော စက်ဖြစ်။ ရောင်းဈေး ၂၄၀,၀၀၀ ကျပ်ဖြစ်။



## SHARP KP-30S ရေနွေးဓာတ်ဘူး

ရေနွေး (သို့မဟုတ်) လက်ဖက်ရည်၊ ကော်ဖီ စသည်တို့ကို ထည့်သွင်း အသုံးပြုနိုင်သော ဓာတ်ဘူးဖြစ်။ စတီးပြားခံထား၍ ၂၈ နာရီကြာ အပူဓာတ်ကို ထိန်းသိမ်းထားနိုင်ဟုဆို။ ထိုင်းနိုင်ငံက ထုတ်လုပ်ပြီး ရောင်းဈေး ၄၀,၀၀၀ ကျပ်ဖြစ်။



## ဖန်စီကင်မရာ

Cool Cola ဘူးအခွံဖြင့် ပြုလုပ်ထားသော ကင်မရာဖြစ်။ ဖလင်လိပ်အသုံးပြုရပြီး ရောင်းဈေး ကျပ် ၂၀,၀၀၀ ဖြစ်။



## စာကြည့်မီးအိမ် ERYLPOP MT 330B

လေးပေမီးချောင်းအားနှင့်ညီမျှစေသော စာကြည့်မီးအိမ်ဖြစ်။ မီး အနည်းအများကို ချိန်ယူနိုင်။ တရုတ်နိုင်ငံက ထုတ်လုပ်ထားပြီး ရောင်းဈေး ၁၃,၅၀၀ ကျပ်ဖြစ်။



## PHILIPS 107 S7 17" Monitor

PHILIPS က နောက်ဆုံးထုတ်လုပ်ထားသော Real Flat Picture tube Display Screen Type ရှိသည့် Monitor ဖြစ်။ Dot Pitch (Vertical) 0.25 mm နှင့် (Horizontal) 0.21 mm ရှိပြီး Maximum Resolution 1280 x 1024 @ 60 Hz ရှိ။ ရောင်းဈေး ကျပ် ၁၆၀,၀၀၀ ဝန်းကျင်ရှိ။

## Panasonic KX-TSC83C 1D ဖုန်း

ဖုန်းမြည်သံ ၁၆ မျိုး ပြောင်းလဲနိုင်သော တယ်လီဖုန်းဖြစ်။ မိမိကြိုက်နှစ်သက်ရာ ဖုန်းခေါ်သံကို ပြောင်းလဲ၍ အသုံးပြုနိုင်။ အရောင်မှာ မီးခိုးရောင်နှင့် အဖြူရောင်နှစ်မျိုး ရှိဟုဆို။ ရောင်းဈေး ၁၆,၀၀၀ ကျပ်ဖြစ်။





## နာရီဓာတ်မီး

ကိုယ်ထည်တွင် သံလိုက်အိမ်မြှောင်၊ ဒစ်ဂျစ်တယ်ဖြင့် နာရီ၊ ရက်၊ လ ဖော်ပြပေးနိုင်သော လက်နှိပ်ဓာတ်မီးဖြစ်။ မီးရောင်မှာ အဖြူရောင် ဖြစ်ပြီး ဂျပန် LED မီးလုံးငါးလုံး ပါဝင်ဟုဆို။ အိတ်ဆောင်ဓာတ်မီးဖြစ်၍ အလွယ်တကူသယ်ယူနိုင်။ ရောင်းဈေး ၃,၅၀၀ ကျပ်ဖြစ်ပြီး တရုတ်နိုင်ငံမှ တင်သွင်း။

## AB GYMNIC အဆီကျခါးပတ်

ကိုယ်ခန္ဓာအစိတ်အပိုင်းအတွင်းရှိ အဆီခဲများကို ချေပေးသော အဆီကျခါးပတ်ဖြစ်။ ခန္ဓာကိုယ်ပေါ်ရှိ မည်သည့်နေရာမဆို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်။ ရောင်းဈေး ၉,၀၀၀ ကျပ်ဖြစ်။



## COMPAQ M2513 TU Notebook



Intel Celeron M-370 (1.5 GHz, 2MB L2 Cache, FSB 400 MHz) Processor အမျိုးအစား Notebook ဖြစ်။ Memory 256 MB DDR-333 ရှိပြီး Hard Disk Drive 60 GB ရှိ။ CD_RW/DVD Combo Drive ပါရှိ။ Screen မှာ 15" XGA အမျိုးအစားဖြစ်။ 802.11 b/g Wireless LAN နှင့် 6 in 1 Media Reader Built-in ပါဝင်။ ရောင်းဈေးကျပ် ၁၁ သိန်းခွဲဝန်းကျင်ဟုသိရ။




## Nikon Coolpix P2 Digital Camera

ပုံရိပ်ပေါ်လွင်မှုအရည်အသွေး 8.0 megapixels အထိရှိပြီး ဈေးနှုန်းချိုသာသည့် Nikon ဒစ်ဂျစ်တယ်ကင်မရာအမျိုးအစားဖြစ်။ ပုံရိပ်ကို 3.5x Optical Zoom ဖြင့် ချဲ့ယူရိုက်ကူးနိုင်ပြီး 2.5 inch LCD Screen ဖြင့် ကြည့်ရှုနိုင်။ Movie ပါရိုက်ကူးနိုင်ပြီး အသံကိုပါ သွင်းယူနိုင်။ Wi-Fi, USB 2.0, Audio Video output interface စနစ်များဖြင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး Mac နှင့် Windows စနစ်ကွန်ပျူတာနှစ်မျိုးစလုံးတွင် အသုံးပြုနိုင်။ ရောင်းဈေးကျပ် ၅၅၀,၀၀၀ ဝန်းကျင်ဟုသိရ။

## EPSON LCD Projector EMP-X3




အလင်းပြင်းအား 2000 ANSI Lumens ရှိသည့် LCD Projector ဖြစ်။ LCD အရွယ်အား ၀.၅" ရှိပြီး ပုံရိပ်ပေါ်လွင်မှုအရည်အသွေး 800 x 600 pixels ရှိ။ Screen အရွယ်အစား 1024 x 768" အထိ ပုံရိပ်ကို ချဲ့ကြည့်နိုင်။ အရွယ်အစား ၁၆.၆ မီလီမီတာ၊ အလေးချိန် ၃.၅ ကီလို ဂရမ်ရှိပြီး ရောင်းဈေးမှာ ၁,၄၄၅,၀၀၀ ကျပ်ဟုဆို။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart၊ Nikon အရောင်းပြခန်း၊ KMD Computer Center တို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

# Family Care ဆပ်ပြာ

**မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်အဆင့်မီကုန်ပစ္စည်းဈေးကွက်အတွင်းသို့ ကြော်ငြာအားကောင်းကောင်းဖြင့် ထိုးဖောက်ဝင်ရောက်လာသော လူသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်သည်။**




☆ ဥရောပအာရှ ကော်မာရှယ် ကုမ္ပဏီမှ ၂၀၀၆ ခုနှစ် မေလ ၁ ရက်နေ့တွင် ဈေးကွက်အတွင်း စတင်ဖြန့်ချိ။

☆ ကုမ္ပဏီတွင် ဒါရိုက်တာအဖွဲ့ဝင် ရှစ်ဦးခန့်ရှိပြီး ရန်ကုန်နှင့် မန္တလေး ဝန်ထမ်းအင်အားစုစု ပေါင်း ၂၀၀၀ ဦးကျော်ခန့်ရှိ။

☆ ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများကို ဂျာမနီနိုင်ငံမှတင်သွင်း။

☆ ပြည်ပမှ နည်းပညာရှင်၏ အကူအညီရယူထုတ်လုပ်။

☆ Family Care ဆပ်ပြာတစ်ကြိမ်အသုံးပြုပါက ခန္ဓာကိုယ်အတွင်း ဘက်တီးရီးယားပိုးဝင်ရောက်မှုကို ၂၄ နာရီကာကွယ်ပေးနိုင်ဟုဆို။

☆ လောလောဆယ်တွင် အလေးချိန် ၁၂၅ ဂရမ်တစ်မျိုးသာ ထုတ်လုပ်လျက်ရှိပြီး ဈေးနှုန်းမှာ ၂၉၀ ကျပ် ဝန်းကျင်ဖြစ်။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိ။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်မှုရှိကြောင်းသိရ။

☆ ကုမ္ပဏီမှ လက်ရှိထုတ်လုပ်ဖြန့်ချိလျက်ရှိသော ပစ္စည်းများမှာ ECO, E-lan,Rose,Win အမှတ်တံဆိပ်ဆပ်ပြာမှုန့်များ၊ Miss, Rose, Family Care အမှတ်တံဆိပ် ကိုယ်တိုက်ဆပ်ပြာများ၊ Miss, Relax, $O_2$ အမှတ်တံဆိပ် ခေါင်းလျှော်ရည်များ၊ အာရှအချိုရည်များ၊ 999 Power အမှတ်တံဆိပ်ဓာတ်ခဲများ၊ Flash အမှတ်တံဆိပ် AA အမျိုးအစားဓာတ်ခဲ၊ ebattery အမှတ်တံဆိပ် AAA အမျိုးအစားဓာတ်ခဲ စသည်တို့ဖြစ်။

☆ **ဆက်သွယ်ရန်ကုမ္ပဏီလိပ်စာ**

ဥရောပအာရှကော်မာရှယ်ကုမ္ပဏီ
အမှတ်-၂၈၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊
လှိုင်သာယာစက်မှုဇုန်(၃)၊
လှိုင်သာယာမြို့နယ်၊
ရန်ကုန်။
ဖုန်း-၆၈၅၁၆၅၊ ၆၈၅၁၀၅၊ ဖက်စ်-၆၈၅၂၄၅

# Nice ဆပ်ပြာ

**မြန်မာနိုင်ငံ၏ လူသုံးကုန်ပစ္စည်းဈေးကွက်အတွင်းသို့ အဆင့်မီထုပ်ပိုးမှုပုံစံဖြင့် အသစ်ဝင်ရောက်လာသော ဆပ်ပြာအမျိုးအစားတစ်မျိုးဖြစ်သည်။**




- ☆ နဂါးမင်းရာဇာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ၂၀၀၆ ခုနှစ် မတ်လတွင် ဈေးကွက်အတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။
- ☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဒေါ်နမ်းခမ်းအေးဖြစ်ပြီး၊ ဒါရိုက်တာအဖွဲ့ဝင်ငါးဦးနှင့် ဝန်ထမ်းအင်အား ၇၀ ဦးခန့်ရှိ။
- ☆ စက်ပစ္စည်းများကို မလေးရှားနိုင်ငံမှတင်သွင်း။
- ☆ ကုန်ကြမ်းပစ္စည်းများကို ကိုရီးယား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများမှရယူ၍ အင်္ဂလန်နည်းပညာဖြင့် ထုတ်လုပ်ထားဟုဆို။
- ☆ ဆပ်ပြာကို ၇၀ ဂရမ်နှင့် ၁၂၅ ဂရမ်ဟူ၍ နှစ်မျိုးထုတ်လုပ်ထားပြီး ကုမ္ပဏီဖြန့်ဈေးများမှာ ၇၀ ကျပ်နှင့် ၂၄၀ ကျပ် အသီးသီးဖြစ်။
- ☆ ဆပ်ပြာအမျိုးအစားငါးမျိုးရှိပြီး ပန်းဝတ်မှုန်ပျားရည်ဆပ်ပြာ (ဖျော့ရောင်) နှင့် ဆေးမြစ်စုံဆပ်ပြာ(အစိမ်းရောင်) နှစ်မျိုးမှာ အကြည်ခဲဖြစ်၍ အခြားသုံးမျိုးမှာ အဆီပြန်တတ်သည့် အသားအရေအတွက် အပြာရောင်၊ ခြောက်သွေ့သည့် အသား အရေအတွက် ပန်းရောင်နှင့် သာမန်အသားအရေအတွက် ခရမ်းရောင်ဟူ၍ အမျိုးအစားသုံးမျိုးထုတ်လုပ်။
- ☆ ကုမ္ပဏီမှ ဈေးကွက်အတွင်း တိုက်ရိုက်ဖြန့်ချိ။
- ☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ဟုဆို။
- ☆ ကုမ္ပဏီမှလောလောဆယ် လူသုံးကုန်ပစ္စည်းများဖြစ်သော Red Rose Tissue၊ Princess အမှတ်တံဆိပ်နှင့် Sister အမှတ်တံအဆိပ်အမျိုးသမီးလစဉ်သုံးပစ္စည်းများ ထုပ်လုပ်လျက်ရှိ။
- ☆ မြန်မာနိုင်ငံ၏ရာသီဥတုနှင့်ကိုက်ညီမည့် လူသုံးကုန်ပစ္စည်းများကို ထပ်မံထုတ်လုပ်ရန်ရှိ။
- ☆ **ကုမ္ပဏီရုံးချုပ်နှင့်စက်ရုံလိပ်စာ**

  – အမှတ် ဘီ–၁၊ ဘီ–၂၊ ဒဂုံမြောက်ပိုင်းစက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။

  – အမှတ် ဘီ–၁၉၊ ၂၀၊ ၂၁၊ ဒဂုံမြောက်ပိုင်းစက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်။

  ဖုန်း ၅၈၁၇၅၀–၄ (လိုင်းခွဲ–၁၇၃)၊ ၅၈၁၀၃၈။

  ဖက်စ်–၅၈၁၇၅၀

# ကုန်ဈေးနှုန်း

## ၂၀၀၆၊ ဇွန်လ ပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

### ကားဈေးနှုန်း (၁၁-၆-၂၀၀၆)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၂၈၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၂၇၀ |
| Suzuki Wagon | R+ | (၅ခ)(ဓီးရောင်) | ၃၃၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၃၂၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၂၆၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၄၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၄၀၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၇၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၄၂၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၅၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၂၁၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၄၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၄၇၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၅၇၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၆၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၃၂၀ |
| Toyota Publica | 86/87 | (၁က) | ၁၄၀ |
| Toyota Publica | 86/87 | (၁ခ) | ၁၈၀ |
| Toyota Publica | 88 | (၁က) | ၁၄၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၂၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၅၀ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၂၇၀ |
| Sunny Super Saloon (1.5) | 86/87 | (၁ခ) | ၃၅၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၅၀ |
| Sunny Super Saloon (1.5) | 88/89 | (၁ခ) | ၃၀၅ |
| Sunny Super Saloon (1.5) | 90/91 | (၁က) | ၃၀၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 4/95 | (၂ခ) | ၉၀၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၉၀၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၉၁၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၇၅၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၅၀၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၂၆၅၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

## တီဗီရောင်စုံများ

(၁၁-၆-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၂၂၆,၀၀၀ |
| DISTAR | 2947 | 29" | ၄၇၃,၀၀၀ |
| DISTAR | 2545 | 25" | ၂၂၆,၀၀၀ |
| Toshiba | 21 S3 | 14" | ၁၂၀,၀၀၀ |
| Toshiba | 21 S3VM | 21" | ၁၈၆,၀၀၀ |
| SANYO | 14KX8 | 14" | ၁၃၃,၀၀၀ |
| SANYO | 21 KX8 | 21" | ၁၉၅,၀၀၀ |
| SANYO | 29 KX5 | 29" | ၃၅၆,၀၀၀ |
| SANYO | 21 AF8, VA | 21" | ၂၃၂,၀၀၀ |
| Samsung | 21M16 | 21" | ၂၅၂,၆၀၀ |
| SANYO | 14G81A | 14" | ၁၁၅,၀၀၀ |
| SKYWORTH | TN | 21" | ၁၄၉,၅၀၀ |
| SKYWORTH | No3 | 21" | ၁၄၉,၅၀၀ |

## ရေခဲသေတ္တာများ

(၁၁-၆-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ(CANCOOLER) | 405 | ၅၄၀,၀၀၀ |
| DISTAR | 960A | ၁၇၀,၀၀၀ |
| SANYO | SR570 | ၂၅၀,၀၀၀ |
| Panasonic | 184 G1 | ၁၈၅,၀၀၀ |
| Panasonic | 184 W | ၁၉၅,၀၀၀ |
| SANYO | SR 480N (two door) | ၃၉၀,၀၀၀ |
| SANYO | SR-409 D | ၄၅၀,၀၀၀ |
| SANYO | 563C | ၂၀၄,၀၀၀ |
| SANYO | 163CQ | ၁၈၅,၀၀၀ |
| TOSHIBA | 99BPT | ၃၅၀,၀၀၀ |

## VCD ပြစက်

(၁၁-၆-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၈,၅၀၀ |
| Samsung | Z10 MM | ၄၂,၀၀၀ |
| Samsung | 30 Me | ၆၀,၅၀၀ |
| DISTAR | 2217K | ၄၀,၀၀၀ |
| Crown | 5569 | ၃၄,၄၀၀ |
| Crown | 4359 | ၃၈၅,၀၀ |
| Toshiba | 1100 | ၁,၃၉၉,၂၀၀ |

## DVD ပြစက်

(၁၁-၆-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၈,၀၀၀ |
| SAMSUNG | 338 K | ၇၃,၅၀၀ |
| SAMSUNG | 256 | ၆၉,၀၀၀ |
| SAMSUNG | 339 | ၆၅,၀၀၀ |
| Crown | 4329/4339 | ၅၇,၀၀၀ |
| Yamasu | 4385 | ၅၈၀,၀၀ |

## လေအေးစက်များ

(၁၁-၆-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၅၅ ,၀၀၀ |
| SANYO | 122G | ၄၃၅,၀၀၀ |
| SANYO | 94 G | ၃၃၀,၀၀၀ |
| SANYO | 124G | ၄၇၀,၀၀၀ |
| SANYO | 184G | ၇၃၅,၀၀၀ |
| SANYO | 99G | ၂၄၀,၀၀၀ |
| SANYO | 123S | ၃၁၅,၀၀၀ |
| SANYO | 183S | ၄၅၀,၀၀၀ |
| SANYO | 242G | ၈၉၅,၀၀၀ |

## အဝတ်လျှော်စက်များ

(၁၁-၆-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၆၅,၀၀၀ |
| SAMSUNG | 438K | ၈၈,၀၀၀ |
| SANYO | WF-5607 PCT | ၂၀၉,၀၀၀ |
| SANYO | Ws 92 AT | ၂၆၇,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅၃၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၆၅၀ |
| Horlick(ကော်ဘူးကြီး)1.80kg | ၈၈၀၀ |
| Junior Horlick (400 g) | ၂၇၀၀ |

| | |
|---|---|
| Milo (400g) ခဲထုပ် | ၂၃၀၀ |
| Milo (400g) (ပုလင်း) | ၂၉၅၀ |
| Maltova (400g) (နို) | ၂၄၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၂၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၃၄၅၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၃၆၅၀ |
| OWL (Tea mix) (၃၀ ထုပ်ဝင်) | ၁၇၅၀ |
| ENERGY (Nutrious Ceareal) (၃၀ထုပ်ဝင်) | ၁၆၅၀ |
| NESCAFE (Red Cup)(200g) | ၃၇၅၀ |
| NESCAFE (Red Cup)ss(200g) (ခဲထုပ်) | ၂၈၅၀ |
| NESCAFE (Red Cup) (50g) | ၁၂၅၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂၃၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂၄၀၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၂၁၅၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂၁၀၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၂၂၀၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၃၃၅၀ |
| Special Cereal (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၇၀၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၃၂၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၃၃၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၄၀၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၂၀၅၀ |
| Ovaltine (400g) နို | ၂၇၅၀ |
| Complan (500g) (ဖြူ) | ၄၄၀၀ |
| Ovaltine (200g) နို | ၁၆၀၀ |
| Ovaltine 400g (ဖြူ) | ၂၈၀၀ |
| Ovaltine 200g (ဖြူ) | ၁၆၅၀ |
| Ovaltine 400g (စက္ကူဘူး) | ၂၅၅၀ |

## နို့မှုန့်ဘူးများ

(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၈၈၅၀/၈၆၀၀ |
| Dumex (3plus)(700g) | ၆၁၀၀ |
| Dumex Step 1,2 800g | ၇၁၀၀/၆၈၀၀ |
| Dumex 1Plus 700g | ၆၁၀၀ |
| Dumex 1Plus (Honey) 700g | ၆၂၅၀ |
| Dumex Ma Ma Plus 400g | ၆၄၀၀ |
| Dumex Lactose free 400g | ၅၂၅၀ |
| Nestle BEAR BRAND 1 Plus 800g | ၂၄၀၀ |
| Nestle ဆန် သံဘူး | ၃၃၀၀ |
| Nestle ဂျုံ သံဘူး | ၂၉၀၀ |

## နိုင်ငံခြား အရက်များ

(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၄၀၀၀ |
| CHIVAS (75Cl) | ၂၄၈၀၀ |
| Hennessy(V.S.O.P)(35Cl) | ၂၁၈၀၀ |
| Hennessy(V.S.O.P)(70Cl) | ၃၆၃၀၀ |
| VAT 69 (75Cl) | ၉၃၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁၅၀၀ |
| Jonnie Walker (Red)(37.5Cl) | ၆၅၀၀ |
| Jonnie Walker (Red)(1Liter) | ၁၄၃၀၀ |
| Jonnie Walker (Black)(20Cl) | ၇၁၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၂၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၁၅၀၀ |
| Jonnie Walker(Black)(1Liter) | ၂၆၀၀၀ |
| Black & White (1Liter) | ၁၂၇၀၀ |
| Black & White (75Cl) | ၁၀၃၀၀ |
| Gold Label (75Cl) | ၃၈၀၀၀ |
| Black Cat (75Cl) | ၄၈၀၀ |
| Black Cat (35Cl) | ၂၀၀၀ |
| SCOTS CLUB (75Cl) | ၇၂၀၀ |
| SCOTTISH LEADER | ၆၆၀၀ |
| Blue Label | ၁၄၃၀၀၀ |
| BACARDI (75Cl)Limon | ၈၂၀၀ |
| (KING ROBERT) VODKA (75CL) | ၄၄၀၀ |
| (KING ROBERT)Gin (75CL) | ၅၀၀၀ |
| (KING ROBERT) Whisky (75CL) | ၆၁၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁၀၀၀ |
| VAT 69(1Liter) | ၁၀၇၀၀ |
| Mekhong (75CL) | ၅၅၀၀ |
| Mekhong (37.5CL) | ၂၃၀၀ |
| Ballantine (75Cl) | ၁၁၆၀၀ |
| Ballantine (20Cl) | ၂၈၀၀ |
| SPEY ROYAL (70Cl) | ၄၃၀၀ |
| SPEY ROYAL (35Cl) | ၃၆၀၀ |

## မုန့်ပုံး သံဘူးများ
(၁၁-၆-၂၀၀၆)

| | |
|---|---|
| မိသားစု | ၅၅၀၀ |
| MELODIES | ၅၀၀၀ |
| Popcorn Crackers | ၅၆၀၀ |
| Cream Crackers(Hup Seng) | ၅၈၅၀ |
| (KERK) Fantasy | ၄၅၀၀ |
| (KHIAN GUAN) Top Choice | ၄၈၀၀ |
| (HWA TA) Choice | ၄၉၅၀ |
| (KWA TA) Festival | ၄၅၀၀ |
| (Munchys) Fummix | ၄၅၀၀ |
| (Munchys) Topmix | ၄၅၀၀ |
| Tip Top | ၄၀၀၀ |
| ALWAYS | ၄၃၀၀ |
| Time's Right | ၄၃၀၀ |
| Summer Day | ၄၄၀၀ |
| (Shan Fatl) Party | ၄၇၀၀ |
| Happy Day | ၅၀၀၀ |
| (julie's) JAMBOREE | ၅၀၅၀ |
| (Julie's) CERIA | ၄၂၀၀ |

## ခေါက်ဆွဲခြောက်များ
(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၀၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၂၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၃၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၃၀ |
| TOMO (အုန်းနို့) | ၁၃၀ |
| MAMEE ကြာဆံ | ၁၄၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၂၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၃၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၂၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၃၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၁၂၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၁၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၀၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၄၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၄၀ |

## သွားတိုက်ဆေးများ
(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) White | ၄၅၀ |
| Colgate (40g) Double Cool Stripe | ၄၀၀ |
| Colgate (160g) Double Cool Stripe | ၇၀၀ |
| Close-Up (New)(40g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁၆၀၀ |
| DARLIE (200g) နှစ်ဘူးတွဲ | ၁၆၅၀ |
| LASER | ၃၀၀ |
| Colgate Fresh Cool Mint 200g | ၁၄၀၀ |
| Colgate Great Regular 200 g | ၁၃၀၀ |
| Colgate Total Fresh Stripe 160g | ၂၇၅၀ |
| Colgate Whitening 160g | ၁၈၅၀ |
| Colgate gel (စိမ်း) 160g | ၁၃၀၀ |
| ZACT LION 90g | ၁၁၀၀ |
| Fresh & White Gel 100g | ၉၅၀ |
| Smile Up 105g | ၈၀၀ |
| Fresh Up 160g | ၆၅၀ |

## ကိုယ်တိုက်ဆပ်ပြာများ
(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၀၀ |
| Imperial Leather (125g) | ၄၀၀ |
| Beauty | ၁၃၀ |
| GIV (80g) | ၂၀၀ |
| Style (75g) | ၁၀၀ |
| Dettol (60g) | ၂၅၀ |
| Miss | ၂၀၀ |
| 1 Plus 1 | ၁၅၀ |
| DOVE | ၉၀၀ |
| NIVEA 100g | ၆၅၀ |
| Protex | ၅၀၀ |
| Bamboo Salt | ၇၀၀ |
| Say 100g | ၆၅၀ |
| Naturally Fair | ၂၀၀ |
| YOKO WHITENING Herbal 110g | ၉၀၀ |
| Vaseline HARMONY 100g | ၃၅၀ |
| PREMIER 100g | ၃၀၀ |
| Safeguard 100g | ၃၅၀ |
| Fa 2 in 1 85 g | ၅၀၀ |
| ASEPSO | ၅၀၀ |
| CAMAY | ၅၅၀ |
| Palmolive အကြည် | ၃၀၀ |
| (Cussons) Pearl 100g | ၂၅၀ |
| Fair & Lovely 75g | ၄၀၀ |
| LUX 100g | ၃၀၀ |
| KAO | ၃၅၀ |
| Parrot | ၁၅၀ |
| Flore 90g | ၂၀၀ |
| Paris 135g | ၂၇၀ |
| Paris 90g | ၂၀၀ |
| A21 (နက်)70g | ၁၈၀ |
| A21 (နက်)125g | ၂၇၀ |
| DG Soap 100g | ၂၅၀ |

## ခြင်ဆေးခွေ
(၁၁-၆-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၀၀ |
| Fumakilla (10) coils | ၁၈၀ |
| MARS | ၁၅၀ |
| King Kong | ၁၇၀ |
| Raid | ၃၅၀ |
| ATAK | ၁၇၀ |
| FIGHTER | ၁၇၀ |
| GO! | ၂၀၀ |
| ပါရမီ | ၂၀၀ |
| MOSFLY | ၁၇၀ |
| ဂေါ်ဇီလာ | ၂၅၀ |
| MARS POWER | ၁၈၀ |
| Jumbo (30) | ၆၀၀ |
| Special | ၂၀၀ |

# ကွန်ပျူတာ ဈေးနှုန်းများ

(၁၀-၆-၂၀၀၆)

### ❑ KMD Family PC

- VIA C3  Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 40 GB Hard Disk
- 128 MB DDR RAM
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 330,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 2.53D GHz Processor
- MSI P4 MAN2-V M/B (Sound+VGA+LAN Builtin)
- 256MB DDR RAM (PC 400MHz)
- 80GB IDE HDD (Hitachi, 7200 RPM)
- P4 Tower Casing (Normal)
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 435,000 Ks

### ❑ KMD CLASSIC MODEL

- Intel Celeron 4 2.66D GHz (1MB,L2 Cache, 533 MHz)



- MSI 848 P-775 Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi, 7200 RPM)
- 1.44MB FDD (Sony)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse (Aopen)
- Mouse Pad
- P4 Casing (Normal with Front USB)

Price 555,000 Ks

### ❑ CFTG Power Computer

- Intel Pentium 4 3.0 F GHz processor (LGA 775)
- MSI Intel 848P Neo 2-V M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Hitachi) ,7200 rpm
- 1.44 MB FDD (Mitsumi)
- AGP 64 MB Graphic Card with TV out
- P4 ATX Tower Casing (Beside Fan/Handle)
- PS2 Win 98 Keyboard
- PS2 Mouse & Pad

- 15" SVGA Colour Monitor (Viewsonic), Digital Control

Price 665,600 Ks

## ❑ CFTG High Performance Computer

- Intel P4 3.4 GHz Processor (LGA 775 CPU)
- MSI Intel 848P Neo-2V MB (Sound+LAN Built-in)
- 256 MB 400 DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Hitachi PRM 7200)
- AGP 64 MB Graphic Card with T/V out
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 806,400 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဇွန်လ ၁၀ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 16X 8X 48X 24 Sony DVD Writer | 66,000 Ks |
| Sony CD Writer (52 x 32 x 52 x) | 32,000 Ks |
| 52 X 32 X 52 X 16 X Combo (Sony) | 46,000 Ks |
| K 160 Watt Speakers with sub woodfer | 17,000 Ks |
| Microlab M 111 Speakers with sub woodfer | 25,500 Ks |
| Microlab M 528 Speakers with sub woodfer | 41,500 Ks |
| Microlab FC 361 Speakers with sub woodfer | 58,500 Ks |

## ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 60,500 Ks |
| 256 MB (DDR2AM) PC 533 MHz | 39,500 Ks |

## ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi-7200 RPM) | 64,000 Ks |
| 80 GB Hitachi SATA | 75,000 Ks |
| 164 GB (Hitachi-SATA) | 102,000 Ks |

## ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor(Philips)(107 S6 Flat) | 162,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 167,000 Ks |
| 19" SVGA Color Monitor (Philips) | 334,000 Ks |
| 15" SVGA Color Monitor (Sammie) | 93,000 Ks |
| 15" SVGA Color Monitor (Power Tree) | 123,000 Ks |
| 15" LCD Monitor (Philips) | 289,000 Ks |

## ❑ Printer

| | |
|---|---|
| HP Laserjet 1020 Printer (USB) | 184,000 Ks |
| HP Laserjet 1320 Printer (USB) | 403,000 Ks |
| HP Photo Smart Ps-7830 (USB) | 100,000 Ks |
| HP Laserjet 3015 Printer (USB) | 376,000 Ks |
| Canon Lasrjet LBP 2900 Printer | 184,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 225,000 Ks |
| EPSON C67 Printer | 87,000 Ks |
| EPSON C45 Inkjet Printer | 66,500 Ks |
| EPSON SP 230 Photo Printer | 153,600 Ks |
| EPSON SP 250 Photo Printer | 217,600 Ks |
| EPSON SP 1920 Photo Printer | 601,600 Ks |
| EPSON 6200 L Laser Printer | 225,000 Ks |
| Fuji Xerox Laser 3116 Printer (USB) | 150 US$ |
| Fuji Xerox Laser 3121 Printer (USB) | 180 US$ |

## ❑ Scanner

| | |
|---|---|
| Flatbed Scanner Microtek 3800 (USB) | 69,000 Ks |
| Flatbed Scanner HP 4370 (USB) | 185,000 Ks |
| Flatbed Scanner HP 8200C (USB) | 644,000 Ks |
| Flatbed Scanner Canon Lide 25 (USB) | 90,000 Ks |
| EPSON Perfection 1270 Scanner | 134,400 Ks |
| EPSON Perfection 3170 Scanner(A4 Film) | 396, 800 Ks |

## ❑ Toner

| | |
|---|---|
| HP Toner 5L-6L | 74,800 Ks |
| HP 1300 Toner/HP 1010 Toner | 79,100 Ks |
| HP 1100 Toner | 69,000 Ks |

## ❑ UPS

| | |
|---|---|
| 650 BX (P.T) UPS | 43,500 Ks |
| 600 VA (Gigantic) | 39,000 Ks |
| 600 VA (Power Tree) Classic | 46,500 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

# PARISIAN CAKE & COFFEE

**ဆိုင်အပြင်အဆင် ခေတ်မီသပ်ရပ်စွာဖြင့် မကြာသေးမီက စတင်ဖွင့်လှစ်ခဲ့ပြီး ကိုရီးယားနည်းပညာအသုံးပြုထုတ်လုပ်ထားသော မုန့်အမျိုးမျိုးသုံးဆောင်နိုင်သည့် အဆင့်မီကော်ဖီဆိုင်တစ်ခုဖြစ်သည်။**




- ၂၀၀၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဆိုင်ကို စတင်ဖွင့်လှစ်ခဲ့။
- အကြီးအကဲမှာ ဦးအောင်သိန်းဖြစ်ပြီး ဝန်ထမ်းအင်အား ၄၀ ဦးခန့်ရှိ။
- လောလောဆယ် ဆိုင်ခွဲမရှိသေးဘဲ အနောက်ပိုင်းဆေးရုံကြီးရှေ့ အောက်ကြည့်မြင်တိုင်လမ်းမကြီးတွင် ဖွင့်လှစ်ထား။
- ကော်ဖီအပူ–အအေး၊ ကိတ်အမျိုးမျိုး၊ သစ်သီးဖျော်ရည်၊ ကွတ်ကီး၊ ရေခဲချောင်း၊ နို့အေး၊ ကိုရီးယားစတိုင် ပဲရေခဲသုပ် စသည့်စားသောက်ဖွယ်ရာများ မှာယူသုံးဆောင်နိုင်။
- အဆိုပါစားသောက်ဖွယ်ရာများအား အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ပြင်သစ်နိုင်ငံများတွင် သွားရောက်လေ့လာလုပ်ကိုင်ဖူးသော ကိုရီးယားပညာရှင်ကိုယ်တိုင် ဦးစီးကွပ်ကဲပြုလုပ်ဟုဆို။
- ဆိုင်၏ လက်ရှိအနေအထားအရ လူလေးဦးစီသုံးဆောင်နိုင်သည့် စားပွဲဝိုင်း ၂၂ လုံးခင်းကျင်းထား။
- ဧည့်ခံပွဲအခမ်းအနားများပြုလုပ်လိုပါက အခန်းခ သီးခြားပေးရန် မလိုအပ်ဘဲ ကြိုတင်မှာကြားထားသော စားသောက်ဖွယ်ရာများနှင့် အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးဟုဆို။
- ဆိုင်ခွဲထပ်မံဖွင့်လှစ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။
- နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဦးကျော်ထက်မိုး (General Manager)

Parisian Cake & Coffee
အောက်ကြည့်မြင်တိုင်လမ်း၊
ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးရှေ့၊
အလုံမြို့နယ်၊ ရန်ကုန်။

# MOON BAKERY

**အချိန်တိုအတွင်း ဆိုင်ခွဲပေါင်း ခြောက်ဆိုင်အထိ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့် နိုင်ငံတကာအဆင့်မီ ကော်ဖီဆိုင်တစ်ခု ဖြစ်သည်။**



- ၂၀၀၄ ခုနှစ် ဧပြီလတွင် ပထမဦးဆုံး ဆိုင်ဖြစ်သော ဗိုလ်အောင်ကျော်လမ်းရှိ ဆိုင်ကို စတင်ဖွင့်လှစ်ခဲ့။
- Managing Director ဦးကျော်မင်းဦး၊ Head Chairman ဦးကျော်ရန်နိုင်နှင့် Chairman ဦးဇော်မင်းဦးတို့က ဦးစီး ကွပ်ကဲလျက်ရှိ။
- ဆိုင်ခွဲခြောက်ခုဖွင့်လှစ်ထားပြီး စုစု ပေါင်းဝန်ထမ်းအင်အား ၃၀၀ ဦး ဝန်း ကျင်ခန့်ရှိ။
- Junction 8 ရှိ Moon Bakery 6 ကို ၂၀၀၆ ခုနှစ်ဧပြီလတွင် ဖွင့်လှစ်ခဲ့ပြီး ဗိုလ်အောင်ကျော်လမ်းတွင် Moon Bakery1၊ ဆူးလေဘုရားလမ်းပေါ်တွင် Moon Bakery 2၊ ဖ မိုင် ကန်လမ်းထိပ်တွင် Moon Bakery 3၊ ဝေဇယန္တာရှော့ပင်း မော်လ်တွင် Moon Bakery 4၊ လှည်းတန်းတွင် Moon Bakery 5 တို့ကို အသီးသီးဖွင့်လှစ်ထားရှိ။
- ရာသီပေါ်သစ်သီးဖျော်ရည်၊ ကော်ဖီမျိုးစုံ၊ ကိတ်၊ ဟော့ဒေါ့၊ ပီဇာ၊ ကွတ်ကီး၊ Ice-Cream တို့အပြင် Moon Bakery 3 နှင့် Moon Bakery 6 တို့တွင် ကိုရီးယားအစားအစာများဖြစ်သည့် ကင်ချီထမင်းကြော်၊ ကိုရီးယားထမင်းလိတ်(ကင်ပတ်)၊ ကိုရီးယားထမင်းသုပ်၊ ကိုရီးယားပဲခေါက်ဆွဲ (Black noodle) တို့ကိုပါ သုံးဆောင်နိုင်။
- ကိုရီးယားနည်းပညာ အသုံးပြု၍ ကိုရီးယားနည်းပညာရှင်ကိုယ်တိုင် အစားအသောက်များအတွက် ဦးစီးကွပ်ကဲ။
- ဆိုင်အနေအထားအရ Moon Bakery 3 နှင့် Moon Bakery 6 တွင် လူဦးရေ ၂၀၀ ကျော်သုံးဆောင်နိုင်၍ ကျန်ဆိုင်များတွင် လူဦးရေ ၁၀၀ ဝန်းကျင် လာရောက်စားသုံးနိုင်။
- မွေးနေ့ဧည့်ခံပွဲအခမ်းအနားများ၊ ရိုက်ကူးရေးအစီအစဉ်များပြုလုပ်လိုပါက အဆင်ပြေအောင် စီစဉ်ပေးဟုဆို။
- သင့်လျော်မည့်နေရာမျိုး ထပ်မံတွေ့ရှိပါက ဆိုင်ခွဲများ ထပ်မံဖွင့်လှစ်သွားမည်ဟု သိရ။
- နေ့စဉ် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

  ဦးစိုင်းမွန် (Operation Manager)

  MOON BAKERY(6)


  Junction 8 Shopping Centre၊

  ရှစ်မိုင်လမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊

  ရန်ကုန်။ ဖုန်း-၆၅၁၀၉၂၊ ၆၅၁၀၉၃၊ လိုင်းခွဲ-၁၅၀

# YKKO Kyay Oh & B.B.Q House

**နှစ်ပေါင်း ၂၀ နီးပါး သက်တမ်းရှိပြီဖြစ်သည့် ရန်ကင်းကြေးအိုးမှ YKKO အမည်ဖြင့် ဆိုင်ခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပြီး အောင်မြင်လာသည့် စားသောက်ဆိုင်ဖြစ်သည်။**




- ရန်ကင်းကြေးအိုးအမည်ဖြင့် ၁၉၈၈ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့။
- အကြီးအကဲမှာ ဦးညဏ်လင်းဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၂၀၀ ဦး ကျော်ရှိ။
- ရန်ကင်းကြေးအိုးအပါအဝင် YKKO Kyay Oh & B.B.Q House ဆိုင်ခွဲပေါင်း ၅ ဆိုင် ဖွင့်လှစ်ထားရှိ။
- ဝက်ကြေးအိုး၊ ကြက်ကြေးအိုး၊ ငါးဖယ်ကြေးအိုး၊ ငုံးဥ၊ ကြက်ဥကြေးအိုး၊ ဖက်ထုပ်ကြော်၊ ဖက်ထုပ်ပြုတ်၊ ဖက်ထုပ်ပေါင်း၊ ကြေးအိုးဆီချက်၊ အသီးအရွက်ကင်၊ ကြက်၊ ဝက်၊ ငါး၊ ပုစွန်၊ ဆိတ်ကင်၊ ဆာတေး၊ ရာသီအလိုက် သီးနှံဖျော်ရည် စသည့် စားသောက်ဖွယ်ရာများကို သုံးဆောင်နိုင်မည်ဖြစ်။
- အချိန်ကာလပွဲတော်အလိုက် အရောင်းမြှင့်တင်ခြင်းအစီအစဉ်များ ပြုလုပ်လေ့ရှိပြီး လောလောဆယ် တစ်ကြိမ်တည်းနှင့် ကျပ် ၃၀၀၀၀ ဖိုး စားသုံးပါက နောက်တစ်ကြိမ် ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ပေးမည့် Member Card ပေးသည့် အစီအစဉ် များအား ဆောင်ရွက်။
- ဆိုင်ခွဲများ ထပ်မံတိုးချဲ့သွားရန် အစီအစဉ်ရှိကြောင်း သိရ။
- **ဆိုင်ခွဲများမှာ–**

**(၁) ရန်ကင်းကြေးအိုး**

အမှတ်–၁၀၊ သစ္စာလမ်း၊ (၁၁) ရပ်ကွက်၊ ကန်ဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၂၁၉၆

**(၂) YKKO Kyay Oh & B.B.Q House**

အမှတ်–၂၈၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၉၉၈

**(၃) YKKO Kyay Oh & B.B.Q House**

အမှတ်–၂၂၇၊ အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၄၃၃၈

**(၄) YKKO Kyay Oh & B.B.Q House**

အမှတ်–၂၈၆၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၉၇၅၄

**(၅) YKKO Kyay Oh & B.B.Q House**

အခန်း–၂၊ ၃၊ ၄၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်းဆိုင်တန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၄၂၆၉

# 1 တစ်ဦးတည်းကိုယ်စားလှယ်

## SOLE DISTRIBUTORS


| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Saharojn Textile (ဟိုတယ်လုပ်ငန်းသုံး Tower နှင့် Bed Sheet များ) (ထိုင်း) | HANSE INTERNATIONAL LTD. အခန်း-၆၀၅/၆၀၆၊ ယုဇနစီးပွားရေး အဆောက်အအုံ၊ အမှတ်-၂၅၊ ဓမ္မစေတီ လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၇၇၀၅၊ ၅၀၁၄၂၉၊ ၇၀၇၈၉၈ | ဒေါ်သီရိကျော်မင်း (Sales Manager) | မရှိ |
| ၂။ | TERUMO လက်ကောက်ဝတ်တိုင်း သွေးပေါင်ချိန်ကိရိယာ (ဂျပန်) | THUKHA DANA CO., LTD. အမှတ်-၈၄၊ ၁၂ လမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၁၂၄၃၃၊ ၂၂၇၀၂၈ E-mail:info@thukha.dana.com.mm www.thukhadana.com | ဒေါက်တာ တင်အောင်လွင် (Marketing Manager) | THUKHA DANA CO., LTD. အမှတ်-၁၇၇၊ ၇၇ လမ်း၊ ၃၁× ၃၂ လမ်း၊ မန္တလေး။ ဖုန်း-၀၂-၃၄၈၄၁ |
| ၃။ | APPETON A-Z KIDS VITAMIN C (မလေးရှား) | FAIR DEAL CO., LTD. အမှတ်-၁၅၀၊ ကမ္ဘာ့အေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၆၅၄၄၊ ၅၄၅၁၆၇၊ ၇၀၀၉၅၉ | ဒေါက်တာ ချောစုအောင် (Marketing Manager) | FAIR DEAL CO., LTD. အမှတ်-ဆ-၄၁/၄၂၊ ၉ လမ်း၊ ကွဲဆန်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၇၀၃၉၄၊ ၇၀၃၉၅ |
| ၄။ | BOSCH Circular Saw ရွှေပေါ်စက် (ဂျာမနီ) | GIDA CO., LTD. အမှတ်-၁၅၊ ရွှေစပယ်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၄၇၉၅၊ ၅၁၅၃၀၄ လိုင်းခွဲ-၂၆၄ | ဦးကျော်လင်း (Managing Director) | GIDA CO., LTD. အမှတ်-၁၆၀၊ ၃၅ လမ်း၊ ၇၇ × ၇၈ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၆၈၅၇၁ |
| ၅။ | Etamsglate 250/500 mg သွေးတိတ်ဆေး (အိန္ဒိယ) | ASIA WINNER INDUSTRIAL CO., LTD. အမှတ်-၁၃၊ ၄၉ လမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၇၄၄၅၊ ၂၉၃၃၆၀၊ ၂၉၉၆၆၈၊ ၂၉၉၇၅၄ လိုင်းခွဲ-၁၅၊ ၁၆ E-mail : awimedicine@yangon.net.mm | ဦးစံရွှေမောင် (General Manager) | ASIA WINNER INDUSTRIAL LTD. ဒုတိယထပ်၊ ၂၆ လမ်း(B)နှင့် ၇၈ လမ်းထောင့်၊ မန္တလေး။ ဖုန်း-၀၂-၃၈၄၀၃ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

ဤကဏ္ဍတွင်......
၁၂၄ စာဖတ်သူနှင့် အယ်ဒီတာဆွေးနွေးခန်း
၁၂၈ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၅)
၁၃၀ ကျွန်တော်ပန်းချီကုန်သည် (၄၄)

# စာဖတ်သူနှင့် အယ်ဒီတာ ဆွေးနွေးခန်း

အယ်ဒီတာတစ်ဦး



**စာဖတ်သူ ။ ။ အယ်ဒီတာမင်း! ခင်ဗျားတို့ GSM တယ်လီဖုန်း နံပါတ်အမြင့်နောက်ကို လိုက်နေကြတဲ့ သူတွေကို ဝေဖန်လိုက်တာ တချို့က စိတ်ဆိုးကြတယ်။**

**အယ်ဒီတာ ။ ။** ဆိုးပါစေဗျာ။ လွန်ခဲ့တဲ့ ၆၅ ခုနှစ်လောက်တုန်းက မြန်မာပြည်မှာ GSM တယ်လီဖုန်းစနစ် တပ်ဆင်မယ့် သတင်းရေးရင်း တယ်လီဖုန်းတွေ ပေါပေါများများဖြစ်တော့မယ်၊ ဈေးတွေကျတော့မယ်လို့ ရေးလိုက်ဖူးတယ်။ ဒါပေမဲ့ ကျွန်တော်တို့တာဝန်က ပြောသင့်တာတွေ ပြောဖို့ပဲလေဗျာ။

**စာဖတ်သူ ။ ။ ပြောသင့်တာတွေ ဆိုတာက ဘယ်လိုစံနဲ့တိုင်းပြီး ဆုံးဖြတ်ကြသလဲ။**

**အယ်ဒီတာ ။ ။** ကျွန်တော်တို့ရဲ့ Mission က လူအများ ဓမ္မဓိဋ္ဌာန်ကျကျ တွေးခေါ်တတ်စေဖို့ တစ်နည်းအားဖြင့် Make Sense ဖြစ်ဖို့လေဗျာ။ ဒီတော့ သဘာဝမကျတာတွေကို သဘာဝကျကျ တွေးခေါ်လာကြစေဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ခံယူထားတယ်။ သူတို့ အားလုံး Make Sense ဖြစ်သွားရင် ကျွန်တော်တို့လူ့ဘောင်လည်း Make Sense ဖြစ်သွားမယ်လို့ ယူဆလို့ပါ။

**စာဖတ်သူ ။ ။ ဘယ်လိုသဘာဝမကျတာတွေကို ဆိုလိုတာလဲ။ ဥပမာနည်းနည်းလောက် လုပ်ပါဦးဗျာ။ GSM**

**နံပါတ်အမြင့်ကိစ္စကတော့ ထားလိုက်ပါတော့။**

**အယ်ဒီတာ ။ ။** ဥပမာဆိုပါတော့ဗျာ၊ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို မကိုးကွယ်ဘဲ ကြီးပွားရေး၊ စီးပွားရေးအတွက် ဘာသာရေးလုပ်ပြီး သူတော်ကောင်းဖြစ်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် ယူဆသွားတာမျိုးတွေပေါ့။ သက်သတ်လွတ်စားပြီး သူတော်ကောင်းဖြစ်သွားပြီလို့ ထင်တာမျိုးတွေပေါ့။ တကယ်ကတော့ ဘာဝနာမပါဘဲ သူတော်ကောင်းဖြစ်တဲ့နည်း မရှိပါဘူး။ ကြီးပွားရေးအတွက် အချို့က ဝက်သားလှူလိုက်ကြတယ်။ ဘယ်သူ့ကို လှူမှန်းမသိဘူး။ လူအတော်များများက ဒါကို ဘာသာရေးလို့ ထင်နေကြတယ်။

**စာဖတ်သူ ။ ။ ဒါတွေက သူတို့တစ်တွေရဲ့ ပုဂ္ဂိုလ်ရေးကိစ္စ မဟုတ်လားဗျာ။**

**အယ်ဒီတာ ။ ။** အဲဒီလိုပြောလာမှာစိုးလို့ မှားကြပါစေဆိုပြီး သဘာဝမကျပေမယ့် မရေးဘဲထားတဲ့ အကြောင်းအရာတစ်ခုကို ဥပမာအဖြစ် ပေးလိုက်တာပါ။ အခု ခင်ဗျားတောင် ဒီလိုဆင်ခြေပေးလာတယ် မဟုတ်ဘူးလားဗျာ။ ဒါပေမဲ့ ဒီကိစ္စမျိုးတွေဟာ လူအများနားယောင်ပြီး လိုက်လုပ်ကြလို့ Culture တစ်ခုလိုဖြစ်သွားရင် မကောင်းဘူး။

**စာဖတ်သူ ။ ။ ဒါကတော့ လူတိုင်းရဲ့ ပင်ကိုယ်နဲ့ဆိုင်မယ်ထင်တယ်။**

**အယ်ဒီတာ ။ ။** အမှန်ကတော့ ပညာကိုယ်ခံလိုတာပေါ့။ ဒါပေမဲ့ ခင်ဗျားတို့ စဉ်းစားကြည့်ပါဗျာ။ ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားဟာ သက်သတ်လွတ် မစားခဲ့မှန်းသိပါရက်နဲ့ သက်သတ်လွတ်စားတဲ့ကိစ္စကို ဘာသာရေးသဖွယ် လုပ်လာကြတယ်။ ကြီးပွားရေး၊ စီးပွားရေးအတွက် ဘာသာရေးလုပ်သူအားလုံး ဝက်သားမစားဘူး။ ဘာအဓိပ္ပာယ်လဲဗျာ။

**စာဖတ်သူ ။ ။ ဒါတွေဟာ တိုင်းပြည်ကို ဘယ်လိုနစ်နာစေလို့လဲဗျ။**

**ကြီးပွားချမ်းသာဖို့ဆိုတာ ကိုယ်တိုင်ကြိုးစားမှ ရနိုင်တာပါဗျာ။ အထူးသဖြင့် ဒီကနေ့ ကမ္ဘာပြားပေါ်မှာ ပညာမရှိဘဲ Make Sense မဖြစ်ဘဲ မရှင်သန်နိုင်တော့ဘူးဗျ။ လမ်းလွဲလိုက်တဲ့လူ များလာရင် တိုင်းပြည်အတွက် တကယ်အလုပ်လုပ်မယ့်လူ နည်းသွားမယ်လေဗျာ။**

**အယ်ဒီတာ ။ ။** တိုက်ရိုက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံသားအချင်းချင်း တစ်ယောက်ကိုတစ်ယောက် မျက်စိပွင့်၊ နားပွင့်ဖြစ်လာဖို့ တွန်းအားပေးကြရမယ့်အစား ဒီလိုအယူဝါဒတွေကို ဖြန့်ချိလာကြရင် မကောင်းဘူးဗျာ။ Learning ကို ဝီရိယထည့်ရမယ့်အစား လူ့ရှေ့မှာ ကြီးပွားရေးအတွက် အရေအတွက်ပြည့်အောင် Counting Machine ဖွင့်ပြီး နှိပ်နေတာမျိုးတွေကိုလည်း လမ်းမှန်ဆီမှာ ဝီရိယထည့်စေလိုတယ်။

**စာဖတ်သူ ။ ။ အေးဗျာ ခင်ဗျားတို့ ထောက်ပြမှပဲ၊ တချို့ကလည်း တော်တော်လွဲတယ်ဗျ။**

**အယ်ဒီတာ ။ ။** ကြီးပွားချမ်းသာဖို့ဆိုတာ ကိုယ်တိုင်ကြိုးစားမှ ရနိုင်တာပါဗျာ။ အထူးသဖြင့် ဒီကနေ့ ကမ္ဘာပြားပေါ်မှာ ပညာမရှိဘဲ Make Sense မဖြစ်ဘဲ မရှင်သန်နိုင်တော့ဘူးဗျ။ လမ်းလွဲလိုက်တဲ့လူများလာရင် တိုင်းပြည်အတွက် တကယ်အလုပ်လုပ်မယ့်လူ နည်းသွားမယ်လေဗျာ။ ဒါပေမဲ့ ပညာတတ်တွေသည်ပင်လျှင် ဝက်သားလှူ၊ သက်သတ်လွတ်စား၊ နဝရတ်ကိုးသွယ်လက်စွပ်ဝတ်၊ ဟိုဂါထာ ဒီဂါထာ ထောင်ဂဏန်းရွတ် စတာတွေ လုပ်နေကြတယ်ဗျာ။ ဒါတွေကို ကျွန်တော်တို့ထောက်မပြရင် ဘယ်သူထောက်ပြမလဲ။ သူတို့ကို Capacity Building ဘက်မှာ ဝီရိယစိုက်ကြဖို့ ပြောချင်တယ်။

**စာဖတ်သူ ။ ။ ဒါတွေ အခုမှအလွန်အကျွံဖြစ်လာတယ်လို့ ထင်သလား။ ကျုပ်တို့ရဲ့အရှေ့တိုင်းမှာ ဒါတွေဟာ အရင်ကလည်းရှိတာ မဟုတ်ဘူးလား။**

**အယ်ဒီတာ ။ ။** ယုံကြည်မှုနဲ့သက်ဆိုင်တဲ့ကိစ္စတွေဟာ ဟိုတုန်းကလည်း ရှိခဲ့ပါတယ်ဗျာ။ အခုမှ အလွန်အကျွံဖြစ်လာတာလား ဘာလားဆိုတာ သုတေသီတွေက လုပ်ကြပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အလုပ်မလုပ်ဘဲ၊ ပညာမကြိုးစားဘဲ သက်သတ်လွတ်စား၊ နဝရတ်ကိုးသွယ်လက်စွပ်ဝတ်တာမျိုးတွေကြောင့် တိုင်းပြည်မှာ အကျိုးမရှိနိုင်ဘူးဆိုတာ ပြောဖို့ပဲ တာဝန်ရှိတယ်။ လူတွေ တကယ် Make Sense ဖြစ်ရင် ဒါမျိုးတွေ အားကောင်းစရာမရှိပါဘူး။

**စာဖတ်သူ ။ ။ လူတွေ Make Sense ဖြစ်သွားရင် ဘာအကျိုးကျေးဇူးရမလဲဆိုတာလည်း ပြောဦးလေဗျာ။**

**အယ်ဒီတာ ။ ။** Make Sense ဖြစ်သွားရင် ကိုယ်တိုင် အရာရာကို ပိုင်းခြားတတ်သွားမယ်လေဗျာ။ Make Sense မဖြစ်သူများဟာ ကိုယ့်ဘဝကို တစ်ပါးသူလက်ထဲ ထည့်ထားရတဲ့သဘော ရှိတယ်။ သူတစ်ပါးပြုသမျှ နေရတဲ့သဘောပေါ့။ Make Sense ဖြစ်သွားတော့ ကိုယ့်ဘဝကို ကိုယ်ပဲ့ကိုင်နိုင်သွားတဲ့သဘော ရှိပါတယ်။

**အယ်ဒီတာတစ်ဦး**

■

# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

( ၃၅ )

**လူထုစိန်ဝင်း**

## A Series of Interconnected Ploys

## ဆက်စပ်ဗျူဟာအဆင့်ဆင့် ကျင့်သုံးနည်း

ကိုယ့်ထက်အင်အားသာလွန်ကြီးမားတဲ့ ရန်သူမျိုးကိုရင်ဆိုင်ရတဲ့အခါမှာ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်းမျိုးကို အကြံမပေးအပ်ဘူး။ နည်းပရိယာယ်မျိုးစုံ တစ်ခုပြီးတစ်ခု ဆက်စပ်ကျင့်သုံးပြီး ရန်သူ့အင်အားချည့်နဲ့သွားအောင် ဦးဆုံးလုပ်သင့်တယ်။ ခေါင်းဆောင်ကောင်းလည်းရှိ၊ ဗျူဟာအခင်းအကျင်းလည်း မှန်ကန်မယ်ဆိုရင် သိကြားမင်းကိုယ်တိုင် ကိုယ့်ဘက်က ဝင်တိုက်ပေးသလို အောင်မြင်ဖို့ သေချာတယ်။ "ယိကျင်း" ရဲ့ ဗျူဟာကျမ်းမှာ ဒီဗျူဟာကို "ရှိ" ဗျူဟာလို့ ဖော်ပြခဲ့တယ်။

## နောက်ခံသမိုင်းကြောင်း

"သုံးပြည်ထောင်ခေတ်" ကာလက ကျိူ့ယွီ (Zhou Yu) နဲ့ ဖန်းတုံး (Pang Tong) တို့နှစ်ဦးဟာ သံကြိုးကွင်းဆက်နည်းပရိယာယ်မျိုးစုံကို ဆက်တိုက်သုံးပြီး ကော့ကောင်း (Cao Cao) ကို တိုက်ခိုက်ခဲ့ကြတယ်။ ကော့ကောင်းက သူ့လူယုံ ကျန်းကန်းကို သူသျှိုအဖြစ် ကျိူ့ယွီဆီ စေလိုက်တဲ့အခါမှာ ကျိူ့ယွီက "သူ့လူကိုယ့်ဘက်သား" ပရိယာယ်သုံးပြီး ကျန်းကန်းကို သိမ်းသွင်းခဲ့တယ်။

သိမ်းသွင်းပြီးတဲ့နောက်တော့ ကော့ကောင်းရဲ့အတော်ဆုံး စစ်သူကြီးနှစ်ဦးဖြစ်တဲ့ ချိုက်မော် (Cai Mao) နဲ့ ကျန်းယွင် (Zhang Yun) တို့ကို ကော့ကောင်းက အထင်မှားပြီး သတ်ပစ်အောင် လုပ်ကြံဖို့ စေခိုင်းခဲ့တယ်။ စေခိုင်းတဲ့အတိုင်း အောင်မြင်ခဲ့တယ်။ အတော်ဆုံး ရေတပ်ဗိုလ်ချုပ်ကြီးနှစ်ဦးဖြစ်တဲ့ ချိုက်မော်နဲ့ ကျန်းယွင်တို့မရှိတော့တဲ့အချိန်ကျမှ ကော့ကောင်းကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး နာမည်ကျော် ချီပိ (Chi Bi) တိုက်ပွဲ ကြီးမှာ အောင်ပွဲခံနိုင်ခဲ့တယ်။

အဲဒီနောက် ကျိူ့ယွီက သူ့လူယုံတော်သစ္စာခံတစ်ဦးဖြစ်တဲ့ ဟွမ်ကိုင်း (Huang Gai) ကို စတေးပစ်ပြီး သူတို့ဘက်မှာ စည်းလုံးညီညွတ်မှုပျက်ပြားနေတယ်လို့ ကော့ကောင်းယုံကြည်အောင် ဖန်တီးခဲ့တယ်။ နောက်တစ်ကြိမ် ကော့ကောင်းက ကျန်းကန်းကို ကျိူ့ယွီထံ စေလွှတ်တဲ့အခါမှာ ကျိူ့ယွီရဲ့ သစ္စာရှိအမတ်ဖြစ်တဲ့ ဖန်းတုံးက သူဟာ ကော့ကောင်းကို သစ္စာခံလိုကြောင်း လီဆယ်ပြောပြခဲ့တယ်။

ဖန်းတုံးအညံ့ခံလာတဲ့အခါ ကော့ကောင်းက တကယ်ယုံကြည်လက်ခံခဲ့တယ်။ ကော့ကောင်းရဲ့ စစ်သားများဟာ ကုန်းပေါ်မှာ တိုက်ရေးခိုက်ရေး ထူးချွန်ပေမယ့် ရေကြောင်းဘက်မှာ ကျွမ်းကျင်မှုမရှိကြဘူး။ အတော်ဆုံးရေကြောင်းဗိုလ်ချုပ်ကြီးနှစ်ဦးကိုလည်း သတ်ဖြတ်ပြီး ဖြစ်လေတော့ ရေကြောင်းတိုက်ပွဲဆင်နွှဲဖို့ ကော့ကောင်းရဲ့ စစ်တပ်ကြီးဝန်လေးနေခဲ့ရတယ်။ အဲဒီအခါ ဖန်းတုံးက ကုန်းပေါ်မှာသာ နေသားတစ်ကျဖြစ်တဲ့ ကော့ကောင်းရဲ့ တပ်သားများဟာ ရေထဲမှာ လှိုင်းမှူးဒဏ်ကို မခံနိုင်ကြတာကြောင့် တိုက်တိုင်းရှုံးနေရတာဖြစ်ကြောင်း၊ စစ်လှေကြီးတွေကို တစ်စင်းစီ မတက်စေဘဲ အစင်းလေးငါးဆယ်ကို တစ်စုဖွဲ့ပြီး ကြိုးနဲ့ ချည်နှောင်ထားပါက ငြိမ်ပြီး မလှုပ်ရှားနိုင်တော့လို့ လှိုင်းမှူးဒဏ်မခံစားရ

**စီးပွားရေးလုပ်ကိုင်ရာမှာ စစ်ဗျူဟာများကို ကောင်းစွာ နားလည်သဘောပေါက်သူက အနိုင်ရမြဲ ဖြစ်တယ်။ စစ်ဆင်စစ်တပ်လုပ်ရာမှာ နည်းဗျူဟာတစ်ခုတည်းကိုသာ အသေကိုစွဲမထားဘဲ အခြေအနေနဲ့ အချိန် အခါအရကို အရင်လိုအပ်သလို ဗျူဟာတစ်ခုချင်းဖြစ်စေ၊ ဗျူဟာအများအပြားကို ဆက်စပ်ပေါင်းစည်း၍ဖြစ်စေ ကျင့်သုံးခြင်းရှိတယ်။ စီးပွားရေးလုပ်ဆောင်ရာမှာလည်း အလားတူ ကျင့်သုံးနိုင်တဲ့ ကုမ္ပဏီများ အောင်မြင်မှုရှိတာ အများကြီးတွေ့နိုင်တယ်။**

ကြောင်း၊ တပ်သားများကလည်း လှေတစ်စင်းက တစ်စင်းကူးပြီး ကူညီတိုက်ခိုက်နိုင်တာကြောင့် ရန်သူအင်အား ဘယ်မျှကြီးကြီး ကြောက်စရာမလိုကြောင်း ရှင်းလင်းတင်ပြခဲ့တယ်။

ရှင်းလင်းတင်ပြချက်ကို ကော့ကောင်းက သဘောကျပြီး ပန်းပဲသမားတွေကို ကြီးမားခိုင်ခံ့တဲ့ သံကြိုးတွေ အမြန်ဆုံးလုပ်စေခဲ့တယ်။ အဲဒီနောက် စစ်လှေကြီးတွေကို အစုလိုက်ပူးတွဲချည်နှောင်ပြီး ချီတက်တိုက်ခိုက်စေခဲ့တယ်။ ကျိုယွီတို့ဘက်ကလည်း ကြိုတင်စီစဉ်ထားတဲ့အတိုင်း ရန်သူ့ရေတပ်ကြီး ဝင်ရောက်လာတာကို ဟန်ပြလောက်သာ ခုခံတိုက်ခိုက်ပြီး နောက်ဆုတ်ပေးခဲ့တယ်။ မူလက ကြိုတင်အကွက်ချစီစဉ်ထားတဲ့နေရာရောက်မှ ရေညာက မီးဖောင်တွေ မျှောချလိုက်တဲ့အခါမှာ ကော့ကောင်းရဲ့ ရေတပ်ကြီး ထွက်မပြေးနိုင်တော့ဘဲ ချေမှုန်းခံလိုက်ရတော့တယ်။ ဒီတိုက်ပွဲကို တရုတ်စစ်ဗျူဟာကျမ်းတိုင်းမှာ ဖော်ပြခဲ့ကြပြီး ကော့ကောင်း ချေမှုန်းခံလိုက်ရတဲ့ဒေသဖြစ်တဲ့ “ချီပိ” အရပ်ကိုစွဲပြီး “ချီပိတိုက်ပွဲကြီး” လို့ သမိုင်းတင်ခဲ့ကြတယ်။

**ကြိုတင်ပြင်ဆင်စီမံထားမှု လိုအပ်တယ်။ ကြိုတင်ပြင်ဆင်မှုရှိတဲ့ ကုမ္ပဏီများအောင်မြင်ပြီး မရှိတဲ့ကုမ္ပဏီများ ကျဆုံးသွားကြရတယ်။ ကုမ္ပဏီတိုင်းဟာ ဒီ စီမံမှုများအပြင် သုံးစွဲသူဖောက်သည်များရဲ့ တုံ့ပြန်မှု သူတို့ရဲ့အကြိုက် စရိုက်ပြောင်းလဲမှုများကိုလည်း အမြဲမပြတ် စောင့်ကြည့်နေရမယ်။ နည်းပညာတွေ ပြောင်းလဲတာနဲ့အမျှ လူတွေရဲ့ အကြိုက်တွေ၊ စရိုက်တွေ၊ အတွေးအခေါ်တွေ၊ လူနေမှုအဆင့်အတန်း၊ ယဉ်ကျေးမှု အဆင့်အတန်းတွေ၊ နေထိုင်ဝတ်စားဆင်ယင်မှုပုံစံတွေပါ ကွဲကူးရေပါလိုက်ပြီး ပြောင်းလဲ နေတတ်တာတွေကို အမြဲသတိရှိနေရမယ်။**

## စီးပွားရေးမှာ လက်တွေ့အသုံးချပုံများ

စီးပွားရေးလုပ်ကိုင်ရာမှာ စစ်ဗျူဟာများကို ကောင်းစွာ နားလည်သဘောပေါက်သူက အနိုင်ရမြဲ ဖြစ်တယ်။ စစ်ဆင်စစ်တပ်လုပ်ရာမှာ နည်းဗျူဟာ တစ်ခုတည်းကိုသာ အသေကိုစွဲမထားဘဲ အခြေအနေနဲ့ အချိန်အခါအရကို အရင်လိုအပ်သလို ဗျူဟာတစ်ခုချင်းဖြစ်စေ၊ ဗျူဟာအများအပြားကို ဆက်စပ်ပေါင်းစည်း၍ဖြစ်စေ ကျင့်သုံးခြင်းရှိတယ်။ စီးပွားရေးလုပ်ဆောင်ရာမှာလည်း အလားတူကျင့်သုံးနိုင်တဲ့ ကုမ္ပဏီများ အောင်မြင်မှုရှိတာ အများကြီးတွေ့နိုင်တယ်။

စီးပွားရေးလုပ်ရာမှာ စစ်ဆင်ရေးလုပ်သလို ဗျူဟာအမျိုးမျိုးနည်းပရိယာယ်အသွယ်သွယ်ကို ကြိုတင်စီမံထားရှိဖို့ လိုအပ်တယ်။ ဥပမာ–

(၁) ဘဏ္ဍာရေးစီမံချက်၊

(၂) ရောင်းချရေးစီမံချက်၊

(၃) သုတေသနနဲ့ ဖွံ့ဖြိုးရေး (R & D) စီမံချက် စတဲ့ အချက်တွေ ဖြစ်တယ်။ အချက်တိုင်းမှာ ကာလဒေသ သဘောဆိုတဲ့ ကန့်သတ်ချက်တွေ ရှိတယ်။ အဲဒါတွေအတွက် ကြိုတင်ပြင်ဆင်စီမံထားမှု လိုအပ်တယ်။ ကြိုတင်ပြင်ဆင်မှုရှိတဲ့ ကုမ္ပဏီများအောင်မြင်ပြီး မရှိတဲ့ကုမ္ပဏီများ ကျဆုံးသွားကြရတယ်။ ကုမ္ပဏီတိုင်းဟာ ဒီစီမံမှုများအပြင် သုံးစွဲသူဖောက်သည်များရဲ့ တုံ့ပြန်မှု သူတို့ရဲ့အကြိုက် စရိုက်ပြောင်းလဲမှုများကိုလည်း အမြဲမပြတ်စောင့်ကြည့်နေရမယ်။ နည်းပညာတွေပြောင်းလဲတာနဲ့အမျှ လူတွေရဲ့ အကြိုက်တွေ၊ စရိုက်တွေ၊ အတွေးအခေါ်တွေ၊ လူနေမှုအဆင့်အတန်း၊ ယဉ်ကျေးမှုအဆင့်အတန်းတွေ၊ နေထိုင်ဝတ်စားဆင်ယင်မှုပုံစံတွေပါ ကွဲကူးရေပါလိုက်ပြီး ပြောင်းလဲနေတတ်တာတွေကို အမြဲသတိရှိနေရမယ်။ နောက်ပြီး ပြိုင်ဘက်များကိုလည်း အမြဲစောင့်ကြည့်နေဖို့ လိုအပ်တယ်။

စင်ကာပူနိုင်ငံမှာ မက္ကဒေါ်နယ်ကုမ္ပဏီရဲ့ အောင်မြင်မှုရပုံကို ကောင်းစွာလေ့လာသင့်တယ်။ မက္ကဒေါ်နယ်ရဲ့ ပြိုင်ဘက်တွေက ထုတ်လုပ်တဲ့ အစားအစာကောင်းမွန်မှုတစ်ခုတည်းကိုသာ အားစိုက်လုပ်ဆောင်နေချိန်မှာ မက္ကဒေါ်နယ်က အရည်အသွေးကောင်းမှုကိုသာမက ထူးခြားတဲ့ဝန်ဆောင်မှု၊ အရည်အသွေး၊ ဈေးကွက်ဗျူဟာနဲ့ တီထွင်ဆန်းသစ်တဲ့ ကြော်ငြာလုပ်ငန်းများကိုပါ အထူးအာရုံစိုက်ပြီး လုပ်ဆောင်ခဲ့တယ်။ ဒါတင်မက ဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းများရဲ့ အရည်အချင်းတိုးတက်ရေးကိုလည်း အဆက်မပြတ်ဂရုစိုက်ဆောင်ရွက်တာကို အံ့မခန်းပြုလုပ်ခဲ့တာ တွေ့ရတယ်။

တခြားကုမ္ပဏီများက အစားအစာရဲ့ အရည်အသွေးကောင်းမွန်မှုတစ်ခုတည်းသာ အာရုံစိုက်လာတော့ အလားတူဒါမှမဟုတ် ပိုပြီးကောင်းတဲ့ပြိုင်ဘက်ပေါ်လာရင်၊ ဘယ်လိုမှ ဆက်မထိန်းနိုင်တော့ဘဲ ဘုန်းဘုန်းလဲပြိုကျသွားရတော့တယ်။ မက္ကဒေါ်နယ်ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုပြီးသာအောင်မြင်လာခဲ့တယ်။ အရသာကောင်းအောင်လုပ်တတ်တာတစ်ခုတည်းနဲ့တင် အောင်မြင်တဲ့ အစားအစာထုတ်လုပ်ရေးလုပ်ငန်းတစ်ခုကို ရေရှည်ထိန်းသိမ်းမထားနိုင်ဘူးဆိုသဘောတရားတစ်ရပ်ကို မက္ကဒေါ်နယ်က ထင်ရှားအောင် လုပ်ပြခဲ့တာပဲ ဖြစ်ပါတယ်။

**လူထုစိန်ဝင်း**

၁၂–၆–၂၀၀၆

(ယခင်လမှအဆက်)



# ကျွန်တော် ပန်းချီကုန်သည်

( ၄၄ )

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

## ယနေ့ ကျွန်တော်. . . (၂)

ပန်းချီ ဝင်းဖေမြင့်မှာ အတွေးအခေါ်သမား ပန်းချီဆရာဖြစ်၏။ သူသည် စာဖတ်အားကောင်း၏။ ပန်းချီနှင့် ပတ်သက်သည့် Theory များကို အတွင်းကျကျ ဆွေးနွေးနိုင်သူဖြစ်၏။ သူ့အကြောင်းကို ရေးသားခဲ့ခြင်းဖြင့် ဆရာပန်းချီပေါ်ဦးသက်အကြောင်းကို သိခွင့်ရသည်။ ပန်းချီ ပေါ်ဦးသက်မှာ အမြင်ဖြင့်မရေး။ အတွေးဖြင့်ရေး၏။ ရေးဟန်ဆန်းသစ်၏။ သူသည် ခေတ်တစ်ခေတ်တွင် မှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်ထားရစ်ရမည့် ပန်းချီဆရာဖြစ်၏။ သူ၏အတွေး... သူ၏ရေးဟန်... သူ၏ လောကအမြင်များကိုလည်း ပန်းချီ ဝင်းဖေမြင့် အကြောင်းကို ရေးခြင်းဖြင့် စာရှုသူများကို သိခွင့်ရစေခဲ့ပါသည်။

အံ့စရာတွေ့ရှိချက်တစ်ခုကို တင်ပြရပါဦးမည်။

ယနေ့မြန်မာနိုင်ငံ၌ အောင်မြင်နေကြသော ပန်းချီဆရာ ၁၀ ယောက်တွင် ရှစ်ယောက်ခန့်မှာ ပန်းချီပညာသင်ကျောင်းမှ အောင်မြင်ခဲ့သည့် ကျောင်းသားဟောင်းများ ဖြစ်၏။

မြန်မာနိုင်ငံ၌ ပန်းချီပညာသင်ကျောင်း နှစ်ကျောင်း ရှိပါသည်။

မန္တလေးတွင် တစ်ကျောင်း ...။

ရန်ကုန်တွင် တစ်ကျောင်း ...။

ဤကျောင်းနှစ်ကျောင်းမှ နှစ်စဉ် ပန်းချီပညာရှင်လောင်းများကို မွေးထုတ်နေသည်။ ဤပညာသင်ကျောင်းနှစ်ကျောင်း၏ကျေးဇူးမှာ မြန်မာလူမျိုးများအတွက် အလွန်ကြီးပါသည်။ ဤအဖြစ်ကိုလည်း သိသူအလွန်နည်း၏။ ကျွန်တော်ကိုယ်တိုင်လည်း မသိခဲ့။ ယခု ဤကျွန်တော့်ဆောင်းပါးရှည်ကြီး၌ အောင်မြင်သော ပန်းချီဆရာကိုးဦး အကြောင်းကို တင်ပြခဲ့သည်။ ထိုအထဲမှ ခြောက်ဦးမှာ ပန်းချီပညာသင်ကျောင်းမှ အောင်မြင်လာခဲ့သူများ ဖြစ်၏။

ရယ်ရပါသည်။

မျက်မှောက်ခေတ် မြန်မာ့ပန်းချီ



**စာရေးသူ၏** Myanmar Contemporary Art Gallery

လောကအကြောင်းကို ဤဆောင်းပါးအရှည်ကြီးမရေးမီက ကျွန်တော် အထိုက်အလျောက်သာ သိပါသည်။ ဤဆောင်းပါးရှည်ကြီးတွင်ပါဝင်သည့် ပန်းချီဆရာကိုးဦးနှင့် ဆွေးနွေးပြီးမှ အပြည့်အစုံ သိခွင့်ရပါသည်။ စာရှုသူနှင့် မိမိမှာ မျက်မှောက်ခေတ်ပန်းချီလောကအကြောင်းကို တစ်ပြိုင်တည်း သိခွင့်ရခဲ့သည်ဟုဆိုလျှင် မမှားပါ။

သူတို့နှင့် ဆွေးနွေးပြီးမှ မျက်မှောက်ခေတ် ပန်းချီလောကအပေါ်၌ ကျွန်တော့်အမြင်မှာ လုံးဝပြောင်းသွားပါသည်။

တိုးတက်သည့်ဘက်သို့ ပြောင်းသွားပါသည်။

သူတို့အားလုံးကို ကျွန်တော့်ကို မျက်စိဖွင့်ပေးခဲ့သူများ၊ ဆရာများ၊ ကျေးဇူးရှင်များဟု သတ်မှတ်လျှင်လည်း သတ်မှတ်၍ ရပါသည်။

သူတို့ထံမှ ပညာရမှန်းမသိ ကျွန်တော် ပညာရခဲ့သည်။

ဤဆောင်းပါးရှည်ကြီးကို ရေးနေသည့် လေးနှစ်ခန့် အချိန်အတွင်း ကျွန်တော် ပန်းချီကားအမျိုးမျိုးကို ဆက်ဝယ်သည်။ ကျွန်တော်၏ ပန်းချီကုန်သွယ်မှုနည်းဗျူဟာများကိုလည်း လုံးဝပြောင်းပစ်ခဲ့ရ၏။

ကျွန်တော် ပန်းချီကုန်သည်ဘဝကို အချိန်ပြည့်ကူးလာခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိသွားပြီ။

'မုဆိုးစိုင်သင်' ဟူသော စကားအတိုင်း မိမိအတွေ့အကြုံများက မိမိကို ပန်းချီကုန်သွယ်မှုနှင့် ပတ်သက်၍ ပညာအမျိုးမျိုးကို သင်ပေးခဲ့ပြီးပြီ။

ပန်းချီစီးပွားရေးလောကသို့ ဝင်ရောက်ရာ၌ အခြားကုန်သည်များထက် ကျွန်တော်၏ အားသာချက်မှာ မျက်စိ ဖြစ်သည်။

ကျွန်တော်သည် ရတနာကုန်သည်ဘဝမှ ပန်းချီကုန်သည်ဘဝကို ကူးလာသူဖြစ်၏။

ရတနာကုန်သည်တစ်ဦး၏အဓိကရှိရသည့် အရည်အသွေးမှာ မျက်စိဖြစ်၏။

အရောင်၏သဘောကို နားလည်ရသည်။

အရောင်ကို အနုစိတ်၍ မြင်နိုင်ရသည်။

"ဦးလှဝင်း ပန်းချီကားတွေရဲ့အရောင်ကို ဒီလောက်မြိန်မြိန်ခံစားနိုင်တာ ရတနာလောကက လာလို့ပါ။ အရောင်ကို အနုစိတ်မခွဲခြား မမြင်တတ်ရင် ရတနာကုန်သည်လုပ်လို့မှမရဘဲ"

ပန်းချီ ချမ်းအေး ပြောဖူးသောစကားဖြစ်၏။

မှန်ပါသည်။

ရတနာကုန်သည်မှာ အရောင်၏သဘောကို အနုစိတ်နားလည်ရပါသည်။

ဥပမာ… စိန်၌ ကျင်သည်ဟုဆိုရုံမျှ ကျင်သော… နီသော… ညိုသော… ညစ်သော အရောင်မျိုး။

ပတ္တမြား၌ ပန်းရည်နှင့် အနီရည် (ဝါ) ပန်းရောင်နှင့် အနီရောင်အကြားရှိ အရည်မျိုး …။ ရတနာကုန်သည်အခေါ် ကြားရည်…။

နောက် ပတ္တမြား၌ပင် ရတနာကုန်သည်အခေါ် ငွေသည်ဟူသော အရည်မျိုး…။

နီလာ၌ စိမ်းသည်ဟူသောအရည် …။ စိမ်းရိပ်ပါသည်ဟူသော အရည်…။

သာမန်လူများ မျက်စိတွင် မည်သို့မျှ ခွဲခြားမြင်နိုင်သော အရောင်မျိုးမဟုတ်ပါ။

အရောင်မမှန်သည့် ကျောက်များကို ရတနာကုန်သည်များက ကြောင်ရည်ပါသည်ဟု ပြောပါသည်။

ကြောင်ရည်ပါနေသည့် ရတနာမှာ အရောင်မှန်ရတနာများကဲ့သို့ ဈေးကောင်းမရနိုင်ပါ။ မခွဲခြားတတ်၍ မှားဝယ်မိလျှင် မိမိရှုံးတော့မည်မှာ သေချာနေပြီဖြစ်၏။

ပန်းချီတွင်လည်း အလားတူပင်ဖြစ်၏။

"ဒီပန်းချီကားရဲ့ အရောင်တွေက Commercial ဆန်နေတယ်။ Fine ဘက်ကို မရောက်သေးဘူး"

စီးပွားရေးပန်းချီ၏ အရောင်နှင့် အနုအလုပန်းချီ၏အရောင်ကို ခွဲခြားရသည်မှာ စိတ်ညစ်စရာဖြစ်၏။

ပုံသေမရှိ။

တစ်ဦးချင်းအမြင်… တစ်ဦးချင်း




The Myanmar Gallery of Contemporary Art **ပန်းချီပြခန်းအဝင်ဝနှင့် ဆိုင်းဘုတ်**

မျက်စိဖြင့် ခွဲကြရ၏။ ပိုဆိုးသည်မှာ ရေးသည့်အကြောင်းအရာ (ဝါ) တင်ပြပုံပြကွက်များ၌တည်ပြီး စီးပွားရေးပန်းချီ၏ အရောင်နှင့် အနုအလှပန်းချီ၏အရောင်များ ထပ်နေသည်များလည်း ရှိ၏။ ဤပန်းချီကား၌ ဤအရောင်သည် စီးပွားရေးပန်းချီဆန်သော အရောင်ဖြစ်နေသော်လည်း အခြားပန်းချီကားချပ်တစ်ခု၌ ဤအရောင်ကို သုံးထားသော်လည်း အနုအလှပန်းချီအရောင်များ ဖြစ်နေသည်များလည်း ရှိ၏။ ကုန်သွယ်မှုပန်းချီဆရာနှင့် အနုအလှပန်းချီဆရာမှာ ထပ်တူဖြစ်သော အရောင်တစ်ခုတည်းကို သုံးထားသော်လည်း ပေါ်လာသည့် အလှအပနှင့် ပတ်သက်ပြီး ခံစားရသည့်အရသာမှာ ထပ်တူမဖြစ်ပါ။

ရတနာမှာ အရောင်ကို ရောင်းစားသည်ဟု ယေဘုယျပြောနိုင်၏။

ပန်းချီမှာလည်း အရောင်ကို ရောင်းစားခြင်း ဖြစ်သည်ဟုပင် ယေဘုယျဆိုနိုင်၏။ သို့သော်... ပန်းချီ၌ အရောင်၏ စိုးမိုးမှုမှာ ရတနာ၌ အရောင်၏ စိုးမိုးမှု အဆင့်ကိုမမီပါ။

ပန်းချီ၏အလှအပမှာ ရတနာ၏ အလှအပကဲ့သို့ တိကျမှုမရှိ။

ရတနာကဲ့သို့ ပုံသေစံဟူ၍လည်း သတ်မှတ်၍မရပါ။

တစ်ဦးချင်း ခံစားချက်...။

တစ်ဦးချင်း အမြင်...။

ဤခံစားချက်... ဤအမြင်များပေါ်တွင်တည်ပြီး ပန်းချီ၏ အလှအပကို ငြင်းချင်စရာ... လက်မခံချင်စရာ အများအပြား ပေါ်လာနိုင်၏။

တစ်နည်းအားဖြင့် ကျွန်တော် တင်ပြချင်သည်မှာ ရတနာနှင့် ပန်းချီမှာ ဈေးကွက်၌ အရောင်းအဝယ်ပြုလုပ်ကြရာ၌ ယေဘုယျတူသလိုလို ရှိသော်လည်း ပန်းချီကို တန်ဖိုးဖြတ်ရသည်မှာ ပိုခက်၏။ ပိုသိမ်မွေ့၏။

ကျွန်တော်သည် စိန်ခေါ်ခြင်း (Challenge)ကို ကြိုက်သူဖြစ်၏။

ထို့ကြောင့် ပန်းချီကို အရောင်းအဝယ်ပြုလုပ်ရင်း တဖြည်းဖြည်းရတနာထက်ပို၍ စိတ်ဝင်စားလာ၏။

ရတနာအလုပ်နှင့် ဝေးမှန်းမသိ ဝေးလာ၏။

နောက် ... တန်ဖိုး။

ရတနာတစ်ခုမှာ အချိန်ကာလတစ်ခုအတွင်း၌ တိကျသော တန်ဖိုးတစ်ခုရှိ၏။ ၁၀ ရတီရှိသော အရောင်လှအပြစ်စင် စိန်တစ်ပွင့်ကိုယူ၍ တစ်နေ့တည်း တစ်ချိန်တည်း၌ စိန်ကုန်သည်ကြီး ၁၀ ဦး ကို သွားပြလျှင် သူတို့အားလုံး၏ ဝယ်ဖိုး မှာ ခပ်ဆင်ဆင်ဖြစ်နေသည်ကို တွေ့ရ မည် ဖြစ်၏။

ပန်းချီမှာ ထိုသို့မဟုတ်။

တစ်ဦးနှင့် တစ်ဦး တန်ဖိုးဖြတ်ပုံချင်း

...

ဝယ်ဖိုးချင်း အလွန်ကွာ၏။

နောက် ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ်…။

၁၀ ရတီရှိသော စိန်ကောင်းတစ်ပွင့်ကို ဈေးမှန်ဖြင့်ဝယ်ပြီး ရင်းနှီးမြှုပ်နှံလျှင် ထိုစိန်အပေါ်၌ အတိုးအမြတ်မှာ အချိန်အခါကိုလိုက်၍ အမြဲ ရနေလိမ့်မည် ဖြစ်၏။

ထို့အတူပင် မှန်ကန်သော ပန်းချီကားတစ်ချပ်ကို မှန်ကန်သောကာလတန်ဖိုးဖြင့် ဝယ်ပြီး ရင်းနှီးမြှုပ်နှံလျှင်လည်း ထိုပန်းချီကားပေါ်၌ အတိုးအမြတ်မှာ အချိန်အခါကိုလိုက်၍ အမြဲရနေမည် ဖြစ်၏။

သို့သော် ကွာခြားချက်မှာ ၁၀ ရတီအရွယ်ရှိသော စိန်ကောင်းများမှာ အသစ်… အသစ်များ အမြဲထပ်ပေါ်… ထပ်ထွက်နေမည် ဖြစ်၏။ ရတနာဈေး ကွက်၌ ကာလတန်ဖိုးကိုပေး၍ ဝယ်လျှင် အချိန်မရွေး ဝယ်၍ ရနိုင်လိမ့်မည် ဖြစ်၏။

ပန်းချီကား၏ သဘောသဘာဝမှာ ထိုသို့မဟုတ်။ မိမိဝယ်ယူထားသည့်ပန်းချီကားနှင့် ထပ်တူဖြစ်သော ပန်းချီကားသစ်မှာ ထပ်ပေါ်လာတော့မည်မဟုတ်။ မိမိလက်ဝယ်ရှိသော ပန်းချီကားမှာ တစ်ကမ္ဘာလုံး၌ မိမိတစ်ဦးတည်း၏ လက်ဝယ်၌သာ ရှိမည်ဖြစ်၏။

ထို့ကြောင့် မှန်ကန်သော… ဝယ်သင့်သော… ရင်းနှီးမြှုပ်နှံမှုပြုသင့်သော ပန်းချီကားကောင်းတစ်ချပ်ကို ဝယ်ယူ၍ ရနိုင်လာသည့် အတိုးအမြတ်မှာ ရတနာကို ဝယ်ယူ၍ ရနိုင်သောအကျိုးအမြတ်ထက် များစွာ သာလွန်၏။

နောက် … ဂုဏ်ဒြပ်…။ ဂုဏ်ဒြပ်အားဖြင့်လည်း ရတနာသည် ပန်းချီကို ဘယ်သို့မှ မီနိုင်လိမ့်မည်မဟုတ်။

ထိုအဖြစ်ကို ပန်းချီလောကသို့ ဝင်ရောက်ပြီး ၂ နှစ်ခန့် ကြာသည်နှင့် ကျွန်တော် ကောင်းစွာ သဘောပေါက်၏။

ကွယ်လွန်သွားသည့် နာမည်ကြီး မြန်မာပန်းချီဆရာကြီးများ၏ လက်ရာကောင်းများကို စုသည်။

မိမိပန်းချီပြခန်း၌ ကွယ်လွန်ပညာသည်ကြီးများ၏ လက်ရာကို သီးခြားပြခန်းတစ်ခုပြုလုပ်၍ ပြသည်။

ယနေ့ကျွန်တော့်လက်ထဲတွင် မြန်မာဘုရင်များလက်ထက်ကပင် နာမည်ကြီးခဲ့သော ဆရာချုံ၊ ဆရာစော… ဆရာခ အစရှိသည့် နန်းတွင်းပန်းချီဆရာ လက်ရာများလည်း ရှိသည်။

ကိုလိုနီခေတ်၌ နာမည်ကြီးခဲ့သော ဆရာဦးဘဉာဏ်၏ လက်ရာလည်း ရှိသည်။

စစ်ပြီးခေတ်တွင် နာမည်ကြီးခဲ့သော ဆရာဦးငွေကိုင်… ဆရာ ဦးစံဝင်း … ဆရာ အိုင်စီအက်စ် ဦးလှရှိန်…၊ စသည် … စသည်တို့၏လက်ရာများလည်း ရှိသည်။

ကျွန်တော်တင်ပြချင်သည်မှာ ကျွန်တော်၏ ပန်းချီကုန်သည်ဘဝ ဆယ်နှစ်ခန့်အတွင်း ပထမဆုံးရရှိခဲ့သည့် အကျိုးအမြတ်မှာ မိမိလက်လှမ်းမီသမျှ… မိမိရင်းနှီးမြှုပ်နှံဝယ်ယူနိုင်သမျှ… ကွယ်လွန်သူ မြန်မာပန်းချီပညာရှင်ကြီးများ၏ ပန်းချီကားများကို ဝယ်ယူစုဆောင်းနိုင်ခဲ့ခြင်း ဖြစ်၏။ ယနေ့ ဤပန်းချီကားများမှာ မြန်မာနိုင်ငံ၌ ကျွန်တော် တစ်ဦးတည်းသာ ပိုင်ဆိုင်ထားသည့် ရတနာများ ဖြစ်၏။

ဒုတိယအမြတ်…။

ယနေ့ခေတ်ပြိုင် မြန်မာပန်းချီဆရာများ၏ လက်ရာကောင်းလက်ရာသန့်များကို ဝယ်ယူခြင်း၊ စုဆောင်းနိုင်ခဲ့ခြင်း ဖြစ်၏။

ကျွန်တော်သည် စာရေးဆရာတစ်ဦးဖြစ်၏။

ထို့ကြောင့် စာပေအနုပညာရှင်တစ်ဦး…။

ယနေ့ မြန်မာ့အနုပညာများကို ယေဘုယျခွဲခြားလျှင် … စာပေ…ရုပ်ရှင်… ဂီတ… သဘင်… ပန်းပု… ပန်းချီ… စသည် … စသည်ဖြင့် အနုပညာအမျိုးမျိုးရှိ၏။

ဤအနုပညာအမျိုးမျိုးရှိရာ၌ ပန်းပုနှင့် ပန်းချီတို့မှလွဲ၍ ကျန်အနုပညာရပ်များမှာ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရန်မှာ ဘာသာစကားမှာ အဆီးအတားအဖြစ် ရှိနေ၏။

ဥပမာ … မြန်မာ ဝတ္ထုရေးဆရာတစ်ဦးသည် ကမ္ဘာ့သိဝတ္ထုရေးဆရာတစ်ဦးဖြစ်လာရန်မှာ မြန်မာဘာသာဖြင့် ဝတ္ထုရေးနေသမျှ ကမ္ဘာသိဝတ္ထုရေးဆရာ ဖြစ်ရန် အလွန်ခက်ခဲပါသည်။ မဖြစ်နိုင်လောက်အောင်ပင် ခက်ခဲပါသည်။ ကြိုးစား၍ အင်္ဂလိပ်ဘာသာဖြင့် ဝတ္ထုရေးရန်ဟူသည်မှာလည်း မိမိ၏ မိခင်ဘာသာရပ်စကား မဟုတ်သဖြင့် မြန်မာဘာသာဖြင့် ရေးသကဲ့သို့ မည်သို့မျှလှအောင် … အသက်ဝင်အောင် … ဝိညာဉ်ပါသောစာများဖြစ်အောင် ရေးဖွဲ့နိုင်လိမ့်မည် မဟုတ်။ မိမိကိုယ်တိုင်လည်း ကြိုးစား ရေးကြည့်ခဲ့ဖူးပါသည်။ ဘယ်သို့မှ ရသပါသော စာတစ်ပုဒ် ဖြစ်အောင် မရေးနိုင်ခဲ့။ ခြောက်သွေ့နေသော… အသက်မဲ့သော စာများသာ ဖြစ်နေခဲ့သည်။ အားမရ။ မြန်မာဘာသာဖြင့်ရေးပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ရန်ဟူသည်မှာလည်း အပြောသာလွယ်ပြီး လက်တွေ့အလုပ်ခက်၏။

ဂီတ…၊ ရုပ်ရှင်… သဘင် စသည်တို့မှာလည်း အလားတူပင် ဖြစ်၏။ စာပေလောက် အဆီးအတားကြီးအဖြစ်မရှိသော်လည်း ခက်ခက်ခဲခဲ ကျော်လွှားရမည့် အတားအဆီးကြီးတစ်ခုအဖြစ်မူ ရှိမြဲရှိနေလိမ့်မည် ဖြစ်၏။

ပန်းချီတွင် ဘာသာစကား အတားအဆီးမရှိ။ မြန်မာပန်းချီဆရာများ အလွန်ကံကောင်းပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**